41
Mya
Com.
1983

" အရေးပါသော မြန်မာ့ပဲ လေးမျိုး အတွက် ပြည်တွင်း ပြည်ပ ရောင်းဝယ်ရေး "

ဝါဏိဇ္ဇ ဗေဒ ဌာနမှ မဟာ ဝါဏိဇ္ဇ ဝိဇ္ဇာ ဘွဲ့အတွက် လိုအပ်ချက် တရပ်အနေဖြင့် တင်သွင်းသော ကျမ်းစာဖြစ်ပါသည်။

IE-9176

ကျေးဇူးတင်ရှိခြင်း။

ဤကျမ်းစာသည် စီးပွားရေး တက္ကသိုလ် ဝါဏိဇ္ဇဗေဒဌာနမှ ပေးအပ်မည့် မဟာဝါဏိဇ္ဇဘွဲ့အတွက် လိုအပ်ချက်တရပ်အနေဖြင့် တင်သွင်းသော ကျမ်းစာဖြစ်ပါသည်။

ဤကျမ်းစာကို ရေးသားပြုစုရာတွင် လိုအပ်သော စာရင်းဇယား- များကိုရှာဖွေစုဆောင်းပေးခြင်းနှင့် အကြံဉာဏ်များပေးခြင်းဖြင့် ကူညီကြသော ဗဟိုစာရင်းအင်းအဖွဲ့ရုံးမှ ဒေါ်မြင့်မြင့်သန်း၊ ဒေါ်ခင်ခင်ညွန့် တို့အား၎င်း၊ လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံ မြေထွက်ကုန်ပစ္စည်း ကုန်သွယ်ရေး ကော်ပိုရေးရှင်းမှ ဦးဌေးမြင့်၊ ဦးမြင့်သိန်း တို့အား၎င်း၊ လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းမှ ဦး[illegible]မောင်ခင် အား၎င်း၊ မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်းမှ ဦးခင်အောင် အား၎င်း၊ စီးပွားရေး တက္ကသိုလ်သုတေသနဌာနမှ ဒေါက်တာပြုသန်း၊ စာရင်းအင်းပညာဌာနမှ - ဦးဝွန်းလင်း တို့အား၎င်း၊ ကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင် အပ်ပါသည်။

ဤကျမ်းစာ ရေးသားပြုစုရာတွင် ကြီးကြပ်သွန်ကြားတည်းဖြတ်ပေး ခဲ့သော ကြီးကြပ်သူ ဒေါ်ကြည်ဝင်း (ကထိက၊ ဝါဏိဇ္ဇဗေဒဌာန၊ စီးပွါးရေး - တက္ကသိုလ်) အား၎င်း၊ သုတေသနဌာန ပါမောက္ခ ဒေါက်တာ ခင်မောင်ကြည် အား၎င်း၊ ပြင်ပစာစစ်ပုဂ္ဂိုလ်အဖြစ် တည်းဖြတ်ဆောင်ရွက်ပေးသော - ဦးထွန်း အထွေထွေမန်နေဂျာ (အငြိမ်းစား) မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်း အား၎င်း၊ အထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မြမြသိန်း

ကျမ်းပြုစုသူ

" အရေးပါသော မြန်မာ့ဝါလေးမျိုး အထွက်ပြည်တွင်းပြည်ပ ရောင်းဝယ်ရေး "

မာတိကာ။

အခန်း	အကြောင်းအရာ	စာမျက်နှာ
	နိဒါန်း	
၁	မြန်မာ့ဝါမျိုးတို့၏အဟာရဓါတ်နှင့်အသုံးဝင်မှု	၁၃
	(က) ဝါမျိုးတို့တွင်ပါဝင်သောအဟာရဓါတ်များ	၁၃
	(ခ) ဝါနှင့်ဝါမျိုးတို့အသုံးဝင်ပုံ	၂၃
၂	ဝါမျိုးတို့ပြည်တွင်းစိုက်ပျိုးမှု	၃၅
	(က) ဝါမျိုးတို့ပြည်တွင်းစိုက်ပျိုးမှု	၃၅
	(ခ) ဝါမျိုးတို့စိုက်ဧကနှင့်အထွက်ကို လေ့လာခြင်း	၅၂
	(ဂ) အရေးပါသောဝါလေးမျိုး၏စိုက်ဧကနှင့်အထွက်	၆၀
၃	ဈေးကွက်များ	၈၆
	(က) အစိုးရဝယ်ယူသည့်ရိတ်သိမ်းချိန်ပေါက်ဈေးကွက်	၁၀၁
	(ခ) မြန်မာတပြည်လုံးပျမ်းမျှလက္ကားဈေးကွက်	၁၁၇
	(ဂ) ပြည်ပသို့တင်ပို့သည့်ဈေးကွက်	၁၄၁
၄	ဝါမျိုးတို့ပြည်တွင်းဖြန့်ဖြူးမှု	၁၅၆
	(က) နိုင်ငံတော်မှဝါလေးမျိုးကိုဝယ်ယူရရှိမှု	၁၆၆
	(ခ) နိုင်ငံတော်မှဝါအားနှံ့ဝယ်ယူမှုနှင့်အထွက်တို့ဆက်စပ်ပုံ	၁၇၇
	(ဂ) ထုတ်လုပ်မှုပြည်တွင်းစားသုံးမှုနှင့်ပိုလျှံမှု	၁၈၂

မာတိကာ (အဆက်)

အခန်း	အကြောင်းအရာ	စာမျက်နှာ
၅	ပြည်ပသို့တင်ပို့ရောင်းချခြင်း	၁၉၂
	(က) စုစုပေါင်းတင်ပို့မှုကိုလေ့လာခြင်း	၁၉၂
	(ခ) တင်ပို့သည့်နိုင်ငံများ	၂၀၀
	(ဂ) မြန်မာ့ဝါးမျိုးတို့တင်ပို့ရောင်းချရာ ဖွင့်အရေးပါသောနိုင်ငံများ၏ အလားအလာ	၂၁၃
၆	ဝါးမျိုးတိုးပိုက်ပျိုးရေးနှင့်ဖြန့်ဖြူးရေးပြဿနာရပ်များ	၂၃၁
	(က) ပိုက်ပျိုးထုတ်လုပ်ရာတွင်တွေ့ကြုံရသည့် အခက်အခဲများ	၂၃၁
	(ခ) ဈေးကွက်တွင်တွေ့ကြုံရသောပြဿနာများ	၂၃၃
	နိဂုံး	၂၆၆

နိဒါန်း ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် ဖွံ့ဖြိုးဆဲနိုင်ငံငယ်တခုဖြစ်ပါသည်၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အလျောက်တိုင်း ပြည်၏လိုအပ်ချက်များကိုဖြည့်ဆည်း နိုင်ရန်အလို့ငှာထူထောင်ရေး လုပ်ငန်း များ ဖွံ့ဖြိုး တိုး တက်မှုလုပ်ငန်း များ ကိုအဖက်ဖက်မှအား သွန်ခွန်စိုက်လုပ်ကိုင်ဆောင် ရွက်ကြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏စီး ပွား ရေး ကဏ္ဍအား လုံး ၏လိုအပ် သောပစ္စည်း ပစ္စယများ ဖြည့်တင်း နိုင် ရေး အတွက် – တနည်း – ဆိုရှယ်လစ်အ ရင်း အနှီး များ မြှုပ်နှံရန်နိုင်ငံခြား ဝင် ငွေများ ရရှိရန်လိုအပ် ပေသည်။ ၎င်းလိုအပ် သော နိုင်ငံခြား ဝင် ငွေအများ စုကိုကုန်သွယ် ရေး ကဏ္ဍမှ အဓိကထား နေရ ပေရာ တိုင်း ပြည်ဖွံ့ဖြိုး တိုး တက် ရေး တွင်ကုန်သွယ် ရေး ကဏ္ဍမှာ အ ရေး ပါ သောအခန်း ကဏ္ဍတရပ်ဖြစ် ပေ သည်။ ကုန်သွယ်မှုဟုဆိုရာတွင်ပြည်တွင်း ကုန် သွယ်မှုနှင့်ပြည်ပကုန်သွယ်မှုဟူ၍ နှစ်ပိုင်း ခွဲခြား လေ့လာနိုင်ပါသည်။

ပြည်ပကုန်သွယ် ရေး သည် နိုင်ငံတနိုင်ငံသို့မဟုတ်တိုင်း ပြည်တ ပြည်ကြီး ပွား ဖွံ့ဖြိုး ရေး အတွက်အဓိကမဏ္ဍိုင်ကြီး တခုဖြစ် ပေသည်။ ပြည်ပကုန် သွယ်မှု ကောင်း လေတိုင်း ပြည့်တွင်နိုင်ငံခြား ဝင် ငွေများ တိုး တက်လာ လေ ဖြစ် ပေသည်။ ၎င်းတွင်တိုင်း ပြည်ပြန်လည်ထူ ထောင် ရေး လုပ်ငန်း များ ၊ တက် ပုံ ဖွံ့ဖြိုး မှုလုပ်ငန်း များ ကို ဆောက်ချလုပ်ကိုင်နိုင်ပါမည်။ ပြည်ပကုန်သွယ်မှု လုပ်ငန်း မှရရှိသည့်နိုင်ငံခြား ငွေအမြတ်အစွန်း နှင့်တိုင်း ပြည်နှင့်လူမျိုး ဖွံ့ ဖြိုး တိုး တက်မှုတို့မှာ တိုက်ရိုက်နှီး နွယ် နေ ပေ သည်။

ပြည်တွင်း ကုန် သန်း ရောင်း ဝယ် ရေး သည်လည်း မရှိမ ဖြစ်အ ရေး ပါ သောအခန်း မှ ပါဝင် နေပါသည်။ ပြည်တွင်း ရောင်း ဝယ်ဖြန့် ဖြူး မှု ကောင်း မွန် ဖြောင့်ဖြူး မှသာ နိုင်ငံသူနိုင်ငံသား ၊ တောင်သူလယ်သ မား ၊ အလုပ်သမား လူထုလူတန်း စား များ အလွှာအသီး သီး တို့၏ စား ဝတ် နေရေး

လိုအပ်ချက်ဆိုကိုဖြည့်ဆည်းပေးနိုင်ပေမည်။ (အများစုဖြစ်သော လုပ်သားထု တရပ်လုံး၏လိုအပ်ချက်တို့ကိုဖြည့်ဆည်းနိုင်မှသာလျှင်လုပ်သားထုတို့သည်စိတ်ဓါတ် ထက်ကြွစွာကျရာတာဝန်ကို ကျေပွန်စွာလုပ်ကိုင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ သို့မှသာကုန်ထုတ်စွမ်းအား ပိုများ တိုးတက်လာပြီး ပြည်တွင်း စားသုံးမှုသာ မကပြည်ပသို့တင်ပို့နိုင်သည်အထိထွက်ကုန်များ ထုတ်လုပ်နိုင်ပါမည်။ ပြည်ပကုန်သွယ်မှုများ လုပ်ကိုင်လာနိုင်သည်နှင့်အမျှတိုင်းပြည်လည်း ဖွံ့ဖြိုး တိုးတက်လာနိုင်ပါသည်။ သို့ပါ၍ပြည်တွင်း ကုန်သွယ်ရေး သည်လည်း အရေး ပါအရာရောက်သည့် ကဏ္ဍအဖြစ်ပါဝင်နေပါသည်။)

မြန်မာနိုင်ငံသည်ဧရိယာအားဖြင့်စတုရန်း မိုင်ပေါင်း ၂၆၁၇၈၉ မိုင်ကျယ်ဝန်းပြီး ဆန်စပါး ၊ ပဲ ၊ ပြောင်း ၊ သီး နှံများ ကို စိုက်ပျိုး သောဧရိယာမှာဧကပေါင်း ၁၉၀၃၆ ဖြစ်ပြီး စတုရန်း မိုင် ပေါင်း ၁၄၉၀၉ မှာသစ်တောများ ဖုံး လွှမ်း နေပါသည်။ မြန်မာနိုင်ငံသည်ပထဝီ အနေအထား အရလတ္တီကျုဒ်နှင့် လောင်ဂျီကျုဒ်မျဉ်း များဖြင့် ဖော်ပြရသော် မြောက်လတ္တီကျုဒ် ၉° ၃၀' မှ ၂၈° ၃၁' အထိရှည်လျား၍အရှေ့လောင်ဂျီကျုဒ် ၉၂° ၁၀' မှ ၁၀၁° ၁၁' အထိကျယ်ပြန့်ပါသည်။ အပူပိုင်း ဒေသတွင်ကျရောက် သောနိုင်ငံလည်း ဖြစ်ပါသည်။ မြေပေါ် မြေအောက်သယံဇာတပစ္စည်း များ ကြွယ်ဝသောနိုင်ငံဖြစ် သော်လည်း လယ်ယာစိုက်ပျိုး ရေး တနည်း အား ဖြင့်လယ်ယာ ကဏ္ဍကိုအခြေခံထား သောနိုင်ငံတနိုင်ငံဖြစ်ပါသည်။ လူဦး ရေ ၇၀% ခန့်မှာ လယ်ယာစိုက်ပျိုး ရေး လုပ်ငန်း တွင်လုပ်ကိုင်လျက်ရှိသူများ ဖြစ်ကြသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတွင်ဆန်စပါး စိုက်ပျိုး ရေး သည်အဓိကဖြစ်ပြီး ဆန်စပါး ပြီးလျှင် ပဲမျိုး စုံစိုက်ပျိုး ခြင်း သည်ဒုတိယအ ရေး ပါသည့်သီး နှံစိုက်ပျိုး မှုတရပ်ဖြစ်ခဲ့ပါ သည်။ စိုက်ပျိုး ရေး နိုင်ငံတခုဖြစ်သည်နှင့်အညီကုန်သွယ် ရေး တွင်လည်း လယ်ယာ ထွက်ပစ္စည်း အမြောက်အများ ပါဝင် နေ လေသည်။ ပြည်တွင်း ကုန်သွယ် ရေး တွင် ပဲမျိုး စုံ ရောင်း ဝယ် ရေး ပါဝင်သကဲ့သို့ပြည်ပကုန်သွယ် ရေး တွင်လည်း ဆန်စပါး ပြီး လျှင်ပဲမျိုး စုံသည်ဒုတိယမဏ္ဍိုင်အဖြစ်အ ရေး ပါလျက်ရှိ နေ ပေသည်။

<u>အဓိပ္ပါယ် ဖွင့်ဆိုချက်</u>။

ပြည်တွင်း ပြည်ပ ပဲမျိုးစုံ ရောင်းဝယ်ရေး ဆိုသည်မှာ ပဲမျိုးစုံ အပါအဝင် သောပဲအသီးသီးကို ပြည်တွင်း၌ လက်လီလက်ကား ရောင်းဝယ်ဖြန့်ဖြူးမှုနှင့် ပြည်ပသို့ တင်ပို့ရောင်းချခြင်းကို ဆိုလိုပါသည်။ ပြည်တွင်း ရောင်းဝယ်ရေး ဆိုသည်မှာ ထုတ်လုပ်သူ တောင်သူလယ်သမားများထံမှ တဆင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်အတွင်း ရှိစားသုံးသူ လုပ်သားထုတရပ်လုံး၏လက်သို့ ရောက်သည်အထိ အဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်မှုကို ပြည်တွင်း ရောင်းဝယ်ရေး ဟုဆိုလိုပါသည်၊ ပြည်တွင်း စားသုံးမှုမှ ပိုလျှံသော ပဲအမျိုးများစွာ အနက်မှ တချို့ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ပါသည်၊ ပြည်ပနိုင်ငံများနှင့် ဆက်သွယ်၍ ကုန်ပစ္စည်း ရောင်းဝယ်တင်ပို့ခြင်းကို ပြည်ပ ရောင်းဝယ်ရေး ဟုဆိုလိုပါသည်။

မြန်မာနိုင်ငံသည် စိုက်ပျိုးရေး နိုင်ငံတနိုင်ငံဖြစ်သည့်အလျောက် ကုန်သွယ်ရေး လုပ်ငန်းရပ်များကို လေ့လာလိုလျှင် ပထမပိုင်း အနေဖြင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးမှုနှင့် အထွက်ကို လေ့လာသင့်ပါသည်။ သို့ပါ၍ မြန်မာ့ပြည်တွင်း ပြည်ပ ပဲမျိုးစုံ ရောင်းဝယ်ရေးကို လေ့လာရာတွင်လည်း ပဲမျိုးစုံ စိုက်ပျိုးမှု၊ ၎င်း အထွက်တို့ကို ဦးစွာ လေ့လာသင့်ပေသည်။ ပဲမျိုးစုံ စိုက်ပျိုးမှုကို လေ့လာသောအခါ ပဲပင်များသည် ကမ္ဘာဦး အစကပင် အခြားသော အပင်များ နည်းတူ ပေါက်ရောက်ဖြစ်ထွန်းလာသော အပင်မျိုး ဖြစ်ပါသည်။

ယနေ့ကမ္ဘာ့ဖွင့် ပဲထွက်ပစ္စည်းများသည် လူအများ အသက်ရှင်နေထိုင်ရေး အတွက် အဓိက အခန်းမှ ပါဝင်နေပါသည်။ ပဲထွက်ပစ္စည်းများသည် မြန်မာများ အတွက်သာမက ကမ္ဘာ့လူသားတရပ်လုံး၏ အသက်ရှင်နေထိုင်ရေးနှင့် ကြီးပွားတိုးတက်ရေး အတွက် ထိုပါ ကူညီလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ယခုအခါ ကမ္ဘာ့နိုင်ငံကြီးများ၌ သိပ္ပံပညာသည် အဟုန်ပြင်းစွာ တိုးတက်လာသည်နှင့် အညီ စက်မှုပစ္စည်းများ ဆိုး ခွက်ပန်းကန်စသည့် လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ဆိုင်ရာ ပစ္စည်းများ အထူးကောင်းမွန်စွာ တိုးတက်ထုတ်လုပ်လာခဲ့ကြပေရာ၊

ကုန်ကြမ်းပစ္စည်းများလည်း အထူးလိုအပ်လာပေသည်၊ စားသုံးထုန်ပစ္စည်းများဖြစ်သော ပဲငပိ၊ ပဲငံပြာရည်၊ ပဲနို့စသည်တို့နှင့် စက်မှုသုံးပစ္စည်းများအဖြစ် ဆီဆေး ၊ ပုံနှိပ်မှင်အမျိုးမျိုးတွင် ကော်စသည်တို့အပြင် လူသုံးကုန်ပစ္စည်းအဖြစ် အိုးခွက်ပန်းကန်စသည့်ပစ္စည်းများကို ထုတ်လုပ်ရာတွင် အရေးပါသော စက်မှုကုန်ကြမ်းတရပ်အနေဖြင့်လည်း မြန်မာပဲမျိုးစုံနှင့် ပဲထွက်ပစ္စည်းများ ပါဝင်ခဲ့ပေသည်။ သို့ဖြစ်ပါ၍ ဤမျှအဖိုးတန်၍ အရေးပါသော ပဲမျိုးစုံနှင့် ပဲထွက်ပစ္စည်းများသည် လူသားတို့အား မည်သို့မည်ပုံအကျိုးပြုသည်ကို ပြည်တွင်းပြည်ပ ပဲမျိုးစုံ ရောင်းဝယ်ရေးကို လေ့လာ၍ ဤကျမ်းစာတွင် တင်ပြထားပါသည်။

<u>ကျမ်း၏ ရည်ရွယ်ချက်</u>။ ။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်သည် ပထဝီအနေအထားအရ ရာသီဥတုမှာ မြန်မာနိုင်ငံအောက်ပိုင်းသည် မိုးများစွာ ရွာသွန်း၍ မြန်မာနိုင်ငံအထက်ပိုင်းသည် မိုးပါးပါသည်။ အထူးသဖြင့် မိုးခေါင်ရေရှားသော ဒေသလည်းဖြစ်သည်။ ထို့ကြောင့် ရေမြေ ၊ ရာသီဥတုသဘာဝနှင့် လိုက်လျောညီထွတ်သည့် ပဲမျိုးစုံကိုသာ အားထားစိုက်ပျိုးရမည်ဖြစ်သည်။ သို့ဖြစ်ရာ တဖက်တွင် ပြည်တွင်း၌ အဓိကစားသုံးမှုလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် ဆန်စပါးကို စိုက်ပျိုးသကဲ့သို့ အခြားတဖက်မှလည်း ပြည်တွင်းစားသုံးရန်နှင့် နိုင်ငံခြားငွေရှာရန် ပဲမျိုးစုံကိုလည်း အားသွန်ခွန်စိုက် တိုးချဲ့စိုက်ပျိုးရမည်ဖြစ်ပေသည်။ နိုင်ငံတော်အစိုးရသည် ပြည်ပသို့တင်ပို့ရောင်းချရသည့် ပဲမျိုးစုံကိုလည်း စီမံကိန်းဝင် သီးနှံအဖြစ် သတ်မှတ်ခဲ့သည်။ (မတ်ပဲကို စပါးနည်းတူ ၂၆-၁၂-၆၃ ခုနှစ် နေ့စွဲပါ ကုန်သွယ်မှုတိုးတက်ရေးဌာန အမိန့်ကြော်ငြာစာအမှတ်-၁၆/၆၃ တွင် အရေးကြီးသည့်ကုန်ပစ္စည်းအဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့ပေသည်။) ၂၀-၈-၆၅ နေ့စွဲပါ ကုန်သွယ်ရေးဌာနအမှတ် ၁၀/၆၅ ကြော်ငြာစာအရ ပဲမျိုးစုံတွင်ပါဝင်သော ပဲအားလုံးကို အစိုးရဌာနများကသာ ဝယ်ယူရောင်းချရန် သတ်မှတ်ခဲ့ပါသည်။ မတ်ပဲ - ပဲတီစိမ်း - ထောပတ်ပဲနှင့် ပဲစဉ်းငုံတို့သည် ယခုတိုင်အောင် ဝန်ကြီးအဖွဲ့နှင့် ဝန်ကြီးဌာနအသီးသီး လက်အောက်ရှိ အဖွဲ့အစည်းများကသာ ဝယ်ယူရောင်းချရန်

သတ်မှတ်ထားပါသည်။

၁၉၄၀–၄၁၊ ခုနှစ်တွင်မြန်မာနိုင်ငံမှပဲပိုက်ပျိုးသော ဧရိယာမှာတသန်း ကျော်ကျော်မျှသာရှိခဲ့သည်၊ ထို့နောက်လွတ်လပ်ရေးရပြီး နောက်ပိုင်း ၁၉၆၈–၆၉ ခုနှစ်များတွင်ပဲမျိုးစုံပိုက်ဧကမှာခုနှစ်သိန်း ကျော်ကျော်ခန့်[၁] သိသိသာသာတိုးတက်လာခဲ့ပါသည်၊ ၁၉၇၆–၇၇ ခုနှစ်အတွင်း သီးနှံပိုက်ဧရိယာဧကမှာ[၂] ၂၃.၄ သန်းရှိသည့်အနက်ဧက[၃] ၂.၀၀ သန်းနီး ပါးမှာပဲမျိုးစုံပိုက်ပျိုးသည်ကိုတွေ့ရပေသည်၊ ထို့ကြောင့်မြန်မာပြည်သီးနှံပိုက် ဧရိယာ၏ ၁၀ ရာခိုင်နှုန်းသည်ပဲမျိုးစုံပိုက်သည်ဟုခေါ်ဆိုနိုင်ပါသည်။ စပါးပိုက်ဧ ကနှင့်နှိုင်းယှဉ်သော်စပါးပိုက်ဧက၏ငါးပုံတပုံသည်ပဲမျိုးစုံပိုက်သည်ကိုတွေ့ရပါ သည်။ ကမ္ဘာ့အနေနှင့်ဆိုသော်ပဲမျိုးစုံပိုက်ဟက်တာ (မြေပဲအပါအဝင်) ပေါင်း သန်းပေါင်း ၁၁၅ သန်းကျော် (ဧကနှင့်ဆိုသော်သန်း ၂၀၀ ခန့်) ပိုက် ပျိုးရန်ကမ္ဘာ့သီးနှံပိုက်ဧရိယာ၏ကိုးပုံတပုံခန့်တွင်ရှိ၍မြန်မာနိုင်ငံအနေ နှင့်မူကမ္ဘာ့ပျမ်းမျှပိုက်ဧကနှုန်းကိုမှီသည်ဟုဆိုရပေမည်။

ဇယား (၁) တွင် ၁၉၅၇–၅၈ မှ ၁၉၇၆–၇၇ အထိပိုက်ဧ ကတိုးတက်လာပုံကိုဖော်ပြထားပါသည်။

ဤသို့ပိုက်ပျိုးရရှိသောပဲမျိုးစုံအထွက်မှတဝက်ခန့်ကိုပြည်တွင်း၌စားသုံး၍ကျန်ပဲတန်ချိန်တသိန်းကျော်ကိုနိုင်ငံခြားသို့တင်ပို့ရောင်းချခဲ့ ပါသည်။ ပဲမျိုးစုံမှာမြန်မာနိုင်ငံအတွက်နိုင်ငံခြားငွေရှာဖွေပေးရာတွင် ဆန်နှင့်ဆန်ထွက်ပစ္စည်းကဲ့သို့အရေးမပါလှသော်လည်း ၎င်း၏အခန်းကဏ္ဍမှာ မသေးလှပေ၊ ကမ္ဘာ့ဈေးကွက်နှင့်မြန်မာဈေးကွက်ပြောင်းလဲလာမှုအရပဲ မျိုးစုံမှာနိုင်ငံခြားသို့ရောင်းချရန်အတွက်အလားအလာကောင်းသော သီး နှံများဖြစ်လာပြီဖြစ်ပါသည်။ ဇယားအမှတ် (၂) တွင်ဖော်ပြထားပါသည်။ ပဲ မျိုးစုံကိုအထူးသဖြင့်တိရစ္ဆာန်အစားအစာအဖြစ်၎င်း လူအစားအစာအဖြစ်

၁။ ဇယား (၁) အရ။
၂။ ၁၉၇၇–၇၈ ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာမှ။
၃။ ဇယား (၁) အရ။

ဇယား (၁)

ပဲမျိုး စိုက်ပိုက်ဧကတိုး တက်လာမှု။

ခုနှစ်	စိုက်ဧက ထောင်ပေါင်း
၁၉၃၆-၃၇မှ ၁၉၄၀-၄၁ အထိပျမ်းမျှ	၁၄၆၁
၁၉၅၇-၅၈	၁၁၁၀
၁၉၅၈-၅၉	၁၁၈၄
၁၉၅၉-၆၀	၁၃၃၆
၁၉၆၀-၆၁	၁၄၁၅
၁၉၆၁-၆၂	၁၃၈၄
၁၉၆၂-၆၃	၁၇၁၀
၁၉၆၃-၆၄	၁၈၅၄
၁၉၆၄-၆၅	၁၆၀၉
၁၉၆၅-၆၆	၁၇၀၅
၁၉၆၆-၆၇	၁၇၆၅
၁၉၆၇-၆၈	၁၆၁၃
၁၉၆၈-၆၉	၁၇၅၁
၁၉၆၉-၇၀	၁၆၃၀
၁၉၇၀-၇၁	၁၅၇၆
၁၉၇၁-၇၂	၁၈၅၉
၁၉၇၂-၇၃	၁၈၆၀
၁၉၇၃-၇၄	၁၆၈၇
၁၉၇၄-၇၅	၁၈၀၇
၁၉၇၅-၇၆	၁၆၅၆
၁၉၇၆-၇၇	၁၈၀၄

Sources 1။ ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ ၁၉၇၇-၇၈။

2. Agriculture Statistics, 1967-68, 1972-73, 1975-76.

ဇယား (၂)

ပို့ကုန်ပစ္စည်းအမျိုးအစား ပြောင်းလဲပုံ ကျပ်သန်းပေါင်း

အမှတ်စဉ် ကုန်အမျိုးအစား	1957-58	1958-59	1959-60	1960-61	1961-62	1962-63	1963-64	1964-65	1965-66	1966-67	1967-68	1968-69	1969-70	1970-71	1971-72
1. ဆန်နှင့်ဆန်ထွက်	6462	6948	8092	6508	8440	7751	7503	6331	5613	3747	2381	2351	2776	2789	2750
2. ပြောင်းဖူးစေ့	55	49	41	59	50	59	23	36	36	32	23	16	27	39	44
3. ပဲမျိုးစုံ	413	512	422	451	604	719	448	970	496	502	428	326	400	409	507
4. ဝါ	175	177	344	262	411	295	221	364	171	126	42	2			
5. ဂုံလျှော်	-	2	6	8	8	18	14	15	11	11	39	20	17	55	212
6. တိရစ္ဆာန်အစားအစာ	434	622	827	848	858	987	807	686	424	393	264	270	309	453	682
7. ဓာတ်ချိုး နီးယားဆေး	242	365	526	336	335	376	197	226	184	97	94	276	131	152	195
8. ကြက်ပေါင်စေး တွင်းထွက်ပစ္စည်းများ	479	538	539	498	526	534	570	651	638	417	307	623	456	525	656
9. ကျွန်းမှအပ သစ်တောထွက်	631	730	903	962	1349	1672	1522	1493	1639	1322	1555	1608	1144	1400	1546
10. တိရစ္ဆာန်ပစ္စည်းနှင့် ရေထွက်ပစ္စည်း	9	39	67	24	31	59	31	25	14	15	10	11	6	7	19
11. အခြားပစ္စည်းများ	26	39	34	60	56	98	34	27	31	32	18	16	8	16	24
စုစုပေါင်း	8946	10021	11791	10016	12668	12569	11370	10824	9257	6694	5161	5519	5354	5845	6643

Sources : ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ။ ၁၉၇၄ - ၁၉၇၅။

၎င်း ၊ တင်ပို့ရောင်းချခြင်း ဖြစ်ပါသည်။

အကြမ်းအား ဖြင့်ဆိုသော် ပဲမျိုး စုံတင်ပို့မှုတန်ဘိုး သည် စုစုပေါင်း နိုင်ငံခြား သို့တင်ပို့သည့်ပြည်တွင်း ထွက်ပစ္စည်း တန်ဘိုး ၏ ၁၀ ရာခိုင်နှုန်း မျှရှိသဖြင့်၎င်း၏အရေး ပါမှုကဏ္ဍကိုသိရှိနိုင်ပါသည်။ ဤအနှုန်းမှာ လည်း တစ်နှစ်ထက်တစ်နှစ်တဖြည်းဖြည်း တိုး တက်လာပရာရှိမည်ဟု လောလော ဆယ် နိုင်ငံခြား ဈေးကွက် ပေါ်ကြည့်၍ ကောက်ချက်ချနိုင်ပါသည်၊ ထို့ကြောင့် ပဲမျိုး စုံ၏အခန်း ကဏ္ဍကိုအလေး ပေး ဂရုပြု ဆောင်ရွက်ရန်လိုအပ်လာပါ၍ ပဲမျိုး စုံပြည်တွင်း ပြည်ပ ရောင်း ဝယ် ရေး ကိုစိစစ်တင်ပြထား ပါသည်။

<u>လေ့လာသည့်နယ်ပယ်အကျယ်အဝန်း နှင့်ကန့်သတ်ချက်များ</u> ။

မြန်မာ့ပဲမျိုး စုံပြည်တွင်း ပြည်ပ ရောင်း ဝယ်ဖြန့်ဖြူး ရေး ကို လေ့လာစိစစ်ရာတွင်စစ်ကြိုခေတ်၊ စစ်ပြီး ခေတ်၊ တော်လှန် ရေး ကောင်စီအစိုး ရလက်ထက်နှင့်မျက် မှောက်အခြေအနေဟူ၍ လေး ပိုင်း ခွဲ၍ လေ့လာထား သော်လည်း မှန်ကန်ညီညွတ်သော စာရင်း ဇယား များ ကိုစု ဆောင်း ရာ၌ အခက်အခဲမှုရှိခဲ့သောကြောင့်၊ ၁၉၅၇–၅၈ ခုနှစ်မှ ၁၉၆၀–၆၁ ခုနှစ်အခြေအနေကို ယှဉ်ယှဉ်သုံး သပ် ဖော်ပြနိုင်ပြီး ၁၉၆၁–၆၂ မှ ၁၉၇၅–၇၆ ခုနှစ်အခြေအနေကိုအသေး စိတ် ဖော်ပြနိုင်ခဲ့ပါသည်။

မြန်မာ့ပဲမျိုး စုံတွင်(၁) မတ်ပဲ၊ (၂) ပဲတီစိမ်း ၊ (၃) ထောပတ်ပဲ(၄) ဘိုကိတ်၊ (၅) ပွန်တာနီ၊ (၆) ပွန်ဘာပြာ၊ (၇) ပဲပုပ်(၈) ကုလား ပဲ၊ (၉) ပဲစင်းငုံ၊ (၁၀) ပဲရင်း ၊ (၁၁) ပဲလွန်း (၁၂) ပဲဖြူလေး ၊ (၁၃) ပဲကြီး ၊ (၁၄) ပဲကြား ၊ (၁၅) စား တော်ပဲ၊ (၁၆) ပဲရာဇာ(၁၇) ပဲနောက်နှင့်(၁၈) အခြား ပဲများ ဟူ၍ ပဲအမျိုး ပေါင်း (၁၈) မျိုး ပါဝင်ပါသည်။ မြန်မာ့ပဲမျိုး စုံ ရောင်း ဝယ် ရေး ကို လေ့လာစိစစ်ရာ၌ယင်း ပဲမျိုး ပေါင်း (၁၈) မျိုး အနက်မှပြည်ပတင်ပို့ရာ၌ နှစ်စဉ်ပမာဏအများ ဆုံး ဖြစ်သည့်အပြင်အချက်အလက်အပြည့်အစုံရှာဖွေရရှိ

သည့်မတ်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲနှင့်ပဲဖြူလေး ပဲမျိုး လေးမျိုးကိုသာအဓိကထားပြီး ဇီဝဝ် လေ့လာတင်ပြထားပါသည်။ ၎င်းပဲလေးမျိုး ပေါင်းပြည်ပသို့တင်ပို့မှုပမာဏသည်ပဲမျိုးစုံပြည်ပတင်ပို့မှုစုစုပေါင်း၏နှစ်စဉ်ပျမ်းမျှ (၅၇) ရာခိုင်နှုန်း ခန့်ရှိပါသည်။ ဇယား (၃) ကိုအထောက်အထားအဖြစ် ဖော်ပြထားပါသည်။

အခန်း (၁) တွင်ပဲမျိုးစုံ၌ပါဝင်သောအဟာရဓါတ်နှင့် ယင်းတို့၏အသုံးဝင်မှုတို့ကို ရေးသား ဖော်ပြထားပါသည်၊ ပဲမျိုးစုံတွင်ပါဝင်သောပရိုတိန်းဓါတ်များ၊ ရုက္ခဗေဒဆိုင်ရာအမည်နာမများ၊ အိမ်သုံးပစ္စည်း၊ ဝက်မှုသုံးပစ္စည်း နှင့်လူသုံးကုန်အမျိုးမျိုးတွင်ပဲမျိုးစုံ၏ကုန်ကြမ်းကဏ္ဍအဖြစ်ပါဝင်ပုံကိုတင်ပြထားပါသည်။

အခန်း (၂) တွင်ပဲမျိုးစုံစိုက်ပျိုးရေး အခြေအနေကိုတင်ပြထားရာ ပဲတမျိုးခြင်းအလိုက်၊ စိုက်ပျိုးရာဒေသ၊ မည်သည့်ရာသီဥတုမျိုးတွင် မည်သည့်အချိန်၌စိုက်ပျိုးသည်၊ ထွန်ယက်စိုက်ပျိုးနည်းများ မြေယာပြုပြင်နည်းများ၊ မြေဩဇာအသုံးပြုပုံတို့ကိုအသေးစိတ်ရေးသားထားပါသည်၊ ၎င်းအပြင်ပိုးမွှားကာကွယ်ရေးများ၊ ရိတ်သိမ်းချိန်နှင့်တဧကအထွက်နှုန်း၊ စိုက်ပျိုးဝရိတ်ထုတ်ဈေးငွေများကိုပါလေ့လာတင်ပြထားပါသည်။ အခန်း (၂) တွင်ပင် ပဲမျိုးစုံ၏စိုက်ဧက၊ တဧကအထွက်နှုန်းတို့ကိုပဲတမျိုးခြင်းအလိုက်တင်ပြထားပြီး မတ်ပဲ၊ ထောပတ်ပဲ၊ ကုလားပဲ၊ ပဲဖြူလေးတို့၏စိုက်ဧကနှင့်အထွက်တို့ကိုဝါရင်းအင်းနည်းပညာအသုံးပြု၍အလားအလာများကိုအချိန်ကိန်း ဂဉ်နည်းဖြင့်လေ့လာဗ်ဝ်ထားပါသည်။

အခန်း (၃) တွင် ဈေးနှုန်းနှင့်ပတ်သက်၍ လေ့လာတင်ပြထားပါသည်၊ ဈေးနှုန်းကိုသုံးပိုင်းခွဲ၍ (က) အစိုးရဝယ်ဈေး၊ (ခ) ဈေးကွက်၌မြန်မာပြည်လုံးပျမ်းမျှလက္ကားဈေးနှုန်းနှင့် (ဂ) ပြည်ပသို့တင်ပို့သောဈေးနှုန်း ဟူ၍ လေ့လာပြီး အလားအလာများ ရေးဆွဲတင်ပြထားပါသည်၊ ၎င်းအပြင်ဈေးနှုန်းများသည်၊ စိုက်ဧကအထွက်နှင့်အစိုးရဝယ်ယူရရှိမှုတို့ကိုဆွဲဆောင်

ဇယား (၃)

မတ်ပဲ၊ ထောပတ်ပဲ၊ ပဲဖြူကလေး နှင့် ကုလားပဲတို့၏ပြည်ပတင်ပို့မှုနှင့်ပဲမျိုးစုံပြည်ပတင်ပို့မှုတို့အား နှိုင်းယှဉ်ချက်။

နှစ်	ပဲမျိုးစုံ (တန်ထောင်ပေါင်း)	မတ်ပဲ + ထောပတ်ပဲ + ပဲဖြူကလေး + ကုလားပဲ (တန်ထောင်ပေါင်း)	ရာခိုင်နှုန်း
1958	87	48	55
1959	107	61	57
1960	99	50	50
1961	100	54	54
1962	105	50	47
1963	139	69	49
1964	117	59	50
1965	131	75	57
1966	85	51	60
1967	85	58	68
1968	47	36	76
1969	52	35	67
1970	50	29	58
1971	66	37	56
1972	64	42	66
1973	82	63	77
1974	30	26	86
1975	35	24	69

Sources : Agricultural Statistics 1973-74/1974-75 and 1975-76.

မှုရှိမရှိကိုပါတင်ပြထားပါသည်။

အခန်း (၄) တွင်ပဲမျိုးစုံကိုဖြန့်ဖြူးသည့်လမ်းကြောင်းများ၊ ဖြန့်ဖြူးရေးအဆောက်အအုံတို့ကိုတင်ပြပြီး၊ အစိုးရဝယ်ယူရရှိမှု၊ ပြည်တွင်းစားသုံးမှု၊ ပိုလျှံမှုများကိုတင်ပြထားပါသည်၊ ဆက်လက်၍ ရွေးချယ်ထားသောပဲလေးမျိုးအတွက်အစိုးရဝယ်ယူရရှိသည့်ပမာဏနှင့်အထွက်တို့ဆက်စပ်ပုံကိုတွက်ချက်တင်ပြထားပါသည်။

အခန်း (၅) တွင်ပြည်ပသို့ပဲမျိုးစုံတင်ပို့မှုအခြေအနေကိုတင်ပို့ရောင်းချသည့်တိုင်းပြည်များနှင့်အဓိကဝယ်ယူသည့်တိုင်းပြည်များကိုစိစစ်သုံးသပ်ထားပါသည်။

အခန်း (၆) တွင်ဖြန့်ဖြူးရောင်းချရာတွင် တွေ့ကြုံရသောပြဿနာရပ်အသီးသီးကို (က) စိုက်ပျိုးရာတွင် တွေ့ကြုံရသောပြဿနာများ (ခ) ဈေးကွက်တွင် တွေ့ကြုံရသောပြဿနာရပ်များ ဈေးကွက်သတင်းအချက်အလက် ကောက်ယူစုဆောင်းရေးနှင့်အတန်းအစားခွဲခြားသတ်မှတ်ရေး၊ သိုလှောင်မှုစသည်ဖြင့် တွေ့ကြုံရသောပြဿနာများဟူ၍ စိစစ်သုံးသပ်ထားပါသည်။

<u>လေ့လာရာ၌အသုံးပြုသည့်နည်းလမ်းများ</u>။

ဤကျမ်းစာကိုရေးသားပြုစုရာတွင်သုတေသနလုပ်ငန်းလုပ်ထုံးလုပ်နည်းအတိုင်း ပထမအဆင့်တွင်ရရှိနိုင်သမျှသောစာအုပ်စာတမ်းများ၊ မှတ်တမ်းများ၊ အစီရင်ခံစာများနှင့်စာရင်းအင်းများကိုရှာဖွေစုဆောင်းရပါသည်။ ယင်းသို့စာရင်းအင်းများရှာဖွေစုဆောင်းရာတွင် သက်ဆိုင်ရာကဏ္ဍအကြောင်းအရာအလိုက်အခြေခံအချက်အလက်များကိုကုန်သွယ်ရေးကော်ပိုရေးရှင်းအမှတ်(၁) (ယခု–လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ပစ္စည်းကော်ပိုရေးရှင်း)၊ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း၊ ကြေးတိုင်နှင့်မြေစာရင်းရုံး၊ ဗဟိုစာရင်းအဖွဲ့အစည်းနှင့်မြန်မာသွင်းကုန်ထုတ်ကုန်ကော်ပိုရေးရှင်း၊ မြန်မာ့ဆေးသုတေသနဌာနများမှရယူပါသည်၊ ၎င်းအခြေခံအချက်အလက်များမှတဆင့်ကျမ်းစာတွင်လေ့လာတင်ပြရန်

အခန်း ကဏ္ဍအလိုက်လိုအပ်သလိုတဆင့်ခံအချက်အလက်များ ကိုထွက်ချက်ယူရပါသည်။ ထို့နောက်ယင်း စာရင်းဇယားများ အပေါ်တွင်အခြေပြု၍ ၊ လက်တွေ့ဆန်း စစ်မှုများ ဆောင်ရွက်ပါသည်။

စာရင်းဇယားများ နှင့်ကိုယ်ပိုင်လက်တွေ့ထွက်ချက်ဆန်း စစ်၍ရရှိလာသောအချက်အလက်များ ကိုညီညွတ်မှုရှိမရှိဆန်းစစ်ပါသည်၊ ယင်း အဆင့်တွင်သင်္ချာပညာနှင့်တွက်ချက်မှုပညာရပ်များ ၊ ဒိုး ပွား ရေး အကိုင်း အတတ်ပညာရပ်များ ကိုလိုအပ်သလိုအသုံးပြုပါသည်။ နောက်ဆုံး အဆင့်တွင်ရရှိ လာသော ခိုင်လုံမှန်ကန်သည့်အချက်အလက်များ အပေါ် ယေဘုယျခြုံ၍တန်ဘိုး အဆုံး ဖြတ် ကောက်ချက်ချခြင်း ကိုပြုလုပ်တင်ပြထားပါသည်။

အခန်း (၁)

မြန်မာ့ပဲမျိုးစုံ အဟာရဓါတ်နှင့်အသုံးဝင်မှု

(က) ပဲမျိုးစုံတွင်ပါဝင်သောအဟာရဓါတ်များ ။

ပဲမျိုးစုံမှာ ရုက္ခဗေဒအမည်အားဖြင့် Leguminosae အပင်မိသားစုတွင်ပါဝင်ပြီး ကမ္ဘာ့ပေါ်တွင်အလေ့မှ ပေါက်သောမိသားစုအပင် အုပ်စုများ အနက် ဒုတိယအကြီးဆုံး ဖြစ်ပါသည်။ အဆိုပါအုပ်စုတွင်မျိုး ပေါင်း[1] (၆၀၀) ကျော်ပါရှိ၍ မျိုးကွဲ[2] (၁၃၀၀) ကျော်ပါရှိလေသည်။

ပဲမျိုးစုံတွင်အခြား သီးနှံများ ထက်ပရိုတိန်း ဓါတ်ပိုမိုပါရှိပါသည်။ ပျမ်းမျှအားဖြင့် ၁၅ % မှ ၄၀ % အထိပါရှိသဖြင့်လူသားအဝဝ အတွက်ပဲမျိုးစုံမှာများစွာ အရေးပါလျက်ရှိပါသည်။

ယင်းပရိုတိန်းပါဝင်မှုနှင့်ပတ်သက်၍အခြားသီးနှံများ နှင့်နှိုင်းယှဉ်ကြည့်သော် အောက်ပါအတိုင်း တွေ့ရပါသည်။[3]

သီးနှံ	၁.၄၇ဧက (၁ဟက်တာ)တွင်ပရိုတိန်းအလေးချိန်(ကီလိုဂရမ်)
စပါး	၄၂.၃
ပြောင်း	၇၃.၀
ကန်စွန်းဥ	၃၆.၅
ပဲမျိုးစုံ(ဘုံကတ်)ပဲလွန်း	၈၈.၈
ပဲသီဝပ်	၁၂၉.၀
မြေပဲ	၁၁၃.၄

ပဲမျိုးစုံတွင်ပါဝင်သောပဲအမျိုးချင်း အလိုက်အဟာရဓါတ် ပါဝင်မှုများနှင့်ရုက္ခဗေဒအမည်များကိုဇယား (၁-၁) တွင် ဖော်ပြထား

---

၁ genera

၂ Species

၃ Development digest Vol. IX No.3, (July 1971).

PULSES, LEGUMES AND NUTS

Sr. No. (1)	Name of food-stuff (2)	Botanical Name (3)	Per 100g. of edible Portion: Calories (4)	Moisture g (5)	Protein g (6)	fat g (7)	Carbohydrate g (8)	Minerals (9)	Calcium mg (10)	Potassium mg (11)	Iron mg (12)	Vitamin A.I-U (13)	Vitamin B_1 mg (14)	Vitamin B_2 mg (15)	Nia-cin mg (16)	Vitamin C mg (17)
1.	Kala-pe-chan (Bengal-Gran)	Gicer Arietimn	368	10.17	18.64	4.18	63.9	3.112	125.7	434.0	1.430	-	0.269	0.260	-	-
2.	Kala-pe-hnot (Bengal Gran flour)	- do -	365	13.30	11.40	5.6	67.3	2.4	-	298.7	2.40	-	-	-	-	-
3.	Ma-pe-net	Phaseolus Mungo	370	8.699	23.73	3.01	61.37	3.192	32.5	389.6	11.66	-	0.5	0.175	-	-
4.	Pe-bi-zat	Dolchos Biflorus	367	9.0	28.9	4.10	53.8	4.20	294.0		9.30	-	-	-	-	-
5.	Pe-poke (soya bean)	Glycine Hispida	461	13.4	39.9	26.96	14.54	5.2	254.0	402.8	11.20	156.0	0.196	0.099	7.088	11.25
6.	Pe-di-sein	Phaseolus Radiotus	347	11.26	23.38	1.032	61.0	3.33	129.2	386.6	8.965	-	0.129	-	-	-
7.	Pe-gyi	Dolichos Lablab	352	9.206	24.62	0.785	61.99	3.40	177.7	337.9	3.88	-	-	0.166		
8.	Pe-htaw-but	Phoscolus Lunatus	335	13.0	16.03	1.873	65.99	3.105	210.0	285.7	8.60	-	0.329	0.236		
9.	Pe-kadi-par	Dolichos Lablab		12.6	16.63	0.956	3.354	4.40	144.0	238.7	10.0	-	-	-	-	-
10.	Pe-kyar	Phoseolus Lunatus	361	8.60	20.13	1.664	66.32	3.287	156.0	312.1	6.335	-	0.604	0.285	-	-
11.	Pe-lun	Vigna Catiang		10.00	25.60			3.154	180.0	410.4	7.70	-	0.126	0.391	-	-
12.	Pe-naught	Phoseolus Radiatus	360	8.60	22.05	0.955	68.40	4.980	228.4	259.7	4.40	-	-	-	-	-
13.	Pe-pyu-lay	Phaseolus luratus	371	10.78	19.16	1.111	66.20	2.754	121.2	265.7	6.899	-	0.254	-	-	-

ဇယား (၁ - ၁) အဆ ၆

PULSES, LEGUMES AND NUTS

Per 100 g. of edible portion.

Sr. No. (1)	Na me of foodstuff (2)	Botanical Name (3)	Calories (4)	Moisture g. (5)	Protein g (6)	fat g (7)	Corbohydrate g. (8)	Mineral mg (9)	Calcium mg (10)	Potasium mg (11)	Iron mg (12)	Vitamin A.I-U (13)	Vitamin B_1-mg (14)	Vitamin B_2-mg. (15)	Niacia mg. (16)	Vitamin C.mg. (17)
14.	Pe-sin-ngone	Cajanus Indica	351	10.82	222.22	1.50	62.29	3.169	112.3	115.9	5.222	-	0.361	0.310	-	-
15.	Pe-Yar-zar	Ervum Lens	350	13.30	22.45	1.505	60.61	2.130	82.41	325.1	7.481	-	0.326	0.225	-	-
16.	Sa-daw-pe	PisumArrense (Linn)	336	15.38	19.34	1.364	61.54	2.286	98.72	360.6	5.041	-	0.713	0.199	-	-
17.	Su-tar-ni	Dolichos Sp.	336	14.78	27.20	1.554	59.21	3.253	300.0	345.5	6.600	-	0.652	0.248	-	-
18.	Su-tar-pyar	Dolichos-rps	339	14.24	19.05	1.716	61.83	3.159	366.6	300.6	5.002	-	0.657	0.246	-	-
19.	Ma -hlaiy-pe			8.60	21.66	-	-	2.6	252.0	-	5.80	-	-	-	-	-

Sources : The Nutrition Project

Directorate Of Health Services.

ပါသည်။

ပဲမျိုးစုံတွင်ပါဝင်သောအဟာရဓါတ်များ အနက်ကစီဓါတ် ကယ်လိုရီသည်ခန္ဓာကိုယ်လှုပ်ရှားသွားလာနိုင်ရန်အဓိကအရေးပါသောဓါတ် ဖြစ်ပါသည်။ ခန္ဓာကိုယ်ကြီးသည်အင်ဂျင်စက်နှင့်သဏ္ဌာန်တူပေသည်။ အင်ဂျင်စက် လည်ပတ်ရန်ထင်း၊ မီးထည့်ပေးရန်လိုသကဲ့သို့ခန္ဓာကိုယ်အတွက်သကြားဓါတ်လို အပ်ပေသည်။ သကြားဓါတ်ပါသောအစာများ လောင်ကျွမ်းသည့်အပူရှိန်ဖြင့် လည်ပတ်ခြင်းဖြစ်ရာ၊ ပြင်ပတွင်အပူရှိန်ကိုဒီဂရီဖြင့်တိုင်းသကဲ့သို့ခန္ဓာကိုယ် အပူရှိန်ကိုကယ်လိုရီဖြင့်တိုင်းတာသတ်မှတ်ပါသည်။ ခန္ဓာကိုယ်လှုပ်ရှားနိုင်မှုအ တွက်လိုအပ်သောကယ်လိုရီကိုအောက်ပါနှုန်းအတိုင်းရရှိနိုင်ပါသည်။

ကစီဓါတ်(ခေါ်)သကြားဓါတ် ၁ ဂရမ်လျှင် ၄ ကယ်လိုရီရရှိ ပါသည်။ အသားဓါတ် ၁ ဂရမ်လျှင် ၄ ကယ်လိုရီရရှိသည်၊ အဆီဓါတ် ၁ ဂရမ်လျှင် ၉ ကယ်လိုရီရရှိသည်၊ ထို့ကြောင့်ခန္ဓာကိုယ်လှုပ်ရှားမှုအတွက်အထက်ပါဓါတ် ၃ မျိုး မှာအဓိကလိုအပ်လျက်ရှိပေသည်။ ကစီဓါတ်သည်ခန္ဓာကိုယ်အတွင်းသို့ရောက်သော် သကြားအဖြစ်ပြောင်းသွားပါသည်။ ပဲမျိုးစုံတွင်ကစီဓါတ်သည်ပဲ ၁၀၀-ဂ ရမ်တွင် ၁၄-ဂရမ်မှ ၆၀-ဂရမ်ခန့်အထိပဲအမျိုးအစားပေါ်မူတည်၍ပါရှိ သည်ကိုတွေ့ရပါသည်။ ယင်းသကြားဓါတ်သည်ခန္ဓာကိုယ်လှုပ်ရှားသွားလာနိုင် ရန်လိုအပ်သောအင်အား[၄] ကယ်လိုရီ(ဝါ)ဥဇ္ဇာတေဇောဓါတ်ကိုအများဆုံးပေးပါ သည်။

အသားဓါတ်[၅] သည်ခန္ဓာကိုယ်လှုပ်ရှားမှုတွင်အသုံးဝင်၍ထွား ကြိုင်းဖွံ့ဖြိုးရေးအတွက်အဓိကဇာတ်ဆောင်ဖြစ်ပေသည်၊ ပဲမျိုးစုံတွင်အသားဓါတ် သည် ၁၅% မှ ၄၀ % အထိပါဝင်သည်ကိုတွေ့ရပါသည်။ ယင်းအသားဓါတ်သည်၊ ခန္ဓာကိုယ်တည်ဆောက်ရေးအပိုင်းတွင်ပိုမိုအရေးပါ၊ ပါသည်၊ ခန္ဓာကိုယ်အသား

---

၄ energy

၅ Protein

မျှင်တစ်ရှူးများကိုတည်ဆောက်ရေး ၊ ပျက်စီးပွန်းပဲ့သွားသောအသားမျှင်တစ်ရှူးများကိုအသစ်တဖန်ပြန်လည်ပြုပြင်ရေးတာဝန်များကိုထမ်းရွက်သော ဓါတ်တမျိုးပင်ဖြစ်ပါသည်၊ ယင်းဓါတ်သည်လူသားများ၏အသက်ရှင်ရေးအတွက် ရေမှလွဲ၍အရေးအကြီးဆုံးသောအဟာရဓါတ်တမျိုးဖြစ်ပါသည်။ ခန္ဓာကိုယ်မှရေကိုထုတ်လိုက်သော်ကျန်ခန္ဓာကိုယ်အလေးချိန်၏တဝက်သည်အသားဓါတ်များပင်ဖြစ်ပေသည်။ ထို့ကြောင့်ယင်းအသားဓါတ်သည်အသက်ရှင်ရေး ၊ ခန္ဓာကိုယ်၏ဖြည့်တင်းရေး။ ခန္ဓာကိုယ်တောင့်တင်းရေး ၊ လှုပ်ရှားသွားလာနိုင်ရေး ရောဂါဘယကာကွယ်ရေး ၊ စသောအကျိုးသက်ရောက်မှုများကိုဖြစ်စေသည့်၊ သဘာဝဓါတ်တပါးဖြစ်ပါသည်။

အဆီဓါတ်[၆] သည်အရေပြားအောက်တွင်တည်ရှိလျက်ပြင်ပသို့အပူဓါတ်ကိုလိုအပ်သမျှသာထွက်စေရန်ထိန်းသိမ်းခြင်း ၊ ဝမ်းတွင်းမှကလီစာများအတွက်အတွယ်အနှီးအဖြစ်၊ အကာအကွယ်အဖြစ်တာဝန်ယူဆောင်ရွက်ပါသည်။ ယင်းသို့လူ့ခန္ဓာကိုယ်လှုပ်ရှားသွားလာနိုင်ရေးအတွက်လိုအပ်သောအပူဓါတ်ကိုထုတ်လုပ်ပေးလျက်ရှိသောအဆီဓါတ်သည်၊ ဇယား (၄) တွင်ဖော်ပြထားသကဲ့သို့ပဲအမျိုးအစားအလိုက်ပဲ– ၁၀၀–ဂရမ်လျှင် .၉၅၅–ဂရမ်မှ ၂၆. ၉၆ ဂရမ်အထိပါဝင်နေသည်ကိုတွေ့ရပါသည်။

အထက်ဖော်ပြပါအဟာရဓါတ် (၃) မျိုးအပြင်ဗီတာမင်ခေါ် သက်စောင့်ဓါတ်များလည်းပဲမျိုးစုံတွင်ပါဝင်လျက်ရှိသည်ကိုတွေ့ရပါသည်။ ဗီတာမင်–စီဓါတ်သည်ပဲပုပ်တွင်ပဲပုပ် ၁၀၀–ဂရမ်တွင် ၁၁. ၂၅ မီလီဂရမ်ပါဝင်သည်ကိုတွေ့ရပါသည်။ ဗီတာမင်–စီဓါတ်၏အကျိုးအာနိသင်မှာသွားဖုံးများကိုကောင်းစေခြင်း ၊ အရိုးများကိုခိုင်မာကောင်းမွန်စေခြင်း ၊ သွေးအားကောင်းမွန်စေခြင်းတို့ဖြစ်ပါသည်။ ဗီတာမင်–ဘီဓါတ်သည်အခြားဗီတာမင်များကဲ့သို့တမျိုးတစားတည်းမဟုတ်ဘဲအမျိုးအစားအားဖြင့်များစွာကွဲပြား

---

၆ fat

ခြားနားကြောင်း တွေ့ရှိရပေသည်၊ အမျိုးအစားအများအပြား ရှိပါသော်လည်း အစာတွင်အရေးကြီး ပါဝင်ရန်လိုအပ်သော ဓါတ်များမှာ ဘီ-၁၊ ဘီ-၂ နှင့် နိုင်ယာစင်း - ဓါတ်တို့ဖြစ်ပါသည်။ ဘီ-၁ ဓါတ်ပါဝင်သော **အစား** အစာများ၌ ပဲမျိုးစုံလည်း ပါဝင်ပါသည်။ ပဲမျိုးစုံတွင် ဘီ-၁ ဓါတ်သည် ပဲ(၁၀၀)ဂရမ်လျှင်(.၁၂၂)မီလီဂရမ်မှ(.၆၅၇)မီလီဂရမ်အထိ ပါဝင်လျက်ရှိရာ ပဲမျိုးစုံကို ချက်ပြုတ်စားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်း အင်အားများ ရှိစေခြင်း။ ခံတွင်းကောင်းစေခြင်း၊ အစာကြေခြင်း၊ နှလုံးကောင်းမွန်စေခြင်း၊ အာရုံကြောများ သန်စွမ်းစေခြင်း စသောအကျိုးတရားပါးပါး ကိုမုချခံစားရပေမည်။

ဗိတာမင်ဘီ-၂ ဓါတ်သည် ခန္ဓာကိုယ်ကြီးထွားရန်လိုအပ်သော အင်အားများကိုဖြစ်စေသော ဓါတ်ဖြစ်ရာ၊ ထိုအင်အားကို ပဲမျိုးစုံတွင် ပဲ ၁၀၀-ဂရမ်လျှင်(.၀၉၉)မီလီဂရမ်မှ(.၃၉၁)မီလီဂရမ်အထိ ရရှိနိုင်ပေသည်။ ယင်းဓါတ်သည် ခန္ဓာကိုယ်တွင်း ရှိဆဲလ်ခေါ် ကလပ်စည်းများ အားလိုအပ်သော အောက်ဆီဂျင်ဓါတ်များ ရရှိရေး နှင့်အင်အားများ ရရှိရေးလုပ်ငန်းများ အတွက်အဓိကအသုံး ဝင်ပါသည်၊ ၎င်းအဟာရဓါတ်ပါသော ပဲမျိုးစုံကိုစားသုံးခြင်းဖြင့် အသားအရေကောင်းခြင်း၊ မျက်စိကောင်းခြင်း စသော အကျိုးတရားများကို ပါရရှိခံစားရပါသည်။

နိုင်ယာစင်း[၇] (သို့မဟုတ်) နီကိုတင်းနစ်အက်စစ်[၈] ဓါတ်သည် ဗိတာမင်-ဘီအုပ်စုတွင်ပါဝင်သော ဓါတ်တမျိုးဖြစ်ပါသည်။ ယင်းဓါတ်သည် ပဲမျိုးစုံတွင်ပါဝင်ပါသည်။ အထူးသဖြင့် ပဲပုပ်တွင် ပဲပုပ်(၁၀၀)ဂရမ်လျှင် နိုင်ယာစင်းဓါတ်(၇.၀၈၈)မီလီဂရမ်မျှပါရှိသည်။ ယင်းဓါတ်သည် နေ့စဉ်နှင့်အမျှ လှုပ်ရှားသွားလာမှုအတွက် အဓိကလိုအပ်သော အင်အားများ ဖြစ်ထွန်းရန်နှင့် အစာကြေညက်ရန်အတွက် စားသုံးရခြင်း ဖြစ်ပါသည်။

---

၇ Niacine

၈ Nicotinic acid.

အစားအစာများတွင်ပါဝင်သောသတ္တုဓါတ်များအနက်မှ ထုံးဓါတ်[၉]သည်အဟာရဖြည့်တင်းရေးတွင်လွန်စွာအရာရောက်သောသတ္တုဓါတ်ဖြစ်ပါသည်၊ ဝဲမျိုးစုံတွင်ဝဲ ၁၀၀-ဂရမ်လျှင်ထုံးဓါတ် ၁၂၅.၇ မီလီဂရမ်မှ ၃၆၆.၆ မီလီဂရမ်အထိဝဲမျိုးစုံအမျိုးအစားပေါ်မူတည်၍ပါရှိပါသည်။ ထုံးဓါတ်သည်အရိုးများသွားများဖြစ်ထွန်းခိုင်မာရေးအတွက်၎င်း၊ ကာယကိစ္စအဝဝဖြစ်ပျက်မှုများအတွက်၎င်း၊ အထောက်အကူပြုသောဓါတ်ဖြစ်ပါသည်။

သံဓါတ်[၁၀]သည်ခန္ဓာကိုယ်အနှံ့အပြားသို့ဝင်သက်လေမှအောက်ဆီဂျင်ဓါတ်အနှံ့အပြားပျံ့နှံ့စေရန်ဆောင်ရွက်ပါသည်။ အထူးသဖြင့်ကိုယ်ဝန်ဆောင်များသည်ကလေးကြီးထွားဖွံ့ဖြိုးရေးအတွက်သံဓါတ်အထူးလိုအပ်ပါသည်။ ယင်းသို့သွေးအားနည်းရောဂါမှကာကွယ်ပေးနိုင်သောသံဓါတ်သည်ဝဲမျိုးစုံတွင်ပါဝင်ကြောင်းဇယား (၄) တွင်တွေ့နိုင်ပါသည်။

၎င်းအပြင်သတ္တုဓါတ်များ[၁၁]ဖြစ်သောပိုတက်ဆီယမ်[၁၂]ဓါတ်လည်းဝဲမျိုးစုံတွင်ပါဝင်သည်ကိုတွေ့ရပါသည်။

အချုပ်ဆိုရသော်ဝဲမျိုးစုံတွင်အသားဓါတ် ၂၀% ပါ၍အဆီဓါတ်သည်ဝဲအစားအစာအလိုက်ကွဲပြားစွာပါရှိပါသည်၊ အချို့တွင် ၁% မျှသာပါသော်လည်း ဝဲပုပ်၌အဆီဓါတ် ၂၀% သတ္တုဆီဓါတ်၃% မျှပါလေ့ရှိပြီး ထုံးဓါတ်၊ ဗိတာမင်-ဘီဓါတ်များစွာပါဝင်ပါသည်။ အဝါရောင်ရှိသောဝဲတွင်မူဗိတာမင်-အေဓါတ်ပါရှိပြီး၊ ဗိတာမင်-စီဓါတ်နည်းသော်လည်း အစို့ကလေးများပေါက်လာခဲ့သော်[illegible] - ဗိတာမင်-စီဓါတ်ပြည့်ဝလာပါသည်။

ဝဲတွင်များသောအားဖြင့် မီသီယိုနင်း[၁၃]ဓါတ်ခေါ် အမိုနိုအက်ဆစ်[၁၄]ဓါတ်မျိုးပါဝင်ပါသည်။

သို့ပါ၍ဝဲသည်ဈေးလည်းပေါသည်၊ အသားဓါတ်နှင့်အဆီဓါတ်လည်းကြွယ်ဝပါသည်၊ ထုံးဓါတ်လည်းကြွယ်ဝပြီး၊ သက်စောင့်ဓါတ်တွင်ဗိတာမင်-ဘီအုပ်စု

---

၉ Calcium
၁၀ Iron
၁၁ Minerals
၁၂ Potassium
၁၃ Methionine
၁၄ Amino-acid.

ကြွယ်ဝသည့်အပြင်အဝါရောင်ပဲတွင်ဗိတာမင်-အေ၊ အနည်းငယ်ပါသည်၊ ဈေးလည်း ပေါ၍အလွယ်တကူဝယ်ယူရရှိနိုင်သည့်အပြင်အဟာရဓါတ်ကြွယ်ဝသည့်အမျိုးအစားဖြစ်သဖြင့်ဆင်းရဲသားအမဲ[၁၅] ဟုပင်ခေါ်စမှတ်ပြုတတ်ကြသည်။ အကြောင်းမှာ အမဲသားနှင့်ပဲသည်တူညီသောဓါတ်ကိုပေးစွမ်းနိုင်သောကြောင့်ဖြစ်ပါသည်။ ထို့ ကြောင့်ပဲစားလျှင်အာဟာရဓါတ်ကြွယ်ဝ၍အကျိုးအာနိသင်ရှိသောကြောင့်ပဲကို အဟာရဓါတ်တမျိုးအဖြစ်အားထားနိုင်ပါသည်။

မြန်မာ့ဆေးဖိးတိုအဖြစ်လည်း ပဲပင်ကိုအမျိုးမျိုးအဖုံဖုံသုံးစွဲလျက်ရှိသည်ကိုတွေ့ရပေသည်၊ ပဲတပင်လုံးဆေးဖက်ဝင်ပုံကိုပဲရွက်မှပဲမြစ်အထိ ဆေးဖက်ဝင်ပုံကိုဆက်လက်တင်ပြသွားပါမည်။ ပဲရွက်သည်မြန်မာဆေးပညာရှင်၏အဆိုအရလူတို့၏ကျန်းမာသန်စွမ်းရေးအတွက်အသုံးဝင်ကြောင်းသိရပါသည်။ ထို့ကြောင့်လည်း ပဲရွက်စိမ်းများကိုစားသုံးနေသည့်ကျေးရွာလူထုသည်မြို့နေလူထုများထက်ကျန်းမာသန်စွမ်းကြောင်းတွေ့ရပါသည်။ ပဲရွက်အမျိုးမျိုး အနက်၊ ဘိုကိတ်ပဲ၊ ကုလားပဲ၊ ပဲလွန်း ပဲနက်တော်စသည့်ပဲများ၏ပဲရွက်များသည်ကျန်းမာသူများအတွက်သာမကလူမမာနလံထများအတွက်ပါအထူးကောင်းမွန်သင့်လျော်လှပါသည်။

ပဲရွက်အခြောက်ကိုယနေ့ကျေးရွာလူထု၏အနာပေါက်ပျောက်ဆေးအဖြစ်သုံးစွဲအားထားနေကြောင်းသိရပါသည်၊ အနာပေါက်ပျောက်ဆေးအဖြစ်ကောင်းစွာခြောက်သွေ့သောပဲရွက်များကိုပြာချ၍ရေနံကြီး (ရေနံချေး) နှင့်ဆတူရောဖြီးအနာကိုလိမ်းပေးရသည်။ အထူးသဖြင့်ချော်နံ့မိဖြိုးရောင်နေသောအရာများ၊ ပြည်အောင်း၍ကိုက်နေသောအနာများအတွက်အကောင်းဆုံးဆေးတလက်အဖြစ်ယနေ့တိုင်သုံးစွဲနေကြောင်းတွေ့ရပါသည်။ ထို့ပြင်အပူလွန်ကဲ၍ဖြစ်တတ်သောကျောက်ရောဂါ၊ ဝက်သက်ရောဂါတို့အားမှလွတ်ကင်းရန်ပဲရွက်အမျိုးမျိုးကိုချက်ပြုတ်စားသောက်ခြင်းဖြင့်ကာကွယ်တတ်ကြသည်။ ပဲလွန်းရွက်၊ ပဲတိုင်

---

၁၅ poor-man's beef

ထောင်ရွက်၊ ကုလားဝဲရွက်ပြုတ်ရည်သည် ကျောက်ရောဂါစွဲကပ်သူ၊ ဝက်သက်ပေါက်နေသူတို့၏ကိုယ်တွင်း မှအပူခိတ်များကိုအမြန်ဆုံး ထွန်းကန်ဖယ်ရှားပေးသဖြင့် ရောဂါပျောက်ကင်းလွယ်သည်၊ ဆီးနည်းသူ၊ ဆီးမကြာခဏသွားရသူ ဆီးကျောက်တည်နေသူများသည် ဝဲရွက်ကို ရေနွေး ဖျော၍ဆီဆား ကြက်သွန်ဖြူနီတို့နှင့် သုတ်စားခြင်းဖြင့် ရောဂါပျောက်ကင်း ကြောင်းကြားသိရသည်။ တဖန်ဝဲရွက်ကိုဆီးလွန်ရောဂါစွဲကပ် နေသူများကလည်း အားထားရပြန်ပါသည်၊ ဝဲရွက်အခြောက်မရှိပါက၊ ဝဲရွက်အစိုကိုဆွတ်ခူး၍ မီးသင်း လှော်ပြီး အမှုန့်များ ရအောင်ပြုလုပ်ရပါသည်။ ထိုအမှုန့်တဝဲသားကို ရေနှင့်နေ့စဉ်မှန်မှန် သောက်လျှင်ဆီးလွန်ရောဂါပျောက်ကင်းပါသည်၊ သို့မဟုတ်လျှင်ဝဲရွက်မှုန့်ကိုအုန်းဆီနှင့် ရောပြီး ဆီးအိမ်တ လျှောက်သုတ်လိမ်း ပေးရပါသည်၊ ဤနည်းအတိုင်း အချိန်မှန်မှန်ပြုလုပ်ပေးသူများသည် ရောဂါနုလျှင်အမြန် ပျောက်ကင်းပါသည်။

ဝဲရွက်အကြောင်းကိုဥတုဘောဇနသင်္ဂဟကျမ်း တွင်၍သို့ဖော်ပြထားပါသည်။ ``` ကုလားဝဲရွက်သည်ချဉ်၏၊ ကြေ၏၊ လေနှင့်သလိပ်တို့ကိုပျက်စေတတ်၏၊ ဝမ်းချုပ်၏၊ သည်း ချေကိုနိုင်၏၊ ဝဲလွမ်း ရွက်သည်မူဣကိတ်နာကိုနိုင်၏။ ဝမ်းချုပ်၏။ သလိပ်နှင့်အဆီခဲတို့ကိုနိုင်၏။ ``

ဝဲဖူး၊ ဝဲငုံ၊ ဝဲကင်းများကို လေဝပ်နေသူများ၊ လေထိုးနေသူ၊ လေအောင့်နေသူများ ဆေးအဖြစ်သုံးစွဲနိုင်သည်။ လူအများစားသုံးသောဝဲပင်တို့မှဝဲအဖူး၊ အငုံ၊ အကင်း၊ အပွင့်ရရာတို့ကိုပြုတ်၍သုတ်စားလျှင် လေရှင်လေသက်လာ၏။ လေချဉ်တက်ခြင်း၊ လေသက် လေလည်လာရခြင်းဖြင့် လေရောဂါများ ပျောက်ကင်းနိုင်လေသည်၊ အကယ်၍လက်သုတ်၊ သုတ်မစားလိုလျှင်ဝဲဖူး၊ ဝဲပွင့်တို့၏ပြုတ်ရည်ကိုဆားအနည်းငယ်နှင့်ရော၍ သောက်သုံးနိုင်၏၊ အကျိုးအာနိသင်မှာအတူတူပင်ဖြစ်ပါသည်။

သွေး လေမညီညွတ်၍ကျန်းမာရေး ချို့တဲ့ပြီး လေဂိုက်၍မူးသောအခါတွင်၎င်း၊ အစာများ၍ လေတစ်ဆို့ထိုးလျှင်၎င်း ဝဲဖူး၊ ဝဲငုံ၊ ဝဲပွင့်အ

ခြောက်ဂိုညှင်း တလုံး စားခန့်ကို ရေတဖန်ခွက်နှင့်ကြို သောက်ပါက ရောဂါ ပျောက်ကင်း ချမ်းသာ၏။

ဝပင်စည်ပိုင်းသည် မြေဩဇာတက်သန် စေသည့်သဘာဝ မြေဩဇာအဖြစ်ပြုလုပ်ရန်အသုံး ဝင်ပါသည်၊ မြေတွင်း ကြီး ကြီး တခုတူး၍ဝပင်များ ကို ထည့်ပြီး အပုတ်ခံထားခြင်း ဖြင့်၎င်း ဝပင်စည်အဆွေးအမြေ့ အဖြစ်ကုန်း မြင့်တွင် စုပုံထားခြင်း ဖြင့်၎င်း နောက်ချေး မြေဩဇာကဲ့သို့အဖိုး တန်သော မြေဩဇာများ ကိုရရှိပါသည်၊ အချို့တောင်သူဦး ကြီး တို့က မူပင်စည် ကောင်း သောဝစည်း ငုံမျိုး တို့ကို နွားခြံအကာအဖြစ်ပြုလုပ်ကြသည်။ အချို့က မီး ဖိုဆောင်အကာနှင့်တံပျက် စီး အဖြစ်အသုံး ပြုကြ၏။

ဝပင်အမြစ်သည်လက်ဖဝါး ခြေဖဝါး တို့တွင်အသား မာဖြစ်တတ်သော ကျေး လက်ပြည်သူများ နှင့်ဆိုင်း ဆရာများ အတွက် ဆေး ဖက်ဝင်သည်။ ထိုဆေး ရရန်ဝပင်၏အမြစ်နှင့်ပြုတ် ကောင်း စေ့တို့ကိုဆတူ ရောစပ်၍ ကျည်ကျက်အောင် ထောင်း ပြီးအမှုန့်ဖြစ်လာလျှင်နှမ်း ဆီနှင့် ရောစပ်ပြီး အသား မာ ပေါ်သုတ်လိမ်း ပေး ရသည်၊ ဝပင်၏အမြစ်သည်ကြွက်နို့ (ခေါ်) အသား ပွီးများ အတွက်လည်း အစွမ်း ထက်သည့် ဆေး တလက်ပင်ဖြစ်ပါသည်။ အထက်ပါ ဆေး နှင့်သုတ်လိမ်း ပေး ခြင်း ဖြင့်ကြွက်နို့ ပျောက်ကင်း နိုင်ပါသည်။ ခြေပူနာ ပေါက်သူ၊ ခြေဖဝါး ကွဲသူများ လည်း ပျောက်ကင်း ချမ်း သာ စေပါသည်။

ထို့ကြောင့်ဝမျိုး စုံသည်အနောက်တိုင်း ဆေး ပညာအရ၊ သိပ္ပံနည်း ကျဓါတ်ခွဲစမ်း သပ်ခြင်း ဖြင့်အဟာရဓါတ်ကြွယ်ဝသည်သာမက မြန်မာ ဆေး ကျမ်း တို့၏အဆိုအရ ဆေး ဖက်လည်း ဝင်သည်ကိုတင်ပြအပ်ပါသည်။

(ခ) <u>ပဲနှင့်ပဲမျိုးစုံအသုံးဝင်ပုံ</u>။

ပဲနှင့်ပဲထွက်ပစ္စည်းများသည်လူတို့ကိုအကျိုးပြုသောစားသုံးရန်စားသုံးကုန်ပစ္စည်းများဖြစ်ပေသည်၊ လူမျိုးမရွေး ဘာသာမရွေး သုံးစွဲသောအများသုံးပစ္စည်းလည်းဖြစ်ပေသည်။

ပဲမျိုးစုံကိုမြန်မာတို့သည်၊ ဟင်းလျာအဖြစ်တသွယ်၊ သရေစာအဖြစ်တနည်း၊ အဖုံဖုံအဖိုဖိုစားသုံးကြောင်းတွေ့ရလေသည်၊ အထူးသဖြင့်မြန်မာတို့သည်ပဲစေ့ကိုနှစ်သက်သကဲ့သို့ပဲသီးတောင့်ကိုလည်းများစွာနှစ်သက်ကြလေသည်၊ ထို့ကြောင့်ပဲစိုက်ပျိုးသောတောင်သူတို့ကပဲသီးရှိလျှင်ဟင်းရှိသည်ဟူ၍ပြောဆိုသုံးနှုန်းကြလေသည်၊ အညာဒေသတွင်ပဲပေါ်ချိန်များ၌ဧည့်သည်လာလျှင်ပဲသီးပြုတ်ကိုဟင်းလျာအဖြစ်ငါးပိချက်ငံပြာရည်ချက်တို့ဖြင့်အတို့အမြုပ်အဖြစ်၎င်း ကျွေးမွေးကြသည်၊ အခြားတနည်းမှာဆီ၊ ဆား၊ ဂျင်း၊ နှမ်း ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့နှင့်လက်သုပ်စုံလုပ်၍စားဖွယ်အဖြစ်ဧည့်ခံကြပေသည်။

ပဲဟင်းရွက်စိမ်း၊ ပဲသီး၊ ပဲတောင့်စသည်တို့ကိုမြန်မာတို့ဟင်းချိုချက်သောအခါဟင်းခတ်အဖြစ်အသုံးပြုကြပါသည်၊ ဟင်းချိုချက်ရာတွင်ပဲဟင်းရွက်စိမ်း၊ ပဲသီးပဲတောင့်တို့ကိုအကျက်လွန်အောင်မချက်ဘဲ၊ ဟင်းချိုရည်ပွက်ပွက်ဆူလာလျှင်ပဲသီး၊ ပဲတောင့်တို့ကိုခတ်၍အဖုံးအုပ်ပြီး ငါးမိနစ်ခန့်မျှကြာလျှင် အောက်သို့ချထားသင့်ပေသည်၊ ပဲသီးများသည်အိုးကိုမီးဖိုပေါ်မှချစဉ်အခါကမနပ်သေးသော်လည်း ဟင်းရည်အပူရှိန်ကြောင့်၊ မကြာမှီနူးလာမည်ဖြစ်သည်၊ ဤသို့စားသုံးသောပဲဟင်းချိုသည်အရသာရှိသည့်အပြင်ကျန်းမာရေးနှင့်လည်းညီညွတ်စေပါသည်။ အထူးသဖြင့်အောက်မြန်မာပြည်တွင်ပဲကြီးဟင်းရည်ကိုပဲကြီးပေါ်ချိန်၌ထမင်းဝိုင်းတွင်မပါလျှင်မပြီးသည့်ဟင်းချိုရည်အဖြစ်နှစ်နှစ်ခြိုက်ခြိုက်စားသုံးလေ့ရှိပေသည်။ ၎င်းအပြင်ပဲကြီးနှပ်အဖြစ်တသွယ်၊ ပဲကြီးချက်စသည်ဖြင့်နည်းအမျိုးမျိုးချက်ပြုတ်စားသောက်တတ်ကြလေသည်။

စားတော်ပဲသီး၊ ရွှေပဲသီး စသည့်ပဲမျိုးကိုပဲသီးကြော်အဖြစ်ထမင်းဝိုင်းတွင် ဟင်းလျာတခွက်အနေဖြင့်မျက်နှာပန်းလှစေပါသည်။ ပဲသီးပဲတောင့်တို့ကိုသက်သတ်လွတ်စားသုံးသူဖြစ်ပါကအချိုမှုန့်အနည်းငယ်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူအနည်းငယ်၊ ဆားတို့ဖြင့်ကြော်ချက်စားသုံးလေ့ရှိပြီး၊ သက်သတ်လွတ်စားသုံးသူမဟုတ်ပါကကြိုက်နှစ်သက်ရာဝက်သား၊ ကြက်သား၊ ပုဇွန်၊ ဥအမျိုးမျိုး စသည်တို့ဖြင့်ရောနှော ကြော်ချက်ခြင်းကအရသာတမျိုးရှိစေပါသည်၊ ပဲသီးကြော်အတွက်အကောင်းဆုံးသော ပဲမျိုးမှာအခွံပါးသောပဲမျိုးဖြစ်ရပါမည်။ ပဲတောင့်ရှည်ပဲသီးမျိုးကိုလည်း ပဲသီးချဉ်အဖြစ်အချဉ်တည်၍စားသုံးနိုင်ပါသည်။ ပဲသီးအချဉ်တည်ရန်မှာ၊ စဉ့်အိုးငယ်သို့မဟုတ်၊ ဖန်ဘူးလွတ်တွင်သန့်ရှင်းသောထမင်းရည်၊ ဆားအနည်းငယ်ရော၍ ပဲသီးကိုထည့်၍အချဉ်တည်ထားနိုင်ပါသည်။ အချဉ်တည်ပြီး ရက်သတ္တပတ်အတွင်း ပဲသီးချဉ်ကိုကောင်းစွာစားသုံးနိုင်ပြီဖြစ်ပါသည်၊ အချို့ကပဲသီးချဉ်ကိုဓါးဖြင့်နုတ်နုတ်စင်းပြီး လက်သုတ်သုတ်စားကြသည်။ အချို့ကသနပ်လုပ်၍စားတတ်ကြသည်။ အရသာမှာချဉ်စိမ့်ဖြစ်ပါသည်၊ သက်သတ်လွတ်စားသုံးသူတို့အတွက်အထူးကောင်းမွန်အားထားရသောမြန်မာဟင်းလျာတမျိုးဖြစ်ပေသည်။

ဟင်းစားပဲသီး၊ ပဲတောင့်ရှည်စသည့်အခွံပါးသည့်ပဲသီးမျိုးကိုပဲသီးယိုပြုလုပ်စားနိုင်ပါသည်၊ ပဲသီးယိုလုပ်နည်းမှာထန်းလျက်ကိုကျို၍ကြွက်မြီးတန်းလျှင်ပဲသီးတို့ကိုထည့်လိုက်ရပါသည်၊ နူးနပ်လာသောအခါအအေးခံ၍ဗူးလွတ်နှင့်ထည့်ပြီးနှစ်သက်သလိုစားသုံးနိုင်သည်၊ တချို့ကပြုပ်ပြီးသားပဲသီးနှင့်ထန်းလျက်ရောကျိုပြီး၊ ပဲသီးယိုပြုလုပ်ကြပါသည်။ ပဲသီးယိုလုပ်၍ရိုးရိုးအစားအစာအဖြစ်ထက်ဆေးဝါး၊ အဖြစ်စားသုံးနိုင်ပါသည်။ သက်ကြီးရွယ်အိုများအတွက်အထူးသင့်လျော်ပါသည်တနေ့လျှင်နှစ်ကြိမ်ခန့်စားသုံးခြင်းအားဖြင့်ဆီးဝမ်းကောင်းပြီးအညောင်း၊ အကိုက်ပြေ၍မျက်စေ့ကြည်လင်သည်ဟုအဆိုရှိပါသည်၊ ထို့ကြောင့်ပဲသီးသည်ဟင်းလျာအဖြစ်သာမက ဆေးဝါးအဖြစ်ပါသုံးစွဲနိုင်ကြောင်း တွေ့ရှိရပါသည်။

<u>ပဲနီလေး</u> ။

ပဲနီလေးဟင်းချိုလည်း နှစ်နှစ်ခြိုက်ခြိုက်စားသုံးနေကြသည်ကို တွေ့မြင်နိုင်ပါသည်၊ ပဲနီလေးကိုပြုတ်ပြီး ကြက်သွန်ဖြူ၊ ကြက်သွန်နီတို့ကိုဆီအနည်းငယ်သပ်၍ဆီသပ်ထားသည့်အထဲသို့ပဲနီလေးပြုတ်ကိုထည့်ပြီး အပေါ့အငန်လိုအပ်သလို ခတ်၍ပဲနီလေးဟင်းချိုအဖြစ်စားသုံးနိုင်ပါသည်၊ ယင်းဟင်းချိုထဲသို့ကြာဇံ ခတ်၍ပဲကြာဇံဟင်းချိုအဖြစ်လည်း အသုံးပြုနိုင်ပါသည်။

<u>ကုလားပဲ</u>

ကုလားပဲကိုဆန်နှင့်ရောချက်သောပဲထမင်းသည်အရသာ တမျိုးထူးသောအစားအစာအဖြစ်ချက်ပြုတ်စားသောက်ကြပါသည်။ အရသာရှိသည့်အပြင်အဟာရနှင့်လည်း အထူးပြည့်စုံပါသည်၊ ကုလားပဲထမင်းတွင်ဆန် ၂၅ ကျပ်သား၊ ထောပတ် (၁၅) ကျပ်သား၊ ဂျင်း တကျပ်သား၊ သပျှက်ဆီး ခြောက် နှစ်ကျပ်သား၊ ဗန်ဒါစေ့သုံးကျပ်သား၊ ကုလားပဲခြမ်း ၁၂ ကျပ်ခွဲသား၊ လေးညှင်း ခြောက်ပွင့်၊ ကရဝေး ရွက်နှစ်ရွက်၊ သစ်ကြံပိုး နှစ်လက်မ၊ ဆားနှင့်နနွင်းမှုန့်အနည်းငယ်စီထည့်၍ ရေခန်းချက်ခြင်းဖြစ်ပါသည်။ အရသာအထူးကောင်းမွန်လှပေသည်။

ကုလားပဲဟင်းအဖြစ်လည်း တနည်းတဖုံစားသုံးနိုင်ပါသည်၊ ကုလားပဲကိုမြန်မာတို့သည်ဟင်းချိုဟင်းနှင့်ဆီပြန်ချက်ဟင်းအဖြစ်ဟင်းချက်စားသုံးလေ့ရှိပါသည်၊ ယခုအခါအိန္ဒိယလူမျိုးတို့အကြိုက်ကုလားပဲကိုအာလူးနှင့် အချဉ်ဟင်းအဖြစ်၎င်း၊ ငါးခြောက်ထည့်၍၎င်း၊ အချဉ်ဆီပြန်ချက်၍စားသုံးကြပါသည်။ ကုလားပဲဟင်းချက်စားလိုပါက ရှေးဦးစွာကုလားပဲခြမ်းကိုရေနှင့်ပြုတ်ရန်လိုအပ်ပါသည်။ ပဲအနည်းငယ်နူးနပ်လာသောအခါညက်အောင်ထောင်းရပါသည်၊ ပဲပြုတ်ကိုမူတသီးတခြားခွဲထားပါသည်။ ကြက်သွန်ဆီမွှေးသတ်ပြီးနောက် ထောင်းပြီးပဲတို့ကိုဆီမွှေးတွင်ထည့်ကာပဲပြုတ်ရည်ကိုပြောင်းလောင်းထည့်ရသည်။ အချိုပေါ့လျှင်ဟင်းချိုမှုန့်အနည်းငယ်ခတ်၍စားသုံးနိုင်ပါသည်။ ကုလားပဲအ

ချဉ်ဆိပြန်စားသုံးလိုပါကပြုတ်အိုးကြက်သွန်ထောင်းပြီးဆီမွှေးသတ်၍ဟင်းချက်သည့်အတိုင်းပြုလုပ်ပြီးအချဉ်ရည်ကိုမိမိနှစ်သက်သလိုထည့်၍စားသုံးနိုင်ပေသည်။ ကုလားပဲဟင်းချက်လိုပါကကုလားပဲ ၁၂ ကျပ်သား၊ ကြက်သွန်နီလေး ဥ၊ နှမ်းဆီနှစ်ကျပ်သား ရေနှစ်ဖန်ခွက်လိုအပ်ပေသည်။

ကုလားပဲကိုအိန္ဒိယလူမျိုးတို့စားသုံးလေ့ရှိသောကုလားပဲမုန့် ``ဂိုဏ`` ပြုလုပ်၍လည်းစားသုံးကြပါသည်။ အရသာရှိသောကုလားပဲမုန့် ``ဂိုဏ`` ကိုပြုလုပ်ရန်မှာကုလားပဲမှုန့်အစိမ်း ၁၅ ကျပ်သား၊ ဂျုံနု ၁၅ ကျပ်သား၊ နုတ်နုတ်စင်းပြီးသားကြက်သွန်ဖြူတဥလိုအပ်ပါသည်။ ပထမဦးစွာဆားနှင့်ထောပတ်အနည်းငယ်စိတ်ထည့်ပြီးယင်းတို့ကိုရောနှယ်ရသည်၊ နောက်နာရီဝက်ခန့်ကြာသောအခါနောက်တကြိမ်ထပ်မံနယ်ပေးရသည်။ ထို့နောက်နှစ်သက်သလိုမုံ့ပြားများပြုလုပ်၍ထောပတ်သုတ်ထားသောဒယ်ပေါ်တွင်ကင်ရပါသည်။ ထိုအခါအသင့်စားသုံးနိုင်သောကုလားပဲဂိုဏများရရှိပါသည်။

ကုလားပဲမှုန့်ကိုကုလားပဲမုံ့ပူရီအဖြစ်လည်းပြုလုပ်စားသုံးတတ်ကြသည်။ ကုလားပဲမှုန့် ၂၅ ကျပ်သား၊ ထောပတ် ၁၂ ကျပ်သား၊ ရှိန်းနိုလေး ဝဲသား၊ မဆလာဝါးကျပ်သား နနွင်းတဝဲသား၊ ငရုပ်ကောင်းမှုန့်နှစ်ဝဲသားတို့ကိုကောင်းစွာနှုးနပ်အောင်မွှေပေးရသည်၊ ပြီးလျှင်ရေနှင့်ရောစပ်၍သမလာသည့်တိုင်ထပ်မံမွှေပေးရန်လိုပါသည်။ နာရီဝက်ခန့်ကြာသောအခါကြော်၍စားသုံးနိုင်သည်။

ကုလားပဲမှုန့်သည်လည်းအထူးအသုံးဝင်သောဝဲထွက်ပစ္စည်းဖြစ်ပါသည်။ ကုလားပဲမှုန့်ကိုအစိမ်းမှုန့်နှင့်အကျက်မှုန့်ဟူ၍နှစ်မျိုးခွဲထားပါသည်။ အစိမ်းမှုန့်မှာမုံ့ဟင်းခါးဟင်းရည်၊ အုန်းနို့ခေါက်ဆွဲဟင်းရည်တို့ချက်ရာတွင်၄င်း၊ ပဲကြော်နှင့်အခြားအကြော်အချက်များတွင်၄င်းထည့်၍သုံးစွဲကြပါသည်။ အကျက်မှုန့်ကိုလက်သုတ်များတွင်အသုတ်စုံတို့တွင်ထည့်၍သုံးစွဲကြပါသည်။

ကုလားပဲဆုပ်ကိုက လေးသူငယ်များ သာမကလူကြီးများလည်း စားသုံးကြပါသည်။ အများအားဖြင့် ကျေးလက်လူထုကပိုမိုစားသုံးကြပါသည်။ ကုလားပဲဆုပ်ဖြစ်ရန်ကုလားပဲမှုန့်နှစ်ဆနှင့်ထန်းလျက်တဆတို့ကို ရောစပ်လုပ်ကိုင်ရသည်။ ရှေးဦးစွာကုလားပဲများကို လှော်ပစ်ရပါသည်၊ လှော်ပြီးလျှင်အမှုန့်ပြုလုပ်၍ ထောင်းထုပြီး ထန်းလျက်နှင့် ရောစပ်ဆုပ်နယ်ရပါသည်။ ၎င်းနောက် မိမိတို့နှစ်သက်သည့်အလုံးများ အရွယ်အစားစား ပြုလုပ်၍ကုလားပဲမှုန့်နှင့်လူး ရနယ်ရပြန်ပါသည်၊ ဤနည်းဖြင့်အသင့်စားသုံးရန်ကုလားပဲဆုပ်များ ရရှိပါသည်။

<u>ပဲပုပ်</u>။

တရုတ်ပြည်၊ မန်ချူးရီးယားပြည်တို့တွင်ပဲပုပ်မှပဲပုပ်နို့များ ထုတ်ယူပြီး စားသုံး လေ့ရှိကြသည်၊ ယင်းတိုင်းပြည်ရှိတိုင်းရင်းသားအပေါင်းတို့အနက်မှအကြောင်းအမျိုးမျိုး ကြောင့်နွားနို့ကျွဲနို့များကိုမသုံးနိုင်ကြသူများသည်အထက်ပါနို့များအစား ပဲနို့၊ နှင့်ပဲနို့ဒိန်ခဲတို့ကိုစားသုံးကြလေသည်။

ဂျပန်နိုင်ငံသည်လည်း ပဲပုပ်ကို ခေတ်မှီစွာသိပ္ပံနည်းကျဖော်ထုတ်သုံးစွဲလျက်ရှိကြောင်း သိရသည်။ အထူးသဖြင့်ပဲနို့ဒိန်ခဲများကိုစက်ကြီးစက်ငယ်တို့ဖြင့်အမြောက်အများ ထုတ်လုပ်စားသုံး နေကြရာအရသာရှိသည့်အပြင် ကျန်းမာစေသဖြင့်ပဲနို့ဒိန်တို့ကိုဂျပန်ပြည်သူတို့က ``အရိုးမဲ့သား`` ဟူ၍ ပင်တင်စား ခေါ်ဆိုကြ သေးသည်၊ ဂျပန်နိုင်ငံတွင်မတ်ပဲကိုလည်း နို့မှုန့်များ ထုတ်လုပ်ရာတွင်အသုံးပြုကြောင်း လည်းကြားသိရပေသည်။

အမေရိကန်လူမျိုးတို့သည်လည်း ပဲပုပ်ကိုပဲစို့ပေါက်အဖြစ်ပြုလုပ်ပြီး ရေခဲသေတ္တာတွင်းသို့ လှောင်၍နှစ်သက်သလိုချက်ပြုတ်စားသုံးကြလေသည်။ ထို့ပြင်၊ ပဲပုတ်ကိုကာဖီစေ့ကဲ့သို့ လှော်၍အမှုန့်ပြုပြီး နို့၊ သကြားတို့နှင့် ရောနှောကာသောက်သုံးကြသည်။

ဂျာမန်စစ်တပ်များသည် ဒုတိယကမ္ဘာစစ်အတွင်းကပဲပုပ်ကိုအထူးအားထားခဲ့ရသည်၊ ဂျာမန်သိပ္ပံပညာရှင်တို့သည်ပဲပုပ်မှအဟာရဖြစ်

စေသောပြဇာဓါတ်အဆီအနှစ်တို့ကိုသိပ္ပံနည်းဖြင့်ထုတ်ယူပြီး အလွယ်တကူသယ်ယူနိုင်ရန်နှင့်စားသုံးနိုင်ရန် ဆေးလုံးငယ်များကဲ့သို့ရိက္ခာလုံးကလေးများပြုလုပ်၍ဂျာမန်စစ်တပ်အတွက်ထုတ်ဝေခဲ့ပေသည်၊ ပေါ့ပါးပြီး များများသယ်ဆောင်နိုင်သောကြောင့်ဂျာမန်စစ်သည်တော်တို့၏ ရိက္ခာအတွက်စိတ်အေးခဲ့ရပေရာ ပဲပုပ်မှထွက်ရှိသောရိက္ခာသည်ဂျာမဏီပြည်၏သမိုင်း တလျှောက်ဝယ် မှတ်တိုင်အဖြစ် တည်ခဲ့ရပေသည်။

ပဲပုပ်မှပဲငပိဟူ၍စား သောက်ဖွယ်ရာပြုလုပ်နိုင်ပေသည်။ ပဲငပိကိုငါးကြော်နှပ်၊ ဝက်သားအချိုဟင်း စသည်ဖြင့်ဟင်းချက်ရာတွင် ပဲငပိကိုထည့်ချက်ခြင်းဖြင့်အရသာရှိစွာသုံးစွဲနိုင်ပါသည်။ ပဲငပိမှာကြာသျှိုး ၊ ပဲပုပ်ရည်၊ ပဲငံပြာရည်စသည်တို့ကိုထုတ်ယူနိုင်ပါသည်၊ ပဲငံပြာရည်ကိုပဲငံပိမှပြုလုပ်ရပေရာပဲငပိတို့ကိုနှူး၍ ရေခန်းသွား အောင်ပြုတ်ပြီး အအေးခံထားခြင်းကိုပထမပြုလုပ်ရပါသည်။ လက်နှင့်ကိုင်နိုင်သည်အထိ အေးသွားသော် ဂျုံမှုန့်နှင့် ရောစပ်နယ်ပြီးလျှင် နေမပူစေဘဲအရိပ်တွင်အခြောက်လှမ်း ရသည့်ထို့နောက် ပျစ်ခွဲအောင်ကျိုထားသောဆားရည်ကိုစဉ့်အိုးထဲသို့ထည့်ပြီး အပေါ်မှယခင်က အခြောက်လှမ်းထားသောပဲငပိခြောက်များကို လောင်းထည့်ပြီးလျှင်အဖုံးကို အမြဲဖွင့်ထားရလေသည်၊ သို့သော်အညစ်အကြေး မဝင်နိုင်အောင်ဂရုပြုရပါသည်။ တနှစ်ခန့်ကြာလျှင်နီညိုရောင်အဆင်း ရှိသောပဲငံပြာရည်ဖြစ်လာပါသည်။

ပဲပုပ်သည်လူတို့အစားအစာအတွက်သာမကတိရစ္ဆာန်အစား အစာများအဖြစ်လည်း အသုံးဝင်ပါသည်။

ပဲမှရသောစားသုံးကုန်များတွင် ကျော်ကြားသောစားသုံးကုန်တခုမှာပဲနို့သို့မဟုတ်နွားနို့တုဖြစ်ပါသည်၊ ပဲပုပ်မှပဲနို့ရရှိသည်ဟုဆိုလျှင် အံ့ချီးကမဖြစ်နိုင်၊ အရသာမရှိဟုယူဆနိုင်ကြပေသည်၊ စင်စစ်နွားနို့ရှားပါးသောမြန်မာနိုင်ငံတွင်ပဲနို့ကိုစံနစ်တကျ အောင်မြင်စွာပြုလုပ်ရောင်းချနိုင်ပါကမြန်မာ့စီးပွားရေး သာမကပြည်သူ့ကျန်းမာရေးကိုပါအထောက်အကူ ပြုနိုင်

ပေမည်။ ပဲပုပ်နို့သို့မဟုတ်နွားနို့တုသည် ရှေးခေတ်တရုပ်ပြည်မှတရုပ်လူမျိုးများနှင့်အရှေ့တိုင်းသားတို့၏အားထားစားသုံးကြသောအစားအစာအမျိုးမျိုးအနက်တမျိုးအဖြစ်ပါဝင်ခဲ့ပါသည်။ ပဲနို့တွင်ထူးခြားသောဝိသေသနှစ်မျိုးရှိပါသည်။ ပထမတမျိုးမှာနွားနို့ဈေးထက်ပိုမိုဈေးသက်သာသည်၊ ဒုတိယတမျိုးမှာအထင်နှင့်အမြင်ကွာခြားလေအောင်အဟာရရှိသောကြောင့်ဖြစ်ပါသည်။ ထို့ပြင်ပဲနို့သည်နွေးသောရာသီဥတုနှင့်အနှစ်ရှိသောနွားနို့ထက်ပိုမိုအစာကျေလွယ်စေသည့်သဘောထူးနှင့်လည်းပြည့်စုံနေပေသည်။

ပဲနို့ပြုလုပ်ရန်မှာပဲပုပ်ပဲစေ့များကိုပထမသန့်ရှင်းအောင်ရွေးချယ်၍ရေအေးနှင့်(၁၂)နာရီခန့်ကြာသည့်တိုင်အောင်စိမ်ထားရန်လိုပေသည်၊ ထို့နောက်အနည်းငယ်နူးလာသောအခါအခွံများချွတ်ပြီး၊ ယင်းအခွံချွတ်ပြီးပဲများကိုအပူရှိန် ၁၆၀° ဖါရင်ဟိုက်ရှိနေသောရေနွေးထဲ၌(၁၅)မိနစ်ခန့်ကြာအောင်စိမ်ပေးရသည်။ ရေနွေးစိမ်ရာတွင်ရေအလေးချိန်တပေါင်(၂၇ ; ၁/၂)ကျပ်သားလျှင်စားဆော်ဒါမှုန့်လေးအောင်စထည့်ပေးခြင်းဖြင့်အနံ့ဆိုးများကိုဖျောက်ပစ်ရသည်။ ပြီးလျှင်ရေအေးနှင့်အထပ်ထပ်ဆေးပေးပြီး ပဲများကိုအမှုန့်ကြိတ်ဆုံဖြင့်ညက်လာအောင်ကြိတ်ပေးရသည်။ ထို့နောက်မီးဖိုတွင်နွားနို့ကြိုသကဲ့သို့မီးအပူခါတ်ကိုတဖြည်းဖြည်းမြှင့်ပြီး မိနစ်(၂၀)ခန့်ကျိုချက်ပြီးအအေးခံလိုက်သောအခါပဲနို့များရလာပါသည်။ အဝတ်ပါးပါးဖြင့်စစ်ယူခြင်းဖြင့်ပိုမိုသန့်ရှင်းသောပဲနို့များကိုရရှိပါသည်။

အမေရိကန်တိုင်းပြည်တွင်ပဲပုပ်ဆီကိုအထူးကောင်းမွန်သောဆီဆေးများအဖြစ်ပြုလုပ်သုံးစွဲခဲ့ကြသည်မှာနှစ်ပေါင်းများစွာကပင်ဖြစ်ပေသည်။ ဆီဆေးများတွင်အိမ်တွင်းမှုလုပ်ငန်းများအတွက်သုံးသောဆေးဖြူများ၊ စက်မှုလုပ်ငန်းတွင်သုံးသောဆေးရောင်မျိုးစုံ၊ မော်တော်ကားသုတ်မှုတ်ဆေးများနှင့်အခြားတွဲဘက်အသုံးပြုကြသောဆေးများပါဝင်ပါသည်။ ထိုမှုမက၊ ပဲပုပ်ဆီသည်သစ်စေး၊ အင်တွဲထင်းရှူးဆီဆေးများနှင့်ချိတ်ဆေးများ

ပြုလုပ်ရာတွင်လည်း အဓိကပစ္စည်း အဖြစ်ပါဝင်အသုံး ချရပါသည်၊ ၄င်း အပြင်ပုံနှိပ်စက်မင်အမျိုး မျိုး ကော်စေး များ၊ စက္ကူနှင့်ကတ္တူ ကော်များ ပြုလုပ်နိုင်သည့် စက်မှုဆိုင်ရာလုပ်ငန်း များ တွင်လည်း ပဲပုပ်ဆီကိုအသုံး ပြုရပါသည်။ ဘိယာအမျိုး မျိုး တွင်လည်း အနံ့အရသာတိုး တက် ကောင်း မွန် စေရန်ပဲပုပ်ကိုထည့်သွင်း အသုံး ပြုရပါသည်။

ပဲပုပ်မှအထပ်သား ကော်တမျိုး ထုတ်လုပ်နိုင်ပါသည်၊ အမေရိကပြည် ထောင်စုရှိသစ်ထပ်သား စက်မှုလုပ်ငန်း များ တွင်ထို ကော်မျိုး ကိုများ စွာအသုံး ပြုခဲ့ပါသည်။

ပဲပုပ်ကိုလူအသုံး အဆောင်ပစ္စည်း များ လည်း ပြုလုပ်ကြ သေးသည်၊ ချိတ်တံဆိပ်များ ပြုလုပ်ခြင်း၊ သင်္ဘောကိုယ်ထည်တည် ဆောက်ရာတွင် ချိတ်နှင့်ဆိုင်ရာလုပ်ငန်း များ တွင်အသုံး ချခြင်း၊ ကိုယ်ထည်နံရံများ၊ အဆက်များ ပြုလုပ်ခြင်း၊ စသည့်အရေး ပါသည့်နေရာများ တွင်ပဲပုပ်ဆီကိုသုံး သည်ကို တွေ့ရပါသည်။ ၄င်း ပြင်ကြမ်း ခင်း များ၊ ဖယောင်း ပုဆိုး များ၊ ပလပ်စတစ်များ၊ ဓါး သတ်ကရိယာပစ္စည်း များ၊ သုတ် ဆေး အမျိုး မျိုး ဆပ်ပြာခဲများ၊ သကြားလုံးနှင့်အလှကုန်ပစ္စည်း များ ကိုလည်း ပြုလုပ်ကြသည်။ ပဲပုပ်မှရသောအမှုန့်များကိုတိတ်မုန့်ဖုတ်ရာတွင်၄င်း၊ စည်သွတ်ဗူး များ ပြုလုပ်ရာတွင်၄င်း သုံး စွဲကြပါသည်။ ထို့ပြင်ခဲတန်မျက်နှာလိမ်း အလှဆီဂရစ်ဆလင်း ဆီ၊ သိုး မွေး တုများ၊ ဆီစိမ် စက္ကူများ သား ရေတုများ၊ ဖယောင်း တိုင်များ မှာ ပဲပုပ်မှထုတ်လုပ်ရရှိ သောလူသုံး ကုန်များ ပင်ဖြစ်သည်။ တဖန်လူတို့စား သောက် သောအိုး ခွက်၊ ပန်း ကန်ပြား များ အတွက် ကြွေ ဆေး များ ကိုလည်း ထုတ်လုပ်ရရှိ သေး သည်ကို တွေ့ရသည်။

<u>ပဲစဉ်း ငုံ။</u>

ပဲစဉ်း ငုံမှာအညာဒေသတွင် ကောက်ရိုး ရှား ပါး မှုနှင့် ထင်း ရှား ပါး မှုကြောင့်ထင်း မီး အတွက်၄င်း၊ လူအစား အစာအတွက်၄င်း၊

တိရိစ္ဆာန်အစာအတွက် ကဇင်းရိုးများ နှံပင်အိုး ထပ်ဘီး ညှပ်အဖြစ် စိုက်လေ့ရှိကြသည်၊ ပဲရင်းမှာ ဆန်ကဲ့သို့ ပင်အသုံးပြုနိုင်၍ ဆန်ရှားပါးသောအခါ၊ အညာဒေသ၌ ဆန်နှင့်တဝက်စီ ရော၍ ချက်ပြုတ်စားသောက်ကြသည်။

သို့ပါ၍ ပဲမျိုးစုံတွင်ပါဝင်သော ပဲအမျိုးမျိုးတို့သည် ယင်းတို့၏ အခန်းကဏ္ဍအလိုက် အရေးပါပြီး လူတန်းစား မရွေး၊ အလွှာမရွေး စားသုံးနေကြရုံသာမက၊ လူသုံးကုန်၊ စားသုံးကုန်၊ အမျိုးမျိုး ထုတ်လုပ်ရာတွင်လည်း ကုန်ကြမ်း ပစ္စည်းတမျိုး အဖြစ်ပါဝင်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

<u>ပဲမျိုးစုံကုန်ကြမ်းသုံး ပြည်တွင်းစီးပွားရေးလုပ်ငန်းများ</u>။

ပဲအမျိုးမျိုးကို သာမန်စားသုံးရုံသာမက စီးပွားရေးလုပ်ငန်းအဖြစ် စားသောက်ကုန်များ၊ လူသုံးကုန်များ အဖြစ်ထုတ်လုပ်၍ သုံးစွဲလျက်ရှိပေသည်။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်တွင် ပဲအမျိုးမျိုးမှ စားသုံးကုန်များ ထုတ်လုပ်သောလုပ်ငန်းများ ရှိနေပြီး ဖြစ်ပါသည်။ ပုံစံအားဖြင့် ပဲကြော်လုပ်ငန်း၊ စက်ဖြင့်လုပ်သော ပဲကြာဇံလုပ်ငန်း၊ ပဲငပိ၊ ပဲငံပြာရည်လုပ်ငန်း နှင့် ပဲပုန်းရည်ကြီးလုပ်ငန်း စသည်တို့မှာ ပဲမျိုးစုံမှ စားသုံးကုန်များ ထုတ်ယူရရှိနိုင်သော သာဓကများ ဖြစ်ပါသည်။

အထက်မြန်မာနိုင်ငံတွင် ပဲကြော်လုပ်ငန်းကို အများအပြား လုပ်ကိုင်လျက်ရှိကြပေသည်၊ ၎င်းတို့အနက် အရိုးတောင်း ပဲကြော်ဆိုလျှင်၊ လူသိများပြီး ဖြစ်ပါသည်၊ ပဲကြော်လုပ်ငန်းသည် သာမန်အားဖြင့် အသေးအဖွဲလုပ်ငန်း ဟုထင်မှတ်နေရသော်လည်း စားဝတ်နေရေးတို့ကို ဖူလုံစေရန် တဖက်တလမ်းမှ ကူညီနိုင်သော လုပ်ငန်းဖြစ်ပါသည်။ ပဲကြော်လုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ မြန်မာ့အစားအစာနှင့် အဟာရတို့မှာလည်း တိုးတက်ကောင်းမွန်လာမည်သာ ဖြစ်ပေသည်။ ယနေ့ ပဲကြော်လုပ်ငန်းကို လေ့လာသောအခါ လက်မှုလုပ်ငန်းမျှသာ ဖြစ်နေပေရာ၊ စရိတ်အကုန်အကျများ၍ ကုန်ထုတ်လုပ်မှုနည်း

နေပေသည်။ အကယ်၍လက်မှုလုပ်ငန်းမှ ခေတ်မှီသော စက်မှုလုပ်ငန်း သို့တိုးတက်ပြောင်းလဲလာလျှင်ယခုထက်စရိတ်နည်း၍ လုပ်ငန်း တိုးတက်လာမည်ဖြစ်ပါသည်။

ပဲကြာဇံမှာလည်း ပဲမှထုတ်လုပ်ရသော စားသုံးကုန်တမျိုး ဖြစ်ပါသည်။ ပဲကြာဇံထုတ်လုပ်ပုံမှာ ရှေးဦးစွာပဲနောက်များကိုအုတ်ကန်ကြီး ထဲတွင် ရေစိမ်ထားရပါသည်။ အခွံများနူးအိလာသောအခါဆယ်ယူပြီး အမှုန့်ပြုလုပ်ရပြန်၏။ ထို့နောက်အမှုန့်တို့ကို ရေနှင့်ရော၍နူးနပ်လာအောင် မွှေနှောက်ပေးရသည်။ သို့ဖြင့်အသားကျနေသောပဲရည်အနှစ်တို့ကိုပုံစံခွက်ပါသောစက်ဖြင့်ဖိနှိပ်လိုက်ရာမုန့်ဖတ်တို့သည်ပုံစံခွက်များ အောက်ရှိရေနွေးအိုးထဲသို့ကျလာပါသည်။ ရေနွေးအိုးထဲမှာကျက်၍ ရေပေါ်ပေါ်လာသောမုန့်ဖတ်များကိုယူပြီး လှန်းအခြောက်လှမ်းရပြန်ပါသည်။ ခြောက်သွား သောအခါအလိုရှိသောပဲကြာဇံကိုရရှိပါသည်။

ပဲကြာဇံကိုမြန်မာတိုင်းရင်းသားတို့သည်အမြတ်တနိုး ချက်ပြုတ်စားသုံးကြပါသည်။ အထူးသဖြင့်ဟင်းချိုကြာဇံလက်သုပ်၊ အဖြစ်စားသုံးကြပါသည်။ ပဲကြာဇံနှင့်ပြုလုပ်ထားသောစားသောက်ဖွယ်ရာများသည်မြန်မာဟင်းလျာစစ်စစ်ဖြစ်သည့်အပြင်အရသာအထူးရှိလာပေသည်၊ ပဲကြာဇံပြုလုပ်ရာတွင်ပဲနောက်ပဲမျိုးများနှင့်သာပြုလုပ်ရရှိပြီး ၊ အခြားပဲများကိုအသုံးပြု၍မရပေ၊ ယခင်အခါပဲကြာဇံလုပ်ငန်းကိုလက်မှုမှစက်မှုသို့ ပြောင်းလွှဲလုပ်ကိုင်နေကြပြီးဖြစ်ပါသည်၊ အများအားဖြင့်မန္တလေးမြို့နှင့်မြင်းခြံမြို့တို့တွင် စက်များနှင့်အကြီးအကျယ်ထုတ်လုပ်လျက်ရှိပါသည်။

ပဲပုန်းရည်ကိုမူပဲပိစပ်မှသာချက်လုပ်နိုင်လေသည်။ သို့သော်လည်း အညိုရောင်ရှိသောအခြားပဲမျိုးများကိုအချိုက ချက်လုပ်ကြသည်ကို တွေ့ရသည်။ အရောင်အသွေးတူသော်လည်း အနံ့အရသာမှာပဲပိစပ်ပုန်းရည်ကဲ့သို့မကောင်းချေ။

ဗပုန်းရည်ထုတ်လုပ်နည်းမှာ ဗဝိဝပ်တို့ကို ရေနှင့်ရော၍ ဒန်အိုးကြီးများတွင်ထည့်ကာ ပြုတ်ဖိုပေါ်တွင်တင်၍ ပြုတ်ရပါသည်၊ ဗဝိစပ်များအပွညိ၍ နူးနပ်လာသောအခါ အရည်နှင့်ပြုတ်ဖတ်များကို အခြားစိစစ်ယူရပါသည်။ ဤသို့စစ်ယူ၍ရသောအရည်ကို အဖန်ရည်ဟုခေါ်ကြသည်။ စစ်ပြီးသားစစ်ဖတ်များကို ပြုတ်ဖတ်ဟုခေါ်ကြသည်။ ဗဝိစပ်သုံးတင်းပြုတ်လျှင် ပြုတ်ဖတ်လေးတင်းမှ ငါးတင်းအထိရရှိပေရာ၊ ပြုတ်ဖတ်များကို အချည်းနှီးမဖြစ်စေဘဲ တိရစ္ဆာန်အစာအစာအဖြစ် ရောင်းချရလေသည်။ အဖန်ရည်တို့ကို စဉ့်အိုးကြီးများတွင်ထည့်ကာ အအေးခံ၍ အချဉ်ဖေါက်ပေးရသည်။ ငါးရက်ခန့်ကြာသောအခါ အချဉ်ရည်များကို အဖန်ရည်များနှင့်ဆတူရောပေးပြီး တဖန်ချက်ဖိုပေါ်တွင် အပူပေးရပြန်သည်။ အချဉ်ရည်အနေအထားကိုကြည့်၍ ဆားသင့်တင့်အောင်ထည့်ပေးရသည်။ နို့ဆီကဲ့သို့ အပူပေး၍ချက်ရပေရာ ဤသို့အပူပေးရင်း တဖြည်းဖြည်းပျစ်လာလျှင် ပုန်းရည်ကြီးဖြစ်လာပြီး၊ မီးဖိုပေါ်မှချ၍ အအေးခံထားရသည်။ ထိုအခါစည်သွတ်နိုင်သည့် စံချိန်မှီပုန်းရည်များရရှိသည်။ ယခုအခါ ပုန်းရည်ကြီးလုပ်ငန်းသည် လက်မှုမှစက်မှုသို့ တိုးတက်လာပြီး၊ အဖုံးပါတ်စည်သွတ်ရာတွင် စက်ဖြင့်သာလုပ်ကိုင်နိုင်လာပြီဖြစ်သည်။ ထင်ရှားသောစည်သွတ်ပုန်းရည်ကြီးများမှာ ဇီးကွက်တံဆိပ်၊ ရွှေဥသြတံဆိပ်မြင်းပျံတံဆိပ်၊ သိန်းကမ္ဘာလုံးတံဆိပ်ပုန်းရည်ကြီးတို့ဖြစ်ပါသည်။ ပုန်းရည်ကြီးသည် မိဘအဖိုးအဖွားများလက်ထက်ကစ၍ အစဉ်အဆက်စားသုံးခဲ့ကြသော ရိုးရာအစားအစာတခုပင်ဖြစ်ပါသည်။

ရှေးအခါက ပုဂံညောင်ဦးနယ်တဝိုက်ရှိ တောင်သူများသည် ထွန်တုံးပိတ်ချိန်အားလပ်သောအခါများ၌ အပိုဝင်ငွေရရှိရန် ပုန်းရည်ကိုချက်လုပ်ကြပါသည်။ ထိုစဉ်က ငါးသရောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ရွာငယ်များတွင် အများဆုံးချက်လုပ်ခဲ့ကြသည့်အတိုင်း ``ပုန်းရည်အစ–ငါးသရောက်က`` ဟုယနေ့တိုင်ဆိုစမှတ်ပြုခဲ့ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးပြီးသည့်နောက်ပိုင်းတွင် ပုဂံညောင်ဦးနယ်တဝိုက်တွင် ပုန်းရည်ကြီးလုပ်ငန်းကို အကြီးအကျယ်လုပ်ကိုင်လာကြပါသည်။

ပွတ်တို့ဟူဆိုသည်မှာ အချဉ်တည်ထား သောပဲပိဝပ် ချဉ်တမျိုး ဖြစ်ပါသည်။ ရှေး ဝဉ်အခါကပြုလုပ်စား သုံး ခဲ့သူများ မှာတရုပ်လူမျိုး တို့ဖြစ်ကြ သော်လည်း ။ယခုနေ့မြန်မာတို့ကိုယ်တိုင်ပြုလုပ်စား သုံး နေတတ်ကြပြီဖြစ်ပါသည်။ ဝွတ်တို့ဟူး ပြုလုပ်နည်း မှာပဲပိဝပ်ကို ရေနှင့်ပယ မပြုတ်၍ကျက်လျှင်အ အေး ခံထား ကာအသား ညက်လာ အောင် ချေပစ်ရပါသည်၊ ကျည်က် နေ သောပဲဖိဝပ်မှအ နှစ်တို့ကိုအရက်၊ ရှာလကာ၊ ငံပြာရည်တို့နှင့်စဉ့်အိုး သို့မဟုတ်အိုး ကြီး ထဲတွင်တ လခန့်စိမ်ထား ရပါသည်၊ စား သုံး ခါနီး၌ သို့မဟုတ်ဇိမ်ဝကပင်ရှင်း ၊ ပြုတ်မှုန့် ဖြူး ပေး ရပါသည်။

ပဲအမျိုး မျိုး ကိုမုန့်များ အဖြစ်ပြုလုပ်၍စား သုံး လေ့ရှိကြပါ သည်။ ပဲနှင့်ပြုလုပ်ထား သောမုန့်တို့မှာအလွယ်သုံး ပါး မရွေး စား သုံး ကြသည့် အပြင်လူတိုင်း နှစ်သက်ကြပါသည်၊ မြန်မာတို့စား သုံး နေကြ သောမုန့်တို့တွင်ဗူး သီး ကြော်၊ ဗရာကြော်၊ မုန့်ကတိုး ပုဝါ၊ ပဲကပ် ကြော်၊ ပဲဇိမ်း ကြော်ထို့ဟူး ကြော်စသည်တို့ပါဝင်ပါသည်။ ၄င်း တို့အနက်ဗူး သီး ကြော်မှတပါး အခြား သော မုန့်တို့မှာပဲနှင့်ပြုလုပ်ထား သောအစား အစာများ သာဖြစ်ကြ ပေသည်၊ တရုပ် မုန့်များ အနက်ပဲ ပေါက်စီ၊ ဘီး မုန့်၊ ဒါး လိုး မုန့်နှင့်အခြား မုန့်တို့တွင်ကုလား ပဲ၊ မြေပဲ၊ စသည့်ပဲများ ပါဝင် နေကြပြန်ပါသည်။

ဖော်ပြပြီး အကြောင်း အရာများ ကို ထောက်ရှုခြင်း အား ဖြင့်ပဲအမျိုး မျိုး ကိုဟင်း လျာအဖြစ်၄င်း ၊ မုန့်ပဲသ ရေစာအဖြစ်၄င်း ၊ ကုန် ကြမ်း များ အဖြစ်၄င်း အဖုံဖုံအထွေထွေနှစ်ခြိုက်စွာသုံး စွဲလျက်ရှိကြ ပေသည်။ ပဲအမျိုး မျိုး ကိုမြန်မာတိုင်း ရင်း သား အပေါင်း လူမျိုး မရွေး ၊ ဘာသာမရွေး ၊ အ ဆင့်အတန်း မခွဲခြား ဘဲ၊ သုံး စွဲကြယုံသာမကကမ္ဘာ ပေါ်ရှိလူသား အပေါင်း တို့ သည်လည်း သုံး စွဲ နေသည်ကို တွေ့ရှိရပါသည်။

အခန်း (၂)

ဝါမျိုးစုံပြည်တွင်းစိုက်ပျိုးမှု ။

(က) ဝါမျိုးစုံစိုက်ပျိုးရေးအခြေအနေ။

ဝါသည်အခြားအပင်များကဲ့သို့ ရေကိုများစွာလိုအပ်သည်မဟုတ်ဘဲ ဝါပင်ကြီးထွားရှင်သန်နိုင်ရန်အတွက်သာ အစိုဓါတ်ရရှိရန်လိုအပ်ပါသည်။ ပူနွေးသောရာသီဥတုရှိ၍ ဝါကဲ့သို့ပင် နွေရာသီ၌အပူချိန် ၁၅ ̊F [illegible]င်မည်သည့်ဒေသတွင်မဆိုဖြစ်ထွန်းနိုင်ပါသည်။ ထို့ပြင်တနှစ်လျှင်မိုးရေချိန် [illegible] ၂၀" ရွာသွန်းသောဒေသတိုင်းတွင်ဖြစ်ထွန်း၏။ ဝါစိုက်ပျိုးသောအရပ်၌ မိုးနည်းပါးလွန်းလျှင်အသီးထွက်ညံ့ပြီး မိုးအားကောင်းလွန်းပြန်လျှင်လည်း အပင်များမသီးနိုင်တော့ဘဲဟုန်သွားတတ်ပါသည်၊ ဝါစိုက်ပျိုးရန်အကောင်းဆုံးသောမြေမှာ သဲနုန်းမြေ မွှမ်းနှင့်စေးနယ်မြေ မြေပွတို့ဖြစ်ကြသည်။ ရေဝပ်စီးနိုင်တတ်သောမြေနှင့် ဆပ်ပြာဓါတ်ပါနေသောမြေမျိုးတို့မှာဝါစိုက်၍လုံးဝမဖြစ်ထွန်းသောမြေများဖြစ်ကြပါသည်။ ဝါစိုက်ပျိုးသောကမ္ဘာ့နိုင်ငံကြီးများသည်လည်း ဤအခြေအနေတို့ပေါ်မူတည်ကြည့်ရှုပြီး စိုက်ပျိုးကြပါသည်။

မြန်မာနိုင်ငံ၌စိုက်ပျိုးနေသောဝါ (၁၈) မျိုးခန့်ရှိပါသည်။ ယင်းတို့မှာမက်ဝါ၊ ဝါဒိဗိမ်း ၊ ထောပတ်ဝါ၊ ဘိုကိတ်၊ စွန်တာနီ၊ စွန်တာပြာ၊ ဝါပုတ်၊ ကုလားဝါ၊ ဝါစင်းငုံ၊ ဝါရင်း ၊ ဝါလွန်း ၊ ဝါဖြူလေး ၊ ဝါကြီး ၊ ဝါကြား၊ စားတော်ဝါ၊ ဝါရာဇာ၊ ဝါနောက်နှင့်အခြားဝါမျိုးများဖြစ်ပါသည်။ မြန်မာပြည်တွင်ဝါစိုက်ပျိုးခြင်းကိုအထက်မြန်မာပြည်အပူပိုင်းဒေသတွင်၄င်း၊ အောက်မြန်မာပြည်မြစ်ကမ်းတလျှောက်မြေနုကျွန်းများတွင်၄င်း ၊ စပါးခင်းများထဲတွင်ကြဲ၍၄င်း အနယ်နယ်အရပ်ရပ်တွင် ဒေသအလိုက်မိမိနည်း မိမိဟန်ဖြင့်စိုက်ပျိုးတတ်ကြသည်။

ဝါအမျိုးမျိုးတွင်စိုက်ပျိုးမှုဆိုင်ရာလုပ်ငန်းနှင့်စိုက်ပျိုးချိန်တူညီသည့်အပေါ်အခြေခံ၍ ဝါမျိုးအုပ်စုများကိုအောက်ပါအတိုင်းခွဲခြားထားသည်။

၎င်းတို့မှာ

(၁) မတ်ပဲအုပ်စုပဲမျိုး ၊ ၎င်းအုပ်စုတွင်မတ်ပဲနက်၊ မတ်ပဲစိမ်း ၊ ပဲဒိစိမ်း ၊ ပဲနောက်၊ ပဲရင်း တို့ပါဝင်သည်။

(၂) ထောပတ်ပဲအုပ်စုပဲမျိုး ။ ။ ၎င်းအုပ်စုတွင် ထောပတ်ပဲအမျိုးမျိုး ၊ ပဲဖြူကလေး ၊ စွန်တာနီ၊ စွန်တာပြာ၊ ပဲကြား သို့ပါဝင်သည်။

(၃) ပဲလွန်း အုပ်စုပဲမျိုး ။ ။ ၎င်းအုပ်စုတွင်ပဲလွန်းနီ၊ ပဲလွန်းဖြူ၊ နှင့်ဘိုကိတ်ပဲမျိုးများ ပါဝင်ကြသည်။

(၄) ပဲဝင်းငုံပဲအုပ်စုမျိုး ။ ။ ၎င်းတွင်ပဲဝင်းငုံဖြူ၊ ပဲစင်းငုံနီတို့ပါဝင်သည်။

(၅) ပဲကြီး အုပ်စုပဲမျိုး ။

(၆) ပဲပုပ်အုပ်စုပဲမျိုး ။

(၇) ဓါးတောင့်ပဲအုပ်စုပဲမျိုး ။

(၈) ကုလားပဲအုပ်စုပဲမျိုး .... တို့ဖြစ်ကြသည်။

(၁) <u>မတ်ပဲအုပ်စုပဲမျိုး ။</u> ။ (က) မတ်ပဲတွင်မတ်ပဲနက်၊ မတ်ပဲစိမ်း ဟူ၍ နှစ်မျိုး ရှိပြီး သုံးလခန့်ဖြင့်ရိတ်သိမ်း နိုင်သောသက်လျှင်မတ်ပဲ [illegible] ဟူ၍လည်း ရှိသည်။ မတ်ပဲကိုစပါး ခင်းတွင်ကြဲပက်၍၎င်း ၊ စပါး ရိုး ပြတ်တွင်၎င်း ၊ ကျွန်း မြေ နှင့်၎င်း စိုက်ပျိုး ကြသည်။

လယ်မြေတွင်အစိုဓါတ်ထိန်း နိုင်သော မြေမျိုး တွင်စိုက်ပျိုး ပြီး စပါး ပန်း ပွင့်ချိန်၌တဇကျွင် လေး ပြည်နှုန်း ကြဲပက်ပြီး စိုက်ပျိုး နိုင်သည်။ စပါးရိတ်သိမ်း ချိန်တွင်စပါး ရိုး ပြတ်ကိုထိုနိုင်သမျှကို အောင်ရိတ်ပါကမတ်ပဲပင်များ အညွန့် ပြတ်၍အထက်ပွား ပြီး အသီး ပိုသီး နိုင်ပါသည်။ တပေါင်း လတွင်မတ်ပဲရိတ်သိမ်းနိုင် သည်။ သို့မဟုတ်အစိုဓါတ်ကောင်း ပါကစပါး ရိုး ပြတ်ရိတ်သိမ်း ပြီး မှထယ်နှစ်ဝပ်ထိုး ၍စိုက်ပျိုး နိုင်ပါသည်။ ဤကဲ့သို့စပါး ရိတ်သိမ်း ပြီး မှထွန်ယက်စိုက်ပျိုး ခြင်း မှာစပါး ပန်း ပွင့်ချိန်၌စိုက်ခြင်း ထက်အထွက်ပိုကောင်း လေသည်၊ ယာမြေဖြစ်လျှင်မိုး ဦး နှမ်း လျှင်သို့မဟုတ်နှံစား ပြောင်း များ ကိုရိတ်သိမ်း ပြီး မြေအနေအထား အလိုက်

ထယ်တစပ်မှသုံး စပ်အထိထယ်ထိုး ပြီး စိုက်ပျိုး နိုင်သည်။ တဧကလျှင်မျိုး စေ့ရှစ်ပြည်နှုန်း ကြဲပက်၍ကြမ်း တုံး နှင့်ဖုံး ပေး ရသည်။ ထင်မံပြုစုရန်မလို ပါ။

မတ်ပဲကိုမိုး နှောင်း ရာသီဖြစ် သောသီတင်း ကျွတ်တန် ဆောင်မုန်း လတွင်စိုက်ပျိုး ပြီး လေး လအကြာတွင်ရိတ်သိမ်း ရသည်။ တဧကအထွက်နှုန်း မှာ မြေအကောင်း အဆိုး ကိုလိုက်၍ ခြောက်တင်း မှတဆင့်ငါး တင်း အထိထွက်ရှိပါသည်။

မတ်ပဲကိုမိုး ရာသီမိုး ရေချိန် ၃၅" ထက်မကျော် သော ဒေသနှင့်မိုး များ သော ဒေသများ တွင်စိုက်နိုင်သည်။ မတ်ပဲကို ဆောင်း ရာသီသီး နှံအဖြစ်စိုက်ပျိုး ပြီး အမြင့်ပေ ၆၀၀၀ အထိတွင်စိုက်ပျိုး နိုင်၏။ မတ်ပဲကို ဧရာဝတီတိုင်း ၊ စစ်ကိုင်း တိုင်း ၊ ပဲခူး တိုင်း ၊ မန္တလေး တိုင်း ၊ မကွေး တိုင်း တို့တွင်အများ ဆုံး စိုက်ပျိုး ပြီး တနင်္သာရီတိုင်း ၊ ရှမ်း ပြည်နယ်၊ ကချင်ပြည်နယ် ရခိုင်တိုင်း နှင့်ကယား ပြည်နယ်တို့တွင်အနည်း ငယ်စိုက်ပျိုး ကြသည်။

(ခ) ပဲဒိစိမ်း ။ ။ ၄င်း ကိုယာ မြေများ ၌နယုန်လမှတန် ဆောင်မုန်းလအထိစိုက်ပျိုး ကြ၍၊ ကိုင်း မြေများ ၌မူ တော်သလင်း လမှနတ် တော်လအထိစိုက်ပျိုး ကြသည်၊ ရေကောင်း စွာမရသဖြင့်စပါး မစိုက်နိုင် သော မြေပွလယ် မြေများ တွင် တမျိုး တည်း ဖြစ် စေအခြား သီး နှံများ နှင့် ရောစပ်၍ဖြစ် စေ စိုက်ပျိုး နိုင်သည်။ စိုက်မျိုး နည်း မှာ၊ မြေထဲ၌အမြှုပ် ပေါ်လျှင်ထွန်စိတ်နှစ်စပ်ခန့်လိုက်ရပါသည်။ ထို့နောက် ခြောက်သွား ထွန်ဖြင့်နှစ်စပ်၊ ငါး သွား ထွန်နှင့်နှစ်ဝပ် မွှေထား ရန်လိုသည်၊ မိုး ရွာပြီး သော် လေး သွား ထွန်နှင့်စပ်လျှံ၍ နှစ် ပေတန်း ကြောင်း ဆွဲပြီး စိုက်ပျိုး ရသည်။ ပေါင်း နှင့်မြက်များ ထူလာလျှင်အပင်ငယ်များ အကြား မှ ကန့်လန့်ဖြတ်၍ကြား ထွန်လိုက် ပေး ရသည်။ ပဲဒိစိမ်း ကိုစိုက်ပြီး လေး လခန့်အကြာ ဇန္နဝါရီလအလယ်မှ ဖေဖြလအထိတွင်ရိတ်သိမ်း သည်။ တဧကအထွက်နှုန်း မှာရှစ်တင်း မှ ဆယ်တင်း ဖြစ်၏။

ပဲဒိစိမ်း ကိုစစ်ကိုင်း တိုင်း ၊ မန္တလေး တိုင်း ၊ မကွေး တိုင်း ၊ တို့တွင်အများ ဆုံး စိုက်ပျိုး ကြပြီး ဧရာဝတီ၊ တနင်္သာရီ၊ ပဲခူး ၊ ရခိုင်၊ ကချင်၊

ရှမ်းနှင့်ကရင်ပြည်နယ်တို့တွင်အနည်းငယ်စိုက်ပျိုးကြသည်။

(ဂ) ပဲနောက်။ ။ ၄င်းမှာပဲဒီစိမ်းနှင့်မျိုးတူဖြစ်၍ ပဲဒီစိမ်းကဲ့သို့အလုံးမကြီးဘဲအလုံးငယ်၍အရောင်မှာလည်း ပဲဒီစိမ်းကဲ့သို့အရောင်မရင့်ဘဲစိမ်းဝါဖျော့ဖြစ်သည်၊ စိုက်ပျိုးနည်း၊ မျိုးစေ့ချနည်း၊ ရိတ်သိမ်းခြင်းနှင့်တဧကအထွက်နှုန်းများမှာပဲဒီစိမ်းကဲ့သို့ဖြစ်ပါသည်။ ပဲနောက်ကိုမကွေး၊ မန္တလေးတိုင်းတို့တွင်အများဆုံးစိုက်ပျိုးပြီး စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီတိုင်းတို့တွင်အနည်းငယ်စိုက်ပျိုးကြသည်။

(ဃ) ပဲရင်း။ ။ ၄င်းကိုအထက်အောက်မြန်မာပြည်အနှံ့အပြားစိုက်ပျိုးကြပါသည်။ ပဲရင်းကိုဝါခေါင်လမှတန်ဆောင်မုန်းလအထိစိုက်ပျိုးကြပါသည်။ ၄င်းပဲကိုဖူးစားပြောင်းနှင့်ဖြစ်စေ၊ ခရမ်းချဉ်ဖြင့်ဖြစ်စေရော၍စိုက်ပျိုးကြသည်။ ၄င်းပဲမျိုးကိုယာမြေများ ဥအများအပြားစိုက်ပျိုးကြသည်၊ မြေနုကျွန်းများတွင်ပိုမိုဖြစ်ထွန်းပါသည်။ မြစ်ကမ်းစပ်ရေကျဆင်းသွားသောအခါတွင်စိုသောမြေတွင်ကြဲပက်ရုံဖြင့်ပေါက်ရောက်ဖြစ်ထွန်းသည်ကိုတွေ့ရသည်။ အတန်းလိုက်စိုက်ပျိုးခြင်းကပိုမိုကောင်းမွန်သည်။ ထွန်ယက်စိုက်ပျိုးနည်း၊ မြေပြုပြင်နည်းစသည်တို့မှာပဲဒီစိမ်းနှင့်အတူတူပင်ဖြစ်ပါသည်။ တဧကလျှင်မျိုးစေ့ခြောက်ပြည်အသုံးပြုရပါသည်။ တဧကအထွက်နှုန်းမှာရှစ်တင်းမှဆယ်တယ်တင်းဖြစ်ပါသည်။ မတ်ပဲ၊ ပဲဒီစိမ်းကဲ့သို့ပင်ပဲရင်းကိုလေးလခန့်မှသာလျှင်ရိတ်သိမ်းရပါသည်။ ပဲရင်းကိုမကွေး၊ ဧရာဝတီ၊ ရှမ်းပြည်နယ်တို့တွင်အများဆုံးစိုက်ပျိုးပြီး မန္တလေး၊ စစ်ကိုင်းတိုင်းပတ်ဝန်းကျင်တွင်အနည်းငယ်စိုက်ပျိုးကြသည်။

(၂) ထောပတ်ပဲအုပ်စုပဲမျိုး။ ။

ထောပတ်ပဲအမျိုးမျိုး။ ထောပတ်ပဲစိုက်ပျိုးရန်အကောင်းဆုံးအချိန်မှာမိုးရာသီဖြစ်သောတော်သလင်းနှင့်သီတင်းကျွတ်လများဖြစ်သည်။ မိတ္ထီလာခရိုင်တွင်တော်သလင်းလဆန်းရက်များတွင်ထွန်ရေးပြုပြင်၍ တော်သလင်းလပြည့်ကျော်ရက်များကိုနောက်ဆုံးထားစိုက်ပျိုးကြသည်။ မိုးဦးတွင်

နှမ်းစိုက်သောအစွက်ဦးမိုး နှောင်းပိုင်းတွင် ထောပတ်ပဲစိုက်ပျိုးကြသည်။ ဝါခေါင်လတွင်နှမ်းသိမ်းပြီး နောက်ပိုင်းမြက်သိပ်ထူနေလျှင်ထယ်တစပ်ထိုး ရသည်။ အကယ်၍နှမ်းနှုတ်၍ မြေပွနေလျှင်ထယ်ထိုး ရန်မလိုဘဲထွန်စိတ်လိုက်ပြီး ခြောက်သွား၊ ငါးသွား၊ လေးသွား၊ နှစ်ဝစ်ခန့်ထွန် မွှေရပါသည်။ ထယ်ထိုး ထား ပါကထယ်ခဲ ကျေရန် လေးသွားဖြင့်နှစ်စဝ်ခန့်ထယ်ခဲ ချေရပါသည်။ အတန်းလိုက်စိုက်ပျိုး လျှင် နှစ်ပေခြောင်း ဆွဲ၍စိုက်ပျိုး ရပါသည်။ လေးဘက်ခြား ဖိုက်ပျိုး ပါကနှစ်ပေပတ် လည်စိုက်ပျိုးပြီး တကျင်း လျှင် ပင်ခွဲ သောအခါ၌ နှစ်ပင်၊ သုံးပင်ချန်ထား ရသည်။ စိုက်ပျိုးပြီး တပတ်ခန့်အတွင်း ကျင်းလပ်၌ပါက ဖါထေး ရပါသည်။ ၄င်းနောက် မျိုး အခြေအနေကိုကြည့်၍ စိုက်ပြီး တလအတွင်း သံထွန်သုံး ကြိမ်ခန့်လိုက် ပေး ရပါသည်။ တဧကမျိုး ရေ့ချွန်း မှာရှစ်ပြည်မှဆယ်ပြည်အထိကုန်ကျ လေသည်။ ၄င်းပဲမျိုး မှာသာ ဆန်သော နုံး မြေမွနှင့်စနယ် မြေမွတို့ကိုများ စွာနှစ်သက်သည်။ တနှစ်လျှင်မိုးရေ ချိန်လက်မ(၃၀)ထက်မနည်း သောအရပ်တွင်ဖြစ်ထွန်း ကြောင်း တွေ့ရသည်။ မိုး ခေါင်လျှင်ပဲသီး အထွက်ညံ့ပြီး မိုး များ လျှင်အပင်ပုတ်၍အသီး အား ပျော့သွား တတ် သည်။ ၄င်းကိုသီး ထပ်သီး ညှပ်အဖြစ်ဖူး စား ပြောင်း နှင့် ရော၍စိုက်ပျိုးကြပါ သည်။ အလှည့်ကျစိုက်ပျိုး ရန်မှာမုဝါတလှည့်နှမ်း အပြီး ထောပတ်ပဲတလှည့်အလှည့်ကျစိုက် ပျိုးကြသည်။ ``ထူးခြား သော ထောပတ်ပဲမှာဗိပါမူ-မဟိုင်အာ ရေ့ပြား၊ မ ဒဝါစကား အထွန်း ထောပတ်ပဲမျိုးနှင့်၊ နာကိလိုင်မာ ၂၇/၃၀စသည်တို့ဖြစ် ပါသည်``[၁] ။ ထောပတ်ပဲ၏အကျိုး အာနိသင်မှာ ထောပတ်ပဲ၏အမြစ်တွင်နိုဂျူ (nodules) ခေါ်ဗက်ဘီး ဂုံး ယား များ ရှိလာသဖြင့်ရိတ်သိမ်း ပြီး နောက် မြေတွင်ကျန်ရစ်ခဲ့၍ မြေဩဇာများ ထက်သန်လာသည်၊ ပေါင်း မျက်များ နည်း ပါး သွား သည်၊ မိုး မွှား များ နည်း ပါး သွား သည်။

---

၁ လယ်ယာနှင့်စိုက်ပျိုး ရေး ကော်ပို ရေး ရှင်း စာစောင်များ မှ။

ထောပတ်ဝဲကိုစိုက်ပြီး လေး လခွဲခန့်ကြာလျှင်ပြာသိုလအတွင်း ရိတ်သိမ်း၍တလင်းတွင်နေလှန်းထားရပါသည်။ ဝဲတောင့်များ ခြောက်သွေ့ပြီး အက်ကွဲလာလျှင်တုတ်ဖြင့်ရိုက်၍ဖြစ်စေ၊ နွားဖြင့်နယ်၍ဖြစ်စေ၊ အစေ့များ ထုတ်ယူရပါသည်။ ဝဲတောင့်များ ယခင်းထဲ၌ပင် ခြောက်သွေ့လွန်းပြီး ကွဲကျခြင်း မများစေရန်အတွက်စိမ်း ဝါဃောင်ဖြစ်လာကစတင်ရိတ်သိမ်း ရပါသည်။ တဧကလျှင်ရှစ်တင်းမှ ၁၅တင်း အထိထွက်နိုင်ပါသည်။ မြေညံ့ကအထွက်နည်းပါသည်။ ထောပတ်ဝဲသည်မိုးပါးရေရှား ပူအိုက်သောရာသီဥတုနှင့်မိုးရေချိန် ၂၅" မှ ၃၀" အကြားတွင် အောင်မြင်ပါသည်။ ထို့ကြောင့် ထောပတ်ဝဲကိုမန္တလေးတိုင်း၊ စစ်ကိုင်းတိုင်း မကွေးတိုင်း တို့တွင်အများဆုံး စိုက်ပျိုးကြပြီး ဧရာဝတီတိုင်းနှင့်ရှမ်းပြည်နယ်တို့တွင်အနည်းငယ်စီစိုက်ပျိုးကြပါသည်။

ဝဲဖြူကလေး။ ။ ထောပတ်ဝဲကဲ့သို့ပင်ထွန်ယက်စိုက်ပျိုးရပါသည်။ တဧကလျှင်မျိုးစေ့ချနှုန်း (၈)ပြည်မှ (၁၀)ပြည်အထိကုန်ကျပါသည်။ စိုက်ပျိုးပြီး လေးလခွဲခန့်အကြာပြာသိုလတွင်ရိတ်သိမ်းရပြီး တဧကအထွက်နှုန်းမှာမူ မြေအမျိုးအစားကိုလိုက်၍ (၈)တင်းမှ (၁၈)တင်းအထိထွက်ပါသည်။ မိုး ရေချိန် ၂၅" နှင့် ၃၀" ကြားတွင်ဖြစ်ထွန်း လေ့ရှိပါသည်။ ၎င်းကိုမန္တလေး စစ်ကိုင်းတို့တွင်အများဆုံး စိုက်ပျိုးကြပြီး မကွေး၊ ကော်သူး လေတို့တွင်အနည်းငယ်ဇိသာစိုက်ပျိုးကြပါသည်။

ဇွန်တာနီ။ ။ ၎င်းပဲမျိုးကိုမြန်မာပြည်အပူပိုင်း ဒေသအတွင်း အများအပြား စိုက်ပျိုးကြပါသည်။ ထွန်ယက်စိုက်ပျိုးပုံစိုက်ပျိုးနည်း၊ မြေပြုပြင်နည်းတို့မှာ ထောပတ်ပဲစိုက်ပျိုးနည်းနှင့်အတူတူပင်ဖြစ်၍ထပ်မံမဖော်ပြတော့ပါ။ တဧကလျှင်မျိုး စေ့ချနှုန်း (၈)ပြည်ခန့်ကုန်ကျပါသည်။ ဇွန်တာနီမှာဝဲဖြူကလေးကဲ့သို့ခတ်လုံးလုံး ပဲစေ့ဖြစ်၍အနီရောင်ဖျော့ဖျော့ဖြစ်ပါသည်။ အနီရောင်မှာအစေ့အားလုံးနီနေပါကဇွန်တာနီဟုခေါ်၍ပဲကြားကဲ့သို့အစေ့ကြားပြီး အနီရောင်ရှိပါမူ ဇွန်တာကြားဟုခေါ်ပါသည်။ မြင်းခြံခရိုင်မှဇွန်တာနီအကြား အနီစေ့ကြီးများကိုမူ ဇွန်တာနီအပြားကြီးဟုခေါ်ပါသည်။ မန္တလေးခရိုင်တွင်မူဇွန်တာနက်ဟုခေါ်သောဇွန်တာနီအလုံးကဲ့သို့ရှိသောအနက်ရောင်ရှိသည့်ပဲမျိုးများရှိပါသည်။ ဇွန်တာနီကိုစိုက်ပျိုး

ဖြိုး လေးလခွဲအကြာပြာသိုလလောက်တွင်ရိတ်သိမ်းပါသည်။ တဧကအထွက်နှုန်းမှာ (၈)တင်းမှ(၁၅)တင်းထိထွက်ပါသည်။ စွန်တာနီမှာမိုးပါး ရေရှားသော ရာသီဥတုကိုနှစ်သက်၍ ၎င်းကိုစစ်ကိုင်းတိုင်း မန္တလေးတိုင်းတို့တွင်အများဆုံး စိုက်ပျိုးကြပါသည်။ အထူးသဖြင့်မြင်းခြံခရိုင်မန္တလေးတိုင်း၊ မုံရွာခရိုင်များ တွင်အများအပြားစိုက်ပျိုးကြပါသည်။ မကွေး၊ ဧရာဝတီ၊ ပဲခူးတိုင်းတို့တွင်အ နည်းငယ်ဖိစိုက်ပျိုးကြသည်။

စွန်တာပြာ။ ။ စွန်တာနီပဲမျိုးကဲ့သို့ဖြစ်၍အရောင်မှာအပြာနု ရောင်ဖျော့ဖျော့ဖြစ်ပါသည်။ စိုက်ပျိုးပုံစိုက်ပျိုးနည်းမှာမူ ထောပတ်ပဲကဲ့သို့ ဖြစ်၍မျိုးစေ့ချနှုန်းမှာစွန်တာနီကဲ့သို့ဖြစ်ပါသည်။ ၎င်းကိုစစ်ကိုင်းနှင့်မန္တလေး တိုင်းတွင်သာစိုက်ပျိုးကြပါသည်။ ရိတ်သိမ်းချိန်နှင့်အထွက်နှုန်းမှာစွန်တာနီကဲ့သို့ပင် ဖြစ်သည်။

ပဲကြား။ ။ ပဲဖြူကလေးနှင့်ထောပတ်ပဲမျိုးများကဲ့သို့စိုက်ပျိုးပုံ ခြင်း၊ စိုက်ပျိုးစံနစ်ခြင်းတူ၍မျိုးစေ့ချနှုန်းမှာ(၈)ပြည်ခန့်ဖြစ်ပါသည်။ အ ရောင်မှာနီညိုညိုအကြားရောင်ဖြစ်ပြီး ပဲဖြူကလေးကဲ့သို့မလုံးဘဲ ထောပတ်ပဲကဲ့ သို့ပြားပါသည်။

ပဲကြားမှာပဲဖြူကလေးကဲ့သို့ပူအိုက်သောရာသီဥတုကိုနှစ်သက် ၍မိုးရေချိန် ၂၅" မှ ၃၀" တွင်ဖြစ်ထွန်းလေ့ရှိသည်။ ပဲကြားကိုမန္တလေးတိုင်း တွင်အများဆုံးစိုက်ပျိုးပြီး၊ စစ်ကိုင်းတိုင်း၊ မကွေးတိုင်းတို့တွင်အနည်းငယ် ဖိသာစိုက်ပျိုးကြသည်။

(၃) ပဲလွန်းအုပ်စုပဲမျိုး။ ။ ၎င်းတွင်ဘိုကိတ်ပဲ၊ ပဲလွန်းဖြူ၊ ပဲလွန်းနီ မျိုးများပါဝင်ကြသည်။ စိုက်ပျိုးပုံခြင်း၊ မြေအတန်းအစားခြင်း၊ စိုက်ပျိုးစံ နစ်ခြင်းအတူတူပင်ဖြစ်ပါသည်။ ကုန်းမြေ၊ ယာမြေများ၌မူပဲလွန်းကိုနယုန်လ၊ သီတင်းကျွတ်လအတွင်းမည်သည့်အခါ၌မဆိုစိုက်ပျိုးနိုင်သည်။ တဧကလျှင်မျိုးစေ့ချနှုန်း (၆)ပြည်ကုန်ကျသည်၊ စိုက်ပျိုးနည်း၊ မြေပြုပြင်နည်းစသည်တို့မှာမတ်ပဲစိုက်ပျိုး

နည်းကဲ့သို့ပင်ဖြစ်ပါသည်။ တော်သလင်းလတွင်နှင်းခင်းသိမ်းပြီးမှစိုက်ပျိုးပါမှု ထောပတ်ပဲစိုက်ပျိုးပြုပြင်သကဲ့သို့စိုက်ရလေသည်။ ဘိုကိတ်ပဲနှင့်ပဲလွန်းတို့ကိုလယ်မြေ၌ မတ်ပဲစိုက်ပျိုးသကဲ့သို့စိုက်ပျိုးနိုင်ပါသည်။ ၎င်းပဲမျိုးတို့သည်အပူပိုင်းဒေသ၊ သမပိုင်းဒေသ၊ ရာသီဥတုများတွင်သာစိုက်ပျိုးအောင်မြင်နိုင်ပါသည်။ (ဘိုကိတ်ပဲကိုပဲခူးတိုင်း၊ မန္တလေး၊ တနင်္သာရီတိုင်းနှင့်ဧရာဝတီတိုင်းတို့တွင်အများဆုံးစိုက်ပျိုးကြပြီး၊ ကော်သူး လေမကွေးနှင့်စစ်ကိုင်းတို့တွင်အနည်းငယ်စိုက်ပျိုးကြသည်။)

ပဲလွန်းကိုမကွေး၊ မန္တလေးတိုင်းတို့တွင်အများဆုံးစိုက်ပျိုးကြပြီး၊ စစ်ကိုင်း၊ ပဲခူး၊ ဧရာဝတီနှင့်ရှမ်းပြည်နယ်တို့တွင်အနည်းငယ်စိုက်ပျိုးကြသည်။ ပဲလွန်းမှာရင့်မှည့်ချိန်တွင်အတောင့်ခူးယူနေလှန်းရပါသည်။ တဧက အထွက်နှုန်းမှာ (၈) တင်းမှ (၁၀) တင်းခန့်ထွက်ပါသည်။ မြေနုကျွန်းများတွင်ပိုမိုအထွက်နှုန်းကောင်းသည်။

(၄) ပဲစင်းငုံအုပ်စုပဲမျိုး။ ။ပဲစင်းငုံမှာနှစ်မျိုးနှစ်စားရှိပါသည်။ ပင်ထောင်မျိုးနှင့်ပင်ဖြန့်မျိုးဟူ၍နှစ်မျိုးခွဲထားပါသည်။ ပင်ထောင်မျိုးမှာအပင်မတ်၍ကိုင်းများဖြတ်ထားခြင်းမရှိဘဲအထက်သို့ထိုးထိုးထောင်ထောင်နေကြပါသည်။ အခြားတမျိုးမှာပင်ပြန့်မျိုးဖြစ်၍အားကိုကိုင်းဖြိုးဖြာထွက်နေ၍အထွက်ကောင်းပါသည်။ ပင်ထောင်မျိုးကိုဝါနှင့်ရောစိုက်၍ပင်ပြန့်မျိုးကိုမှုန်နှမ်းနှင့်လည်းကောင်း၊ မြေပဲနှင့်လည်းကောင်းရောစိုက်လေ့ရှိကြပါသည်။

ပဲစင်းငုံစိုက်ပျိုးရာတွင်မြေကိုကောင်းမွန်စွာပြုပြင်ရန်လိုအပ်ပါသည်။ ပဲစင်းငုံကိုဝါအဖြီး၌နောက်တနှစ်တွင်အလှည့်ကျစိုက်ပျိုးပါသည်။ ဝါခင်းရှုတ်မိုးနှောင်းထယ်ထိုးပြီးသားဖြစ်သောကြောင့်ထယ်ခဲကျေရန်သုံးသွားဖြင့်နှစ်စဝ်၊ လေးသွားဖြင့်နှစ်ဝပ်ထယ်ခဲချေ၍ပါးသွားဖြင့်မိုးခံထယ်ရေးထွန်ထားရန်လိုအပ်ပါသည်။ ကဆုန်လအတွင်းစိုက်ပျိုးရရှိပါကလေးသွားဖြင့်တဝပ်ထွန်၍စိုက်ကြောင်းဆွဲပြီးစိုက်ရပါသည်။ ပင်ပြန့်မျိုးကို (၆) ပေပတ်လည်စိုက်ပျိုး၍ပင်

ထောင်မျိုးကို လေးပေပတ်လည်စိုက်ပျိုးပါသည်။ အီးညှပ်အဖြစ်ဝါနှင့်ရောစိုက်ပါက ပဲစင်းငုံတတန်း နှင့်တတန်း ၁၂ ပေထား၍ တပင်နှင့်တပင် လေးပေခြားပြီး စိုက်ပျိုးရပါသည်။ မြေပဲနှင့်၄င်း ၊ နှမ်းနှင့်၄င်း ရောစိုက်ပါကပဲစင်းငုံတတန်း နှင့်တတန်း ၆ ပေကွာထား၍ ပဲစင်းသုံးတပင်တပင်၄ ပေကွာထားပြီး စိုက်ရသည်။ မျိုးစေ့ချိန်မှာပဲဝင်းငုံကို၄င်း ချည်းသက်သက်စိုက်ပျိုးပါက ရှစ်ပြည်ခန့် ကုန်ကျ၍ ၊ နှမ်း ၊ မြေပဲ ၊ ဝါနှင့်ရော၍ စိုက်ပါကနှစ်ပြည်ခန့်ကုန်ကျပါသည်။

စိုက်ပျိုးပြီး နောက် (၇) ရက်အတွင်း အပင်ပေါက်ခြင်း မရှိပါက ထပ်မံဖါထေး ရပါသည်။ ကြားထွန်ကိုမိုး ရွာပြီးတိုင်း မြေမာနေပါက မကြာမကြာထွန်လိုက်ပေးရပါသည်။ အပင်ခြေတွင်ပေါင်းမြက်များ ကျန်ရှိနေပါက ပေါက်တူးဖြင့်ရှင်းပေးရသည်။ အပင်ကြီး၍ ၊ လေမိုးဒဏ်ခံနိုင်ရန်အပင်ခြေကို မြေတောင်မြှောက်ပေးရန်လိုပါသည်။ ပဲဝင်းငုံကိုဝါတလှည့်၊ မိုးဦးနှမ်းအပြီး ၊ မိုးနှောင်းထောပတ်ပဲတလှည့်၊ ပဲဝင်းငုံတလှည့်၊ နောက်နှမ်းပဲတလှည့်၀်နှင့် ပဲစင်းငုံရော၍တလှည့်၄င်း အလှည့်ကျစိုက်ပျိုးကြပါသည်။ ဝါနှင့်ရောစိုက်ပျိုးရာ၌ပင်ထောင်ကိုအသုံးပြုခြင်းမှာ ဝါပင်မြင့်မားလာပါကပင်ပြန့်ကိုသုံး လျှင်ကိုင်းခြင်း ရောယှက်၍ဝါထွက်နည်းမည်စိုး ရိမ်ရသဖြင့်ပင်ထောင်ပဲဝင်းငုံနှင့်ရော၍အသုံးပြုရခြင်းဖြစ်ပါသည်။

ပဲဝင်းငုံမျိုးများ အနက်ထူးခြားသော ပင်ထောင်မျိုးမှာ ဝါးဆုံပဲ ၊ ကျွဲခြိ ရွှေဒင်္ဂါး နှင့်သိန်ကုန်း ကျွဲခြိ ရွှေဒင်္ဂါး ဝဝ်မျိုး တို့ဖြစ်ပြီး ထူးခြားသော ပင်ပြန့်မျိုးများမှာ ကြေးမုံ (၄) ကြေးမုံ (၄) နှင့်လှော်ဇင်ဝဝ်မျိုး လှော်ဇင်နှင့်ဂျမေကာမျိုး တို့ဖြစ်ကြပါသည်။ ၄င်းတို့ကိုစိုက်ပျိုးပြီး (၇) လမှ (၉) လအတွင်း ရိတ်သိမ်းရပါသည်။ အပင်ခြေမှထုတ်ပြီး နောက်တလင်းတွင်ပုံထားပြီး သော်အသီးများ ခြောက်သွေ့ကာအပင်များကိုလက်နှစ်ဖက်ဖြင့်ကိုင်ရိုက်၍အစေ့များ ခွေယူပြီးပြာလှေ့ရသည်။ တဧကအတွက်ပင်ထောင်မျိုးမှာ (၈) တင်းမှ (၁၀) တင်းအထိထွက်ပြီး ပင်ပြန့်မျိုးမှာတဧက (၁၅) တင်း ခန့်အထိထွက်ပါသည်။

ပဲစင်း ငုံကိုအစိုဓါတ်နဲပါး သည့်မိုး ပါး ရေရှား ဒေသရာသီဥတုတွင်စိုက်ပျိုး ကြ၏။ ၄င်း ကိုစစ်ကိုင်း မန္တလေး မကွေး တို့တွင်အများ ဆုံး စိုက်ပျိုး ကြပြီး ၊ ပဲခူး ကချင်နှင့်ရှမ်း ပြည်နယ်တို့တွင်အနည်း ငယ်စိုက်ပျိုး ကြပါသည်။

(၅) ပဲကြီး အုပ်စုပဲမျိုး ။ ။ ပဲကြီး သည်၊ ခဲ၊ သဲ၊ ဆန် သော မြေပွများ ကိုအထူး နှစ်သက်သည်၊ ကုန်း မြေတွင်ပဲကြီး ကိုမိုး ဦး တွင်စိုက်ပျိုး ၍ကျွန်း မြေတွင်မူသီတင်း ကျွတ်လတွင်စိုက်ပျိုး ကြပါသည်။ ပဲကြီး ကို ပြောင်း ဖူး နှင့် ရော၍စိုက်ပျိုး နိုင်သည်။ ပဲကြီး စိုက်ပျိုး ရန်အတွက် မြေကို ကောင်း စွာထွန်ယက်ဖို့လိုအပ်ပါသည်။ ပဲကြီး စိုက်ပျိုး ရာတွင်တဧကလျှင်မျိုး စေ့(၈)ပြည်နှုန်း အသုံး ပြုရပါသည်။ ပဲကြီး စိုက်ပျိုး လျှင် လေး ထွက်ကြား စိုက်ပျိုး ပါကတကျင်း နှင့်တကျင်း (၂) ပေကွာစိုက်ပျိုး ရပါသည်။ အတန်း လိုက်စိုက်ပါက(၂) ပေ ကြောင်း ဆွဲ၍စိုက်ပျိုး ရမည်ဖြစ်ပါသည်။ ပဲကြီး ကိုစိုက်ပြီး ၅လမှ ၆လခန့်အကြာပြာသို၊ တပို့တွဲတွင်ရိတ်သိမ်း သည်။ တဧကလျှင်၁၀တင်း မှတင်း ၂၀ အထိထွက် လေ့ရှိသည်၊ ပဲကြီး ကိုမိုး ရာသီမိုး ရေချိန်၂၅" မှ၃၀" ရှိဒေသ၊ မိုး များ သော ၊ မိုး နှောင်း ရာသီတွင်စိုက်ပျိုး လေ့ရှိသည်၊ ပဲကြီး ကိုမကွေး ၊ မန္တလေး ၊ စစ်ကိုင်း ၊ ပဲခူး တို့တွင်အများ ဆုံး စိုက်ပျိုး ကြ၏။ ဧရာဝတီတိုင်း ရှမ်း ပြည်နယ်၊ ကော်သူလေပြည်နယ်တို့တွင်အနည်း ငယ်စိုက်ပျိုး ကြပါသည်။

(၆) ပဲပုတ်အုပ်စုပဲမျိုး ။ ။ ပဲပုပ်သည်သဲနုန်း မြေ၊ နုံး မြေနှင့် မြေနုစား များ တွင် ကောင်း စွာဖြစ်ထွန်း သည်။ ပဲပုပ်ကိုရှမ်း ပြည်နယ်တွင်ကဆုန်လနှင့်နယုန်လများ ၌စိုက်ပျိုး ကြ၍ မြေပြန့်ဒေသ၊ ယာ မြေများ ၌ မူဝါဆိုလ၊ ဝါခေါင်လအတွင်း စိုက်မျိုး ကြသည်။ မြစ်ဝကျွန်း မြေ၊ မြေနုများ ပေါ်၌ မူသီတင်း ကျွတ်လမှနတ်တော်လအအတွင်း စိုက်ပျိုး ကြပါသည်။ ပဲပုတ်စိုက်ပျိုး ရန် မြေတွင်အမှိုက်သရိုက်များ ပြောင်ဝင် အောင်ထွန်ခိတ်တိုက်၍ ခြောက်သွား ထွန်၊ ငါး သွား ထွန်ဖြင့်ထွန် ရေး နှင်စစ်စီရ အောင်ရှော့၍ စိုက်ပျိုး ရန်အဆင်သင့်ဖြစ်လျှင်နှစ် ပေတန်း ကြောင်း ဆွဲ၍လက်ဖြင့်မျိုး စေ့ချ ပေး ပြီး ကျမ်း တုံး ဖြင့်ပြန်လည်ဖုံး အုပ်စိုက်ပျိုး ရပါသည်။ တဧကစိုက်ပျိုး ရန်မျိုး စေ့(၆)ပြည်မှ(၈)ပြည်အထိကုန်ကျပါသည်။ စိုက်တန်း ထဲ

တွင်တပင်နှင့်တပင် ၃ လက္ခ ၄ လက်ခွဲခန့်ရှိရန်ဂရုစိုက်ပြီး မျိုးစေ့ချပေးရပါသည်။ စိုက်ပြီး နောက် ပေါင်းမြက်အခြေအနေကိုကြည့်၍ကြား ထွန်၃ကြိမ်ခန့်လိုက်ပေး ရပါသည်။ ပဲပုပ်ကို ပြောင်းဖူး နှင့် ရောသ၍ စိုက်ပျိုး နိုင်သည်။ ပဲပုပ်ကို စိုက်ပျိုး ပြီး နောက်နှစ်လခွဲခန့်ရှိလျှင်ရိတ်သိမ်း ရပါသည်။ ၄င်း နောက်တလင်း ထဲတွင်စုပုံထား ပြီး အတောင့်များ ခြောက်သွေ့လျှင်နွား ဖြင့်နယ်၍အစေ့ထုတ်ယူရပါသည်၊ တဧကလျှင် (၁၀) တင်း ခန့်ထွက်ပါသည်။ ၄င်း သည်အပူချိန်၇၀°ဖါရင်ဟိုက်မှ ၉၀°ဖါရင်ဟိုက်ရှိပြီး မိုး ရေချိန်၄၀" မှ ၅၀" ရှိမှသာဖြစ်ထွန်းလေ့ရှိ၏။ ပဲပုပ်ကိုရှမ်း ပြည်နယ်မန္တလေး တိုင်း တို့တွင်အများ ဆုံး စိုက်ပျိုး ကြပြီး စစ်ကိုင်း မကွေး နှင့်ကချင်ပြည်နယ်တို့တွင်အနည်း ငယ်မျှသာစိုက်ပျိုး ကြပါသည်။

(၇) ဝါး တော်ပဲအုပ်စုပဲမျိုး ။ ။ ဝါး တော်ပဲကိုမဝေး လွန်း မပူလွန်း သော မြေများ တွင်သိတင်း ကျွတ်လနှင့်နတ်တော်လအတွင်း စိုက်ပျိုး နိုင်သည်။ နှစ်ပေအတန်း ကြောင်း ခွဲ၍ စိုက်ပျိုး ရသည်။ တဧကလျှင်မျိုး စေ့ချနှုန်း (၆) ပြည်မှ (၈) ပြည်ခန့်အထိကုန်ကျ၍လယ်မြေမွ များ တွင်စပါး မရိတ်မှီကြဲပက်စိုက်ပျိုး နိုင်ပါသည်။ ဆည် ရေသောက်လယ် မြေများ ၌မူစပါး ရိတ်ပြီး နောက်ထယ်ထိုး ပြီး စိုက်ပျိုး နိုင်သည်။ ဝါး တော်ပဲကိုစိုက်ပျိုး ပြီး (၄) လအကြာ ဖေဖော်ဝါရီလမှဧပြီ လအတွင်း ရိတ်သိမ်း ရပါသည်။ တဧက (၈) တင်း မှ (၁၅) တင်း ထွက်ရှိပါသည်။ ၄င်း ကို ဆောင်း တွင်း အအေး ဓါတ်နှင့်နှင်း လုံလောက် သောရာသီဥတုတွင်စိုက်ပျိုး လေ့ရှိပါသည်။ စိုက်ပျိုး သော ဒေသများ မှာစစ်ကိုင်း ခရိုင်တွင်အများ ဆုံး စိုက်ပျိုး ၍မကွေး ၊ ရှမ်း ပြည်နယ်ဧရာဝတီတိုင်း ၊ ကချင်ပြည်နယ်တို့တွင်အနည်း ငယ်မျှသာစိုက်ပျိုး ကြပါသည်။

(၈) ကုလား ပဲအုပ်စုပဲမျိုး ။ ။ ကုလား ပဲမှာ ဆောင်း ရာသီအသီး အနှံအဝင်ဖြစ်ပြီး ပဲမျိုး ပုံများ အနက်အနောက်အကျဆုံး စိုက်ပျိုး ရသောသီး နှံတခုဖြစ်သည်။ နှင်း ကျ၍များ စွာအေး သောအရပ်များ ၌များ စွာဖြစ်ထွန်း သည်။ ကုလား ပဲကိုတန်ဆောင်မုန်း လပြည့်ကျော်မှနတ်တော်လပြည့်ကျော်အတွင်း တွင်ကြဲပက်စိုက်ပျိုး ကြသည်။ စပါး ခင်း များ ၌လည်း မရိတ်မှီ (၁၀) ရက်ခန့်ရေ

ဖေဖော်ဝါရီလတွင်ကြဲပက်စိုက်ပျိုးနိုင်ပါသည်၊ ပေါ်ရိတ်ချိန်တွင်ကုလားပဲပင်များ ၂"၊ ၃" ခန့်ရှိ၍ပေါ်ရိတ်လျှင်ရိုးပြတ်တိုအောင်ရိတ်ရမည်။ ကုလားပဲမှာဝနယ်မြေနှင့်နုံးမြေများ၌ ကောင်းစွာဖြစ်ထွန်းသည်။ ၎င်းမြေမျိုး၌စိုက်ပျိုးဖြစ်ထွန်းခြင်းမှာအစိုဓါတ်ကိန်းအောင်းနေခြင်းကြောင့်ဖြစ်သည်။ ကုလားပဲစိုက်ပျိုးလိုလျှင်မြေကိုထယ်နှင့်နက်နက်ထွန်ပြီး တဧကလျှင်မျိုးစေ့ ဂပြည်ခန့်မှ(၁၂)ပြည်ခန့်ကြဲပက်စိုက်ပျိုးရသည်စိုက်တန်းစိုက်လိုကလဲတပေကြောင်းများဆွဲ၍ကုလားပဲမျိုးစေ့ချပြီးစိုက်ပျိုးနိုင်သည်။ စိုက်ပြီးတလအတွင်းမြေဆွပေးရန်၊ ကြားထွန်တစ်ခေါ်ခန့်လိုက်နိုင်လျှင်ကောင်းပါသည်။ ကုလားပဲကိုစိုက်ပျိုးပြီး(၃)လအကြာဇန်နဝါရီလမှမတ်လအတွင်းရိတ်သိမ်းရပါသည်။ တဧကလျှင်မြေအတန်းအပေါ်တိုလိုက်၍(၆)တင်းမှ(၁၅)တင်းအထိထွက်ရှိလေသည်။ ၎င်းကိုဝစ်ကိုင်းခရိုင်တွင်၎င်း၊ မန္တလေး၊ မကွေး၊ ပခုက္ကူခရိုင်များတွင်လည်းကောင်းများပြားစွာစိုက်ပျိုးကြပြီး ဧရာဝတီတိုင်း၊ ရှမ်းပြည်နယ်တို့တွင်အနည်းငယ်စိုက်ပျိုးကြပါသည်။

ပဲမျိုးစုံတို့၏အခြေခံအချက်အလက်များကိုဇယား(၂-၁)နှင့်စိုက်ဧရိယာအများအနည်းအလိုက်ပြည်နယ်နှင့်တိုင်းတို့၏နေရာဝဥ်ကိုဇယား(၂-၂)တွင်ဖော်ပြထားပါသည်။

<u>မြေဩဇာသုံးစွဲမှု။</u>   ။

ပဲမျိုးစုံစိုက်ပျိုးရာတွင်မြေကြီး၏အချဉ်အငံဓါတ်(P.H.)(၆မှ၈)အတွင်းတွင်ကောင်းစွာဖြစ်ထွန်းလေသည်။ ပဲလွန်းမျိုးမှာမြေကြီး၏အချဉ်အငံဓါတ်(P.H.)(၅မှ၆.၅)အတွင်း၌ကောင်းစွာဖြစ်ထွန်း၍ပဲပုပ်မျိုးများမှာမြေကြီး၏အချဉ်အငံဓါတ်(၆မှ၇)အတွင်းကောင်းစွာဖြစ်ထွန်းပါသည်။ ၎င်းအပြင်ပဲမျိုးစုံစိုက်ပျိုးရာတွင်ပဲကိုအခြားသီးနှံများနှင့်အလှည့်ကျစိုက်ပျိုးလေ့ရှိပါသည်။ အခြားသီးနှံများစိုက်ပျိုးရာတွင်မြေဩဇာဓါတ်သုံးပါးပေးသဖြင့်မြေဩဇာများကျွေးရပါသည်။ ထို့ပြင်ပဲကိုနောက်

ဇယား (၂-၁)

ပဲမျိုး ဖုံးတို့၏အခြေခံအချက်အလက်များ ။

အမှတ်စဉ်	ပဲအမည်	စိုက်ပျိုးချိန်	ထွက်ပေါ်ချိန်	နှစ်စဉ်ပျိုးမှုစိုက်ဧက	နှစ်စဉ်ပျိုးမှုအထွက်တန်	ကုန်သွယ်ရေး(၁) ဝယ်/မဝယ်	ဝယ်ယူရာဌာနအဆင့်ရှိ/မရှိ	ကြိုတင်ခွဲခြင်း ပြု/မပြု
၁	မတ်ပဲ	အောက်တိုဘာ - နိုဝင်ဘာ	မတ် - ဇူလိုင်	၁၀၀၀၀၀	၃၀၀၀၀	ဝယ်	ရှိ	ပြု
၂	ပဲဒီစိမ်း	ဩဂုတ် - နိုဝင်ဘာ	ဒီဇင်ဘာ - ဇူလိုင်	၁၁၄၀၀၀	၁၀၀၀၀	ဝယ်	ရှိ	မပြု
၃	ဘိုကိတ်ပဲ	ဩဂုတ် - ဒီဇင်ဘာ	ဖေဖော်ဝါရီ - ဇွန်	၄၆၀၀၀	၁၀၀၀၀	ဝယ်	မရှိ	မပြု
၄	ပဲစဉ်းငုံ	မေ - ဇွန်	ဖေဖော်ဝါရီ - ဇွန်	၁၀၆၀၀၀	၂၅၀၀၀	ဝယ်	ရှိ	ပြု
၅	ပဲရင်း	ဩဂုတ် - အောက်တိုဘာ	ဇန်နဝါရီ - ဇူလိုင်	၄၀၀၀၀	၁၀၀၀၀	ဝယ်	မရှိ	မပြု
၆	ပဲလွန်း	မေ - အောက်တိုဘာ	စက်တင်ဘာ - ဧပြီ	၅၄၀၀၀	၆၀၀၀	ဝယ်	မရှိ	မပြု
၇	ပဲရာဇာ	စက်တင်ဘာ - ဒီဇင်ဘာ	မတ် - ဇူလိုင်	၁၅၀၀၀	၂၀၀၀	ဝယ်	မရှိ	ပြု
၈	ထောပတ်ပဲ	ဩဂုတ်	မတ် - ဇွန်	၁၇၆၀၀၀	၃၅၀၀၀	ဝယ်	ရှိ	မပြု
၉	ဖွန်တာနီ	ဩဂုတ် - နိုဝင်ဘာ	ဖေဖော်ဝါရီ - ဇွန်	၃၀၀၀၀	၅၀၀၀	ဝယ်	မရှိ	မပြု
၁၀	ဖွန်တာပြာ	ဩဂုတ် - နိုဝင်ဘာ	ဖေဖော်ဝါရီ - ဇွန်	၈၀၀၀၀	၁၅၀၀၀	ဝယ်	မရှိ	မပြု
၁၁	ပဲဖြူလေး	ဩဂုတ် - အောက်တိုဘာ	ဖေဖော်ဝါရီ - ဇူလိုင်	၆၀၀၀	၁၀၀၀	ဝယ်	မရှိ	မပြု
၁၂	ကုလားပဲ	အောက်တိုဘာ - ဒီဇင်ဘာ	ဖေဖော်ဝါရီ - ဩဂုတ်	၃၃၀၀၀၀	၆၅၀၀၀	ဝယ်	မရှိ	ပြု
၁၃	ပဲကြီး	စက်တင်ဘာ - အောက်တိုဘာ	မတ် - ဇူလိုင်	၁၆၀၀၀၀	၃၀၀၀၀	ဝယ်	မရှိ	မပြု
၁၄	ပဲကြား	ဩဂုတ် - ဒီဇင်ဘာ	ဇန်နဝါရီ - ဧပြီ	၂၀၀၀၀	၃၀၀၀	မဝယ်	မရှိ	မပြု
၁၅	ပဲပုတ်	မေ - အောက်တိုဘာ	စက်တင်ဘာ - ဧပြီ	၄၄၀၀၀	၁၂၀၀၀	မဝယ်	မရှိ	မပြု
၁၆	ပဲနောက်	ဩဂုတ် - ဒီဇင်ဘာ	နိုဝင်ဘာ - ဧပြီ	၀၀၀၀၀	၁၅၀၀၀	မဝယ်	မရှိ	မပြု
၁၇	စားတော်ပဲ	စက်တင်ဘာ - နိုဝင်ဘာ	ဇန်နဝါရီ - ဧပြီ	၅၀၀၀၀	၁၄၀၀၀	မဝယ်	မရှိ	မပြု
၁၈	အခြားပဲ	-	-	၇၀၀၀၀	၁၂၀၀၀	မဝယ်	မရှိ	မပြု

ဇစ်မြစ် - ကုန်သွယ်[illegible]ရေး ဓာတ်ပိုရေး ရုံး (၁) မိမိ အိမ်း ဌာနဆိုင်ရာ [illegible] တင်း [illegible]

ဇယား (၂-၂)

စိုက်ဧရိယာ-အများအနဲအလိုက်ပြည်နယ်နှင့်တိုင်းတို့၏နေရာစဉ်

အမှတ်စဉ်	ပဲအမည်	ဧရိယာအများအနည်းအလိုက်နေရာစဉ်				
		ပထမ	ဒုတိယ	တတိယ	စတုတ္ထ	ပဉ္စမ
၁	မတ်ပဲ	ဧရာဝတီ	ပဲခူး	စစ်ကိုင်း	မန္တလေး	မကွေး
၂	ပဲတီစိမ်း	စစ်ကိုင်း	မန္တလေး	မကွေး	ဧရာဝတီ	မွန်
၃	ဘိုကိတ်ပဲ	ဧရာဝတီ	ပဲခူး	မန္တလေး	မွန်	ကရင်
၄	ပဲစဉ်းငုံ	မန္တလေး	စစ်ကိုင်း	မကွေး	-	-
၅	ပဲရင်း	မကွေး	ရှမ်း	ဧရာဝတီ	မန္တလေး	စစ်ကိုင်း
၆	ပဲလွန်း	မကွေး	မန္တလေး	ဧရာဝတီ	စစ်ကိုင်း	ပဲခူး
၇	ပဲရာဇာ	စစ်ကိုင်း	မန္တလေး	ရှမ်း	ကချင်	မကွေး
၈	ထောပတ်ပဲ	မန္တလေး	စစ်ကိုင်း	မကွေး	ဧရာဝတီ	ပဲခူး
၉	ဗွန်တါနီ	စစ်ကိုင်း	မန္တလေး	မကွေး	ဧရာဝတီ	ပဲခူး
၁၀	ဗွန်တာပြာ	စစ်ကိုင်း	မန္တလေး	မကွေး	-	-
၁၁	ပဲဖြူကလေး	စစ်ကိုင်း	မန္တလေး	မကွေး	ပဲခူး	ဧရာဝတီ
၁၂	ကုလားပဲ	စစ်ကိုင်း	မန္တလေး	မကွေး	ပဲခူး	ဧရာဝတီ
၁၃	ပဲကြီး	မကွေး	မန္တလေး	စစ်ကိုင်း	ဧရာဝတီ	ပဲခူး
၁၄	ပဲကြား	မန္တလေး	စစ်ကိုင်း	မကွေး	ပဲခူး	ဧရာဝတီ
၁၅	ပဲပုတ်	ရှမ်း	မန္တလေး	ဧရာဝတီ	စစ်ကိုင်း	မကွေး
၁၆	ပဲနောက်	မကွေး	မန္တလေး	ပဲခူး	စစ်ကိုင်း	မကွေး
၁၇	စားတော်ပဲ	စစ်ကိုင်း	မကွေး	ရှမ်း	ကချင်	ဧရာဝတီ
၁၈	အခြားပဲများ။	-	-	-	-	-

ဇစ်မြစ် - ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁) စီမံကိန်းဌာန၏ စာရွက်စာတမ်းများ မှ။

တနှစ်အလှည့်ကျ စိုက်ပါက မြေဩဇာမကျွေးတော့ပေ၊ ၄င်းအပြင် ပဲပင်များမှလည်း နိုဂျူး (ဒ်) ဘက်တီးရီးယား၊ အားဖြင့် နိုက်ထြိုဂျင်ဓါတ်ရရှိစေပါသည်။ ကျွန်းမြေများနှင့်မူ မြေဩဇာဓါတ်ကြွယ်ဝပြီးဖြစ်၍ မြေဩဇာကျွေးရန်မလိုတော့ပေ။

ယခုအခါစစ်ကိုင်းတိုင်းတွင် (UREA) ဓါတ်မြေဩဇာ စမ်းသပ်သုံးစွဲရာ အောင်မြင်ကြောင်း သိရပါသည်။ မြေဩဇာသုံးစွဲမှုကို (၁၉၆၄-၆၅) မှ (၁၉၇၅-၇၆) အထိဇယား (၂-၃) တွင် ဖော်ပြထားပါသည်။

<u>မျိုးမှားကာကွယ်ခြင်း</u>။

ပဲအမျိုးမျိုးတွင် အများအပြားကျရောက်ဖျက်ဆီးသော ပိုးမွှားများမှာ 'ပျ' ကျခြင်းဖြစ်ပါသည်။ ၄င်း 'ပျ' အကျများ ပါကပင်စည်အရွက်အသီးအပွင့်များအားကိုက်၍ အထွက်အလွန်အမင်းများစွာ ဆုတ်ယုတ်စေပါသည်။ ၄င်း 'ပျ' ကျပါက အင်ဒရင်း တဆတွင်ရေ (၇၅၀) ဆရော၍ ပက်ဖျန်းပေးရန်လိုအပ်ပါသည်။ အခြားသော မွှေးစုတ်ပိုး၊ ပင်စည်ထိုးပိုး၊ ရွက်စားပိုးများကျရောက်သော်လည်း လွန်မင်းစွာပျက်စီးလောက်အောင် ကျရောက်ခြင်းမရှိပါ။

သဲဆန်သောမြေများတွင်စိုက်ပျိုးထားသည့်ပဲမျိုးများအတွက် မြေအောင်းပိုးများ ကိုက်ဖြတ်သဖြင့် ပဲပင်ငယ်များ အများအပြားသေကြေကြောင်း တွေ့ရပါသည်။ ထိုကဲ့သို့ဖြစ်လျှင် မြေကြီးထဲသို့ အောင်ဒရင်းဆေးမှုန့် တဧကလျှင် ၃၅ ပေါင်မှ ပေါင် ၅၀ နှုန်း သုံး၍ထွန်ဖြင့်မွှေပေးနိုင်သည်။ ၄င်းပြင် သဲဆန်သောမြေကွက်တွင် အောင်ဒရင်းဆေးမှုန့်ကိုစိုက်ချိန်၌ကျင်းအတွင်းဖြစ်စေ၊ အတန်းထဲဖြစ်စေ ချ၍စိုက်ပျိုးနိုင်ပါသည်။

ဂိုဒေါင်ထိုးပိုးများအတွက်ကိုမူ မီသိုင်းဘရိုမိုက်ဓါတ်ငွေ့ဖြင့်အဆိပ်ငွေ့ပေးပြီး ကာကွယ်နိုင်ပါသည်။ ပဲမျိုးတွင်ရပ်(စ်) ခေါ် မှိုရောဂါ

IE-9176

ဇယား (၂-၃)

ဝမျိုး ဖုံဖိုက်မျိုး မှုတွင် ဓာတ်မြေဩဇာသုံးစွဲမှုပြဇယား ။

ခုနှစ်	ဝမျိုး ဖုံတွင် သုံးစွဲမှု (တန်ချိန်)	တပြည်လုံး စုစုပေါင်း သုံးစွဲမှု (တန်)	ဝမျိုး ဖုံတွင်သုံးစွဲမှု ရာခိုင်နှုန်း ။
1964-65	5	30549	.016%
1965-66	38	33451	.114
1966-67	78	24952	.312
1967-68	396	36171	1.095
1968-69	949	72468	.682
1969-70	146	60242	.242
1970-71	709	38446	1.844
1971-72	5891	99227	5.937
1972-73	1482	11516[illegible]	1.287
1973-74	2069	30059	6.883
1974-75	1150	103672	1.109
1975-76	1698	108733	1.562

Sources : Statistical Year Book 1975.

တမျိုး ကြောင့်ပျက်စီး ဆုံး ပါး မှုများ ရှိတတ်ပါသည်။ ထိုအခါမျိုး တွင်မှီ ရောဂါ ခံနိုင် သော မျိုး ကိုရှာဖွေ စိုက်ပျိုး ရန်အထူး လိုအပ်ပါသည်။

ကုလား ပဲစိုက် သော မြေများ နှင့် မြေတွင်း ကိန်း အောင်း နေ သောမှို ရောဂါ ကြောင့် ရောဂါကူးသဖြင့်ကုလား ပဲပင်များ သေပြီး အခင်းများ ပြစ်ထား ကြပါသည်။ ဤကဲ့သို့ပြစ်ထား ရသော ကုလား ပဲခင်း များ ကိုကုလား ပဲ သေနိုင်း ဟု ခေါ်သည်။ ထိုကဲ့သို့ပြစ်ထား ခြင်း ဖြင့်ကုလား ပဲ မ ဲ ထိုက် သော နှစ်ကြာလာ လျှင်မှို ရောဂါကင်း ဝင်သွား နိုင် လေသည်။ စိုက်ပျိုး ရေး ဌာနဏ်ကြိုး ပမ်း မှု ကြောင့်မှို ရောဂါခံနိုင် သော ကုလား ပဲမျိုး ကိုရှာဖွေ တွေ့ရှိပြီး ဖြန့်ဖြူး လျက်ရှိပါ သည်။

<u>စိုက်ပျိုး စရိတ် ဈေး ငွေ။</u>

စိုက်ပျိုး ဝရိတ်တွက် ချက်ရာတွင်အရပ် ဒေသကွဲပြား မှု ကြောင့် ၄င်း ၊ ရာသီဥတု ကြောင့်၄င်း ၊ ထွန် ရေး အနည်း အများ ကြောင့်၄င်း အလှည့် ကျအီး နှံ ပေါ် မူတည်၍ထွန် ရေး ပြု ပြင်မှု ကြောင့်၄င်း ၊ ၄ား ရမ်း အသုံး ပြုရ သော အလုပ်သမား များ ၏ ရှား ပါး မှု၊ ပေါ်များ မှု ကြောင့်၄င်း ၊ လုပ်ကိုင် ဆောင်ရွက် ရ သော မြေအတန်း အစား အရ၄င်း ၊ စိုက်ပျိုး ရာတွင်အသုံး ပြု သည့် ထွန်ယက်က ရိယာ သုံး စွဲမှု ပေါ် မူတည်၍ ၄င်း အမျိုး မျိုး ကွဲပြား ၍ တ နေရာ နှင့်တ နေရာ၊ ကုန်ကျဝရိတ်ခြင်း မတူသည်ကို တွေ့ရှိရ လေသည်။

ယခင်က စိုက်ပျိုး ဝရိတ်အတွက် ဈေး ငွေသတ်မှတ်ထား သည့် နှုံး မှာ ပဲအမျိုး မျိုး အတွက်တဧကလျှင် ၁၀/–(တစ်ဆယ်ကျပ်) နှုံး ဖြင့်စိုက်ပျိုး ဝ ရိတ်ကိုအ ဝိုး ရကထုတ် ဈေး ခဲ့ပါသည်။ ၁၉၇၄ ခုနှစ်လမှ ဝ၍ နှုံး ထား အသစ်များ ပြောင်း လဲလိုက်ပါသည်။ မတ်ပဲ၊ ထောပတ်ပဲ၊ ပဲပုပ်၊ ပဲဒိဝိမ်း ၊ ပဲလွန်း ၊ ဘို ကိတ်ပဲ၊ တဧကလျှင်၅/–(ငါး ကျပ်) နှုံး ဖြင့်၄င်း ၊ ဝွန်တာနီ၊ ဝွန်တာပြာ၊ ပဲကြီး ၊ ပဲကြား ၊ ပဲဝင်း ငုံ၊ ပဲရင်း ၊ ကုလား ပဲ၊ ပဲ နောက်၊ တဧကလျှင်၁၀/– (တဆယ်ကျပ်) နှုံး ဖြင့်၄င်း အဝိုး ရက စိုက်ပျိုး ရေး ငွေ ဈေး ဘဏ်မှတဆင့်ထုတ် ဈေး ပေး ခဲ့ပါသည်။

စိုက်ပျိုး စရိတ် ဈေး ငွေကို (၁၉၆၇–၆၈) မှ (၁၉၇၆–၇၇) အထိဇယား (၂–၄) တွင် ဖော်ပြထား ပါသည်။

(ခ) <u>ပဲမျိုး စုံစိုက်ဧကနှင့်အထွက်ကို လေ့လာခြင်း</u> ။

ပဲမျိုး စုံစိုက်ပျိုး မှုနှင့်ပတ်သက်၍ (၁၉၅၇–၅၈) မှ (၁၉၇၆–၇၇) ခုနှစ်အထိ လေ့လာထား ပါသည်။ ယင်း ကိုနှစ်ပိုင်း ခွဲခြား ၍ လေ့လာမည်ဆိုပါက ၁၉၆၂–၆၃ ခုနှစ်မတိုင်မှီကာလနှင့် နောက်ပိုင်း ကာလ များ ဟူ၍နှစ်ပိုင်း ခွဲခြား လေ့လာနိုင်ပါသည်။ ပဲမျိုး စုံစိုက်ပျိုး မှုနှင့်ပတ်သက် ၍စိုက်ဧကကိုဇယား (၂–၅) တွင် ဖော်ပြထား ပါသည်။ (၁၉၅၇–၅၈) ခုနှစ်တွင်ဧကသိန်း ပေါင်း (၁၁.၁) သိန်း စိုက်ပျိုး သည်ကို တွေ့ရှိရပါသည်။ (၁၉၅၈–၅၉) တွင် (၁၁. ၈) သိန်း (၁၉၅၉–၆၀) ခုနှစ်တွင် ၁၃.၃ သိန်း (၁၉၆၀–၆၁) ခုနှစ်တွင် (၁၄. ၁) သိန်း (၁၉၆၁–၆၂) တွင် ၁၃.၈ သိန်း စသည်ဖြင့်စိုက်ပျိုး ဧကမှာတဖြည်း ဖြည်း တိုး တက်လာသည်ကို တွေ့ရပါသည်။ (၁၉၆၂–၆၃) ခုနှစ်တွင်ပဲမျိုး စုံစိုက်ဧကသိန်း ပေါင်း (၁၇.၁) သိန်း (၁၉၆၃–၆၄) ခုနှစ်တွင်စိုက်ဧကသိန်း ပေါင်း(၁၀.၅)သိန်း အထိတဟုန်ထိုး တိုး တက်သွား သည်ကို လေ့လာ တွေ့ရှိရသည်။ နောက်နှစ်များ ကို လေ့လာ သော အခါ (၁၉၇၂–၇၃) ခုတွင်အမြင့်ဆုံး စိုက်ဧကသိန်း ပေါင်း (၁၀.၆) ရှိပြီး အနိမ့်ဆုံး (၁၅.၀) သိန်း အထိအတက်အကျဖြစ် နေသည်ကို တွေ့ရပါသည်။

ပဲမျိုး စုံစိုက်ပျိုး မှုသည် (၁၉၅၀–၅၁) ခုနှစ်တွင်ဧကသိန်း ပေါင်း (၉.၇) စိုက်ပျိုး သည်ကို တွေ့ရပြီး (၁၉၅၇–၅၇) တွင်ဧကသိန်း ပေါင်း (၁၁.၁) သိန်း အထိတိုး တက်သွား သည်ကို တွေ့ရလေရာ၊ ထိုသို့စိုက်ပျိုး ဧကတိုး တက်လာခြင်း မှာ၊ ပြည်တွင်း စစ်ငြိမ်း ချမ်း မှုရရှိလာသောအခါ ကြောင်း တရပ် ကြောင့်လည်း ဖြစ်ပါသည်။ (၁၉၅၇–၂၀) ခုနှစ်သို့ ရောက်ရှိလာ သောအခါပြည်တွင်း စစ်များ ငြိမ်း ချမ်းလာပြီး သူပုန်ရေးရာအနည်း ပါး သွား ၍တိုင်း ပြည်လုံခြုံမှုရရှိလာပြီး ပိုမိုစိုက်ပျိုး လာခြင်း ဖြစ်ပါသည်။ ယင်း အပြင် ဈေး နှုန်း များ မှာလည်း ၊ ဆောပတ်ပဲ မတ်ပဲ တို့မှာ ယခင်ကထက်နှစ်ဆအထိတက်လာပါသည်။ ပဲရာဇာကုလား ပဲတို့မှာလည်း အနည်း ငယ် ဈေး ကောင်း လာပါသည်။ ဈေး နှုန်း ကောင်း သည်ကတကြောင်း သီး ထပ်သီး ညှပ်အဖြစ်လည်း စိုက်ပျိုး လာ၍စိုက်ဧကတိုး တက်လာခြင်း ဖြစ်ပါသည်။

ဇယား (၂-၄)

စိုက်မျိုး မရိတ် ရေး ငွေများ

(ကျပ်ထောင်ပေါင်း)

အမှတ်စဉ်	ဝါအမျိုးမျိုး	1967-68	1968-69	1969-70	1970-71	1971-72	1972-73	1973-74	1974-75	1975-76	1976-77
၁	မတ်ဝါ	448	570	525	604	549	659	16	146	160	391
၂	ဝါဒူစိမ်း	479	557	628	716	479	52	212	229	286	372
၃	ထောပတ်ဝါ	513	1003	801	767	988	233	381	507	650	1002
၄	ကုလားပဲ	23	46	40	54	45	38	-	9	9	20
၅	ဖွန်တာနီ	210	201	179	170	190	76	39	94	86	183
၆	ဖွန်တာပြာ	267	402	521	499	426	107	260	337	442	679
၇	ဝါပုပ်	26	44	49	73	51	54	9	54	48	133
၈	ကုလားဝါ	715	1112	11106	1227	1074	982	7	567	663	1464
၉	ဝါလွန်း	50	62	91	127	45	69	11	79	92	187
၁၀	ဝါစင်းငုံ	441	719	668	720	460	-	383	383	478	645
၁၁	ဝါရင်း	36	48	72	76	77	40	24	51	54	96
၁၂	ဝါဖြူကလေး	4	10	12	10	11	8	-	6	8	17
၁၃	ဝါကြီး	172	297	395	488	368	142	91	213	279	529
၁၄	ဝါကြား	48	71	68	79	41	2	8	11	13	28
၁၅	ပားတော်ဝါ	133	172	224	275	328	329	-	231	228	502
၁၆	ဝါရာဇာ	9	18	24	40	42	73	-	39	11	30
၁၇	ဝါနေကြာ	52	54	86	199	95	17	49	54	54	72

Source : ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ ... - ၁၉၇၇-၇၈
Statistical Yearbook 1975.

ဇယား (၂-၅)

ဝါမျိုးစုံအမှန်ထိုက်ကောနှင့်ထိုက်ကောအလားအလာ

(ထောင်ပေါင်း)

နှစ်	t နှစ်	y_t အမှန်ထိုက်ကော	$\hat{y}_t$ ထိုက်ကောအလားအလာ
1957-58	1	1110	1168.84
1958-59	2	1184	1255.18
1959-60	3	1336	1334.95
1960-61	4	1415	1408.16
1961-62	5	1384	1474.79
1962-63	6	1710	1534.86
1963-64	7	1854	1588.85
1964-65	8	1609	1635.28
1965-66	9	1705	1675.64
1966-67	10	1765	1709.43
1967-68	11	1613	1736.05
1968-69	12	1751	1757.30
1969-70	13	1630	1771.38
1970-71	14	1576	1778.90
1971-72	15	1859	1779.84
1972-73	16	1860	1774.22
1973-74	17	1687	1962.02
1974-75	18	1785	1743.26
1975-76	19	1656	1717.93
1976-77	20	1804	1686.03

Sources : ပြည်သူ့သို့အစီရင်ခံစာ ၁၉၇၀-၇၁၊ ၁၉၇၂-၇၃
ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ ၁၉၇၇-၇၈။

ဖြည်းဖြည်းတိုးတက်လာခဲ့ခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများကိုအရေးပေးဆောင်ရွက်မှုများကြောင့်၄င်း ၊ စိုက်ပျိုးရေးဌာန၏ပညာပေးစည်းရုံးမှုကြောင့်၄င်း တောင်သူဦးကြီးများသည်ပဲမျိုးစုံကိုပိုမိုစိုက်ပျိုးလာခဲ့ပေသည်။ ယင်းအပြင်သီးထပ်သီးညှပ်စိုက်ပျိုးရေးစနစ်ကိုလက်ခံကျင့်သုံးလာကြသဖြင့်သီးထပ်သီးညှပ်အဖြစ် စိုက်ပျိုးခြင်းဖြင့်စိုက်ဧကတိုးတက်လာပြီးအထွက်တိုးခဲ့ရပေသည်။ သီးနှံအထွက်ပိုလာသည်နှင့်အမျှဝင်ငွေလည်းတိုးတက်လာပေရာစိုက်ပျိုးမှုလုပ်ငန်းများတိုးတက်လာခဲ့ပေသည်။

(၁၉၆၂-၆၃) ခုနှစ်နောက်ပိုင်းသို့ရောက်လာသောအခါစိုက်ပျိုးသောမြေဧကမှာ ၁၇.၁ သိန်းမှ ၁၈.၅ သိန်းထိတိုးတက်လာသည်ကိုတွေ့ရသည်။ ယင်းသို့တိုးတက်လာရခြင်းကိုပြန်လည်ဆန်းစစ်ကြည့်ပါကထိုအချိန်ကါလတွင်တော်လှန်ရေးကောင်စီအစိုးရသည်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုအားသွန်ခွန်စိုက်လုပ်ကိုင်လာသောကြောင့်ဟူ၍အဓိကအကြောင်းရင်းကိုတွေ့ရပါသည်။ ယင်းအပြင်တောင်သူလယ်သမား ၊ အလုပ်သမားများကိုရသင့်ရထိုက်သောအခွင့်အရေးများကိုခံဝါးစံဝါးပေးပြီး ၊ ခေါင်းပုံဖြတ်စံနစ်ဆိုးအားတိုက်ဖျက်ပြစ်ပြီးလယ်လုပ်သူလယ်ပိုင်ရမည်ဟူသောပြဋ္ဌာန်းချက်များကိုချမှတ်ခဲ့၍စိုက်ပျိုးရေးလုပ်ငန်းများမှာတိုးတက်အောင်မြင်လာသည်ကိုတွေ့ရလေသည်။ ထို့အပြင်စိုက်ပျိုးရေးအောင်မြင်မှုတွင်အရေးပါသောအောက်ပါအချက်အလက်များဖြစ်သည့်

(၁) မြေအသုံးချမှုများ ။

(၂) ဓါတ်မြေသဇာအသုံးချမှုများ ။

(၃) ရေကိုသွယ်တန်းအသုံးပြုမှုများ ။

(၄) မျိုးကောင်းမျိုးသန့်ဖြန့်ဝေပေးမှု။

(၅) ပိုးမွှားအန္တရာယ်ကာကွယ်မှု။

(၆) သုတေသနပြုပြီးသောမျိုးကောင်းမျိုးသန့်များကိုသာစိုက်ပျိုးခွင့်ကျင့်သုံးခြင်း . . . စသည်တို့ကိုတောင်သူလယ်သမားများသည်သိရှိနား

လည်လာကြပြီး လက် တွေ့ကျင့်သုံး ဗိုက်ပျိုး ခြင်း ဖြင့်ဗိုက်ပျိုး မှုမှုများ တိုး တက် အောင် မြင်လာသည်ကို တွေ့ရပါသည်။

၁၉၆၄–၆၅ ခုနှစ်တွင်ဗိုက်ပျိုး ဧကသိန်း ပေါင်း ၁၆.၁သိန်း စသည်ဖြင့် နောင်ကာလများ တွင်အနည်း ငယ်ဗိုက်ဧကအတက်အကျရှိသည်ကို တွေ့ရပါသည်။ ယင်း သို့ဖြစ်ရခြင်း မှာထိုအချိန်ပိုင်း တွင်ငုံ လျှော်ဝင် ငွေမှာပို ကောင်း နေသဖြင့်အချို့တောင်သူဦး ကြီး များ မှာဝမျိုး ပုံဗိုက်ပျိုး ခြင်း ထက်ငုံ လျှော် ဗိုက်ပျိုး ခြင်း ကိုအား သွန်လာ သော ကြောင့်ဝမျိုး ပုံဗိုက်ပျိုး မှုတည်ငြိမ်မှုမရှိဟု သည်ကို တွေ့ရပါသည်။

ဝမျိုး ပုံဗိုက်ပျိုး ခြင်း နှင့်ပတ်သက်၍ကား ချပ်(၂–၁) ကို လေ့လာလျှင်အလား အလာမျဉ်း မှာ . . . .

$$\hat{y}_t = 1075.9 + 96.2\,t - 3.3t^2$$

(ဧက ထောင်ပေါင်း)

အလား အလာမျဉ်း သည်မျဉ်း ဖြောင့်ပုံသဏ္ဌာန်မဟုတ်ဘဲ မျဉ်း ကွေး ပုံသဏ္ဌာန်ကို တွေ့ရပါသည်။ ဝမျိုး ပုံဗိုက်ပျိုး ခြင်း မှာတဖြည်း ဖြည်း တက်သွား ပြီး အမြင့်ဆုံး သို့ ရောက်ရှိပြီး အနည်း ငယ်ပြန်ကျဆင်း လာသည်ကို တွေ့ရပါသည်။ အလား အလာမျဉ်း မှာခန့်မှန်း ခြေတန်ဖိုး ကိုစုဝည်း ရေး ဆွဲထား သောမျဉ်း ဖြစ်၍အမှန်တန်ဖိုး ထက်အချို့နေရာတွင် လျော့နည်း ခြင်း ၊ အချို့နေရာတွင်အမှန်တန်ဖိုး ထက်ပိုများ ခြင်း တို့ရှိနေ ပေမည်။

၁၉၅၇–၅၈ ခုနှစ်မှ၁၉၅၉–၆၀အထိခန့်မှန်း တန်ဖိုး မှာအမှန်တန်ဖိုး ထက်များ နေသည်ကို တွေ့ရပြီး ၁၉၆၀–၆၁တွင်မူခန့်မှန်း တန်ဖိုး က လျော့နည်း နေသည်ကို တွေ့ရပါသည်။ ၁၉၆၁–၆၂တွင်ခန့်မှန်း တန်ဖိုး ကပိုမိုများ ပြီး ၁၉၆၂–၆၃နှင့်၁၉၆၃–၆၄ခုနှစ်တို့တွင်ခန့်မှန်း တန်ဖိုး မှာ လျော့နည်း နေသည်ကို တွေ့ရပါသည်။ ၁၉၆၄–၆၅တွင်ခန့်မှန်း တန်ဖိုး ကများ နေပြီး ၁၉၆၅–၆၆နှင့်၁၉၆၆–၆၇ခုတို့တွင်ခန့်မှန်း တန်ဖိုး က

နည်း နေသည်ကို တွေ့ရပါသည်။ နောက်ပိုင်း ၁၉၆၇–၆၈မှ ၁၉၇၀–၇၁အထိ ခန့်မှန်း တန်ဖိုး ကပိုများ ပြီး ၁၉၇၁–၇၂နှင့် ၁၉၇၂–၇၃တို့တွင် ခန့်မှန်း တန်ဖိုး ကနည်း ပြီး ၁၉၇၃–၇၄တွင် ခန့်မှန်း တန်ဖိုး ကများ ပြီး နောက်ပိုင်း ၁၉၇၄–၇၅တွင် ခန့်မှန်း တန်ဖိုး ကနည်း ပြီး ၁၉၇၅–၇၆တွင် ခန့်မှန်း တန်ဖိုး ကများ ပါသည်၊ ၁၉၇၆–၇၇တွင် ခန့်မှန်း တန်ဖိုး ကနည်း နေသည်ကို တွေ့ရပါသည်။

ခန့်မှန်း မျဉ်း ကွေး သည်တက်စဉ်ကတရှိန်ထိုး တက်လာပြီး အမြင့်ဆုံး ၁၉၇၀–၇၀သို့ ရောက်ပြီး နောက်အနည်း ငယ်ဖိ လျော့ကျလာသည်ကို တွေ့ရပါသည်။ ဤသို့ဝါမျိုး စုံစိုက်ဧကခန့်မှန်း ချေအရ လျော့နည်း လာရခြင်း သည်ဝါမျိုး စုံစိုက်ခြင်း ထက်အခြား သီး နှံများ စိုက်ပါကဝင်ငွေပိုမို ကောင်း လာမည်ဖြစ်၍ အခြား သီး နှံများ ကိုအဝါး ထိုး စိုက်ပျိုး သော ကြောင့် လျော့နည်း လာရခြင်း ဖြစ်ပါသည်။ ထို့ ကြောင့်ဝါမျိုး စုံစိုက်ဧကတိုး တက်လာ ရေး အတွက်အခြား သီး နှံများ နည်း တူ စျေး ပို ပေး ခြင်း စိုက်စရိတ် စျေး ငွေများ တိုး တက်ထုတ် ပေး ခြင်းဖြင့် တိုး တက်လာ အောင် ဆောင်ရွက် နိုင်ပါသည်။

(ဝါမျိုးစုံအထွက်ကို လေ့လာကြည့်ရာတွင်စိုက်ဧကများ သောနှစ် များ တွင်အထွက်များ သည်ကို တွေ့ရှိရပါသည်၊ ၁၉၆၀–၆၁ခုနှစ်တွင်အထွက် လျော့ကျ နေသည်ကို တွေ့ရှိရပါသည်။ ထိုသို့ လျော့နည်း ရခြင်း မှာ ရာသီဥတုမညီညွတ်မှု ကြောင့်အထွက်နှုန်း လျော့နည်း ခဲ့ခြင်း ဖြစ်ပါသည်။ နောက်နှစ်များ တွင်တဖြည်း ဖြည်း အထွက်တိုး လာရာ ၁၉၆၃–၆၄အထွက်အမြင့်ဆုံး သို့ ရောက်ရှိခဲ့ပါသည်။ ထိုသို့ တိုး တက်လာမှုမှာအထက်ချင်း တွင်နှင့် အောက်ချင်း တွင်း ခရိုင်တို့တွင်တူး မြောင်း များ ဖေါက်ခြင်း နှင့် ချောင်း များ ပြုပြင်ခြင်း ၊ ရွှေဘိုခရိုင်တွင် ရွှေဘိုဆည် မြောင်း ရေဦး ဆည် မြောင်း နှင့်မူး ဟောင်း နှင့်မဟာနန္ဒာကန်တို့ကိုပြုပြင် မွမ်း မံခြင်း ၊ စစ်ကိုင်း တွင်ဝဲခူး ကန်၊ ကန်တော်ပြီး နှင့်ကျား အင်း ကြီး ကန် တို့ကိုပြင်ဆင်မွမ်း မံခြင်း ၊ ကသာခရိုင်တွင် ရေမြောင်း တိုး ချဲ့ခြင်း နှင့် ရေကါ

တာကြီး များ ပြုလုပ်ပြင်ဆင်ခြင်း ၊ ကျောက်ဆည် ခရိုင်တွင်ကင်း တားဆည်ပြန်လည်ပြု ပြင်ခြင်း ၊ (သဲနုတ် မြောင်း ဟူး ဖော်ခြင်း ၊ ပြုံကန် ရေကန်ပြု ပြင်ထိန်းသိမ်း ခြင်း) ၊ ပခုက္ကူခရိုင်တွင် ဝကော ချောင်း ပိတ်၍ဆည်တည်ခြင်း ၊ ရွှေပြာရိုး ချောင်း ပတ်လည်ဆည်တည်ခြင်း ၊ ကန်များ မြောင်း များပြု ပြင်ခြင်း ၊ မကွေး ခရိုင်နတ်မောက်မြို့နယ်တွင်ပင်ဆည်ကိုဝတင်လုပ်ကိုင်ခြင်း နှင့် အောက်မြန်မာပြည်ခရိုင်အသီး သီး တွင် (ရေနုတ် မြောင်း များ ချောင်း များ ရေကါတ်များ ပြု ပြင်မွမ်း မံ ဖေါက်လုပ်ခြင်း စသည်လုပ်ငန်း များ ကိုလုပ်ကိုင်ခဲ့ခြင်း တို့ကြောင့်ဖြစ်ပါသည်။)

၎င်း အပြင် စိုက်ပျိုး ရေး ဌာနခွဲနှင့် မြေယာ ကျေး လက်ကြီး ပွါးတိုး တက် ရေး ကော်ပို ရေး ရှင်း တို့မှ ခရိုင်အသီး သီး တွင် ရေဝှတ်စက်များ ငှားရမ်း ခြင်း ဖြင့်အား ပေး ကူညီမှု ကြောင့်၊ ၎င်း နှစ်အတွင်း စိုက်ဧရိယတိုး တက်များ ပြား လာသည့်အ လျောက် အောင်မြင်သည့်ဧရိယာလည်း များ လာပြီး အထွက်လည်း တိုး ခဲ့ပါသည်။ စပါး စိုသည်လယ် မြေများ ၌သား ထပ်အဖြစ် စိုက်ပျိုး သောသီးနှံဖြစ် လေရာ၊ စပါး ၊ ဝါတို့အထွက်တိုး သည်နှင့်အမျှ ပဲမျိုး စုံအထွက်လည်း တိုး တက်ခဲ့ပေသည်။

(၁၉၆၄-၆၅ခုနှစ်တွင်ပဲမျိုး စုံသီး နှံအထွက်နည်း ခဲ့ပါသည်။)
(ထိုသို့ဖြစ်ရခြင်း မှာ)ရန်ကုန်တိုင်း ၊ ဘင် တွေခရိုင်၊ စစ်ကိုင်း တိုင်း တသာခရိုင်၊ ရှမ်း ပြည်နယ် တောင်ကြီး နှင့် ကျောက်ဆ ခရိုင်တို့တွင်(မိုး ဦး မိုး နည်း ပါး ခြင်း) ကြောင့်၎င်း ၊ ပုသိမ်ခရိုင်တွင်(မိုး ဦး ကျချိန် နောက်ကျခြင်း ကြောင့်၎င်း)၊ ထားဝယ်ခရိုင်တွင်မိုး ဦး မညီညွတ်ခြင်း ကြောင့်၎င်း သီး နှံပျက်စီး ခြင်း များ ရှိခဲ့ပါသည်၊ ဟံသာဝတီခရိုင်နှင့်ပဲခူး ခရိုင်တို့တွင်(မိုး ဦး မိုး များ ခြင်း ကြောင့်)၎င်း ၊ မကွေး ခရိုင်တွင်မိုး ဦး ၊(မိုး နှောင်း မိုး များ ၍ ရေကြီး နစ်မြုပ်ခြင်း ကြောင့်၎င်း) ၊ သရက်ခရိုင်တွင် နေပူလွန်း ၍၎င်း ၊ ကျောက်ဆည်ခရိုင်တွင်နောက်မိုး လို၍မတ်ပဲ၊ ပဲဒိစိမ်း များ အတွက် လျော့နဲရ ကြောင်း (တွေ့ရှိရပါသည်။)

ပြည်ခရိုင်တွင်မြစ်ရေဝင်ခြင်း၊ ချောင်းရေလျှံခြင်းကြောင့်၎င်း၊ ပဲခူးနှင့်တောင်ငူခရိုင်တို့တွင်မိုးများပြီး တောင်ပေါ်က ရေဆင်းခြင်းကြောင့်၎င်း၊ ရှမ်းပြည်နယ်လွိုင်လင်ခရိုင်တွင် နောက်မိုးများလွန်းသဖြင့်၎င်း၊ သီးနှံများပျက်စီးခြင်းရှိခဲ့ပါသည်။ ဝစ်ကိုင်းခရိုင်တွင်မြစ်ရေခံချိန်မမှီ၍၎င်း၊ မြင်းခြံခရိုင်တွင်မြစ်ရေတက်ခြင်းနှဲ၍၎င်း၊ မော်လိုက်ခရိုင်တွင်မြစ်ရေတိုးခြင်းနှင့်ပုန်တိုင်းကျခြင်း၊ မိုးသီးကြွေခြင်းကြောင့်၎င်း စားတော်ပဲသီးနှံအထွက်လျော့ခဲ့ပါသည်။

နောက်နှစ်များတွင်ရာသီဥတုအလိုက်အထွက်အတက်အကျအနည်းငယ်ရှိခဲ့ပါသည်။ ၁၉၇၆–၇၇တွင်ပဲမျိုးစုံအထွက်ပြန်လည်တိုးတက်ခဲ့ပါသည်။ ရာသီဥတုသင့်တင့်ကောင်းမွန်၍၎င်း၊ မြေယာ့ကြွဆက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှအကူအညီများကြောင့်၎င်း၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ဦးဆောင်မှုအောက်တွင်ရှိနေသည့်ပြည်သူ့တောင်သူလယ်သမားကောင်စီအဖွဲ့အစည်းများ၏ ပံနစ်သစ်လယ်ယာစိုက်ပျိုးမှု၊ တောင်ယာစိုက်ပျိုးမှုစသည်တို့ကိုအားပေးနေသည့်ကာလဖြစ်သည်နှင့်အညီတိုးတက်အောင်မြင်ခဲ့ခြင်းဖြစ်ပါသည်။

ပဲမျိုးစုံအထွက်ကို ၁၉၅၇–၅၈မှ ၁၉၇၆–၇၇ခုနှစ်အထိ လေ့လာရာ ပဲမျိုးစုံခန့်မှန်းအထွက်ကိုအလားအလာမျဉ်းဖြင့်ဖော်ပြရသော် .....

$$\hat{y}_t = -45.9 + 89.3t - 7.4t^2 + 0.19t^3$$

(အထွက်တန်ချိန်ထောင်ပေါင်း) ဖြစ်သည်ကိုတွေ့ရှိရပါသည်။ ပဲမျိုးစုံအထွက်သည် တဖြည်းဖြည်းတက်ရန်အလားအလာရှိသည်ကိုတွေ့ရပါသည်။ အထွက်မတည်မငြိမ်ရှိရသည်မှာ ပဲမျိုးစုံသီးနှံသည်သီးထပ်၊ စိုက်ပျိုးသောသီးနှံဖြစ်သည့်အားလျော်စွာအခြားသီးနှံဈေးကောင်းပါက ပဲမျိုးစုံအစား အခြားသီးနှံများအစားထိုးစိုက်ပျိုးသောကြောင့် ပဲမျိုးစုံသီးနှံအထွက်နှင့်ဧကမှာတည်ငြိမ်မှုနည်းပါးသည်ကိုတွေ့ရပါသည်။

ပဲမျိုး ပုံ ထွက်ကိုဇယား (၂-၆) တွင် ဖော်ပြထားပြီး ပုံကားချပ် (၂-၂) တွင်အလားအလာမျဉ်း နှင့်အမှန်အထွက်တို့ကို ဖော်ပြထား ပါသည်။

(ဂ) <u>အရေးပါသော ပဲလေးမျိုး၏ စိုက်ဧကနှင့်အထွက်။</u>
<u>မတ်ပဲ စိုက်ဧကနှင့်အထွက်ကို လေ့လာခြင်း ။</u>

မတ်ပဲ စိုက်ဧကနှင့်အထွက်ကို ၁၉၅၇-၅၈ မှ ၁၉၇၆-၇၇ အထိ လေ့လာထားပါသည်။ မတ်ပဲအထွက်နှင့် စိုက်ဧကသည် ၁၉၅၇-၅၈ တွင်အထွက် ၁၉ တန် (ထောင်ပေါင်းအားဖြင့်) ထွက်ရှိပြီး၊ စိုက်ဧကမှာ ထောင်ပေါင်း (၇၃) ဧကစိုက်ခဲ့ပါသည်၊ နောက်ပိုင်း နှစ်များ တဖြည်းဖြည်း တက်လာရာ တော်လှန်ရေး ကောင်စီအစိုးရတက်ပြီး နောက်ပိုင်း တွင်စိုက်ဧကတိုး တက်လာသကဲ့သို့အထွက်လည်း တိုးခဲ့ပါသည်။

၁၉၆၂-၆၃ ခုတွင်တရှိန်ထိုး တိုးတက်ခဲ့သည်၊ ထိုသို့တိုးတက် လာခြင်းမှာ ပဲခူး၊ မြောင်းမြ၊ ထားဝယ်နှင့်မြစ်ခရိုင်များ တွင်စမ်းသပ် စိုက်ပျိုးလာခြင်း၊ မြေလွတ်မြေရိုင်းများ တွင်လွယ်ကူစွာ စိုက်ပျိုးနိုင်ခြင်း၊ သုံး နှံစိုက်ပျိုးရေး စီမံကိန်းအရ (၃၀၂၄၈) ဧကတိုးချဲ့စိုက်ပျိုးရန်ရာထားသ ဖြင့်မြို့နယ်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မတီတို့က အဖက်ဖက်မှအားပေးကူညီခြင်း၊ သီးထပ်အမတော်ကြေးများ ထုတ်ချေးခြင်း၊ နိုင်ငံခြားအနုတ်အသိမ်းရှိသော သီးနှံဖြစ်၍အစိုးရက ဈေးထိန်းသိမ်းပေးခြင်း၊ စသည်တို့ကြောင့် တောင်သူ ဦးကြီးများ ပိုမိုစိုက်ပျိုးလုပ်ကိုင်လာကြသဖြင့်လွန်ခဲ့သောနှစ်ထက် (၈၁၅၀၉) ဧကတိုးလာပါသည်။

ပဲပါး လယ်မြေများ တွင်အနှံ့နေရာများ၌ သီးထပ်ပဲပါး စိုက် ပျိုးပြီး နောက်သုံးသီး စား အနေဖြင့်ရာသီဥတုအဆင် မပြေပါကကုလားပဲကို စိုက် ပျိုးကြသည့်အပြင်မိုး မညှိညွတ်၍ ပဲပါး မစိုက်နိုင် သောလယ်မြေများ တွင်နှမ်း လျှင် ပြီး နောက်မတ်ပဲကို ကောက်ကြီး သီးနှံအဖြစ် စိုက်ပျိုး ပါသည်။

ဇယား (၂-၆)

ပဲမျိုးစုံအမှန်အထွက်နှင့်အထွက်အလားအလာ

(ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်အထွက်	$\hat{Y}_t$ အထွက်အလားအလာ
1957-58	1	69.8	36.21
1958-59	2	75.1	104.58
1959-60	3	154.6	160.38
1960-61	4	135.1	204.78
1961-62	5	260.0	238.94
1962-63	6	317.4	264.03
1963-64	7	339.0	281.24
1964-65	8	275.0	291.72
1965-66	9	287.0	296.64
1966-67	10	259.0	297.18
1967-68	11	264.0	294.51
1968-69	12	315.0	289.79
1969-70	13	269.0	284.20
1970-71	14	285.0	278.91
1971-72	15	313.4	275.09
1972-73	16	264.7	273.90
1973-74	17	262.1	276.52
1974-75	18	310.6	284.12
1975-76	19	256.0	297.86
1976-77	20	337.7	318.92

Sources : ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ ၁၉၇၀-၇၁၊ ၁၉၇၂-၇၃
၁၉၇၇-၇၈။

(၁၉၆၃–၆၄) ခုနှစ်တွင်နိုက်ကေတိုးတက်လာခဲ့၍အထွက်မှာလည်း တိုးတက်လာခဲ့ပါသည်။ (၁၉၆၂–၆၃) ခုနှစ်တွင်မက်စ်ကိုပြည်ပသို့အများဆုံး တင်ပို့နိုင်ခဲ့လေရာ၊ တင်ပို့ဈေးနှုန်းမှာလည်း၊ တိုးမြှင့်ချက်ရှိသောကြောင့်ပိုမိုစိုက်ပျိုးလာကြပြီး အထွက်တိုး တက်ခဲ့ပေသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အရစံနစ်သစ်ဖြင့်လယ်ယာစိုက်ပျိုးမှုကိုအားပေးနေသည့်အချိန်တွင် တော်လှန်ရေးအစိုးရသည် တောင်သူလယ်သမားများအား အဖက်ဖက်မှတင်းပြည့်ကျပ်ပြည့်အားပေးကူညီနေသည့်နှင့်အမျှ စိုက်ပျိုးရေးစရိတ်ကိုအလုံအလောက်ထုတ်ချေးခြင်း၊ လယ်ယာအလုပ်သမားဝမ်းစာချေးငွေများကိုကုန်ပစ္စည်း (၁၃) မျိုးဖြင့်တန်ဖိုးပါရင်းအရထုတ်ချေးခြင်း၊ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းမှ ထွန်စက်များ ရေပုတ်စက်များကိုငှားရမ်းခြင်း၊ စိုက်ပျိုးရေးဌာနခွဲမှ မျိုးစေ့များ ဝေငှဖြန့်ဖြူးပေးခြင်း။ ဓါတ်မြေဩဇာများ ဖြန့်ဖြူး၍ဓါတ်မြေဩဇာများသုံးလေ့သုံးထမရှိသောဒေသများတွင်အသုံးပြုရန်ဟောပြောပညာပေးခြင်းများ ပြုလုပ်ခြင်း။ စိုက်ပျိုးရေးပညာဖြန့်ဖြူးသည့်စာရွက်စာတမ်းများ ဝေငှခြင်း၊ ဆည်မြောင်းဌာနခွဲမှဆည်မြောင်းတာတမံများပြုပြင်တည်ဆောက်ခြင်းစသည့်ဆောင်ရွက်မှုများကိုအားသွန်ခွန်စိုက်ဆောင်ရွက်ခဲ့ပေသည်။

နိုင်ငံတော်အစိုးရ၏ သီးထပ်သီးညှပ်စိုက်ပျိုးရေး စီမံကိန်းအရ ခရိုင်အများအပြားတွင်လယ်မြေပေါ်၌ ယင်းသီးနှံကိုသီးထပ်အဖြစ်စိုက်ပျိုးကြခြင်း၊ နောက်မိုးကောင်းသောကြောင့်ပိုမိုစိုက်ပျိုးကြခြင်း။ စိုက်ပျိုးရေးဌာနခွဲမှမျိုးများထုတ်ပေးခြင်း၊ နိုင်ငံခြားအနုတ်အာသိမ်းရှိသောသီးနှံဖြစ်၍အစိုးရကဈေးကွက်ထွင်ပေးခြင်းတို့ကြောင့်စိုက်ဧရိယာမှာလွန်ခဲ့သောနှစ်ထက် ၂၉၃၇၀ ဧက ရာခိုင်နှုန်းအားဖြင့်(၁၅) ရာခိုင်နှုန်းခန့်တိုးတက်လာခဲ့ပါသည်။ စိုက်ဧရိယာတိုးသည်နှင့်အမျှအောင်မြင်သည့်ဧရိယာနှင့်အထွက်လည်း

တိုး တက်လာရာသီး နှံအထွက်မှာ ၅၃၁၉၃ တန်သို့မဟုတ်၁၆၅၄၀၉၄တင်း (၇၂ ပေါင်ကိုက်)ဖြစ်ပါ၍လွန်ခဲ့သောနှစ်ထက်(၂၃၁၉၅၁)တင်း (၁၅) ရာခိုင်နှုန်း ခန့်တိုး လာကြောင်း တွေ့ရှိရပါသည်။

ယင်း နှစ်တွင်မတ်ပဲသီး နှံပျမ်း မျှခြင်း တဧကအထွက်မှာ (၈)တင်း ခန့်ဖြစ်၍လွန်ခဲ့သည့်နှစ်အထွက်ထက်ယုတ် လျော့ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ နောက်နှစ် ၁၉၆၄-၆၅ ခုတွင်စိုက်ဧကနှင့်အထွက်နှစ်ခုလုံး လျော့နည်း ခဲ့ပါသည်။ အကြောင်း ရင်း မှာ ရွှေဘိုနှင့်မိတ္ထီလာခရိုင်တို့တွင် ရာသီဥတုနှင့်ညီညွတ်သည့်ဝပါး သီး နှံကိုပိုမိုစိုက်ပျိုး ခြင်း ကြောင့်၄င်း ၊ မကွေး ခရိုင်တွင်ဆည် ရေလုံ လောက်ခြင်း ကြောင့်ဝပါး သီး နှံကိုပိုမိုစိုက်ခြင်း ကြောင့်၄င်း ၊ ပဝ်ကိုင်း ခရိုင်တွင် မြေ၊ ရေဂိ နှိန်မဖွံ့ခြင်း ၊ ကျောက်ဆည် နှင့်ပခုက္ကူခရိုင်တို့တွင်ယင်း သီး နှံအထွက်မိုး မလုံ လောက်ခြင်း ၊ မြင်း ခြံခိုင် တွင်စိုက်ပျိုး ရေး ဌာနမှယင်း နှစ်အဖို့မျိုး ထုတ်မပေး ခြင်း ၊ မင်း ဘူး ၊ သရက်၊ အင်း စိန်နှင့် မော်လမြိုင်ခရိုင်တို့တွင်ပဲ နောက်နှင့် မြေပဲကိုပိုမိုစိုက် ပျိုး ကြခြင်း ၊ ပဲခူး ၊ ဟံသာဝတီနှင့်သထုံခရိုင်တို့တွင်ယင်း သီး နှံ အောင်မြင် မှုနည်း ပါး သဖြင့် လျော့၍စိုက်ပျိုး ကြခြင်း ၊ ပုသိမ်ခရိုင်တွင်မူ နောက်မိုး နည်း သဖြင့်စိုက်ပျိုး ရန်အချိန် နောက်ကျခြင်း တို့ ကြောင့်မတ်ပဲအထွက် လျော့ နည်း ခဲ့ရပါသည်။

နောက်နှစ်များ တွင်စိုက်ဧက လျော့နည်း လာသည်နှင့်အညီအထွက်လည်း လျော့နည်း လာခဲ့ပေသည်။ ၁၉၆၆-၆၇တွင်စိုက်ဧကအနည်း ငယ်တက်လာပါသည်၊ လွန်ခဲ့သည့်နှစ်ထက် ၁၀၉၄၉ ဧကပိုပါသည်။ အနှခရိုင်တွင် စီမံကိန်း အရစိုက်ကြ၍၄င်း ၊ အထက်မြန်မာပြည်၊ မုံရွာဝဝ်ကိုင်း ခရိုင်တို့ တွင်မြစ်ရေကြီး ၍၄င်း ၊ အောက်မြန်မာပြည် မှော်ဘီ၊ မအူပင်၊ ဖျာပုံနှင့် ပုသိမ်ခရိုင်တို့တွင် ရေး ကြီး ၊ နစ်မြုပ်၍၄င်း ၊ ပျက်စီး သွား သောစိုက် မြေ တွင်မတ်ပဲကိုအပေါ: ထိုး စိုက်ကြသဖြင့်၄င်း ၊ မြစ်ကြီး နား ၊ မန္တလေး ၊ ပြည် နှင့် မြောင်း မြခရိုင်များ တွင် ဈေး ကောင်း ရပြီး ပဲ မှော်ကိုတိရစ္ဆာန်အ

စာအဖြစ်အသုံးပြုရန်အတွက်ပိုမိုစိုက်ပျိုးကြ၍၎င်း ဖြစ်ပါသည်။ မတ်ဝမှာအချို့ဒေသတွင်ရာသီဥတု မြေဆီ၊ မြေနှစ်နှင့်မကိုက်ညီ၍၎င်း ၊ စိုက်ပျိုးနည်း မမှန်ကန်သဖြင့်၎င်း ၊ ယခင်နှစ်အတွက်နှုန်း ထက် ၁.၀၉ တင်း လျော့နည်းသွားသောကြောင့် စိုက်ဧရိယာတိုးလာသော်လည်း အထွက်ကျင်မှုလွန်ခဲ့သည့်နှစ်ထက်(၁၅၆၄၁၁)တင်းရာ နိုင်နှုန်းအားဖြင့်(၁၄) ရာခိုင်နှုန်းခန့် လျော့နည်းသွားပါသည်။

နောက်နှစ်များတွင်ဆက်တိုက် ၁၉၆၉–၇၀ ခုနှစ်အထိ စိုက်ဧက လျော့နည်းလာသဖြင့်အထွက်ပါ လျော့နည်းလာခဲ့ပေသည်။ ထိုသို့ လျော့ကျရခြင်း၏ အဓိကအကြောင်းရင်းမှာ၊ ဝစ်ကိုင်း မုံရွာ၊ မိတ္ထီလာ၊ သာယာဝတီ၊ မှော်ဘီ တောင်ငူ၊ မော်လမြိုင်၊ ဟင်္သာတ၊ မအူပင်၊ မြောင်းမြနှင့်ပုသိမ်ခရိုင်များ တွင်ယင်းသီးနှံစိုက်ပျိုးခြင်းဖြင့်ဝင်ငွေနည်းသဖြင့်အခြား ဈေးကောင်း သောပဲအမျိုးမျိုးနှင့် မြေပဲတို့ကိုစိုက်ပျိုးသောကြောင့်၎င်း ၊ ရမည်းသင်း ခရိုင်တွင်မိုးကောင်းသဖြင့်ဝပါး ပိုမိုစိုက်ပျိုးသောကြောင့်၎င်း ဖြစ်ပါသည်။

၁၉၇၀–၇၁ မှဝ၍ စိုက်ဧက ရောအထွက်ပါတိုး တက်မှုရှိလာ ပါသည်၊ ၁၉၇၀–၇၁ ခုနှစ်တွင်ပြန်လည်တိုး တက်စိုက်ပျိုး လာခြင်းမှာ စိုက်ပျိုး ရေးကြီးကြပ်မှုကော်မီတီများ ကဝည်း ရုံးပညာပေးမှုကြောင့်၎င်း ၊ ဝပါး အပြီးသီးထပ်အဖြစ်ပိုမိုစိုက်ပျိုးကြ၍၎င်း ၊ ရာသီဥတုအဆင်ပြေသည့်အတွက်ကြောင့် ၎င်း ၊ မိုးနှောင်း ကောင်းသဖြင့် အောက်အပိုဓါတ်အား ကောင်းခြင်းနှင့် မိုးမှားများကျရောက်မှုအန္တရာယ်ကင်းရှင်းခြင်းတို့ကြောင့်၎င်း ၊ အထွက် နှုန်း (၅.၅၄) တင်း ထွက်ခဲ့သဖြင့်လွန်ခဲ့သည့်နှစ်အထွက်နှုန်း ထက်(.၅၇) တင်း ပို မိုထွက်ခဲ့ပါသည်။ ဝုဝု ပေါင်း အထွက်(၆၄၊၄၆၁၁) တင်း ဖြစ်သဖြင့်လွန်ခဲ့သည့် နှစ်အထွက်ထက်(၁၀၆၀၂၆) တင်း ရာနှုန်း အားဖြင့် ၂၄ % ပိုမိုထွက်ခဲ့သည်။

စိုက်ဧရိယာနှင့်အတူအထွက်ပါတိုး တက်လာရာ ၁၉၇၂–၇၃ ခုတွင်မူစိုက်ဧကအနည်း ငယ် လျော့နည်း သွား သော်လည်း အထွက်တိုး လာသည်ကို တွေ့ရပါသည်။ အကြောင်း မှာဝစ်ကိုင်း နှင့်မကွေး တိုင်း တို့တွင်မိုး ခေါင် ခြင်း ကြောင့်၎င်း ၊ နှစ်ဝဉ်မြစ် ရေတိုး ၍သာမန် ရေ ရောက် နေကြ နေရာ များ ကို ရေလွှမ်း မိုး မှုမရှိ၍၎င်း မိုး ရာသီစိုက်ဧရိယာအများ အပြားလျော့

နည်း ခြင်း ဖြစ်ပါသည်။ သို့သော်လည်း အထွက်နှုန်း မှာတိုး တက်ခဲ့ပါသည်။ ထိုသို့ပိုမို ခြင်း မှာအထက်မြန်မာပြည်တွင်မိုး ခေါင်သဖြင့်အများ အား ဖြင့်အထွက်နှုန်း အနည်း ငယ် လျော့နည်း သော်လည်း အောက်မြန်မာပြည်တွင် ဆောင်း ရာသီ၌အများ အပြား စိုက်ပျိုး သည့်ဧရာဝတီတိုင်း အတွင်း အပင်ဖြစ်ထွန်း ချိန်တွင်ဆီးနှင်း လုံ လောက်စွာရရှိသည့်အပြင် မိုး များ ဖျက်ဆီး မှုနည်း ပါး ခြင်း ကြောင့်ဖြစ်သည်၊ ၄၄ ပေါင်း အထွက်(၁၀၀၆၃၉၀)တင်း သို့မဟုတ်(၃၂၃၄၀)တန်ခန့်ဖြစ်သဖြင့်မိုး စိုက်အထွက်(၂၀၀၇၉)တင်း နှင့် ဆောင်း စိုက်အထွက် (၉၆၀၃၁၁)တင်း ဖြစ်ပါသည်။ လွန်ခဲ့သည့်နှစ်ကထက်(၁၀၀၅၂၀)တင်း သို့မဟုတ်(၃၂၃၁)တန်ခန့်ရာနှုန်း အား ဖြင့်(၁၇) % ပိုမိုပါသည်။ အထူး သဖြင့်မတ်ပဲအများ အပြား စိုက်ပျိုး သောဧရာဝတီတိုင်း တွင် အောင်ဧရိယာနှင့်အထွက်နှုန်း ပိုမိုခြင်း ကြောင့်ဖြစ်ပါသည်။

နောက်ပိုင်း နှစ်များ (၁၉၇၃-၇၄) မှဝတင်း၌ စိုက်ဧကနှင့်အထွက်ပါအနည်း ငယ် လျော့နည်း လာရာ၁၉၇၅-၇၆အထိ လျော့ကျလာပြီး ၁၉၇၆-၇၇တွင်ပြန်လည်တိုး တက်လာသည်ကို လေ့လာ တွေ့ရှိရပါသည်။

မတ်ပဲစိုက်ဧကနှင့်အထွက်ကိုအနှစ် နှစ်ဆယ်အတွက်(၁၉၅၇-၅၀)မှ(၁၉၇၆-၇၇)အထိ လေ့လာကြည့်ရာမတ်ပဲစိုက်ဧကအလား အလာမျဉ်း သည်ကိန်း သေဖြစ် နေသည်ကို တွေ့ရပါသည်။ အလား အလာမျဉ်း မှာ

$\hat{Y}_t = 163.45$ စိုက်ဧက(ထောင် ပေါင်း)ဖြစ်ပါသည်။ အထွက်၏အလား အလာမျဉ်း မှာလည်း ကိန်း သေဖြစ် နေပြီး အထွက်ခန့်မှန်း ကိန်း

$\hat{Y}_t = 30.00$ တန်(ထောင် ပေါင်း)ဖြစ်သည်ကို တွေ့ရပါသည်။

စိုက်ဧကနှင့်အထွက်တို့ကိုဇယား (၂-၇) နှင့်(၂-၀) တွင် ဖော်ပြထား ပြီး ပုံကား ချပ်(၂-၃) နှင့်(၂-၄) တွင် ဖော်ပြထား ပါသည်။

<u>ထောပတ်ပဲစိုက်ဧကနှင့်အထွက်ကို လေ့လာခြင်း</u> ။

ထောပတ်ပဲအထွက်ကို၁၉၅၇-၅၀မှ၁၉၇၆-၇၇အထိနှစ်(၂၀) အတွက် လေ့လာထား ပါသည်။ ထောပတ်ပဲအမှန်အထွက်နှင့်ခန့်မှန်း အထွက်ကိုဇယား

ဇယား (၂-၇)

မတ်ပဲအမှန်စိုက်ဧကနှင့်စိုက်ဧကအလားအလာ

(ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်စိုက်ဧက	$\hat{Y}_t$ စိုက်ဧကအလားအလာ
1957-58	1	73.0	163.45
1958-59	2	138.0	163.45
1959-60	3	152.0	163.45
1960-61	4	119.0	163.45
1961-62	5	123.0	163.45
1962-63	6	204.0	163.45
1963-64	7	234.0	163.45
1964-65	8	216.0	163.45
1965-66	9	192.0	163.45
1966-67	10	203.0	163.45
1967-68	11	175.0	163.45
1968-69	12	158.0	163.45
1969-70	13	130.0	163.45
1970-71	14	135.0	163.45
1971-72	15	189.0	163.45
1972-73	16	184.0	163.45
1973-74	17	164.0	163.45
1974-75	18	164.0	163.45
1975-76	19	121.0	163.45
1976-77	20	195.0	163.45

Sources : ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ၁၉၇၀-၇၁၊ ၁၉၇၂-၇၃၊ ၁၉၇၇-၇၀။

ဇယား (၂ - ၀)

မတ်ပဲအမှန်အထွက်နှင့်အထွက်အလားအလာ

(တန်ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်အထွက်	$\hat{Y}_t$ အထွက်အလားအလာ
1957-58	1	19.0	30.0
1958-59	2	32.0	30.0
1959-60	3	28.0	30.0
1960-61	4	31.0	30.0
1961-62	5	27.0	30.0
1962-63	6	46.0	30.0
1963-64	7	53.0	30.0
1964-65	8	47.0	30.0
1965-66	9	38.0	30.0
1966-67	10	33.0	30.0
1967-68	11	26.0	30.0
1968-69	12	21.0	30.0
1969-70	13	17.0	30.0
1970-71	14	21.0	30.0
1971-72	15	29.0	30.0
1972-73	16	32.0	30.0
1973-74	17	24.0	30.0
1974-75	18	23.0	30.0
1975-76	19	15.0	30.0
1976-77	20	38.0	30.0

Sources : - ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ၁၉၇၀-၇၁၊ ၁၉၇၂-၇၃၊ ၁၉၇၇-၇၈။

(၂-၁၀) တွင် ဖော်ပြထားပြီး ပုံကားချပ်ကိုပုံကားချပ် (၂-၆) တွင် ဖော်ပြထားပါသည်။ ထောပတ်ပဲအမှန်ဝိုက်ကေနှင့်ခန့်မှန်း ဝိုက်ကေကိုဇယား (၂-၉) တွင် ဖော်ပြထားပြီး ပုံကားချပ်ကို၊ ပုံကားချပ် (၂-၅) တွင် ဖော်ပြထားပါသည်။

အထွက်နှင့်ဝိုက်ကေတို့၏အလားအလာခန့်မှန်းမျဉ်းများမှာ မျဉ်းကွေးပုံသဏ္ဍာန် တွေ့ရပါသည်။

၁၉၅၇-၅၈ ခုနှစ်မှ တော်လှန်ရေး ကောင်စီမှနိုင်ငံတော်အာဏာကိုလွှဲပြောင်းယူသည့်အချိန်ကာလအထိဝိုက်ကေအနည်းငယ်တက်လာသကဲ့သို့ အထွက်မှာလည်းအနည်းငယ်ပိုတိုးတက်ခဲ့ပါသည်။ ၁၉၆၂-၆၃နှင့်၁၉၆၃-၆၄ တို့တွင်ဝိုက်ကေတဂ္ဂိန်တိုး တိုးတက်ခဲ့ပါသည်။ ၁၉၆၂-၆၃ခုနှစ်တွင်ယခင်နှစ်ကထက်ဈေးသင့်တင့်ခြင်း၊ နိုင်ငံခြားအနှုတ်အသိမ်းများ သောသီးနှံဖြစ်၍အဝိုးရကဈေးထိန်းသိမ်းပေးခြင်း၊ မိုးဥတုအဆင်ပြေခြင်း၊ သီးနှံဝိုက်ပျိုးရေး ဝိမံကိန်းအရတိုးချဲ့ဝိုက်ပျိုးရန်လျာထားချက်ရှိသဖြင့်လုံခြုံရေးနှင့်အုပ်ချုပ်မှုကော်မီတီကအဘက်ဘက်မှအားပေးကူညီခြင်းတို့ကြောင့် တောင်သူလယ်သမားများသည်ဝင်ငွေပိုမိုရရှိရေးကိုမျှော်မှန်းလျက်အင်တိုက်အားတိုက်ဝိုက်ပျိုးလုပ်ကိုင်ကြခြင်းတို့ကြောင့်ဝိုက်ဧရိယာသည်လွန်ခဲ့သောနှစ်ကထက် (၃၄၀၂၃) ဧကတိုးတက်လာပါသည်။

၁၉၆၃-၆၄ခုနှစ်တွင် ထောပတ်ပဲဝိုက်ဧရိယာမှာလွန်ခဲ့သည့်နှစ်ကထက်(၄၆၀၀၈)ဧကတိုးတက်လာပါသည်။ ယင်းသို့တိုးလာခြင်းမှာခရိုင်အများအပြားတွင်ပဲကြားသီးနှံအဝါး ထောပတ်ပဲကိုပိုမိုဝိုက်ပျိုးကြခြင်း၊ အဝိုးရကဝိုက်ပျိုးရန်အားပေးခြင်းကြောင့်တနှစ်ထက်တနှစ်ပိုမိုဝမ်းသပ်ဝိုက်ပျိုးကြခြင်း၊ ဝိုက်ပျိုးမှုလွယ်ကူခြင်းနှင့်သီးနှံအထွက်ကောင်းခြင်းတို့ကြောင့် ပိုမိုဝိုက်ပျိုးကြခြင်း၊ ဝိုက်ပျိုးရေးဌာနခွဲမှမျိုးများဖြန့်ဖြူးပေးခြင်း ကျောက်ဆည်ခရိုင်တွင် အောက်ထိုဘာလရွာသွန်းသောမိုးကြောင့်ပျက်စီးသွားသောသီးနှံများနေရာတွင်ယင်းသီးနှံများကိုဝိုက်ပျိုးခြင်း၊ ပခုက္ကူခရိုင်

ဇယား (၂-၉)

ထောပတ်ပဲအမှန်ဖိုက်ဈေးနှင့်ဖိုက်ဈေးအလားအလာ

(ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်ဖိုက်ဈေး	$\hat{Y}_t$ ဖိုက်ဈေးအလားအလာ
1957-58	1	34.0	37.48
1958-59	2	64.0	57.28
1959-60	3	68.0	75.61
1960-61	4	73.0	92.47
1961-62	5	72.0	107.85
1962-63	6	107.0	121.76
1963-64	7	153.0	134.20
1964-65	8	160.0	145.17
1965-66	9	180.0	154.66
1966-67	10	217.0	162.68
1967-68	11	176.0	169.23
1968-69	12	147.0	174.30
1969-70	13	142.0	177.90
1970-71	14	132.0	180.03
1971-72	15	196.0	180.68
1972-73	16	207.0	179.87
1973-74	17	183.0	177.58
1974-75	18	180.0	173.81
1975-76	19	158.0	168.58
1976-77	20	164.0	161.87

Sources : - ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ၁၉၇၀-၇၁၊ ၁၉၇၂-၇၃၊ ၁၉၇၇-၇၈။

ဇယား (၂-၁၀)

ထောပတ်ဝဲအမှန်အထွက်နှင့်အထွက်အလားအလာ
(ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်အထွက်	$\hat{Y}_t$ အထွက်အလားအလာ
1957-58	1	9.2	6.16
1958-59	2	11.7	9.80
1959-60	3	13.9	13.21
1960-61	4	11.0	16.40
1961-62	5	11.5	19.35
1962-63	6	14.5	22.08
1963-64	7	31.9	24.57
1964-65	8	29.9	26.84
1965-66	9	36.4	28.88
1966-67	10	37.0	30.68
1967-68	11	34.0	32.26
1968-69	12	32.0	33.61
1969-70	13	26.0	34.72
1970-71	14	29.0	35.61
1971-72	15	40.6	36.27
1972-73	16	36.0	36.70
1973-74	17	40.6	36.90
1974-75	18	36.4	36.86
1975-76	19	34.0	36.60
1976-77	20	38.0	36.11

Sources း - ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ၁၉၇၀-၇၁၊
၁၉၇၅-၁၉၇၃၊ ၁၉၇၇-၇၀။

တွင် ပြောင်းဖူး သီးနှံအစား စိုက်ပျိုးခြင်း ကြောင့်ဖြစ်ပါသည်။ စိုက်ဧရိယာ တိုး တက်သည့်အလျောက် အောင်ဧရိယာနှင့်အထွက်မှာလည်း တိုး လာပါသည်။ သီး နှံအထွက်မှာ (၃၁၀၅၉)တန်သို့မဟုတ်(၆၉)ပေါင်ကိုက်(၁၀၃၄၂၆၁)တင်း ဖြစ်၍ လွန်ခဲ့သည့်နှစ်ထက် (၅၆၅၁၁၄)တင်း တိုး လာပါသည်။ ယင်း သို့တိုး လာခြင်း မှာ ရာသီဥတုအဆင် ပြေခြင်း နှင့် နောက်မိုး ကောင်း၍အပျက်အစီး နည်း ခြင်း တို့ကြောင့်ဖြစ်ပါသည်။ ယင်း နှစ်အတွက် ထောပတ်ပဲသီး နှံတဧကပျမ်း မျှ ခြင်း အထွက်မှာ(၇)တင်း ခန့်ဖြစ်၍လွန်ခဲ့သည့်နှစ်အထွက်မှာ(၅.၆)တင်း ဖြစ် သည်။

၁၉၆၄-၆၅ ခုတွင်စိုက်ဧကအနည်း ငယ်တိုး လာသော် လည်း အထွက်မှာ လျော့နည်း ခဲ့ပါသည်။ စိုက်ဧရိယာတိုး ခြင်း မှာ မော်လိုက်၊ စစ် ကိုင်း ၊ မန္တလေး ၊ မိတိလာ၊ မြင်း ခြံရမည်း သင်း ၊ ပခုက္ကူ၊ မင်း ဘူး ၊ သရက် သာယာဝတီနှင့်ဘား အံခရိုင်တို့တွင်အရောင်း အဝယ် ဈေး ပိုရသဖြင့် မြေပဲ၊ စ ပါး ၊ စတော်ပဲသီး နှံအစား ၊ ယင်း သီး နှံကိုပိုမိုစိုက်ပျိုး ခဲ့၍ဖြစ်ပါသည်။ အထွက် လျော့နည်း ရခြင်း မှာ ပုသိမ်ခရိုင်တွင်မိုး ဦး နောက်ကျခြင်း ကြောင့်၎င်း ၊ ထားဝယ်ခရိုင်တွင်မိုး ဦး မညီညွတ်ခြင်း ကြောင့်၎င်း သီး နှံပျက်စီး ခြင်း များ ရှိခဲ့ပါသည်။ မြန်မာပြည်အထက်ပိုင်း တွင်မိုး ဦး မိုး နှောင်း များ ၍ ရေကြီးနစ် မြုပ်ခြင်း ကြောင့်၎င်း ၊ မြန်မာပြည်အလယ်ပိုင်း တွင်မြစ် ရေဝင်ခြင်း ချောင်း ရေလျှံခြင်း တို့ကြောင့်၎င်း ၊ မော်လိုက်ခရိုင်တွင်မြစ် ရေတိုး ခြင်း နှင့်မုန်တိုင်း ကျခြင်း မိုး သီး ကြွေခြင်း ကြောင့်၎င်း သီး နှံအထွက် လျော့နည်း ခဲ့ပါသည်။ ယင်း သို့ရာသီဥတုမညီညွတ်သည့်အပြင် [illegible] မိုး များ ကျခြင်း ကြောင့်ပဲ အထွက် လျော့နည်း ခဲ့ပါသည်။

၁၉၆၅-၆၆ မှ ၁၉၆၆-၆၇ ခုနှစ်အထိတိုး တက်မှုရှိလာသည် ကို တွေ့ရပါသည် ၁၉၆၆-၆၇ တွင်စိုက်ဧရိယာမှာလွန်ခဲ့သည့်နှစ်ထက်(၃၆၇၅၀) ဧကတိုး လာပါသည်။ မော်လိုက်နှင့် တောင်ကြီး ခရိုင်များ တွင် ဈေး ကောင်း ရ သဖြင့်ပိုမိုစိုက်ကြခြင်း ၊ မကွေး ခရိုင်၊ စစ်ကိုင်း ၊ မင်း ဘူး ခရိုင်တို့တွင် ဆောင်း

ကြက်သွန်၊ နှမ်းကြီး ၊ ပဲဖြူလေး စသည့်သီး နှံအသီး သီး တို့မစိုက်နိုင်ကြသည့် နေရာ တွင်ယင်း သီး နှံကိုအစား ထိုး စိုက်ပျိုး ခဲ့ပါသည်။ မိတ္ထီလာခရိုင်တွင်နှမ်း လျှင်နှင့် သီး ထပ်အဖြစ်စိုက်ကြခြင်း ကြောင့်စိုက်ဧရိယာတိုး တက်ခဲ့ပါသည်။ စိုက်ဧရိယာတိုး တက်သည်နှင့် လျော်ညီစွာရာသီဥတုမှာလည်း သင့်တင်းခြင်း ၊ စိုက်ပျိုး ရေး ဌာ နခွဲများ မှပညာပေး မှုများ ၊ လယ်ယာနှင့်လုပ်ငန်း ပေါင်း စုံသမဝါယမအ သင်း အကွဲများ ၏ ဆောင်ရွက်ကူညီမှုတို့ ကြောင့်အထွက်မှာလည်း တိုး တက်ခဲ့ပါသည်။

နောက်နှစ်များ မှာစိုက်ဧက လျော့နည်း လာရာ ၁၉၇၀- ၇၁အထိ လျော့နည်း ခဲ့ပါသည်။ ၁၉၇၀-၇၁တွင် ၁၉၆၉-၇၀ခုထက်စိုက်ဧရိယာ လျော့နည်း ခဲ့ သော်လည်း ၊ အထွက်မှာတိုး တက်ခဲ့ပါသည်။ ၁၉၇၀-၇၁ခုတွင် ထော ပတ်ပဲကိုအထက်မြန်မာပြည်ခရိုင်များ တွင်အများ အပြား စိုက်ပျိုး ကြ၍ ပဲခူး တိုင်း ဧရာဝတီတိုင်း နှင့်ရှမ်း ပြည်နယ် တောင်ကြီး ခရိုင်တို့တွင်အနည်း ငယ်စိုက်ပျိုး ကြ သည်။ ထောပတ်ပဲစိုက်ဧရိယာ(၁၃၁၉၆၆)ဧကဖြစ်၍ မိုး ရာသီစိုက်ဧရိယာ (၉၀၆၃၃)ဧကနှင့် ဆောင်း ရာသီစိုက်ဧရိယာ (၄၁၃၃၃) ဧကဖြစ်ပါသည်။ လွန် ခဲ့သည့်စိုက်ဧကထက် (၁၀၀၄၃)ဧက လျော့နည်း ပါသည်။ မန္တလေး ခရိုင်များ တွင် မိုး အခက်အခဲ ကြောင့်၄င်း မိတ္ထီလာခရိုင်တွင် ထောပတ်ပဲစိုက်ကွက်များ အပေါ် မြေပဲနှင့်ဝါများ တိုး ၍စိုက်ပျိုး ခြင်း နှင့်ချည်မျှင်ရှည်ဝါ ကောက်ချိန်တွင်မိုး များ နေ၍ဝါ ကောက် နောက်ကျသည့်အတွက် ထောပတ်ပဲစိုက်ရန်အချိန် နောက်ကျသွား ၍ ၄င်း ။ မြင်း ခြံခရိုင်တွင်ဝါဗိမံကိန်း အရတိုး ၍စိုက်သဖြင့် ထောပတ်ပဲစိုက်ရန် မြေ လျော့နည်း သွား သဖြင့်၄င်း ၊ သာယာဝတီခရိုင်နှင့်မအူပင်ခရိုင်များ တွင် ဝင်ငွေ ကောင်း သော ဆောင်း မြေပဲကိုပိုစိုက်ပျိုး ၍၄င်း စိုက်ဧရိယာပိုမို လျော့နည်း ခြင်း ဖြစ်ပါသည်။ သို့ရာတွင်မုံရွာနှင့် ကျောက်ဆည်ခရိုင်တို့တွင်ဗိမံ ကိန်း အရတိုး ၍စိုက်ပျိုး ကြ၍လွန်ခဲ့သည့်နှစ်စိုက်ဧရိယာထက် လျော့ကျခြင်း ဖြစ်ပါ သည်။

ရာသီဥတုသင့်တင့်ညီညွတ်ခြင်း နှင့်ဓါတ်မြေဩဇာအသုံး ပြု ခြင်း တို့ ကြောင့်အထွက်နှုန်း ၇.၃ ရတင်း ဖြစ်၍လွန်ခဲ့သည့်နှစ်အထွက်နှုန်း ထက်

၀.၆၁တင်း ပိုမိုပါသည်။ စုစုပေါင်း အထွက် (၉၃၃၆၀၂)တင်း ဖြစ်၍လွန်ခဲ့သည့် နှစ်အထွက်ထက် ၇၇၇၀၁တင်း ပိုမိုပါသည်။ အထွက်နှုန်း တိုး၍ဖြစ်ပါသည်။

၁၉၇၁-၇၂တွင်စိုက်ဧရိယာတိုး တက်လာသည်နှင့်အညီအထွက် လည်း တိုးတက်ခဲ့သည်။ ၁၉၇၂-၇၃ခုတွင်စိုက်ဧကတိုး တက်ခဲ့သော်လည်း အထွက်မှာ မူ ၁၉၇၁-၇၂ထက် လျော့နည်း ခဲ့သည်ကို တွေ့ရပါသည်။ ၁၉၇၂-၇၃ခုတွင် ထော ပတ်ပဲကိုအထက်မြန်မာပြည်စစ်ကိုင်း မန္တလေး နှင့်မကွေး တိုင်း တို့တွင်အများ အပြား စိုက်ပျိုး ကြပါသည်။ ယင်း နှစ်အတွင်း စိုက်ဧရိယာ (၂၀၇၄၄၃)ဧကဖြစ်၍ ယင်း ဧရိယာတွင်မိုး စိုက်(၁၄၀၄၁၆)ဧကနှင့် ဆောင်း စိုက်(၅၉၁၂၇)ဧကပါဝင် ပါသည်။ လွန်ခဲ့ သောနှစ်ထက် (၁၁၁၄၃)ဧကပိုရာမိုး(၁၁၀၂၈)ဧကနှင့် ဆောင်း စိုက် (၁၁၅၂)ဧကပိုမိုပါသည်။ စစ်ကိုင်း မန္တလေး နှင့်မကွေး တို့တွင် ထောပတ်ပဲ ကိုဗိမိကိန်း ပြည့်မှီ စေရန်လည်း ဂုံး စိုက် စေခြင်း နှင့် စျေး နှုန်း ကောင်း ခြင်း တို့ ကြောင့်ဖြစ်ပါသည်။ မန္တလေး ၊ စစ်ကိုင်း ၊ မကွေး တိုင်း တို့နှင့်ရှမ်း ပြည်နယ် တို့တွင်မိုး ပိုမို ခေါင်သဖြင့်အထွက် (၁၁၆၉၅၀၀)တင်း သို့မဟုတ် (၃၆၀၂၅)တန် ခန့်ဖြစ်၍လွန်ခဲ့ သောနှစ်ကထက် (၁၄၉၇၀၃)တင်း သို့မဟုတ်(၄၆၁၁)တန်ခန့် လျော့သွား ပါသည်။ အထွက်နှုန်း လျော့သွား ခြင်း ကြောင့်ဖြစ်ပါသည်။

၁၉၇၃-၇၄ခုတွင်စိုက်ဧကမှာ ၁၉၇၂-၇၃နှင့်ယှဉ် သော်ကျဆင်း သွား သော်လည်း အထွက်မှာမူ ၁၉၇၂-၇၃ထက်များ ပြား ခဲ့ ပါသည်။ ထောပတ်ပဲကိုမန္တလေး တိုင်း မကွေး တိုင်း တို့နှင့်စစ်ကိုင်း တိုင်း တို့ တွင်အများ အပြား စိုက်ပျိုး သောတိုင်း များ ဖြစ်ခဲ့ပါသည်။ သို့သော်စိုက်ပျိုးချိန် ၌မိုး များ ပြီး စိုက်ချိန်မမှီခြင်း ကြောင့်၄င်း ၊ ဆီ စျေး ကောင်း ၍မိုး မြေပဲ နှင့်နှမ်း လှုင် ပြောင်း စိုက်၍၄င်း စိုက်ဧရိယာ လျော့နည်း ခြင်း ဖြစ်ပါသည်။ အချို့ သောတိုင်း များ တွင်စိုက်ပျိုး ချိန်၌မိုး များ ၍အပင်ငယ်များ ထိခိုက်ပျက် စီး ခြင်း လည်း ဖြစ်ခဲ့ပါသည်။ ထို့ကြောင့်စိုက်ဧကများ လျော့နည်း ခဲ့ခြင်း ဖြစ် ပါသည်။ တဧကပျမ်း မျှအထွက်နှုန်း(၇.၇၁၇)တင်း ဖြစ်၍လွန်ခဲ့ သောနှစ်ကအထွက် နှုန်း (၆.၁၇)တင်း ထက်(၁.၅၄)တင်း မျှပိုမိုပါသည်။ မန္တလေး တိုင်း နှင့်မကွေး

တိုင်း ရှိတွင်မိုး ရွာသွန်း ခြင်း ကောင်း မွန်၍အစိုဓါတ်လုံ လောက်စွာရခြင်း ကြောင့်အထွက်နှုန်း ပိုမိုခဲ့ပါသည်။ ထို့ပါ၍အထွက်လည်း တိုး ခဲ့ပါသည်။

နောက်နှစ်ပိုင်း တွင်စိုက်ဧကလည်း လျော့နည်း လာသကဲ့သို့ အထွက်လည်း လျော့နည်း လာခဲ့ပါသည်။ ၁၉၇၆-၇၇တွင်စိုက်ဧကပိုမိုလာပြီး အထွက် လည်း တိုး တက်လာသည်ကို တွေ့ရှိပါသည်။

ယောပက်ဝဲအထွက်၏အလား အလာမျဉ်း မှာ ($\hat{Y}_t = 2.28 + 3.95t - 0.1t^2$) (အထွက်တန် ချိန် ပေါင်း) ဖြစ်၍ မျဉ်း ကွေး သဏ္ဍာန် ရှိပါသည်။ အထွက်မှာတက်သွား ပြီး နောက်ဆုံး အမြင့်အမှတ်သို့ ရောက်ရှိပြီး နောက် အနည်း ငယ်ပြန် လျော့ကျလာသည်ကို တွေ့ရပါသည်။

ယောပက်ဝဲ စိုက်ဧက၏အလား အလာမျဉ်း မှာလည်း အထွက် ၏ အလား အလာမျဉ်း ကဲ့သို့မျဉ်း ကွေး သဏ္ဍာန်ရှိပါသည်။ စိုက်ဧကအလား အလာမျဉ်း မှာ ($\hat{Y}_t = 16.204 + 22.01t - 0.74t^2$) (စိုက် ဧက ထောင် ပေါင်း) ဖြစ်ပါသည်။

(၁၉၅၇-၅၈) မှ (၁၉၆၆-၆၇) ခုနှစ်အထိစိုက်ဧကနှင့် အထွက်တို့တိုး တက်လာသည်ကိုပုံကား ချပ် (၂-၅) တွင် တွေ့ရှိနိုင်ပါသည်။ ယင်း နှစ်အပိုင်း အခြား တွင်ပြင်ပ ဈေး ကွက် ပေါက် ဈေး နှုန်း မှာလည်း တိုး တက်လာပြီး ပြည်ပသို့တင်ပို့မှုများ များ ပြား လာခြင်း ၊ ပြည်ပ ဈေး ကွက်သို့တင်ပို့သည့်တင်ပို့ ဈေး နှုန်း မှာလည်း မြင့်မား နေခြင်း တို့ ကြောင့်စိုက်ဧကနှင့်အထွက်တို့တိုး တက်လာခြင်း ဖြစ်ပါသည်။

(၁၉၆၆-၆၇) မှ (၁၉၇၁-၇၂) ခုနှစ်အထိတွင်စိုက်ဧက လျော့နည်း လာသည်ကို တွေ့ရပါသည်။ အကြောင်း မှာယင်း ကာလပိုင်း မှ ကျောက် တွင် ဈေး နှုန်း များ ကျဆင်း လာပြီး ယောပက်ဝဲအရည်အသွေး ပိုင်း မှာလည်းကျ ဆင်း လာ သော ကြောင့်ဖြစ်ပါသည်။

(၁၉၇၁-၇၂) နောက်ပိုင်း တွင် ဈေး နှုန်း များ ပြန်လည် တိုး တက်လာ သော ကြောင့်စိုက်ဧကမှာလည်း တိုး တက်လာသည်ကို တွေ့ရပါသည်။ ပြည်ပ ဈေး နှုန်း မှာလည်း များ ပြား လာပြီး ပြည်ပသို့တင်ပို့မှုများ လည်း တိုး တက်လာခဲ့ပါသည်။

<u>ပဲဖြူကလေး စိုက်ဧကနှင့်အထွက်ကို လေ့လာခြင်း။</u> ။

အညွှန်းကိန်း ၈ ၌ တ ပဲဖြူကလေး စိုက်ဧကနှင့်အထွက်ကို ၁၉၅၇-၅၈ မှ ၁၉၇၄-၇၅ အထိ (၁၈) နှစ်အတွက် လေ့လာထားပါသည်။ ပဲဖြူကလေး စိုက်ဧကနှင့်အထွက်မှာ တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာသည်ကို တွေ့ရပါသည်။

ပဲဖြူကလေး စိုက်ဧကသည် ၁၉၅၇-၅၈ မှစ၍ လျော့ကျလာခဲ့ရာ ၁၉၅၉-၆၀တွင် ရပ်တန့်သွားပါသည်။ ၁၉၆၀-၆၁တွင် မပြောင်းလဲဘဲ၊ ၁၉၆၁-၆၂မှစတင်မြင့်တက်လာရာ ၁၉၆၃-၆၄ သည် (၁၈) နှစ်ကာလအတွင်း စိုက်ဧကအမြင့်ဆုံး အခြေအနေဖြစ်ပါသည်။ စိုက်ဧကနည်းသည့်အတွက်မှာလည်း လျော့နည်းလာရာမှ ၁၉၆၃-၆၄ ခုတွင်တကြိမ်တည်း တိုးမြင့်တက်သွားခဲ့ပါသည်။

၁၉၆၃-၆၄ ခုနှစ်တွင်ပဲဖြူကလေး စိုက်ဧကတရှိန်ထိုး မြင့်တက်သွားခြင်း၏အကြောင်းရင်းမှာ ပဲဖြူကလေးကို တောင်သူလယ်သမားများ သုံးများလာသဖြင့်တိုး၍ စိုက်ပျိုးခြင်းကြောင့်၄င်း လွန်ခဲ့သော နှစ်က ဈေးကောင်းကောင်း –

ရသဖြင့်ပိုမိုပိုက်ပျိုးကြခြင်း ကြောင့်၄င်း ၊ မုံရွာခရိုင်တွင်ကြာဇံပက်များ ကဝယ်ခြင်း ကြောင့်၄င်း ပိုမိုပိုက်ပျိုးကြခြင်း ဖြစ်သည်။ ခရိုင်အချို့တွင်ပဲကြီး သီးနှံများ ကိုအချိန်မှီမပိုက်ပျိုးနိုင်သော မြေများ၌ ပဲဖြူကလေး သီးနှံကို ပြောင်းလဲပိုက်ပျိုးကြခြင်း တို့ကြောင့်ဖြစ်သည်။

ပိုက်ဧရိယာတိုးလာသည်နှင့်အမျှ အောင်ဧရိယာနှင့်အထွက်မှာလည်း တိုးလာပါသည်။ တော်လှန်ရေး အစိုးရတက်လာပြီး နောက်သီး ထပ်ပိုက်ပျိုး ရန်အားပေးလာခြင်း ၊မြစ်ကမ်း ဒေသများ တွင်မြစ်ရေအနှံ့အပြားတက်သဖြင့်နုံး တင် မြေနုရရှိသော ပိုက်ကြ ကောင်း မွန်ခြင်း ၊ သီးပွင့်ချိန်တွင် မိုး အဆင် ပြေသဖြင့်သီး ပွင့်များ ကောင်း မွန် အောင်မြင်ခြင်း တို့ကြောင့်ဖြစ်ပါသည်။

၁၉၆၄–၆၅ခုတွင်ပိုက်ဧကတရှိန်ကိုး လျော့နည်း သွား သည်နှင့်အမျှအထွက်မှာလည်း လျော့ကျသွား ခဲ့ပါသည်။ ယင်း သို့ဖြစ်ရသည့်အကြောင်းရင်းမှာ ရွှေဘို၊ မန္တလေး ၊ မိတ္ထီလာခရိုင်တို့တွင်အရောင်း အဝယ် ကောင်း သဖြင့် ယင်း သီး နှံအစား အရောင်း အဝယ် ကောင်း သည့်အခြား သီး နှံများ ကိုလွှဲပြောင်း ပိုက်ပျိုး ကြ၍၄င်း ၊ ကျောက်ဆည်ခရိုင်တွင်ပိုက်ပျိုး ချိန်၌ရာသီဥတုမညီညွတ်မှုကြောင့်၄င်း ၊ စစ်ကိုင်း ခရိုင်တွင် မြေလှပ်ထား မှုကြောင့်၄င်း ၊ မင်းဘူး ခရိုင်တွင်ယင်း သီး နှံပိုက် သော ဒေသများ ၌သဲ ကျောက်များ ဖုံး လွှမ်း မှုကြောင့်၄င်း ၊ ပိုက်ဧက လျော့နည်း ခဲ့ပါသည်။ ပိုက်ဧက လျော့နည်း လာသည်နှင့်အထွက်မှာလည်း လျော့နည်း ခြင်း ဖြစ်ပါသည်။

၁၉၆၄–၆၅ခုနှစ်မှစတင်၍ ၁၉၇၁–၇၂အထိပိုက်ဧက လျော့ကျခဲ့ပါသည်။ အထွက်မှာလည်း လျော့နည်း လာရာ ၁၉၇၀–၇၁ခုတွင်အထွက်နှုန်း အနည်း ငယ် ကောင်း သည်ကို တွေ့ရှိရသည်။ ထိုသို့ပိုက်ဧက လျော့နည်း လာခြင်း မှာပဲဖြူကလေး အစား အရောင်း ရသွက် သောဝါး တော်ပဲကိုပိုမိုပိုက်ပျိုး ကြ၍၄င်း အချို့ခရိုင်များ တွင်ပဲဖြူကလေး အစား ထောပတ်ပဲကိုပိုမိုပိုက်ပျိုး၍၄င်း ၊ ပဲကြီး နှင့်ငွန်တာပြောသီး နှံတို့ကို၄င်း အစား တိုး ပိုက်ပျိုး လာကြ၍တို

ဆို့တနှစ်ထက်တနှစ် လျော့နည်း လာခဲ့ခြင်း ဖြစ်ပါသည်။ ၁၉၇၀–၇၁နှင့်၁၉၆၉–၇၀ ခုနှစ်တို့ကိုနှိုင်း ယှဉ်ကြည့် သော်ပိုက်ကေအနည်း ငယ် လျော့နည်း သော်လည်း အထွက်မှာမူအနည်း ငယ်တိုး လာသည်ကို တွေ့ရပါသည်။ ထိုသို့တိုး လာခြင်း မှာမိုး ချောင်း ကောင်း မွန်သဖြင့် အောက် ခြေအပိုခါတ် ကောင်း ခြင်း ကြောင့်ဖြစ်ပါသည်။

၁၉၇၁–၇၂တွင်ပိုက်ကေလည်း လျော့နည်း လာပါသည်။ ၁၉၇၂–၇၃တွင်ပိုက်ဧကအနည်း ငယ်တိုး လာ သော်လည်း အထွက်မှာမူ လျော့ကျခဲ့ပါသည်။ ပိုက်ကေတိုး တက်လာခြင်း မှာမန္တလေး တိုင်း တွင်မျိုး မြေဝဲများ ရေနှုံးကြီး မြင့်သည့်အပြင်ဝယ်မရခြင်း ကြောင့် မြေဝဲအဝေး ဝဲဖြူက လေး ကိုပိုက်ကျိုး ကြ၍ ငင်း ၊ ဝဝ်ကိုင်း တိုင်း တွင် ဈေး ကောင်း ၍တိုး တက်ပိုက်ပျိုး ကြ၍ ငင်း ပိုက်ဧရိယာ ပိုမိုလာပါသည်။ အထွက်နှုံး မှာမူ လျော့ကျသွား သည်။ ထိုသို့ဖြစ်ရခြင်း အကြောင်း ရင်း ကား ဝဝ်ကိုင်း တိုင်း တွင်မိုး ဦး နှင့်မိုး နှောင်း နည်း ပါး ၍မိုး လည် သင့်တင်ရုံရှိပါသည်။ မိုး ရွာသွန်း မှုမပြည့်ဝှံခြင်း နှင့်မိုး နှောင်း ညှိဖျင်း မှုတို့ ကြောင့်အထွက်နှုံး လျော့ကျခဲ့ခြင်း ဖြစ်ပါသည်။ သို့ပါ၍အထွက်လည်း လျော့ကျခဲ့ရပါ သည်။

၁၉၇၄–၇၅ခုအထိပိုက်ကေ လျော့နည်း လာပါသည်။ ဝဲဖြူက လေး ကိုမန္တလေး တိုင်း ၊ ဝဝ်ကိုင်း တိုင်း တို့တွင်အနည်း ငယ်သာပိုက်ပျိုး ကြ၍တ နှစ်ထက်တနှစ် လျော့နည်း ပိုက်ပျိုး လျက်ရှိ သောဝဲဖြစ်ပါသည်။ ယင်း နှစ်အတွင်း ပိုက်ကေ ၃၀၃၃ကေဖြစ်၍လွန်ခဲ့သည့်နှစ်ကထက် ၅၄၀ကေ လျော့နဲပါသည်။ ဝဲ ဖြူက လေး အဝေး ဝွန်တာနီ၊ ဝွန်တာပြာ၊ ဝဲလွန်တို့ကိုအဝေး ထိုး ပိုက်ပျိုး ကြခြင်း နှင့်အချိုလုပ်ကွက်များ မှာကမ်း ပြိုခြင်း နှင့်သဲကြမ်း ဖုံး ခြင်း တို့ ကြောင့်ပိုက်ကေ လျော့နည်း ရခြင်း ဖြစ်ပါသည်။

ဝဲဖြူက လေး ၏ပိုက်ကေနှင့်အထွက်ကိုဇယား (၂–၁၁) နှင့် (၂–၁၂) တွင် ဖော်ပြထား ပြီး အမှန်ပိုက်ကေနှင့်ခန့်မှန်း ပိုက်ကေကိုပုံကား ချပ် (၂–၇) တွင်ငင်း အမှန်အထွက်နှင့်ခန့်မှန်း အထွက်ကိုပုံကား ချပ် (၂–၈) တွင်ငင်း ရေး ဆွဲတင်ပြထား ပါသည်။

ဇယား (၂-၁၁)

ဝဖြူကလေး အမှန်ထိုက်ကောနှင့် ထိုက်ကောအလားအလာ

(ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်ထိုက်ကော	$\hat{Y}_t$ ထိုက်ကောအလားအလာ
1957-58	1	27.0	26.85
1958-59	2	27.0	25.27
1959-60	3	20.0	23.69
1960-61	4	20.0	22.10
1961-62	5	22.0	20.52
1962-63	6	22.0	18.93
1963-64	7	31.0	17.35
1964-65	8	14.0	15.77
1965-66	9	11.0	14.18
1966-67	10	9.0	12.60
1967-68	11	6.0	11.01
1968-69	12	5.0	9.43
1969-70	13	5.0	7.85
1970-71	14	5.0	6.26
1971-72	15	4.0	4.68
1972-73	16	5.0	3.09
1973-74	17	4.0	1.51
1974-75	18	4.0	- 0.08

Sources :- ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ၁၉၇၁-၇၂၊ ၁၉၇၄-၇၅။

ဇယား (၂-၁၂)

ပဲဖြူကလေး အမှန်အထွက်နှင့်အထွက်အလားအလာ

(တန်ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်အထွက်	$\hat{Y}_t$ အထွက်အလားအလာ
1957-58	1	3.6	4.58
1958-59	2	3.4	4.32
1959-60	3	2.5	4.07
1960-61	4	3.1	3.82
1961-62	5	4.8	3.57
1962-63	6	5.4	3.32
1963-64	7	7.4	3.06
1964-65	8	2.9	2.81
1965-66	9	2.2	2.56
1966-67	10	1.8	2.31
1967-68	11	1.0	2.06
1968-69	12	0.9	1.80
1969-70	13	0.9	1.55
1970-71	14	1.1	1.30
1971-72	15	0.9	1.05
1972-73	16	0.8	0.80
1973-74	17	0.5	0.54
1974-75	18	0.6	0.29

Sources : - ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ၁၉၇၁-၇၂၊ ၁၉၇၄

ပဲဖြူကလေး၏ စိုက်ဧကအလားအလာခန့်မှန်းမျဉ်းမှာ ....

$\hat{Y}_t = 28.44 - 1.58t$ (စိုက်ဧကထောင်ပေါင်း) ဖြစ်ပါသည်။ ယင်းခန့်မှန်းမျဉ်းကိုကြည့်ခြင်းဖြင့် ပဲဖြူကလေးစိုက်ဧကသည် တနှစ်ထက်တနှစ်လျော့ကျလာသည်ကိုသိသာနိုင်ပါသည်။ ထို့အတူအထွက်၏အလားအလာခန့်မှန်းမျဉ်းမှာလည်း $\hat{Y}_t = 4.83 - 0.25t$ (အထွက်တန်ထောင်ပေါင်း) ဖြစ်၍အလားအလာမျဉ်းမှာမျဉ်းဖြောင့်ဖြစ်သော်လည်း တဖြည်းဖြည်းလျော့ကျလာသည်ကိုတွေ့ရသည်။ သို့ပါ၍ နောင်ကာလတွင်ပဲဖြူကလေးစိုက်ပျိုးမှုမှာပျောက်ကွယ်သွားနိုင်ရန်အလားအလာရှိပါသည်။ သို့ပါ၍ ပဲဖြူကလေးစိုက်ပျိုးမှုကိုထိရောက်စွာအားပေးရန်လိုအပ်လာပါသည်။

ကုလားပဲ စိုက်ဧကနှင့်အထွက်ကိုလေ့လာခြင်း ။

ကုလားပဲ စိုက်ဧကနှင့်အထွက်ကို ၁၉၅၇-၅၈ မှ ၁၉၇၄-၇၅ ခုနှစ်အထိ ၁၈ နှစ်အတွက် လေ့လာတင်ပြထားပါသည်။ ကုလားပဲ စိုက်ဧကနှင့်အထွက်မှာတည်ငြိမ်မှုနည်းပါးသော်လည်း တဖြည်းဖြည်းမြင့်တက်သွားသည်ကိုတွေ့ရပါသည်။ ကုလားပဲ စိုက်ဧကကိုဇယား (၂-၁၃) တွင်ဖော်ပြထားပါသည်။ ပုံကားချပ် (၂-၉) နှင့်ရေးဆွဲတင်ပြထားပါသည်။ ထို့နည်းတူအထွက်ကိုလည်း ဇယား (၂-၁၄) နှင့်ပုံကားချပ် (၂-၁၀) တွင်ဖော်ပြထားပါသည်။

၁၉၅၇-၅၈ တွင်စိုက်ဧက(၂၄၀)ထောင်ပေါင်းကျော်ကျော်ရှိခဲ့ရာမှ ၁၉၆၁-၆၂ တွင်စိုက်ဧကထောင်ပေါင်း(၂၈၅)ကျော်ထိတိုးတက်လာပါသည်။ ၁၉၆၀-၆၁ ခုနှစ်နှင့်နှိုင်းယှဉ်သော် ၁၉၆၁-၆၂ ခုတွင်စိုက်ဧကလျော့နည်းခဲ့ပါသည်။ အကြောင်းမှာအရောင်းအဝယ်အရှုတ်အသိမ်းနည်းခြင်း၊ စိုက်ချိန်တွင်နောက်မိုးနည်းခြင်းနှင့် ဈေးကောင်းသောအခြားမြေပဲမျိုးများပိုမိုစိုက်ပျိုးခြင်းကြောင့်စိုက်ဧကလျော့နည်းသွားရခြင်းဖြစ်ပေသည်။

၁၉၆၃-၆၄ ခုတွင်စိုက်ဧကတိုးတက်လာသည်နှင့်အညီအထွက်မှာလည်းတိုးတက်ခဲ့သည်။ ထိုသို့တိုးတက်လာခြင်းမှာ ခရိုင်အချို့တွင် ဝပါးစိုက်ရန်မိုးမလုံလောက်ခြင်းကြောင့်၎င်း၊ ဆည်ရေလုံလောက်စွာမရရှိ၍၎င်း၊ ဝပါး

ဇယား (၂-၁၃)

ဆူလား ပဲအမှန်ထိုက်ဝေကနှင့် ထိုက်ဝေတအလားအလာ

(ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်ထိုက်ဝေက	$\hat{Y}_t$ ထိုက်ဝေကအလားအလာ
1957-58	1	242.0	262.63
1958-59	2	246.0	271.23
1959-60	3	303.0	279.83
1960-61	4	331.0	288.42
1961-62	5	291.0	297.02
1962-63	6	348.0	305.62
1963-64	7	377.0	314.22
1964-65	8	271.0	322.82
1965-66	9	290.0	331.42
1966-67	10	290.0	340.02
1967-68	11	272.0	348.62
1968-69	12	410.0	357.22
1969-70	13	356.0	365.82
1970-71	14	358.0	374.42
1971-72	15	457.0	383.02
1972-73	16	449.0	391.62
1973-74	17	379.0	400.22
1974-75	18	373.0	408.82

Sources : ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ၊ ၁၉၇၁-၇၂၊ ၁၉၇၄-

ဇယား (၂-၁၄)

ကုလားပဲအမှန်အထွက်နှင့်အထွက်အလားအလာ

(တန်ထောင်ပေါင်း)

နှစ်	t နှစ်	Y_t အမှန်အထွက်	$\hat{Y}_t$ အထွက်အလားအလာ
1957-58	1	34.0	40.07
1958-59	2	30.0	41.99
1959-60	3	46.0	43.90
1960-61	4	35.0	45.82
1961-62	5	45.0	47.74
1962-63	6	71.0	49.65
1963-64	7	76.0	51.57
1964-65	8	54.0	53.49
1965-66	9	48.0	55.40
1966-67	10	43.0	57.32
1967-68	11	52.0	59.24
1968-69	12	80.0	61.15
1969-70	13	60.0	63.07
1970-71	14	70.0	64.99
1971-72	15	89.4	66.90
1972-73	16	60.3	68.82
1973-74	17	54.8	70.74
1974-75	18	66.0	72.65

Sources :- ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ ၁၉၇၁-၇၂၊ ၁၉၇၄-၇၅။

မပိုက်နိုင်သောလယ်မြေများတွင်ကုလားပဲပိုက်ပျိုးကြခြင်း၊ ခရိုင်အနှံ့တွင်ပျက်
စီးသွားသောစပါး၊ နှမ်းကြီး၊ ကြက်သွန်စသည့်သီးနှံများ နေရာတွင်ရာသီ
ဥတုအခြေအနေအရယင်းပဲများကိုအစားထိုးပိုက်ပျိုးနိုင်ခဲ့ခြင်း၊ အပိုးရက
သီးထပ်ပိုက်ပျိုးမှုကိုအားပေးသဖြင့်တောင်သူလယ်သမားများသည်စပါးအပြီး
တွင်၎င်းပဲကိုသီးထပ်အဖြစ်ပိုက်ပျိုးကြခြင်းတို့ကြောင့်ကုလားပဲပိုက်ပျိုးဧကမှာ
လွန်ခဲ့သည့်နှစ်ထက်တိုးလာခြင်းဖြစ်ပါသည်။ ထိုသို့ပိုက်ဧကတိုးသည်နှင့်အမျှအောင်ဧ
ရိယာတိုးလာခြင်း နောက်မိုးကောင်းသဖြင့်အထွက်ကောင်းခြင်းတို့ကြောင့်
ဖြစ်ပါသည်။

၁၉၆၄–၆၅ ခုပိုက်ဧကလျော့ကျလာခဲ့ပါသည်၊ အကြောင်းရင်း
မှာအထက်မြန်မာပြည်ရွှေဘို၊ စစ်ကိုင်း၊ မန္တလေးနှင့်ကျောက်ဆည်ခရိုင်တို့တွင်
ဂျုံနှင့်ဝါ၊ မွှေးရှည်သီးနှံများကိုပိုမိုပိုက်ပျိုးခြင်းကြောင့်၎င်း မြင်းခြံနှင့်ပ
ခုက္ကူခရိုင်တို့တွင်မိုးနှောင်းမိုးနည်းပြီး၊ မိတ္ထီလာခရိုင်တွင်နှင်းအလိုက်နည်း
၍၊ မင်းဘူးခရိုင်တွင်မိုးများသဖြင့်မြေကြပ်ခြင်းကြောင့်၎င်း၊ သရက်တောင်
ငူနှင့်ဟင်္သာတခရိုင်များတွင်အခြားသီးနှံများကိုလွှဲပြောင်းပိုက်ပျိုးကြသဖြင့်
၎င်းပိုက်ဧကလျော့နည်းသွားခဲ့ပါသည်။ ပိုက်ဧကလျော့သည်နှင့်အမျှအောင်မြင်
သည့်ဧရိယာလည်းလျော့၍အထွက်လည်းလျော့ကျခဲ့ပါသည်။

၁၉၆၆–၆၇ ခုနှစ်တွင်ပိုက်ဧကမှာ ၁၉၆၅–၆၆ နှစ်ထက်တိုး
တက်လာသော်လည်းအထွက်မှာမူလျော့ကျခဲ့ပါသည်။ မော်လိုက်ကျောက်ဆည်နှင့်
စစ်ကိုင်းခရိုင်များတွင်ရေလွှမ်းမှုကြောင့်ပျက်စီးသွားသောမြေများ၌သီး
ထပ်အဖြစ်ပိုက်ပျိုးကြ၍၎င်း မြင်းခြံနှင့်ပခုက္ကူခရိုင်များတွင်နောက်မိုးကောင်း
သဖြင့်အစိုဓာတ်ပိုရ၍ပိုက်ပျိုးခြင်းကြောင့်၎င်း၊ မကွေး၊ မင်းဘူးခရိုင်များ
တွင်သီးထပ်အဖြစ်ပိုက်ပျိုး၍သရက်ခရိုင်တွင်ပင်ယောင်မြေဝအပေါ်၌သီးနှံကို
ပိုက်၍၎င်း၊ ဟောင်သုနှင့်ဝခူးခရိုင်များတွင်မိုးမြေဝမလုံလောက်၍မြေဝ
ပိုက်သည့်နေရာတွင်၍သီးနှံကိုပိုက်ကြခြင်းကြောင့်၎င်း၊ မုံရွာကသာမိတ္ထီလာနှင့်
ပုသိမ်ခရိုင်များတွင်လည်းပိုမိုပိုက်ပျိုးလာ၍၎င်း၊ တောင်ကြီးခရိုင်ဟတိုးလွှိုင်

ကော်ခရိုင် ငွေတောင်ဆည်ပြည်သူ့ပိုက်ခင်းများတွင် ဝမ်းသပ်ပိုက်ပျိုး၍ ၎င်း ပိုက်ဧကတိုး တက်လာခဲ့ပါသည်။ ပိုက်ဧကတိုး တက်ခဲ့သော်လည်း ရာသီဥတုမှာ ညီညွတ်မှုတခြင်း မရှိခဲ့ပေ။ အထက်မြန်မာပြည်အပူပိုင်း ဒေသများတွင် မိုး ဦး ခေါင်ခြင်း ၊ မိုး နည်း ပါး ခြင်း ကြောင့်၎င်း ၊ အောက်မြန်မာနိုင်ငံခရိုင်အချို့တွင် မိုး ဦး ရွာသွန်း မှုများ ၍သီး နှံပိုက်ပျိုး မှုတွင်ထိခိုက်မှုရှိခဲ့ပါသည်။ ထို့ကြောင့်အထွက်နှုန်း လျော့ကျပြီး အထွက်နည်း ခဲ့ပါသည်။

၁၉၆၇–၆၈တွင်ပိုက်ဧကမှာယမန်နှစ်နှင့်နှိုင်းယှဉ် သော်အနည်း ငယ်မျှသာ လျော့ကျခဲ့ သော်လည်း အထွက်မှာမူပိုက်ဧက လျော့သည့်နှုန်း ထက်ပိုမို လျော့ကျခဲ့ပါသည်။ အထွက်နှုန်း လျော့ကျမှုများ ရခြင်း မှာ နောက်မိုး အလိုက်ညီ့သဖြင့်အပိုခါက်နည်း ပြီး အထွက်နှုန်း လျော့ကျခဲ့ခြင်း ကြောင့်ဖြစ်ပါသည်။

နောက်နှစ်များ တွင် ၁၉၆၈–၆၉အထိပိုက်ဧကနှင့်အညီအထွက်ပါတိုး တက်ခဲ့ပါသည်။ ကုလား ပဲပိုက်ဧရိယာသည်လွန်ခဲ့သည့်နှစ်ကထက်(၁၃၇၇၈၀)ဧကပိုလာပါသည်။ ပဲများ အနက်ပိုက်ဧရိယာအများ ဆုံး တိုး တက်သည့်ပဲဖြစ်ပါသည်။ ယင်း သို့တိုး တက်ခြင်း ၏အကြောင်း ရင်း မှာကုလား ပဲသည်ကင်း လွတ်သီး နှံဖြစ်ပြီး ယခင်နှစ်က ဈေး ကောင်း ရသည့်အပြင်ထွန်ယက်ကြပက်ရန်လွယ်ကူသဖြင့်မုံရွာ၊ မကွေး ၊ မင်း ဘူး ၊ပြည်၊ သာယာဝတီနှင့်ဟင်္သာတ၊ ပုသိမ်ခရိုင်များ တွင်တိုး ချဲ့ ပိုက်ပျိုး ခြင်း ၊ ရွှေဘိုဝဝ်ကိုင်း နှင့် ကျောက်ဆည်ခရိုင်များ တွင် အောက်တိုဘာလမိုး ကြောင့်ရုံ့ပိုက်ပျိုး ရေး အတွက်ထွန်ယက်ရန်ခက်ခဲသည့် နေရာတွင်၎င်း ပဲကိုပိုက်ပျိုး ခြင်း ဝပါး အောင် ရေလွှတ်ချိန်တွင်ကြပက်ပိုက်ပျိုး ခြင်း ပုခုက္ကူမြင်း ခြံနှင့်မိတ္ထီလာ ခရိုင်တွင်ဝပါး နှင့်နှမ်း ပိုက် မြေတွင်သီး ထပ်ပိုက်ပြီး ၊ မန္တလေး ခရိုင်တွင်မြစ်ရေကျ နောက်ကျသဖြင့်အခြား သီး နှံပိုက်ရန်အချိန်မမှီ၍၎င်း ပဲကိုပိုက်ခြင်း ၊ မိတ္ထီလာ ခရိုင်တွင် အောက်တိုဘာလအတွင်း ရွာသွန်း သောမိုး ကြောင့်ဝမုံ ချောင်း ရေလျှံသဖြင့်ဝဲယာဖက်ကမ်း နှုံး တင်ကျန်ခဲ့သည့် နေရာများ တွင်ပိုက်ပျိုး ကြခြင်း ၊မြင်း ခြံခရိုင်တွင် အောက်တိုဘာလအတွင်း ရွာသွန်း သောမိုး ကြောင့် ဆေး ပျက်သည့် မြေတွင်ပိုက်ပျိုး ခြင်း နှင့်ရမည်း သင်း ခရိုင် မြောက်ပိုင်း တွင် နောက်မိုး ကောင်း

၍အပိုခါက်ရရှိခြင်းတို့ကြောင့်ဖြစ်ပါသည်။

ပိုက်ဧကတိုး တက်သည်နှင့် လျော်ညီစွာ ကောင်ဧရိယာလည်း တိုး တက်ခဲ့ရာအတွက်မှာလည်း မြင့်မားခဲ့ပါသည်။

၁၉၆၉-၇၀တွင်ပိုက်ဧကနှင့်အထွက်နှစ်ခုလုံး လျော့ကျသွားခဲ့ ပါသည်၊ ထိုသို့လွန်ခဲ့သည့်ပိုက်ဧကထက် (၅၉၉၀၇)ဧရိယာ လျော့နည်း သွားရခြင်းမှာ ဈေးကောင်းရသောဂျုံဖြူကိုပိုမိုပိုက်ပျိုးကြ၍၎င်း၊ မန္တလေးတွင်လာမည့် ၁၉၇၀-၇၁ခုနှစ်တွင်ချည်မျှင်ရှည်ဝါဗိမံကိန်း အရပိုက်ပျိုးရန်အတွက်ကုလားပဲ ကိုအီး ထပ်အပြင်ပိုက်ခွင့်မပြု၍၎င်း၊ မင်းဘူး ခရိုင်တွင်ချည်မျှင်ရှည်ဝါပိုက်ရန် ရေသွင်းသည့်အခါကုလားပဲပိုက်ကွင်း ပိုက်ကွက်များ ရေမြှုပ်ခံရသည့်အတွက်ယင်း ဒေသများတွင်မပိုက်ပျိုးကြတော့၍၎င်း၊ ကျောက်ဆည်နှင့်မြင်းခြံခရိုင်တွင် ထွန်ယက်ချိန်နည်းသည့်အပြင်မြစ်ရေဝင်ဒေသများ၌ ရေဝင်နည်းသောကြောင့်၎င်း အချို့ခရိုင်များတွင် ဈေးကောင်းရသော မြေပဲနှင့်ပဲကြီးကိုအစားထိုးပိုက် ကြသောကြောင့်၎င်း၊ ကုလားပဲပိုက်ဧကမှာ လျော့နည်းခဲ့ရပါသည်။

၁၉၇၀-၇၁တွင်ပိုက်ဧကနှင့်အထွက်ပါပြန်လည်တိုးတက်လာရာ ၁၉၇၁-၇၂တွင်ပိုက်ဧကနှင့်အထွက်မှာ လွန်ခဲ့သော(၁၇)နှစ်အတွင်း အမြင့် မားဆုံးဖြစ်သည်ကိုတွေ့ရပါသည်။ ထိုသို့အမြင့်မားဆုံးဖြစ်ရသည့်အကြောင်းရင်း မှာကုလားပဲကိုအထက်မြန်မာပြည်စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း နှင့်အောက်မြန်မာပြည်မှပဲခူးတိုင်းတို့တွင်အများအပြားပိုက်ပျိုးကြ၍ဖြစ်ပါသည်။ ကုလားပဲသည် ဆောင်းရာသီပိုက်ပဲသီးနှံဖြစ်သည့်ပြင်လွယ်ကူစွာထွန်ယက်ပျိုးနိုင်သ ဖြင့် ဈေးနှုန်းကောင်းမွန်ကာပိုက်ကွင်းပိုမိုလာခြင်းဖြစ်ပါသည်။ ထို့ပြင်စစ်ကိုင်း တိုင်းမိုးရွာဒေသနှင့်စစ်ကိုင်းတွင်မိုးများသဖြင့်ဖျက်ပစ်လိုက်ရသောဂွိုပိုက်ဧရိ ယာများနှင့်ပဲဒိစိမ်းနှမ်းကြီးပိုက်မရသောမြေများပေါ်တွင်အစားထိုး၍ ပိုက်ပျိုးကြ၍၎င်း၊ ရွှေဘိုဒေသတွင် ရေကြီးနှစ်မြုပ်ပျက်စီးသွားသောနှမ်းလျှင် မိုးမြေပဲနှင့်စပါးပိုက်ဧရိယာများတွင်အစားထိုးပိုက်ပျိုးကြ၍၎င်း၊ မန္တလေး တိုင်းမှအမရပူရမြို့နယ်နှင့်တံတားဦးမြို့နယ်တို့တွင်ဂျုံနှင့်မောင်းဒါးမောင်းရွက်အစား

လွှဲပြောင်း စိုက်ပျိုးကြ၍၎င်း ၊ မြင်းခြံ ဒေသတွင် ဧရာဝတီမြစ် ရေကျဆင်းခြင်း ၊ နှောင့်နှေး သဖြင့် စပါး မစိုက်နိုင်သည့်မြစ် ရေဝင် ဒေသများ ၌ ဂျုံ စိုက်ပျိုး ကြ၍၎င်း ၊ ရမည်းသင်း နှင့် ပျော်ဘွယ်မြို့နယ်များ အတွင်း သစ်ကုံးဆည် ရေသောက် ဒေသတွင်ကုလားပဲကို ချည်မျှင်ရှည်ဝါဖြီး ၊ ဆီး ထပ်စိုက်ပျိုး၍၎င်း ၊ မကွေး တိုင်း မှ ပခုက္ကူ ၊ မကွေး ၊ မင်းဘူး နှင့်သရက် ဒေသများ တွင်စပါး နှင့်ပဲကြီး အစား လွှဲပြောင်း စိုက်ပျိုး ကြ၍ စိုက်ဧကအမြင့်မားဆုံး အပြော်များ ပြားခဲ့ပါသည်။

စိုက်ဧရိယာတိုး လာသည်နှင့်အမျှ အောင်ဧရိယာတိုး သော ကြောင့်အထွက်မှာလည်း များပြား တိုး တက်ခဲ့ပါသည်။

နောင်နှစ်များ တွင်စိုက်ဧက လျော့ကျလာပါသည်။ ၁၉၇၄-၇၅ ခုတွင်စိုက်ဧက လျော့ကျသော်လည်း အထွက်မှာမူ ယခင်နှစ်ကထက်မြင့်မား သည်ကို တွေ့ရပါသည်။ စိုက်ဧကကျဆင်း ရသည့်အကြောင်း ရင်း မှာစစ်ကိုင်း တိုင်း တွင် ကုလားပဲအစား ပြင်ပမှာ ဈေး နှုန်း အလွန် ကောင်း မွန်သည့်ဂျုံကိုအစား ထိုး စိုက်ပျိုး ခြင်း နှင့်ချည်မျှင်ရှည်ဝါကို ပြောင်း လဲစိုက်ပျိုး စေခြင်း တို့ကြောင့်ဖြစ်ပါသည်။ စိုက်ဧရိယာ လျော့နည်း သော်လည်း ရာသီဥတုသင့်တင့်ညီညွတ်၍ အောင်ဧရိယာနှင့်အထွက်နှုန်း တိုး တက် ကောင်း မွန်ခဲ့ပါသည်။

ကုလားပဲသည်ပြည်တွင်း စား သုံး မှုများ ပြား ၍ ၊ ဈေး နှုန်း ကောင်း သဖြင့် နောင်နှစ်များ တွင်တိုး တက်စိုက်ပျိုး ရန်အလား အလာ ကောင်း သောပဲဖြစ်ပါသည်။ ကုလား ပဲ စိုက်ဧကခန့်မှန်း မျဉ်း မှာ

$\hat{Y}_t = 254.02 + 8.60\,t$ (စိုက်ဧက ထောင် ပေါင်း) ဖြစ်ပါသည်။ ကုလား ပဲအထွက်ခန့်မှန်း မျဉ်း မှာ ..... $\hat{Y}_t = 38.15 + 1.92t$

(အထွက်တန် ထောင် ပေါင်း) ဖြစ်သည်ကို လေ့လာ တွေ့ရှိရပါသည်။

အခန်း (၃)

ဈေးနှုန်းများ

ကုန်စည်တမျိုး နှင့်တမျိုး ဖလှယ်ကြရာတွင်၎င်း ၊ ကုန်စည်နှင့် ဆောင်ရွက်မှုလဲလှယ်ကြရာတွင်၎င်း ၊ ကုန်ဖလှယ်မှုအချိုး များကို ရုပ်ဝတ္ထုပစ္စည်း များ ဖြင့်သတ်မှတ်၍လဲလှယ်ကြပါသည်။ နောက်ပိုင်း ကုန်ချင်း ဖလှယ်သည့်စနစ်သည်အဆင်မပြေမှုများ အခက်အခဲများ နှင့်ကြုံတွေ့လာရသောအခါ ငွေကြေး ကိုအသုံး ပြု၍ ဖြေရှင်း လာခဲ့ကြပါသည်။ တနည်း အားဖြင့်ဆိုသော်ကုန်ဖလှယ်မှုအချိုး အားလုံး ကို ငွေကြေး ဖြင့် ဖော်ပြခြင်း ပင်ဖြစ်ပါသည်။ ယင်း သို့ ငွေကြေး ဖြင့် ဖော်ပြသော ဖလှယ်မှုအချိုး များ သည် ဈေး နှုန်း များ မည်၏။ ဤ ဈေး နှုန်း များ သည်ကုန်စည်တမျိုး နှင့်ကမျိုး ၊ ကုန်စည်နှင့် ဆောင်ရွက်မှုစသည်တို့ဖလှယ်ရာတွင်သာအသုံး ဝင်သည် မဟုတ်ဘဲ၊ စာရင်း များ တွက်ချက်ရန် လည်း အထူး လိုအပ်လှပါသည်။

သို့ကြောင့် ဈေး နှုန်း အသီး သီး ကိုမည်ကဲ့သို့သတ်မှတ်သည်ကို ဘောဂဗေဒရှုဒေါင့်မှ လေ့လာရာ၌လွတ်လပ်စွာ ရောင်း ချသော ဈေး ကွက်စီး ပွား ရေး စနစ်တွင် ဈေး နှုန်း များ ကိုဝယ်လိုအား နှင့် ရောင်း လိုအားတည်း ဟူသော ဈေး ကွက်အင်အား များ ကပြဋ္ဌာန်း ပေသည်၊ စီး ပွား ရေး လုပ်ဆောင်ချက်များ ကိုလည်း ယင်း ဈေး ကွက်အင်အား များ ကပင်စီမံခန့်ခွဲပေသည်၊ သို့ရာတွင်နိုင်ငံတော်အစိုး ရကကန့်သတ်ထား သောချုပ်ကိုင်ထား သော ဈေး နှုန်း များ လည်း ရှိပါသည်၊ ဆိုရှယ်လစ်စီး ပွား ရေး စနစ်တွင် ဈေး နှုန်း များ ကိုထုတ်လုပ်မှုကုန်ကျစရိတ်များ ပေါ်အခြေခံ၍အစိုး ရသို့မဟုတ်တာဝန်ခံအဖွဲ့အစည်း တခုခုကသတ်မှတ်ပြဋ္ဌာန်း လေ့ရှိပါသည်၊ သို့သော် ဈေး နှုန်း များ ကို နိုင်ငံတော်မှကန့်သတ်ပြဋ္ဌာန်း ပေး သော်လည်း ၊ ဝယ်လိုအား နှင့် ရောင်းလို အား တို့၏သဘောတရား မှာလုံး ဝ ပျောက်ကွယ်သည်ဟူ၍ မဆိုနိုင် ပေ၊ အကြောင်း မှာစား သုံး သူအိမ် ထောင်စုများ သည်မိမိတို့အလိုရှိသည့်ကုန်စည်ကိုလွတ်လပ်စွာ ဝယ်ယူနိုင် သော ကြောင့်ဖြစ်ပါသည်။

ဈေးနှုန်းသီအိုရီ လေ့လာမှုတွင်ဝယ်လိုအား နှင့် ရောင်းလိုအား သဘောတရား များ ကိုသိရှိရန်လိုအပ်လာပါသည်၊ အမှန်အား ဖြင့်ဝယ်လိုအား ဆိုသည်မှာ ကိန်း ရှင်နှစ်ခု၏ဆက်ဆံမှုကာရပ်ပင်ဖြစ်ပါသည်။ ယင်း တို့မှာ ဈေးနှုန်း နှင့်လူအများ ၏ ဝယ်ယူလိုသည့်အရေအတွက် တို့ဖြစ်ပါသည်။ ဈေးနှုန်း ပြောင်း လဲသည့်အချိန်တွင် ဝယ်ယူသည့်အရေအတွက် မည်သို့လိုက်၍ ပြောင်း လဲသည်တို့ကို ဖော်ပြမှုကိုဝယ်လိုအား ဥပဒေသဟု ခေါ်ဆိုပါသည်၊ ဤဥပဒေသ၏သဘောတရား မှာ အခြား အခြေအနေများ ဝင်ငွေ၊ ကြိုက်နှစ်သက်မှုစသည်များ ပြောင်း လဲမှုမရှိဘဲကုန်ပစ္စည်းတခု၏ ဈေးနှုန်း ကျဆင်း သွား သောအခါဝယ်သူများက ဝယ်ယူလို သောအရေအတွက်တိုး လာပြီး ၊ ဈေး နှုန်း မြင့်တက်လာ သောအခါဝယ်သူများ ၏ ဝယ်ယူလိုသည့်အရေအတွက်သည် လျော့နည်း သွား မည်ကို ဖော်ပြပါသည်။ ဝယ်လိုအား ဥပဒေသတွင် ဈေး နှုန်း နှင့်ဝယ်ယူသည့်အရေအတွက်တို့သည် ပြောင်းပြန် ပြောင်း လဲသည်ကို တွေ့မြင်ရပါသည်၊ တနည်း အား ဖြင့်ကုန်ပစ္စည်းတခု၏ ဝယ်လိုအား သည်၊ ဈေး နှုန်း ၏ ဖန်ရှင်ဖြစ်သည်၊ ယေဘုယျအား ဖြင့် $Q = f(p)$ ဟုဆိုနိုင်ပါသည်အမှန်အား ဖြင့်မူ ဝယ်လိုအား သည်ကုန်ပစ္စည်းတို့၏ ဈေး နှုန်း တမျိုးတည်း ပေါ်တွင်သာမူတည်သည်မဟုတ်ဘဲ၊ မူလကမ ပြောင်း လဲဟုသတ်မှတ်ထား သောအောက်ပါအချက်များ ပေါ်တွင်လည်း မူတည်ပါသည်။

(က) စား သုံးသူ၏ ဝင်ငွေ

(ခ) စား သုံး သူ၏ကြိုက်နှစ်သက်မှု

(ဂ) အခြား ကုန်ပစ္စည်းတို့၏ ဈေးနှုန်းများ

ထို့ကြောင့်ဝယ်လိုအား သည်ယင်း အချက်သုံး ချက်တို့၏ ဖန်ရှင်ဖြစ်သည်ဟူ၍လည်း ပြောနိုင်ပါသည်။

ဝယ်လိုအား ဥပဒေသအရကုန်ပစ္စည်းတခု၏ ဈေး နှုန်းကျဆင်းလျှင်ဝယ်ယူမည့်အရေအတွက်သည်များ ပြား လာ၍ ဈေး နှုန်း တက်လျှင်ဝယ်ယူမည့်အရေအတွက်သည် လျော့နည်း သွား ရမည်ဖြစ်ပါသည်။ သို့ရာတွင်ထူး ခြား သောဝယ်လိုအား မျဉ်း ကွေး လည်း ရှိနိုင်ပါသည်၊ ကုန်ပစ္စည်း၏ ဈေးနှုန်း တက်သွား သော်

လည်း ဝယ်ယူသည့်အရေအတွက်သည် လျော့နည်းမသွားဘဲ၊ တိုးတက်လာပြီး ၊ တဖန် ဈေးနှုန်းကျဆင်းခဲ့သော် ဝယ်ယူသည့်အရေအတွက်သည်၊ လျော့နည်းသွားပါသည်၊ သို့ဖြစ်ရာ ဝယ်လိုအား ဥပဒေသနှင့်ဆန့်ကျင်ပြီး သာမာန်ဝယ်လိုအားမျဉ်းကွေးနှင့်မတူဘဲ ရောင်းလိုအားမျဉ်းကွေးကဲ့သို့ဖြစ်သွားပါသည်။ ယင်းကဲ့သို့ဝယ်လိုအားမျဉ်းကွေးမှုးကို အောက်ပါအခြေအနေမျိုးများတွင် တွေ့မြင်နိုင်ပါသည်။

(က) ကုန်ညံ့များ

ဝင်ငွေနည်းပါးသူများအား ယားဝါးသုံးကြလေ့ရှိသောဆန်ကြမ်း ၊ ငါးပိ၊ ဘဲ၊ မုံလာထုတ်များ၏ဝယ်လိုအားများဖြစ်သည်။

(ခ) အနာဂတ်ကာလတွင်ကုန်ဈေးနှုန်းတိုးတက်မည်ကိုပိုးရိမ်သည့်အခြေအနေမျိုးတွင်၎င်း

(ဂ) အပြိုင်အဆိုင်ကြွားဝါရန်ကုန်ပစ္စည်းများတွင်၎င်း

ထူးခြားသောဝယ်လိုအားမျဉ်းကွေးကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ရောင်းလိုအားဆိုသည်မှာလည်း ဈေးနှုန်းအသီးသီးနှင့်ယင်းကုန်ပစ္စည်းကိုထုတ်လုပ်ရောင်းချလိုသည့်အရေအတွက်ပင်ဖြစ်ပါသည်၊ ရောင်းလိုအားကိုဖော်ပြရာတွင်အရေအတွက်နှင့် ဈေးနှုန်းကိုယှဉ်တွဲဖော်ပြမှသာ ရောင်းလိုအား၏အဓိပ္ပါယ်ပြည့်စုံနိုင်မည်ဖြစ်ပါသည်၊ ကုန်ပစ္စည်း၏ဈေးနှုန်းနှင့် ရောင်းလိုအားအရေအတွက်တို့၏တိုက်ရိုက်ဆက်စပ်မှုကို ရောင်းလိုအားဥပဒေသတွင် ဖော်ပြထားပါသည်။ ယေဘူယျအားဖြင့်အခြားအချက်အလက်များ ၊ မပြောင်းလဲဘဲ၊ ဈေးနှုန်းတက်လာသောအခါ ရောင်းချလိုသည့်အရေအတွက်တိုးလာမည်ဖြစ်ပြီး ၊ ဈေးနှုန်းကျဆင်းသွားလျှင် ရောင်းချလိုသည့်အရေအတွက်သည် လျော့နည်းသွားမည်ဖြစ်ပေသည်။

အမှန်ပင် ကုန်ပစ္စည်းတခု၏ ရောင်းလိုအားသည်

(က) ယင်းကုန်ပစ္စည်း၏ဈေးနှုန်း

(ခ) အခြားကုန်ပစ္စည်းများအားလုံးတို့၏ဈေးနှုန်းများ

(ဂ) ထုတ်လုပ်မှုအင်အားပုများ၏ ဈေးနှုန်း

(ဃ) အတတ်ပညာအခြေအနေ

(င) ထုတ်လုပ်သည့်လုပ်ငန်းများ၏ ရည်ရွယ်ချက်

ပသည့်အချက်တို့ပေါ်တွင်မူတည်နေပါသည်။

ကုန်ပစ္စည်းတခု၏ ရောင်းလိုအား အရေအတွက်သည်သတ်မှတ်ထား သောအချိန်ကာလအပိုင်းအခြား တခုအတွင်း၌ ပြောင်းလဲ၍မရနိုင် သောအခြေအနေရှိလျှင်ယင်း ကုန်ပစ္စည်း ရောင်းလိုအား သည်ပုံသေဖြစ်သည်ဟု ဆိုဝမှတ်ပြုကြပါသည်၊ လယ်ယာထိုင်း ဖြိုး ရေထွက်ကုန်ပစ္စည်းများ ကို လေ့လာကြည့် သောအခါ၊ အချိန်ကာလတခုအတွင်း၌သဘာဝ၊ ရာသီဥတု၊ ဝ သောအကြောင်း အမျိုးမျိုး တို့ကြောင့်ထုတ်လုပ်သည့်အရေအတွက်ကို ပြောင်းလဲရန်မဖြစ်နိုင်သဖြင့် ကုန်ပစ္စည်းများ သည်ပုံသေ ရောင်းလိုအား ရှိသည်ဟု ပြောနိုင်ပါသည်၊ ပုံဝံအားဖြင့် ဒေသတခုအတွင်း၌အချိန်ကာလတခုတွင်မက်ဝဲထွက်တန်ချိန်(၁၀၀၀၀) တန်ရှိသည်ဆိုပါတို့၊ ယင်း မက်ဝဲတန်ချိန်(၁၀၀၀၀)သည်လာမည့်သီး နှံရိတ်သိမ်း ချိန်မတိုင်မီကာလအတွင်း ၊ ထိုဒေသ၏ပုံ သေ ရောင်း လိုအား ပင်ဖြစ် ပေမည်။ အကြောင်း မူကား ၊ လာမည့်မက်ဝဲ ရိတ်သိမ်း ချိန်မတိုင်မီကာလအတွင်း ထိုဒေသ၌မက်ဝဲအရေအတွက်တိုး ဝေရန်မပြုလုပ်နိုင်ခြင်း ကြောင့်ဖြစ်ပါသည်။

ပုံသေ ရောင်း လိုအား ရှိ သောကုန်ပစ္စည်းအမျိုး မျိုး တို့တွင်ကာ လကြာရှည်စွာသို လှောင်သိမ်း ဆည်း ထား နိုင် သောကုန်ပစ္စည်း များ နှင့်ပုပ်သိုး လွယ် သောကုန်ပစ္စည်းများ ဟူ၍နှစ်မျိုး ခွဲခြား နိုင်ပါသည်။ ဖော်ပြခဲ့ပြီး သော ဝပါး ၊ ဝဲမျိုး ပုံ၊ ဆေး ရွက်၊ ငါး ပိ၊ ငါး ခြောက်၊ ဝ သောကုန်ပစ္စည်းများ သည်အချိန်ကာလအတန်ငယ်ကြာ အောင်သို လှောင်သိမ်း ဆည်း ထား နိုင် သောကုန်ပစ္စည်း မျိုး ဖြစ်သည်၊ ခရမ်း ချဉ်သီး နှင့်အခြား ဟင်း သီး ဟင်း ရွက်များ ၊ သစ်သီး များ ၊ သား ငါး များ အစရှိ သောကုန်ပစ္စည်းများ ကိုမူကြာရှည်သို လှောင်ထား ရန်မဖြစ်နိုင် ချေ။

အချိန်ကာလအတန်ကြာရှည်စွာသို လှောင်သိမ်း ဆည်း ထား နိုင် သောကုန်ပစ္စည်းမျိုး ဖြစ်လျှင် ဈေး နှုန်း အလွန်နိမ့်ကျ သောအခါတွင်အ ရေအ

တွက်အနည်း ငယ်ကိုသာ ရောင်း ချပြီး ဈေး အုံး မြင့်တက်လာ သောအခါတွင်အ ရေအတွက်ပိုမို ရောင်း ချမည့်သ ဘောရှိပါသည်၊ သို့ရာတွင် ရောင်း လိုအား မှာပုံ သေဖြစ်သဖြင့် ဈေး နှုန်း မည်မျှပင်မြင့်မား လာ စေကာမူ၊ ယင်း ပုံ သေ ရောင်း လိုအား အ ရေအတွက်ထက်ပိုမို ရောင်း ချနိုင်မည်မဟုတ် ပေ။

ပုပ်သိုး ပျက်စီး လွယ် သောလယ်ယာထွက်ကုန်ပစ္စည်း များ ၏ ရောင်း လိုအား မျဉ်း မှာ ဈေး နှုန်း ဝင်ရိုး နှင့်မျဉ်း ပြိုင်ဖြစ် နေ ပေမည်။ အ ကြောင်း မှာကုန်ပစ္စည်းကိုကြာရှည်သို လှောင်ထား ရန်မဖြစ်နိုင် သောပုပ်သိုး လွယ်သည့်ကုန်ပစ္စည်းဖြစ်သဖြင့်ရရာ ဈေး နှုန်း ဖြင့်ရှိ နေ သောပုံ သေအ ရေအတွက် အား လုံး ကို ရောင်း ချရသည့်သ ဘောဖြစ်ပါသည်။

ဝယ်လိုအား နှင့် ရောင်း လိုအား အ ကြောင်း လေ့လာ ဝဉ် က၊ ကုန်ပစ္စည်းတခု၏ ဈေး နှုန်း နှင့်ဝယ်ယူ သော (သို့) ရောင်း ချ သောအ ရေအတွက်တို့၏ဆက်စပ်ပုံကိုဝယ်လိုအား နှင့် ရောင်း လိုအား ဥပ ဒေသများ က ဖော် ပြခဲ့ပါသည်။ သို့ သော်လက် တွေ့တွင်အ ရေး ကြီး သည့်အချို့သော စီး ပွား ရေး ပြဿနာများ ကို လေ့လာ ဖြေရှင်း ရာတွင်ဝယ်လိုအား နှင့် ရောင်း လိုအား အ ကြောင်း ကိုဤမျှ လော က်သိရုံဖြင့်မလုံ လောက် ပေ၊ ကုန်ပစ္စည်းတခု၏ ဈေး နှုန်း ပြောင်း လဲသည့်အခါတွင်ထိုကုန်ပစ္စည်း၏ဝယ်လိုအား သို့မဟုတ် ရောင်း လိုအား မည် သည့်အတိုင်း အတာအထိလိုက်၍ ပြောင်း လဲခြင်း ကိုပါ လေ့လာရ ပေမည်။ ဈေး နှုန်း ပြောင်း လဲခြင်း အား ဖြင့်ကုန်ပစ္စည်း၏အဝယ် (သို့မဟုတ်) အ ရောင်း ကိုပိုမိုလာ ပေခြင်း ၊ လျှော့နည်း သွား ပေခြင်း ဟူ၍၊ မည်သို့ ပြောင်း လဲသွား သည် ကိုဝယ်လိုအား / ရောင်း လိုအား အ လျှော့အတင်း များ က ဖော်ပြနိုင် ပေသည်။

အ လျှော့အတင်း ကိုတိုင်း တာရာ၌ ဈေး နှုန်း နှင့်ကုန်ဝည် သို့တွင် ပြောင်း လဲသွား သောအ ရေအတွက်ကိုနှိုင်း ယှဉ်၍တိုင်း တာခြင်း မ ပြုပဲ၊ ၎င်း တို့တွင် ပြောင်း လဲသွား သောအချိုး များ ကိုသာနှိုင်း ယှဉ်၍တိုင်း တာ ရပါသည်၊ ဝယ်လိုအား အ လျှော့အတင်း ကို

အရေအတွက် ပြောင်းလဲမှုရာခိုင်နှုန်း
ဈေးနှုန်း ပြောင်းလဲမှုရာခိုင်နှုန်း

ပုံသေနည်းဖြင့်တွက်ချက်ရှာဖွေရယူနိုင်ပါသည်။

ဟဖန်ဝယ်လိုအား အလျှော့အတင်းကို အောက်ပါအချက်များ ကချယ်လှယ်ပြဋ္ဌာန်းနိုင်သည့်သဘောရှိပါသည်။

(၁) ပစ္စည်း ၊ အဂါးထိုးသုံးနိုင်စွမ်း ရှိမရှိ

(၂) အခြေခံသုံး ဖြစ်မဖြစ်

(၃) အမျိုးမျိုး ပြောင်းလဲအသုံးချနိုင်ခြေ ရှိမရှိ

(၄) သုံးစွဲငွေနှင့်ဝါးသုံးသူတို့၏ဝင်ငွေအချိုးနှင့်

(၅) ဝယ်သူ ပေါင်းဝင်ငွေ တို့ဖြစ်ပါသည်။

အဝါးထိုးသုံးစွဲနိုင်သောပစ္စည်းတို့တွင်ဝယ်လိုအားအလျှော့အတင်းများတက်ပါသည်၊ အခြေခံသုံးမဖြစ်သောဇိမ်ခံပစ္စည်းများ၏ဝယ်လိုအား အလျှော့အတင်း သည်လည်းများပါသည်၊ အကြောင်းမှာ ဈေးနှုန်းတက်သောအခါဝယ်လိုအားများပြားစွာလျှော့နည်းသွားပြီး ဈေးနှုန်းကျဆင်းလာသောအခါ ဈေးနှုန်းမြင့်မားသဖြင့်ဝယ်ယူဝါးသုံးလိုသော်လည်း မသုံးဘဲနေသူများအခွင့်ကောင်းယူ၍ဇိမ်ခံပစ္စည်းများကို ဝယ်ယူသုံးစွဲလာကြမည်ဖြစ်ပါသည်။ မသုံးမဖြစ်သောအခြေခံဝါးကုန်များ၏ဝယ်လိုအား အလျှော့အတင်းမှာနည်းတက်ပါသည်၊ ဥပမာ - ငရုပ်သီး ဈေးနှုန်းကျသဖြင့်မည်သည့်အိမ်ထောင်စုကမှ ငရုပ်သီးကိုတိုး၍ပါးသုံးလိုကြမည်မဟုတ်ပေ။

အမျိုးမျိုး ပြောင်းလဲအသုံးချနိုင်သောကျွန်းသစ်၊ ရာဘာတို့၏ဝယ်လိုအား အလျှော့အတင်း သည်လည်းများတက်သည့်သဘောရှိပါသည် အကြောင်းမှာကျွန်းသစ်သည်အိမ်ဆောက်ရာတွင်၎င်း ၊ ပရိဘောဂ၊ လှေသင်္ဘောစသည်ဖြင့်အမျိုးမျိုးသုံးစွဲနိုင်သဖြင့်ယင်းတို့၏ ဈေးနှုန်းကျဆင်းခြင်းဖြင့်ဝယ်လိုအား အလျှော့အတင်းကိုတိုး ပေါ်နိုင်သောအလားအလာရှိပါသည်။

ဝါးသုံးသူတို့၏ဝင်ငွေအချိုးမှအနည်းအကျဉ်းမျှသာ သုံး၍ဝယ်ရသောကုန်ပစ္စည်းမျိုးနှင့်အလေ့အကျင့်ကြောင့်ဝယ်နေသောကုန်ပစ္စည်းများသည်ဝယ်လိုအားအလျော့အတင်းနည်းပါးရန်အလားအလာရှိပါသည်။

ဝင်ငွေပေါ်မူတည်၍လည်း အခြေခံစားကုန်၊ အညံ့စားစားသုံးကုန်များနှင့်အကောင်းစားစားကုန်များ၏ဝယ်လိုအားအလျော့အတင်းများ ပြောင်းလဲတတ်ပါသည်။

ဝယ်လိုအားနည်းတူပင် ရောင်းလိုအားအလျော့အတင်းဆိုသည်မှာ ရောင်းချသောကုန်ပစ္စည်း၏ဈေးနှုန်းပြောင်းလဲမှုအလိုက် ရောင်းချသောကုန်ပစ္စည်းအရေအတွက်တုန့်ပြန်ပြောင်းလဲခြင်းပင်ဖြစ်သည်။

$$\text{ရောင်းလိုအားအလျော့အတင်း} = \frac{\text{ရောင်းချသောကုန်ပစ္စည်းအရေအတွက် ပြောင်းလဲမည့်ရာခိုင်နှုန်း}}{\text{ကုန်ပစ္စည်း၏ဈေးနှုန်းပြောင်းလဲသည့် ရာခိုင်နှုန်း}}$$

ကုန်ပစ္စည်း၏ဈေးနှုန်းပြောင်းလဲသော်လည်း ရောင်းချသည့်အရေအတွက်ပြောင်းလဲမှုလုံးဝမရှိသောအခြေအနေတွင်အလျော့အတင်းကင်းမဲ့သည်ဟုခေါ်ဆိုပါသည်။ ဈေးနှုန်းအချိုးပြောင်းလဲမှုထက်အရေအတွက်အချိုးပြောင်းလဲမှုပိုများပါက ရောင်းလိုအားအလျော့အတင်းများသည်ဟုခေါ်ဆိုပြီး ပြောင်းလဲမှုရာခိုင်နှုန်းနှစ်ခုတူညီနေပါက ယူနစ်အလျော့အတင်းရှိသည်ဟုခေါ်ဆိုပါသည်။ ဈေးနှုန်းပြောင်းလဲသည့်အချိုးသည်အရေအတွက်ပြောင်းလဲသည့်အချိုးထက်များနေပါက ရောင်းလိုအားအလျော့အတင်းနည်းသည်ဟုခေါ်ဆိုပါသည်။

ရောင်းလိုအားအလျော့အတင်းကိုလေ့လာသောအခါအချိန်ကာလသည်ဝယ်လိုအားအလျော့အတင်းပေါ်ထက်ပိုမိုအကျိုးသက်ရောက်ကြောင်းတွေ့ရှိရပါသည်။ အချိန်တိုကာလပိုင်းတွင် ရောင်းလိုသောအရေအတွက်သည်တိုး၍မရနိုင်သောကြောင့်ပုံသေဖြစ်နေသော်လည်း ရေရှည်ကာလတွင် ရောင်းလို

သည့်အရေအတွက်သည် များလာနိုင်ပါသည်၊ ထို့ကြောင့် ရောင်းလိုအား အလျော့အတင်းသည် ထုတ်လုပ်သူတို့ထုတ်လုပ်မှုပမာဏကို ချဲ့နိုင်သည့်အချိန်ကာလအပိုင်းအခြား ပေါ်တွင်အမှီပြုနေပါသည်။ ဈေးနှုန်းအတက်အကျကိုလိုက်၍ ကုန်ထွက်ကိုအလွယ်တကူတိုး နိုင် လျော့နိုင်ပါက အလျော့အတင်း များမည်ဖြစ်ပြီး ကုန်ထွက်ကိုအလွယ်တကူတိုးခြင်း လျော့ခြင်းများ မလုပ်နိုင်လျှင် အလျော့အတင်း နည်းမည်ဖြစ်ပါသည်။

ယေဘုယျအားဖြင့်မူလယ်ယာထွက်ကုန်စည်များ၏ ရောင်းလိုအား အလျော့အတင်း မှာနည်းသည်ဟု ခေါ်ဆိုနိုင်ပါသည်၊ ထိုသို့ယူဆရသည့်အကြောင်းရင်းများမှာ

(၁) လယ်ယာမြေများမှာအကန့်အသတ်နှင့်ရှိပြီး သားဖြစ်နေသည်ကို တွေ့ရပါသည်။

(၂) လုပ်ကိုင်သူလယ်ယာလုပ်သားဦးရေမှာလည်း ဈေးနှုန်းအတက်အကျကိုလိုက်၍ ပြောင်းလဲခြင်း နည်းသည်ကို တွေ့ရပါသည်။ မိမိတို့မိသားစုစားသောက်ရေး အတွက်လယ်ထွန်ကောက်စိုက်လုပ်ငန်းကိုအားလုံး ဝိုင်းဝန်း လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်၊ လယ်ယာလုပ်သားအများပုမှာ၊ ကိုယ်ထူကိုယ်သံနစ်ဖြင့်ဝိုင်းဝန်း လုပ်ကိုင်နေကြသောကြောင့်၊ လယ်ထွက်ကုန်စည်၏ ရောင်းလိုအား အလျော့အတင်း နည်းရခြင်း အကြောင်းရင်း တခုဖြစ်ကြောင်း တွေ့ရလေသည်။

(၃) တောင်သူလယ်သမားများ သည်၄င်းတို့လုပ်ငန်း ပေါ်အမြတ်တွက်ချက်ရာတွင်ဝင်ငွေမည်မျှရှိသည်နှင့်၄င်း သီးနှံထွက်ရှိရန်အတွက်ကုန်ကျစရိတ်မည်မျှရှိသည်ကိုတွက်ချက်၍နှိုင်းယှဉ်ကြည့်ရှုရမည်ဖြစ်ရာ၊ ယင်းတို့ရရှိသော ဈေးနှုန်းနှင့်သီးနှံထွက်ရှိရန်အတွက်အသုံးပြုရသောကုန်ထုတ်စွမ်းအား စုတို့သည်ဈေးနှုန်းတို့ပေါ်မူတည်နေပေသည်။

လယ်ယာလုပ်ငန်းတွင်သီးနှံမထွက်မီကပင်ကုန်ကျစရိတ်များ ကုန်ကျပြီးဖြစ်နေပေရာ၊ သီးနှံပေါ်ချိန်သို့ရောက်ရှိမှသာ ပေါက်ဈေးနှုန်း

ပေါ် မူတည်၍ အရှုံး အမြတ်ကို တွက်ချက်နိုင်ပေရာ၊ ထုတ်လုပ်မှု အချိန်ကာလကြာမြင့် သည့်အလျောက် အရင်း အနှီး လည်ပတ်မှုနှုန်း နှေး ကွေးပြီး ဝင်ငွေအဝင်အား ကိုကြိုတင်တွက်ဆရန် ခက်ခဲလှပေသည်။

(၄) ဝင်ငွေနှင့်ကုန်ကျစရိတ်မကာမိသည့်အခိုက် တောင်သူလယ်သမားများ သည်ယင်း ဆုံးရှုံးမှုကို ခံ၍ စားသောက်ကုန်လည်းလို စားသောက်ရေး အတွက်လည်း ကောင်း ၊ ရိုးရာလုပ်ငန်း အနေဖြင့်လည်းကောင်း လယ်ယာလုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေရမည်ဖြစ်ပါသည်။

ဈေးနှုန်း အဆိုရကွင်ပါ၍ သော ဝယ်လိုအား ရောင်း လိုအား သုံးသပ်ချက်များ သည်တကယ်လက်တွေ့ ဈေးကွက်ဖြစ်နေများတွင် ပေါ်ပေါက်သည့်ပြဿနာများ အတွက်အဖြေရှာရာတွင်အလွန်အသုံးကျသောလက်နက်ကောင်းတရပ်ဖြစ်ပါသည်။ ယင်းကြောင့်ယင်း သုံးသပ်ချက်များကိုလယ်ယာထွက်ကုန်များ၏ကုန်ထွက်နှင့် ဈေးနှုန်း လှုပ်ရှားမှုများကို လေ့လာရာတွင်အသုံးပြုနိုင်ပါသည်။

လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်း လှုပ်ရှားမှုများကို လေ့လာရာတွင်နှစ်ပိုင်း ခွဲ၍ လေ့လာနိုင်ပါသည်။

(၁) မထိန်းချုပ်နိုင်သောအကြောင်းများကြောင့်လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းပြောင်းလဲမှုများနှင့်

(၂) ထိန်းချုပ်နိုင်သောအကြောင်းများကြောင့်လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းပြောင်းလဲမှုများ ဟူ၍ဖြစ်ပါသည်။

(၁) မထိန်းချုပ်နိုင်သောအကြောင်းများကြောင့်လယ်ယာထွက်ကုန်ပစ္စည်းများ၏ ဈေးနှုန်းပြောင်းလဲမှုများ ။

လယ်ယာထွက်ကုန်ကိုထုတ်လုပ်မှုတွင် လူကထိန်းချုပ်ခြင်း မပြုနိုင်သောအကြောင်းအရာများကြောင့်မမျှော်လင့်သောပြောင်းလဲမှုများ နှင့်ရင်ဆိုင်ရတတ်ပါသည်၊ သဘာဝအကြောင်းရင်းများဖြစ်သော ရာသီဥတု အခြေအနေ ဖောက်ပြန်မှုများ ၊ မိုးခေါင်ခြင်း ၊ ရေလွှမ်းမိုးခြင်း၊ ပိုးမွှား တိရစ္ဆာန်များ ဖျက်ဆီးခြင်း စသောအကြောင်းများ ကြောင့်လယ်

ယာထွက်ကုန်များသည် ဘောင်သုံးဦးကြီးတို့ကြောင့် မြှော်မှန်းထားသည်နှင့်မကိုက်ညီဘဲကုန်ထွက်များ လျော့နည်းလာတတ်ယ်ရှိပါသည်။ အခြားတဖက်တွင်ရာသီဥတုအခြေအနေများ ကောင်းမွန်ခြင်း မိုးမှန်ခြင်း စသည်ဖြင့်အလွန်အခွင့်သာသောအခြေအနေများ ဖြစ်ပေါ်ခဲ့လျှင်လည်း ၊ လယ်ယာကုန်ထွက်များသည် ဘောင်သုံးဦးကြီးများ ဝိမိမြှော်မှန်းထားသည်ထက်များစွာပိုမိုလျက်ရှိနိုင်ပါသည်။

ဤကဲ့သို့ကြိုတင်စီမံထားခြင်းမရှိဘဲ ပေါ်ပေါက်လာသော ရောင်းလိုအားအတက်အကျများသည်၊ ရောင်းလိုအား ပြောင်းလဲမှုများနှင့်ဆန့်ကျင်ဘက်ဖြစ်သော ဈေးနှုန်းပြောင်းလဲမှုများကိုဖြစ်ပေါ်စေပါသည်။ ရောင်းလိုအားများလေလေ၊ ဈေးနှုန်းနည်းလေလေဖြစ်ပြီး ရောင်းလိုအားနည်းပါက ဈေးနှုန်းများမြင့်တက်လာမည်ဖြစ်ပါသည်။ ထို့ပြင် ရောင်းလိုအားပြောင်းလဲမှုတူညီသော်လည်း သက်ဆိုင်ရာထုတ်ကုန်များ၏ ဝယ်လိုအားအလျော့အတင်းပေါ်မူတည်၍ ဈေးနှုန်းပြောင်းလဲမှုတူညီမှုမရှိနိုင်ဘဲအနည်းအများကွာခြားမှုဖြစ်ပေါ်စေပါသည်။

(၂) ထိန်းချုပ်နိုင်သောအကြောင်းများကြောင့်လယ်ယာထုတ်ကုန်စည်များ၏ ဈေးနှုန်းပြောင်းလဲမှုများ။

ဝယ်လိုအားနှင့် ရောင်းလိုအား ဖြစ်ပေါ်မှုတို့ကိုအသုံးပြုပြီး လယ်ယာထုတ်ကုန်များ၏ ဈေးနှုန်းများနှင့်ကုန်ထွက်များတို့သည် ထူးခြားစွာလည်ပတ်ပြောင်းလဲတတ်သည့်သဘောကိုရှင်းလင်းဖော်ပြနိုင်ပါသည်။ ဟင်းသီးဟင်းရွက်များ၊ အာလူး၊ သား၊ ငါး စသောလယ်ယာထွက်ကုန်များအပါအဝင်ကုန်စည်များသည်အချိန်မှန်မှန် ရောင်းလိုအားပြောင်းလဲမှုများကိုသိသာစွာတွေ့မြင်နိုင်ပါသည်။ တနှစ်တွင် ရောင်းလိုအား အရေအတွက်နည်းပါးပြီး ဈေးနှုန်းများမြင့်မားနေသောအခါယင်းသို့မြင့်မားသော ဈေးနှုန်းများက ကုန်ထုတ်လုပ်သူများ၏ကုန်ထုတ်လုပ်မှုတိုးမြှင့်ရေးကို ဦးဆောင်လေ့ရှိပေသည်။ ထုတ်လုပ်သူများသည်ကုန်ထွက်တိုးရေးအတွက် ဇမိမှု

မှား ပြုလုပ်လာပေရာ၊ ယင်း ကုန်ထွက်သည် နောက်တနှစ်(သို့မဟုတ်) နှစ်နှစ်ခန့်ကြာမှသာလျှင်ထွက်ရှိလာမည်ဖြစ်ပါသည်၊ ယင်း ဗိမံချက်အတိုင်း ပိုမိုမြင့်မားသောကုန်ထွက် ဈေးကွက်သို့ ရောက်ရှိလာသောအခါတွင် ဈေး နှုန်း ကိုကျဆင်း သွားပေမည်ဖြစ်ပါသည်၊ ဤသို့ ဈေး နှုန်း လျော့နည်း သွား သဖြင့်မှား ယွင်းသော ကုန်ထုတ်လုပ်သူများ သည်ယင်း ကုန်ပစ္စည်းကိုဆက်လက် မလုပ်ကိုင်ရန်ဆုံး ဖြတ်လာကြပေမည်၊ ယင်း ဆုံးဖြတ်ချက်များ သည် နောက်တနှစ်သို့မဟုတ်နှစ်နှစ်ခန့်ကြာမှသာအကောင်အထည် ဖော်လာနိုင်ပြီး ၊ ထိုအချိန်တွင် ဈေး ကွက်သို့ ရောက်ရှိလာ သောကုန်ပစ္စည်း၏ ရောင်း လိုအား အရေအတွက်သည်အဖန်နည်း ပါး ပြန်ပြီး ဈေး နှုန်း မှာမူမြင့်မား လာပြန်ပါသည်။ ဤသို့အား ဖြင့်သံသရာဆက်လည် နေမည်ဖြစ် ပေသည်။

ယင်း ကဲ့သို့ ဈေး နှုန်း များ ပြောင်း လဲမှုကိုပင့်ကူအိမ်သံဆို ရုပ်တွင် ဖော်ပြထား ပါသည်။

(၁) အား မျှ ခြေ ဈေး နှုန်း သို့ပြန်လှည့်ဝင်လာခြင်း ။

ပုံကား ချပ် (၃-က)

အား မျှ ခြေ ဈေး နှုန်း သို့ပြန်လှည့်ဝင်လာခြင်း



ပုံကားချပ်(၃-က)တွင်(DD)သည် နှစ်တနှစ်တွင် ရောင်းချရမည့်အရေအတွက်နှင့်ယင်းအရေအတွက်ကို ရောင်းချနိုင်ရန်သတ်မှတ်ရမည့်ကုန်စည်၏ ဈေးနှုန်း တို့ကိုဆက်စပ် ဖော်ပြထားပါသည်။ (SS)သည် နှစ်`တနှစ်`(သို့မဟုတ်)ကာလတခု၏ ဈေးနှုန်းနှင့် နောက်`တနှစ်`(သို့မဟုတ်) နောက်ကာလတခုတွင်ထုတ်လုပ်မည့်ကုန်စည်အရေအတွက် တို့ကိုဆက်စပ်ဖော်ပြပေသည်။ ဤနေရာတွင် `တနှစ်` သို့မဟုတ် `ကာလတခု` ဟူသည်မှာ ကုန်ထုတ်လုပ်ရန်ဆုံးဖြတ်ချက်ပြုလုပ်သည့်အချိန်နှင့်ကုန်ထုတ်လုပ်မှုပြီး မြောက်သည့်အချိန်တို့၏ကြား ကာလကိုရည်ညွှန်း ဖော်ပြခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့်ပုံ (၃-က)တွင် ဖော်ပြထားသော ဝယ်လိုအား မျဉ်းကွေးမှာ `t` ကာလတွင် ရှိသော ဈေးနှုန်း၏ ဖန်ရှင်ဖြစ်ပြီး၊ ရောင်းလိုအား မျဉ်းကွေးမှာ (t-1)ကာလတွင်ရှိသော ဈေးနှုန်း၏ ဖန်ရှင်ဖြစ်သည်ကိုသတိပြုသင့်ပါသည်။

ပုံ(၃-က)တွင်ကာလ(၁)တွင်ထုတ်လုပ်မှုမှာ(OQ_1)ယူနစ်ရှိပြီး ဈေးနှုန်းမှာ(Q_1P_1)ရှိနေပါသည်၊ ထုတ်လုပ်မှုပမာဏမှာများပြီး ဈေးနှုန်းမှာနိမ့်ကျနေပါသည်။ ဈေးနှုန်းများ နိမ့်ကျနေ၍ဆွဲဆောင်မှု မရှိသဖြင့်ကုန်ထုတ်လုပ်သူများ ယင်းကုန်စည်ထုတ်လုပ်မှုကို လျှော့ချလိုက်မည်ဖြစ်ပေရာ ကာလ(၂)တွင်ထုတ်လုပ်မှုမှာ(OQ_2)ယူနစ်သာဖြစ်ပေမည်။ ထိုအခါ ရောင်းလိုအားနှင့်ဝယ်လိုအား မမျှတ၊ ဝယ်လိုအားများနေပြန်သောကြောင့် ဈေးနှုန်းမှာ(P_2)သို့ရောက်ရှိသွားပါသည်၊ ဈေးနှုန်းမြင့်မားလာခြင်းအားဖြင့်ကုန်ထုတ်လုပ်မှုများ ပြန်လည်တိုးမြင့်လာပေရာ(Q_3)ယူနစ်ကိုကာလ(၃)တွင်ထုတ်လုပ် ရောင်းချပေမည်ထိုသို့ ရောင်းချမှုတိုးမြင့်လာခြင်းကြောင့် ဈေးနှုန်းမှာ (P_3) သို့ပြန်၍ လျော့ကျပေဦးမည်ဖြစ်သည်၊ ဈေးနှုန်းများ လျော့ကျသွားခြင်းကြောင့်ကာလ(၄)တွင်ထုတ်လုပ်မှုကို လျှော့ချလိုက်ရာ(Q_4) ယူနစ်သာထုတ်လုပ်တော့မည်ဖြစ်ပါသည်။ ထုတ်လုပ်မှုလျော့ကျသွားသဖြင့် ဈေးနှုန်းမှာ(P_4)သို့မြင့်တက်သွားပါသည်။ ဤကဲ့သို့(Q_5, P_5 Q_6 P_6)အတိုင်း သံသရာလည်နေမည်ဖြစ်ပြီး နောက်ဆုံး ဗဟိုအမှတ်(Z)သို့ရံဖန်ရံခါ ရောက်ရှိ

လာမည်ဖြစ်ပါသည်။ ယင်း အမှတ်သည် ဝယ်လိုအား နှင့် ရောင်း လိုအား ညီမျှသည့် အား မျှ ခြေအမှတ်ပင်ဖြစ်ပါသည်။ ယင်း အ ခြေအ နေတွင်ရှိ သော ဈေး နှုန်း ကို အား မျှ ခြေ ဈေး နှုန်း ဟု ခေါ်ဆိုပါသည်။

ဖော်ပြပြီး အား မျှ ခြေ ဈေး နှုန်း သို့ပြန်လှည့်ဝင်လာသည့် သံသရာလည်ပတ်မှုမျိုး မှာ ရောင်း လိုအား အ လျော့အတင်း သည် ဝယ်လိုအား အ လျော့အတင်း ထက် နည်း သောအခါ တွေ့မြင်နိုင်ပါသည်။

(၂) အား မျှ ခြေ ဈေး နှုန်း မှလွတ်ခွာသွား ခြင်း

ပုံကား ချပ်(၃-၁)

အား မျှ ခြေ ဈေး နှုန်း မှလွတ်ခွာသွား ခြင်း



ပုံကား ချပ်(၃-၁) တွင်အချိန်ကာလ(၁) တွင်ထုတ်လုပ်မှုယူနစ်မှာ(OQ_1)ယူနစ်ရှိနေပြီး ဈေး နှုန်း မှာ(P_1)ဖြစ်နေပါ

သည်။ ဈေးနှုန်းကျသဖြင့် နောက်နှစ်အချိန်ကာလ (၂) တွင် (Q_2) ယူနစ်သာ ထုတ်လုပ်မည်ဖြစ်ပေရာ ထုတ်လုပ်မှုနည်းနေသဖြင့် ဈေးနှုန်း (P_2) သို့တက်သွားပေသည်၊ အချိန်ကာလ (၃) တွင်ယင်း ဈေးနှုန်းရမည်ထင်သဖြင့် (Q_3) ယူနစ်ထုတ်လုပ်ကြပေရာ ဈေးနှုန်း (P_2) မှ ဈေးနှုန်း (P_3) သို့ဆင်းသွားပါသည်၊ ဈေးနှုန်း (P_3) ဖြစ်သွား၍ အချိန်ကာလ (၄) တွင် (Q_4) ယူနစ်သာထုတ်လုပ်တော့ပေရာ ဈေးနှုန်း (P_4) သို့တက်သွားပေသည်၊ ထိုအခါအချိန်ကာလ (၅) တွင် ဈေးနှုန်းမြင့်သည်ကို မျှော်မှန်း၍ (Q_5) ယူနစ်ထုတ်ပါသည်၊ ဤသို့ဖြင့်ဆက်လက် လည်လာသွားရပေမည်၊ ဤတွင် ဈေးနှုန်းသည်မူလ (Z) နေရာသို့ပြန်လည်မရောက်နိုင်ဘဲ တဖြည်းဖြည်း ဘက်လိုက်ကျလိုက်ဖြင့် ဝေးကွာသွားပေလိမ့်မည်။ ယင်းအခြေအနေမျိုးကို အားမျှခြေဈေးနှုန်းမှ ထွက်ခွာသွားခြင်းဟု ခေါ်ဆိုပါသည်။

အားမျှခြေဈေးနှုန်းမှ ထွက်ခွာသွားခြင်းမှာ ငရာငီး လိုအား အလျော့အတင်း သည်ဝယ်လိုအား အလျော့အတင်း ထက်များသောအခါတွင် တွေ့မြင်နိုင်ပါသည်။

(၃) အားမျှခြေဈေးနှုန်း တဝိုက်လှည့်ပတ်နေခြင်း

ပုံကားချပ် (၃-၁)

အားမျှခြေဈေးနှုန်း တဝိုက်လှည့်ပတ်နေခြင်း



1E·9176

ပုံကား ချပ် (၃-၈) တွင် ဝယ်လိုအား နှင့် ရောင်းလိုအား မျဉ်းကွေး တို့၏ အလျှော့အတင်း မှာ တူညီသည့် အခြေအနေတွင် ရှိပါသည်၊ သာမာန် အားဖြင့် (qz) ဈေးနှုန်းသည် (0q) အရေအတွက်တွင် အားမျှနေရာ၌ နှစ်တနှစ် (သို့မဟုတ်) အချိန်ကာလတခုတွင် အကြောင်း တခုခုကြောင့် (ဥပမာ- ရာသီဥတု ကောင်းသည်) ထုတ်လုပ်မှုသည် ($0\psi_1$) ယူနစ်ဖြစ်ခဲ့သော် ယင်းနှစ်တွင် ဈေးနှုန်းသည် ($\psi_1 P_1$) သို့ကျဆင်းသွားပေမည်၊ ယင်းသို့ ဈေးနှုန်းကျဆင်းသွား၍ နောင်နှစ်တွင် ထုတ်လုပ်သူများက ရောင်းလိုအား မျဉ်းကွေး ပေါ်ရှိ (P_1) နှင့်ကိုက်ညီမှု ψ_2) ယူနစ်အရေအတွက်ကိုသာ ထုတ်လုပ်တော့မည်ဖြစ်ရာ၊ ထိုနှစ်၌ ထုတ်လုပ်မှုနည်းသည့် ဈေးနှုန်းသည် (P_2) အထိတက်သွားပေမည်။ ထိုဈေးနှုန်းအရ နောက်တနှစ်တွင် ထုတ်လုပ်သူသည် (ψ_3) ယူနစ်ထုတ်လုပ်ရာ ဈေးနှုန်းမှာ (P_3) ဈေးနှုန်းသာ ရကြတော့မည်ဖြစ်ပါသည်။ ယင်းသို့ တနှစ်ပြီး တနှစ်ဆက်လက်ဖြစ်ပေါ်သွားခဲ့လျှင်၊ ဈေးနှုန်းသည် မြင့်ချ၊ နိမ့်ချဖြင့်၊ မူလ အားမျှခြေ ဈေးနှုန်း တဝိုက်တွင်လည်ပတ်၍ တည်ရှိနေပေလိမ့်မည်။ ယင်းသို့ဖြစ်ရသည်မှာ ဝယ်လိုအား နှင့် ရောင်းလိုအား တူညီနေသော အခြေအနေကြောင့်ပင် ဖြစ်ပါသည်။

သို့ကြောင့်ပင် ကူမဲမ်သီအိုရမ်တွင် အားမျှခြေ ဈေးနှုန်း ပျက်ပြားသွားခြင်း ကြောင့် ဈေးနှုန်း ဖေါက်ပြန်မှု ကိုင်း အဘာသည်၊ သက်ဆိုင်ရာ ကုန်ပစ္စည်း ဝယ်လိုအား နှင့် ရောင်းလိုအား အလျှော့အတင်း အလိုက်အမျိုးမျိုး ဖြစ်ပေါ်နိုင်ကြောင်း တွေ့ရှိနိုင်ပါသည်။ ယင်းသီအိုရမ်ကို လေ့လာရာတွင် ဝယ်လိုအား မျဉ်းကွေး နှင့် ရောင်းလိုအား မျဉ်းကွေး တို့သည် ဈေးနှုန်း သံသရာလည်ပတ်နေသည့် ကာလတလျှောက်တွင် မပြောင်းလဲဟုယူဆထားပါသည်၊ အကယ်၍လက်တွေ့တွင်မူ သံသရာ တပတ်မလည်မီမှာပင် (DD) နှင့် (SS) မျဉ်းကွေးများ [illegible]သည် ပြောင်းလဲဖွယ်ရာရှိပါသည်။

သို့ပါ၍ လယ်ယာထွက်ကုန်တိုးတက်ရေး အတွက် ဆောင်ရွက်ရာတွင် ဈေးနှုန်း မှာ အရေးပါအရာ ရောက်လှသည်ကို သိမြင်နိုင်ပါသည်၊ လယ်ယာထွက်ကုန်

ည်များ အနက်ဇာမျိုး အဖြစ်ပါဝင်လျက်ရှိသော ဝါမျိုး ပုံ၌ ဈေးနှုန်းများကို လည်း ၊ ဝါမျိုး ပုံအလွတ်ဖိုး ရေးကို ရှေ့ရှု၍ သတ်မှတ်မှုများ လုပ်ဆောင်သင့်ပါ သည်။

ဝါမျိုး ပုံ၌ ဈေးနှုန်းများကိုသုံးပိုင်း ခွဲ၍ လေ့လာထားပါ သည် (က) အစိုးရဝယ်သည့် ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်း ၊ (ခ) ဈေးကွက်တွင် မြန်မာ့ပြည်သုံးပျမ်းမျှလက်ကား ဈေးနှုန်း ၊ နှင့် (ဂ) ပြည်ပသို့ပို့သည့်ဈေးနှုန်း ဟူ၍ သုံးမျိုး ခွဲခြား လေ့လာထားပါသည်။ ယင်းဈေးနှုန်းများ ၏ဆက်စပ်အခြေ အနေ ၊ စီးပွားရေး အဆောက်အအုံတွင်အရေးပါပုံ ၊ ကြီးပွားတိုးတက်ရေး အတွက်အဆွဲဆောင်မှုရှိမရှိတို့ကိုတွက်ချက်တင်ပြထားပါသည်။

(က) <u>အစိုးရဝယ်ယူသည့်ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်း</u> ။

ဝါမျိုး ပုံအတွက်အစိုးရ၊ ရှင့်ပြည်သူ့ပိုင်အဖွဲ့အစည်းများ မှဝယ်ယူမည့်ဈေးနှုန်းများကို (၁၉၆၃-၆၄) ခုနှစ်မှ (၁၉၇၆-၇၇) ခုနှစ်အထိ နှစ်အလိုက်ဝါသီးနှံများ၏ ဈေးနှုန်းကိုဇယား (၃-၁) တွင် ဖော်ပြထားပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေး အစိုးရမှထုတ်ပြန်သော ကြော်ငြာချက်အမှတ် (၁၀/၆၅) အရ၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁) မှ လယ်ယာကိုင်းကျွန်း နှင့်ဥယျာဉ်ခြံမြေ ထွက် သီးနှံ များကိုဝယ်ယူရောင်း ချလျက်ရှိပေသည်၊ သို့ပါ၍ သီးနှံပေါ်ချိန်တွင်အခါအား လျော်စွာကုန်သွယ်ရေး ဝန်ကြီးဌာနမှအမိန့်ကြော်ငြာစာများ ထုတ်ပြန်၍ ဈေးနှုန်းများ သတ်မှတ်ပြီးဝယ်ယူ လျက်ရှိပါသည်၊ အမိန့်ကြော်ငြာစာထုတ်သည့်ရက်စွဲများ နှင့်ထုတ်ပြန်သော ဈေးနှုန်းများကိုဇယား (၃-၂) တွင်ဖော်ပြထားပါသည်။ ကုန်သွယ်ရေး ဝန်ကြီးဌာန မှသီးနှံပေါ်ချိန်တွင် ဈေးနှုန်းများ သတ်မှတ်၍ဝယ်ယူ လျက်ရှိသောကြောင့်ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်းများသည်၊ အစိုးရကန့်သတ်ကုန်ဖြစ်ပါက၊ သတ်မှတ်ထားသောအစိုးရဝယ်ဈေး ဖြစ်ပါသည်။

ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်းများသည်ဝါသီးနှံထွက်ရှိရေး အတွက်ဆွဲဆောင်မှုရှိမရှိကို ရွေးခြယ်ထားသော ဝါလေးမျိုး အတွက်သုံးသပ်ထား

ဇယား (၃-၁)

(1963-64) ခုနှစ်မှ (1974-75) ခုနှစ်အထိ နှစ်အလိုက် ဆန်မျိုးများ၏ အစိုးရဝယ်ဈေးနှုန်းများ

အမှတ်စဉ်	သီးနှံအမျိုးအမည်	ကျော်ကပ်	1963-64	1964-65	1965-66	1966-67	1967-68	1968-69	1969-70	1970-71	1971-72	1972-73	1973-74	1974-75	1975-76	1976-77
1.	ဧတ် (ပ)	72 ပေါင်တင်	12.00	12.00	12.00	12.00	12.00	12.00	12.00	13.00	13.00	16.00	17.00	22.00		
	(ဒု)	"										14.00	14.00	18.00	24.00	50.00
	(တြ)	"									-			16.00		
2.	ဗဒ်ဆန်း (ပ)	"	11.50	11.50	11.50	11.50	11.50	11.50	11.50	11.50	11.50	13.00	13.00	18.00		
	(ဒု)	"	-	-	-	-	-	-	-	-	-	12.00	12.00	16.00	24.00	40.00
	(တြ)	"	-	-	-	-	-	-	-	-	-	-	-	14.00		
3.	ထောပတ်ဗ (ပ)	69 ပေါင်တင်	10.00	10.00	10.00	10.00	10.00	10.00	10.00	12.00	12.00	15.00	18.00	25.00		
	(ဒု)		-	-	-	-	-	-	-	-	-	13.00	15.00	22.00	25.00	30.00
	(တြ)		-	-	-	-	-	-	-	-	-	-	-	20.00		
4.	ဘိုကတ်	72 ပေါင်တင်	8.00	8.00	8.00	8.00	8.00	8.00	8.00	8.50	8.50	12.00	13.00	18.00	20.00	20.00
5.	မှန်တါနံ့	69 ပေါင်တင်	8.50	8.50	8.50	8.50	8.50	8.50	8.50	9.50	9.50	12.50	17.00	22.00	22.00	20.00
6.	" ပြာ	"	8.50	8.50	8.50	8.50	8.50	8.50	8.50	9.50	9.50	12.50	17.00	22.00	22.00	30.00
7	ဗမဦးနံ့ (ပ)	72 ပေါင်	9.00	9.00	9.00	9.00	9.00	9.00	9.00	9.00	11.00	11.00	13.00	18.00		
	(ဒု)	"တင်း	"	-	-	-	-	-	-	-	-	10.00	11.00	16.00	22.00	30.00
	(တြ)	"	"	-	-	-	-	-	-	-	-	-	-	14.00		
8	ဗရင်း	"	9.00	9.00	9.00	9.00	9.00	9.00	9.00	9.00	9.00	12.00	14.00	18.00	18.00	30.00
9	ဗပြူလေး	69 ပေါင်တင်း	8.50	8.50	8.50	8.50	8.50	8.50	8.50	8.50	8.50	9.00	11.00	16.00	20.00	20.00

Sources : ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ (၁၉၇၀-၇၁) နှင့် (၁၉၇၇-၇၈)။

ဇယား (၃-၂)

ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာချက်များပါ ပဲမျိုး ပုံသေဈေးနှုန်းများ ။

အမှတ်စဉ်	အမျိုးအစား		11/4/1964	18/3/1971	9/3/1973	27/1/1974	29/9/1974	1/3/1976	8/12/76
1	မတ်ပဲ (ပ)	72 ပေါင်တင်း	12.00	13.00	16.00	17.00	22.00		
	မတ်ပဲ (ဒု)	"	-	-	13.00	14.00	18.00	24.00	50.00
2	မတ်ပဲ (တ)	"	-	-	-	1[illegible]	16.00		
	ပဲတီစိမ်း (ပ)	"	11.50	11.5[illegible]	11.50	13.00	18.00		
	ပဲတီစိမ်း (ဒု)	"			12.00	12.00	16.00	24.00	40.00
	ပဲတီစိမ်း (တ)	"					14.00		
3	ထောပတ်ပဲ (ပ)	69 ပေါင်တင်း	10.00	12.00	15.00	18.00	25.00		
	(ဒု)	"			13.00	15.00	22.00	25.00	30.00
	(တ)	"			-	-	20.00		
4	ပဲစဉ်းငုံ (ပ)	72 ပေါင်တင်း	9.00		10.00	13.00	18.00		
	(ဒု)	"	-		10.00		16.00	22.00	30.00
	(တ)	"	-		-	-	14.00		
5	ဘိုကိတ်ပဲ	"	8.00	8.50	12.00	13.00	18.00	20.00	-
6	ပဲဖြူလေး	69 ပေါင်တင်း	8.50		9.00	11.00	16.00	20.00	-
7	နှမ်းတဂုနီ	"	8.50	9.50	12.50	17.00	22.00		30.00
8	နှမ်းတပြာ	"	8.50	9.50	12.50	17.00	22.00		30.00
	ပဲရင်း	72 ပေါင်တင်း	9.00		12.00	14.00	18.00		

Sources : နိုင်ငံတော်ပြန်တမ်း (၁၉၆၄)၊ (၁၉၇၁)၊ (၁၉၇၃)၊ (၁၉၇၄) နှင့် (၁၉၇၆)။

ပါသည်။

မတ်ပဲအမှန်အထွက်နှင့်ယမန်နှစ်ရိတ်သိမ်းချိန်ပေါက်စျေးနှုန်းကိုဆက်စပ်မှုရှိမရှိကိုဇယား (၃-၃) နှင့်ပုံကားချပ် (၃-၁) တွင်ဖော်ပြထားပါသည်။

ကော်လှန်ရေးကောင်စီအစိုးရချုပ်သည့်နှစ် (၁၉၆၂-၆၃) မှ ဝ၍မတ်ပဲစျေးနှုန်းမှာမပြောင်းလဲဘဲတသမတ်တည်းထားသည်မှာ (၁၉၇၀-၇၁) ခုနှစ်အထိတွေ့ရှိရပါသည်။ (၁၉၇၁-၇၂) မှဝ၍အခါအားလျော်စွာပြန်လည်သုံးသပ်ပြီး စျေးနှုန်းများပြုပြင်ပြောင်းလဲလာသည်ကိုတွေ့ရှိရပါသည်။ မတ်ပဲအထွက်ကို (၁၉၅၇-၅၈) ခုနှစ်မှ (၁၉၇၆-၇၇) ခုအထိ လေ့လာထားပြီး (၁၉၅၆-၅၇) ခုနှစ်မှ (၁၉၇၅-၇၆) ခုနှစ်အထိ ပျေးနှုန်းဖြင့်ဆက်စပ်မှုရှိမရှိကိုစီးပွားရေးအတိုင်းအတာပညာရပ်ဖြင့်တွက်ချက်တင်ပြထားပါသည်။

ရိတ်သိမ်းချိန်ပေါက်စျေးနှုန်းပေါ်မူတည်၍ခန့်မှန်းအထွက်မှာ ($\hat{y} = 30$) (ဟန်ထောင်ပေါင်း) ကိန်းသေဖြစ်ပါသည်။ စျေးနှုန်းပေါ်မူတည်၍ပြောင်းလဲမှုမရှိပါ၊ အထွက်နှင့်ယမန်နှစ်စျေးနှုန်းဆက်စပ်မှုပြကိန်းမှာ (.၀၁၅) သာရှိသည်ကိုတွေ့ရပါသည်။ (၁.၅ %) ခန့်သာဆက်စပ်မှုရှိပေရာ မတ်ပဲ၏ရိတ်သိမ်းချိန်ပေါက်စျေးနှုန်းသည်၊ လာမည့်နှစ်၏အထွက်ကိုမည်သို့မျှဆွဲဆောင်မှုမရှိသည်ကိုတွေ့ရပါသည်။

သို့ဖြစ်ရခြင်းကိုဆန်းစစ်ကြည့်ပါက၊ မတ်ပဲသည်အစိုးရကန့်သတ်ထားသောကုန်ဖြစ်ပါသည်။ ပြည်သူပိုင်အဖွဲ့အစည်းများမှလွဲ၍မည်သူမှလွှဲပြောင်းရောင်းချခြင်းမပြုရသောကြောင့်၊ သွက်လပ်စွာရောင်းဝယ်နိုင်သောအခြားသီးနှံများကိုစိုက်ပျိုးကြခြင်းကြောင့်ဖြစ်ပါသည်။

အစိုးရသတ်မှတ်သောစျေးနှုန်းမှာတသမတ်တည်းဖြစ်နေ၍၊ အထွက်ကိုဆွဲဆောင်မှုမရှိခြင်းလည်းဖြစ်ပါသည်။ (၁၉၇၆-၇၇) ခုအတွင်း စျေးနှုန်းနှစ်ဆတိုးပေး၍အထွက်ပြန်လည်၍နှစ်ဆခန့်ရှိလာသည်ကိုတွေ့ရှိရပေသည်၊ နောင်ကာလများတွင်စျေးနှုန်းများကိုနှစ်စဉ်နှစ်တိုင်းပြန်လည်သုံးသပ်၍၊ ပြင်ဆင်ခြင်းဖြင့်အထွက်တိုးလာနိုင်ဝရာအကြောင်းရှိပေသည်။

ဇယား (၃-၃)

နှစ်အလိုက်မတ်ပဲအမှန်အထွက်နှင့်ရိုက်သိမ်းချိန်ပေါက်
ဈေးနှုန်းပေါ်မူတည်မှုအထွက်အလားအလာ။

အမှတ်စဉ် ခုနှစ်	y အမှန်အထွက် (တန်ပေါင်ပေါင်း)	ခုနှစ်	x ရိုက်သိမ်းချိန် ပေါက်ဈေးနှုန်း (တတန်ဈေး)	$\hat{y}$ အထွက်အလားလာ (တန်ပေါင်း)
1. 1957-58	19.0	1956-57	467 ကျပ်	30.0
2. 1958-59	32.0	1957-58	497 "	30.00
3. 1959-60	28.0	1958-59	428 "	30.0
4. 1960-61	31.0	1959-60	287 "	30.0
5. 1961-62	27.0	1960-61	310 "	30.0
6. 1962-63	46.0	1961-62	475 "	30.0
7. 1963-64	53.0	1962-63	373 "	30.0
8. 1964-65	47.0	1963-64	373 "	30.0
9. 1965-66	38.0	1964-65	373 "	30.0
10. 1966-67	33.0	1965-66	373 "	30.0
11. 1967-68	26.0	1966-67	373 "	30.0
12. 1968-69	21.0	1967-68	373 "	30.0
13. 1969-70	17.0	1968-69	373 "	30.0
14. 1970-71	21.0	1969-70	373 "	30.0
15. 1971-72	29.0	1970-71	373 "	30.0
16. 1972-73	32.0	1971-72	404 "	30.0
17. 1973-74	24.0	1972-73	451 "	30.0
18. 1974-75	23.0	1973-74	482 "	30.0
19. 1975-76	15.0	1974-75	684 "	30.0
20. 1976-77	38.0	1975-76	684 "	30.0

Sources : (1) "ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ"
(1970-71) နှင့် (1977-78)
(2) "Agricultural Statistics" (1963), (1975)
(1963-64), (1971-72) and (1976-77)

ယောပတ်ပဲကို တော်လှန်ရေး အစိုးရတက်ပြီး နောက်(၁၉၆၂-၆၃)ခုနှစ်မှစ၍ဝယ်ယူခဲ့ပါသည်၊(၁၇-၉-၆၄) ခုနှစ်မှစ၍၊ ယင်းပဲကိုအစိုးရနှင့်ပြည်သူ့ပိုင်အဖွဲ့အစည်းများကသာဝယ်ယူရမည့်သီးနှံအဖြစ်သတ်မှတ်ပြဋ္ဌာန်း၍ဝယ်ယူခဲ့ရာ(၁၉၆၉-၇၀) ခုနှစ်အထိတတန်လျှင်(၃၂၅) ကျပ်ဈေးဖြင့်ဝယ်ယူခဲ့ပါသည်။ (၁၉၇၀-၇၁) ခုနှစ်အတွက်ပြန်လည်ပြင်ဆင်၍(၃၉၀) ကျပ်ဈေးဖြင့်လည်းကောင်း တဖြည်းဖြည်း တတန်လျှင်(၈၁၂) ကျပ်ဈေးအထိ(၁၉၇၅-၇၆) ခုနှစ်တွင်တိုး မြှင့်သတ်မှတ်ခဲ့ပါသည်။ ယင်း ရိတ်သိမ်း ချိန် ပေါက် ဈေး နှုန်း များသည် လာမည့်နှစ်အတွက်ကိုတိုး တက် ပေ ရေး အတွက်ဆွဲ ဆောင်မှုရှိမရှိကို ` F ` စစ်ဆေးကိန်း ကိုအသုံး ပြု၍တွက် ချက်ထား ပါသည်။

အထွက်တန်ချိန်မှာ(၁၉၆၆-၆၇) ခုနှစ်အထိတဖြည်း ဖြည်း တိုးတက်လာပြီး (၁၉၆၇-၆၈) ခုနှစ်မှ(၁၉၇၀-၇၁) ခုနှစ်အတွင်း ပြန်လည်ကျဆင်း သွား ပါသည်(၁၉၇၁-၇၂) တွင်(၄၀.၆) သန်း ပေါင် ပေါင်း အထိနှစ်(၂၀) အတွင်း အမြင့်ဆုံး ထွက် ခဲ့သည်ကို တွေ့ရပါသည်။

(၁၉၇၂-၇၃) ခုနှစ်တွင် လျော့ကျသွား ပြီး (၁၉၇၃-၇၄) ခုနှစ်တွင်(၄၀.၆) သန်း ပေါင် ပေါင်း ပြန်လည်ထွက်ရှိလာပြီး နောက်နှစ်များတွင် လျော့ကျသွား ပါသည်။

ယင်း သို့အထွက်နှင့်အစိုး ရဝယ်ယူသည့် ဈေး နှုန်း ကိုဆက်စပ်မှုရှိမရှိကိုဇယား (၃-၄) နှင့်ပုံကား ချပ်(၃-၂) တွင် ဖော်ပြထား ပါသည်။ ဆက်စပ်မှု ပြကိန်း မှာ(.၀၉၂) ရှိပြီး ရာခိုင်နှုန်း အား ဖြင့်၉ % သာ တွေ့ရှိရပါသည်။ ဈေး နှုန်း ပေါ် မူတည်၍ ခန့်မှန်း အထွက်မှာ($\hat{y}$ = 27.68 ·) သန်း ပေါင်ပေါင်း ကိန်း သေ ပြောင်း လဲမှုမရှိဘဲဖြစ် နေသည်ကိုတွက် ချက်ရရှိပါ၍၊ ယခုနှစ်ရိတ်သိမ်း ချိန် ပေါက် ဈေး နှုန်း သည်၊ လာမည့်နှစ်အတွက်ကိုဆွဲ ဆောင်မှုမရှိဘဲဆက်စပ်မှု နည်း သည်ကို တွေ့ရှိရပါသည်။

ပဲဖြူလေး အထွက်နှင့်ရိတ်သိမ်း ချိန် ပေါက် ဈေး နှုန်း တို့ကိုဆက်စပ်မှုရှိမရှိတွက် ချက်ကြည့်ရာဆက်စပ်မှုပြကိန်း (.၁၃၁) ဖြစ်ပြီး ရာခိုင်နှုန်း အား

ဇယား (၃-၄)

နှစ်အလိုက် ရှားလပတ်ပဲအနှံအထွက်နှင့် ဂုတ်သိမ်းချိန် ပေါက်ဈေးနှုန်း ပေါ်မူတည်၍ အထွက်အလားအလာ။

အမှတ်စဉ်	ခုနှစ်	y အနှံအထွက် (တန်ထောင်ပေါင်း)	ခုနှစ်	x ဂုတ်သိမ်းချိန် ပေါက်ဈေးနှုန်း (တတင်းနှ ဈေး) ကျပ်	ŷ အထွက်အလားအလာ (တန်ထောင်ပေါင်း)
1.	1957-58	9.2	1956-57	432 "	27.68
2.	1958-59	11.7	1957-58	324 "	27.68
3.	1959-60	13.9	1958-59	256 "	27.68
4.	1960-61	11.0	1959-60	284 "	27.68
5.	1961-62	11.5	1960-61	362 "	27.68
6.	1962-63	14.5	1961-62	463 "	27.68
7.	1963-64	31.9	1962-63	325 "	27.68
8.	1964-65	29.9	1963-64	325 "	27.68
9.	1965-66	36.4	1964-65	325 "	27.68
10.	1966-67	37.0	1965-66	325 "	27.68
11.	1967-68	34.0	1966-67	325 "	27.68
12.	1968-69	32.0	1967-68	325 "	27.68
13.	1969-70	26.0	1968-69	325 "	27.68
14.	1970-71	29.0	1969-70	325 "	27.68
15.	1971-72	40.6	1970-71	390 "	27.68
16.	1972-73	36.0	1971-72	390 "	27.68
17.	1973-74	40.6	1972-73	454.5	27.68
18.	1974-75	36.4	1973-74	487 "	27.68
19.	1975-76	34.0	1974-75	812 "	27.68
20.	1976-77	38.0	1975-76	812 "	27.68

Sources: (1) ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ။
(1970-71) နှင့် (1977-78)
(2) "Statistical Year Book", (1963), (1975).
(3) "Agricultural Statistics", (1963-64), (1971-72) and (1976-77).

ဖြင့်(၁၃%) ဆက်စပ်မှုရှိပေရာ၊ ဆက်စပ်မှုမရှိသလောက်ဖြစ်ပါသည်။ ပေါက်ဈေးနှုန်း ပေါ်မူတည်၍ ခန့်မှန်းအထွက်မှာ $\hat{y} = 2.43$ (တန်ထောင်ပေါင်း) ဖြစ်ပါသည်။ ယင်းကိုဇယား (၃-၅) နှင့်ပုံကားချပ် (၃-၃) တွင်ဖော်ပြထားပါသည်။

ပဲဖြူလေး ဆီးနှံသည်လည်း ထောပတ်ပဲနည်းတူ တော်လှန်ရေး အစိုးရလက်အောက်ရှိပြည်သူပိုင်အဖွဲ့အစည်းများကသာဝယ်ယူရောင်းချရန်သတ်မှတ်ထားသောကုန်စည်ဖြစ်နေသည့်အတွက်ကြောင့်၄င်း၊ ဈေးနှုန်းများကိုနှစ်စဉ်ပြန်လည်သုံးသပ်၍၊ ပြင်ဆင်မှုမပြုလုပ်ဘဲတသမတ်တည်းလိုလိုထားရှိခဲ့သောကြောင့်၄င်း၊ ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်းများမှာအထွက်တိုးမြှင့်ရေးအတွက် ဆွဲဆောင်မှုမရှိသည်ကိုတွေ့ရပါသည်။

ကုလားပဲ၏ ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်းနှင့်အထွက်ကိုဆက်စပ်မှုရှိမရှိကြည့်သောအခါ၊ ဆက်စပ်မှုမရှိသည်ကိုတွေ့ရပါသည်၊ ဆက်စပ်မှုပြကိန်းမှာ (.၁၄၈) ဖြစ်ပြီး ရာခိုင်နှုန်းအားဖြင့် (၁၅%) သာရှိသည့်အတွက်ဆက်စပ်မှုနည်းပါးပြီး ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်းပေါ်မူတည်၍ ခန့်မှန်းအထွက်မှာ ($\hat{y} = 56.3$) တန်ထောင်ပေါင်းကိန်းသေဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ ယင်းတွေ့ရှိချက်များကိုဇယား (၃-၆) နှင့်ပုံကားချပ် (၃-၄) တွင်ဖော်ပြထားပါသည်။

ယင်းသို့ဆက်စပ်မရှိသည့်အကြောင်းရင်းမှာ ပဲဆီးနှံများသည်ဆီးဆပ် ဆီးညှပ်အဖြစ်၊ စိုက်ပျိုးကြခြင်းကြောင့်၄င်း၊ တောင်သူလယ်သမားများသည် ယင်းတို့စားသုံးမှုလိုအပ်ချက်ဖြည့်စည်းရန်အတွက်ကိုသာအဓိကထား၍စိုက်ပျိုးလေ့ရှိကြသောကြောင့်၄င်း၊ အစိုးရဈေးနှုန်းဖြစ်သည့်ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်းနှင့်အထွက်တို့ဆက်စပ်မှုမရှိသည်ကိုတွေ့ရပါသည်။

ရိတ်သိမ်းချိန်ပေါက်ဈေးနှုန်းများသည်အထွက်တိုးတက်ရေးအတွက်ဆွဲဆောင်မှုမရှိသော်လည်း အစိုးရဝယ်ယူရရှိမှုကိုမြှင့်တင်ရေးအတွက် ထောက်အကူပြုခြင်းရှိမရှိကိုဆက်လက်ဆန်းစစ်ထားပါသည်။

ဇယား (၃ - ၅)

နှစ်အလိုက်ပဲဖြူလေး အမှန်အထွက်နှင့်ရိတ်သိမ်းချိန် ပေါက်ဈေးနှုန်း ပေါ်

မူတည်၍အထွက်များ အလား အလာ။

အမှတ်စဉ်	ခုနှစ်	အမှန်အထွက် Y (တန်ထောင်ပေါင်း)	ခုနှစ်	ရိတ်သိမ်းချိန် X ပေါက်ဈေးနှုန်း (တတန်ဈေး)	ခန့်မှန်း Ŷ အထွ အလားအလာ (တန်ထောင်ပေါင်း)
1.	1957-58	3.6	1956-57	544 ကျပ်	2.43
2.	1958-59	3.4	1957-58	304 "	2.43
ဝဲအိတ်များ ကိုပြန်လည်ဝပ် ဆေး ခြင်း မှာအလွန်အ ရေး ပါလှပါသည်၊ ယင်း ဝဲအိတ်များ မှာပြည်ပသို့တင်သွင်း မည့်ဝဲအိတ်များ ဖြစ်သည့်အ လျော်ငွား၊ ပြည်ပမှဝယ်ယူသူများ ကိုနမူနာပြထား သည့်ဝဲအဆိုင်း (ဒွံ့မယုတ်) သမတ်မှတ်ထား သော ရည်အ သွေး များ နှင့်ကိုက်ညီသည့်ဝဲဖြစ်မှသာ တင်ပို့နိုင်မည်ဖြစ်ပါသည်၊ သို့ပါ၍ ဝဲအိတ်များ ကိုပြန်လည်ပက် ဆေး ခြင်း ကိုဆိပ်ကမ်း ဂိုဒေါင်မှ ပြုလုပ်ရန်အထူး လိုအပ်လှပါသည်။

(၃) ဆိပ်ကမ်း သို့ လှော်ခင်ရုံမှသ တော ပေါ် ရောက်သည့်အထိကုန်ကျစရိတ်များ --

(၄) ဇိမ်အုပ်ချုပ်မှုစရိတ်

(၅) ထုတ်ကုန်ခွန်များ

ဖော်ပြပြီး ၊ ကုန်ကျစရိတ်များ အား လုံး ကိုပေါင်း လိုက်ပါက ၊ သ တော ပေါ် ရောက်တန်ဘိုး (F.O.B) ကိုရရှိပါသည်၊ ထို့ကြောင့်ဝဲမျိုး ကိုတင်ပို့ပါကတင်ပို့နိုင်သည့် သ တော ပေါ် ရောက် ဈေး နှုန်း ကိုရရှိပါသည်။

ယင်း သို့ သင်္ဘောပေါ် ရောက်တန်ဘိုး ကိုတွက်ချက်ပြီး သောအခါ၊ ပြည်ပမှဝဲမျိုး ဝယ်ယူမည့်သူများ ထံသို့နမူနာများ ပေး ပို့၍ ဈေးနှုန်း ၊ အ ရေအ သွေး များ ကို ဖော်ပြပြီး ညှိနှိုင်း ရောင်း အဝယ်စကား ဆိုပါသည်။ ပြည်ပမှဝယ်သူများ ထံမှကမ်း လှမ်း ပေး သော ဝဲ ဈေး များ ကိုရရှိသောအခါ၊ မြန်မာ့ ပို့ကုန်သွင်းကုန် ကော်ပိုရေး ရှင်း မှတာဝန်ရှိပုဂ္ဂိုလ်များ အပါအဝင်၊ ပြည်ပ

ကုန်သွယ်ရေး ကော်မီတီမှအစည်းအဝေး ခေါ်၍၊ မြန်မာပြည်မှ ရောင်း နိုင်သော သင်္ဘောပေါ် ရောက်တန်ဘိုး နှင့်ကမ်းလှမ်း လာသောဝဲ ဈေးနှုန်း များကို နှိုင်းယှဉ်စဉ်းစားကြပါသည်။

ရောင်းချမည့်သင်္ဘောပေါ် ရောက်ဈေးနှုန်းကိုဆုံးဖြတ် ရန်စဉ်းစားရာတွင်ယမန်နှစ်က ရောင်းခဲ့သည့်ဈေးနှုန်းများ၊ ဝယ်ယူသည့် တိုင်းပြည်အလိုက်ပြုစုထားသော ဈေးနှုန်းမှတ်တမ်းများ၊ ကုန်သွယ်ရေးကိုယ် စားလှယ်များထံမှ ပေးပို့သော ဈေးကွက်တွင်ဖြစ်ပေါ်နေသော ဈေးနှုန်း များ၊ ဈေးကွက်အခြေအနေများ ပါဝင်သည့်အစီရင်ခံစာများ စသည့်သတင်း အချက်အလက်ပေါင်းစုံကိုထည့်သွင်းစဉ်းစားရပါသည်။ အထက်ပါအကြောင်းအ ချက်များအားလုံးကိုထည့်သွင်းစဉ်းစားပြီးနောက်မှ၊ မည်သည့်တိုင်းပြည်သို့ မည်သည့်ပဲအမျိုးအစားကို၊ မည်မျှဈေးဖြင့် ရောင်းမည်ဟူသော ရောင်းဈေး နှုန်းကိုသတ်မှတ်လိုက်ပါသည်။

ဆိုရှယ်လစ်စီးပွားရေးစနစ်တွင် ဈေးနှုန်းတွက်ချက်မှု များ၊ ပြည်တွင်းဝယ်ယူမည့်ဈေး၊ ပြည်တွင်းရောင်းချနိုင်သည့်ဈေး၊ ပြည်ပ သို့တင်ပို့ရောင်းချမည့်ဈေးများအားလုံးသည်၊ စီမံကိန်းအရ၊ တွက်ချက်ထား သည့် စီမံကိန်းဈေးနှုန်းများဖြစ်ပါသည်။

ရွေးချယ်ထားသော ပဲလေးမျိုးအတွက်၊ ပြည်ပသို့တင်ပို့သည့် ဈေးနှုန်းများ၏အလားအလာကိုတွက်ချက်တင်ပြထားပါသည်၊ ပဲဖြူလေးနှင့် ယောပတ်ပဲကိုတွဲ၍ ဖော်ပြထားပါသည်၊ ဆိုသို့လေ့လာရခြင်းမှာ ရရှိသော [illegible]ရင်း အချက်အလက်များအရ ပဲဖြူလေးနှင့် ယောပတ်ပဲကိုတမျိုးတည်း သတ်မှတ်၍ တင်ပို့သောကြောင့်ဖြစ်ပါသည်။

မတ်ပဲတင်ပို့သည့်ဈေးနှုန်းသည်တန်ဘိုးစုစုပေါင်းနှင့်တင်ပို့ သောတန်ချိန်တို့မှတွက်ချက်ရရှိထားခြင်းဖြစ်ပါသည်၊ ပျမ်းမျှတင်ပို့ဈေးနှုန်း ကို ၁၉၆၈ မှ ၁၉၇၇ ခုနှစ်အထိ (၁၀) နှစ်အတွက် လေ့လာထားပါသည်။ ဈေးနှုန်း

မှာ (၁၉၅၈) မှ (၁၉၇၁) ခုနှစ်အထိ အတက်အကျအနည်းငယ်ရှိခဲ့သော်လည်း (၁၉၇၂) ခုနှစ်မှစ၍ တက်သွားရာ (၁၉၇၅) ခုနှစ်အထိ ဈေးမြင့်နေသည်ကို လေ့လာတွေ့ရှိရပါသည်၊ (၁၈) နှစ်အတွက်အလားအလာမျဉ်းကိုတွက်ချက်သောအခါ၊ မျဉ်းဖြောင့်အတက်ပေါ်မှာရှိနေသည်ကို တွေ့ရပါသည်။ အလားအလာမျဉ်းမှာ ($\hat{y}_t = 106.2 + 3.9\,t$) ဖြစ်နေသည်ကို တွေ့ရပါသည်။ သို့ပါ၍ တနှစ်ထက်တနှစ်ပြည်ပသို့ပို့သည့်မတ်ပဲဈေးမှာတက်လာသည်ကို တွေ့ရှိနိုင်ပါသည်၊ လာမည့်နှစ်များတွင်လည်း ဈေးကောင်းလာမည်ဟုခန့်မှန်းနိုင်ပါသည်၊ ယင်းကို ဇယား (၃-၁၉) နှင့်ပုံကားချပ် (၃-၁၇) တွင် ဖော်ပြထားပါသည်။

ပဲဖြူလေးနှင့်ဆောပတ်ပဲပြည်ပသို့တင်ပို့သည့်တတန်ဈေးနှုန်းကို (၁၉၅၈) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ (၁၈) နှစ်အတွက် လေ့လာတွက်ချက်ကြည့်ရာ၊ မျဉ်းကွေးပေါ်မှာရှိသည်ကို တွေ့ရှိရပါသည်။

$$\left(\hat{y}_t = 101 - 8.6\,t + 1.1\,t^2 \right)$$

ဟူ၍သောအလားအလာမျဉ်းကိုတွက်ချက်၍ရရှိပါသည်၊ ယင်းမျဉ်းကွေးကိုကြည့်ရှုခြင်းဖြင့်ပဲဖြူလေးနှင့်ဆောပတ်ပဲဈေးနှုန်းမှာလည်း လာမည့်နှစ်များတွင်မြင့်မားဖို့တက်လာမည်ဖြစ်ပါသည်၊ ယင်းပဲဖြူလေးနှင့်ဆောပတ်ပဲနိုင်ငံခြားသို့တင်ပို့မည့်ဈေးနှုန်းကိုဇယား (၃-၂၀) နှင့်ပုံကားချပ် (၃-၁၈) တွင် ဖော်ပြထားပါသည်။

ကုလားပဲဈေးနှုန်း လေ့လာမှုကိုဇယား (၃-၂၁) နှင့်ပုံကားချပ် (၃-၁၉) တွင် ဖော်ပြထားပါသည်၊ ကုလားပဲတင်ပို့သည့်ဈေးနှုန်းမှာ၊ အတက်အကျနည်းပြီး ခန့်မှန်းတတန်ဈေးနှုန်းမှာ ($\hat{y}_t = 145.6$) ကျပ်နီးသော်ဖြစ်နေသည်ကို တွေ့ရှိရပါသည်၊ (၁၉၇၄) ခုနှစ်နှင့် (၁၉၇၅) ခုနှစ်တွင်လည်း တင်ပို့မှုမရှိသည်ကို တွေ့ရှိရပါသည်၊ ပြည်ပသို့တင်ပို့မှုများကိုအခန်း (၅) တွင် လေ့လာထားပါသည်။

ဇယား (၃-၁၉)

(၁၉၅၈) ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ နိုင်ငံခြားသို့ မတ်ပဲ
တင်ပို့သည့် ဈေးနှုန်း ။ ကျပ်/တန်

ခုနှစ်	t ခုနှစ်	yt တင်ပို့သည့်တတန် ဈေးနှုန်း (ဒေါ်လာ)ဖြင့်	yt ဈေးနှုန်း အလားအလာ
1958	1	149.13	110.14
1959	2	95.15	114.08
1960	3	80.60	118.03
1961	4	99.32	121.98
1962	5	163.09	125.92
1963	6	146.00	129.87
1964	7	153.35	133.82
1965	8	155.66	137.77
1966	9	131.73	141.72
1967	10	109.94	145.68
1968	11	148.03	149.61
1969	12	162.45	153.56
1970	13	161.24	157.51
1971	14	121.70	161.45
1972	15	119.64	165.40
1973	16	165.68	169.35
1974	17	229.42	173.30
1975	18	193.48	177.24

Sources : (1) " Agricultural Statistics ",(1971-72),(1975-76)

(2) " Statistical Year Book " (1963),(1975).

ဇယား (၃-၂၀)

(၁၉၅၈) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ ပဲဖြူလေးနှင့် ဘောပတိပဲ တင်ပို့ သည့်ဈေး နှုန်း ။

ကျပ် / တန်

ခုနှစ်	t နှစ်	yt တင်ပို့သည့် တတန်ဈေးနှုန်း (ဒေါ်လာ) ၌	yt တတန်ဈေး နှုန်းအလား အလာ ။
1958	1	76.93	93.49
1959	2	65.67	88.24
1960	3	77.14	85.27
1961	4	96.07	84.58
1962	5	111.03	86.16
1963	6	113.72	90.02
1964	7	116.72	96.16
1965	8	114.79	104.59
1966	9	117.21	115.29
1967	10	132.43	128.26
1968	11	155.19	143.52
1969	12	155.61	161.05
1970	13	162.12	180.86
1971	14	166.70	202.96
1972	15	158.68	227.32
1973	16	191.88	252.97
1974	17	420.17	282.90
1975	18	306.07	314.10

Sources : (1) " Agricultural Statistics ",(1971-72),(1975-76).

(2) " Statistical Year Book",(1963),(1975).

ဇယား (၃-၂၁)

(၁၉၅၈) ခုနှစ်မှ (၁၉၇၃) ခုနှစ်အထိ နိုင်ငံခြားသို့ ကုလားပဲ တင်ပို့မှု

တတန် ဈေး နှုန်း ။

ခုနှစ်	t နှစ်	Y_t တင်ပို့သည့်တတန် ဈေး (ဒေါ်လာ) $	Y_t တတန် ဈေး နှုန်း အလယ် အလတ်
1958	1	115.09	145.67
1959	2	119.55	145.67
1960	3	126.17	145.67
1961	4	142.11	145.67
1962	5	131.62	145.67
1963	6	110.26	145.67
1964	7	131.69	145.67
1965	8	148.17	145.67
1966	9	154.28	145.67
1967	10	161.08	145.67
1968	11	163.84	145.67
1969	12	193.75	145.67
1970	13	139.95	145.67
1971	14	141.63	145.67
1972	15	142.38	145.67
1973	16	209.24	145.67

Sources : (1) " Agricultural Statistics",(1971-72),(1975-76).

(2) " Statistical Year Book",(1963),(1975).

အခန်း (၄)

ပဲမျိုးစုံ ပြည်တွင်း ဖြန့်ဖြူးမှု။

ပဲမျိုးစုံမှာ လယ်ယာထွက်သီးနှံများ အနက်မှ တမျိုး ဖြစ်ပေသည်။ သို့ဖြစ်ပါ၍ ပဲမျိုးစုံ၏ ကုန်ဖြန့်လမ်းကြောင်းကို လေ့လာရာတွင် ပဲမျိုးစုံသီးနှံများ၏ လက္ခဏာရပ်များကို ရှေးဦးစွာ သိထားရန်လိုအပ်ပါသည်။ သို့မှသာ ရောင်းဝယ်ရာ၌ စိုးမိုးချယ်လှယ်မှုများကို သိသာထင်ရှားစွာ သိမြင်နိုင်မည်ဖြစ်ပါသည်၊ ယင်းလက္ခဏာရပ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(၁) ပဲသီးနှံများမှာ အခြားသော လယ်ယာထွက်သီးနှံများ နည်းတူ ဝန်ကျယ်၍ လေးလံသောပစ္စည်းများ ဖြစ်ပါသည်၊ ဝန်ကျယ်၍ လေးလံသောပစ္စည်း ဖြစ်သည့်အတွက် ကြောင့် သယ်ယူပို့ဆောင်ရာတွင်၎င်း ၊ ကုန်သိုလှောင်ရာတွင်၎င်း စက်မှုပစ္စည်းများထက် စရိတ်က ကြီးမားလှပေသည်။

(၂) တောင်သူလယ်သမားကြီး တဦးချင်း စိုက်သည့်ပဲသီးနှံများကို အရေအတွက် အနည်းအကျဉ်းဖြင့်သာ ထုတ်လုပ်နိုင်ကြပေရာ၊ တဦးချင်း တင်ပို့ရောင်းချခြင်း ပြုရန်မလွယ်ကူပေ။

(၃) ယင်းသီးနှံများကို သိုလှောင်မှုပြုရာတွင် သိုလှောင်ရုံများ စနစ်ကျရန် ကိုင်တွယ်မှုကောင်းရန် အထူးလိုအပ်ပါသည်။ အကြောင်းမှာ၊ အတန်းအစား မတူသည့် ပဲတမျိုးနှင့်တမျိုး ရောနှောသွားပါက၊ အရည်အသွေး ညံ့ဖျင်းသွားမည်ဖြစ်သောကြောင့်ပင်ဖြစ်သည်။ ယင်းသီးနှံများသည် ပိုးထိုး လွယ်တတ်သဖြင့် သင့်တော်ရာနည်းလမ်းများ၊ ဆေးများသုံး၍ ပိုးမွှား၊ အန္တရာယ်ကာကွယ်ပေးရန် လိုအပ်ပါသည်။

(၄) လယ်ယာဥယျာဉ် ခြံမြေထွက်သီးနှံဖြစ်ပေရာ၊ ရာသီနှင့်ထွက်သော ကုန်များ ဖြစ်ပေသည်၊ သို့ပါသော်လည်း စားသုံးကုန်ဖြစ်၍ ဝယ်လိုအားများမှာမူ တနှစ်ပတ်လုံး မှန်မှန်ရှိနေပေရာ၊ ဝယ်သူများကို ဖြည့်တင်းနိုင်ရန်အတွက်

သိုလှောင်ရေး မှာအဓိကလိုအပ်ချက်တရပ်ဖြစ်နေပါသည်။

(၅) ပဲသီးနှံများ၏အရေအသွေး နှင့်အထွက်ကိုပိုမို သေသတ်မှတ်ဖန် တီးထွားရန်မလွယ်ကူပေ၊ သီးနှံအရေအသွေး နှင့်အထွက်နှုန်းတို့မှာ၊ ရေ၊ မြေ သဘာဝအဖျက်အဆီး၊ ပိုးမွှား အန္တရာယ်၊ အပင်များ ရောဂါကျ ရောက်ခြင်း စသည့်အချက်များ ပေါ်မူတည်လျက်ရှိပါသည်။

ပဲမျိုးပုံ၏ကုန်ဖြန့်လမ်းကြောင်းကို လေ့လာရာတွင်အခြား လယ်ယာထွက်သီးနှံများ ကုန်ဖြန့်လမ်းကြောင်း နည်းတူထုတ်လုပ်သူ တောင်သူလယ်သမားများ မှတဆင့် ကောက်ယူရောင်းသူ၊ ယင်းတို့မှတဆင့်၊ လက္ကား၊ လက်လီဖြန့်သူ၊ ယင်းတို့မှတဆင့်စားသုံး သူလက်သို့ ရောက်ရှိမည်ဖြစ်ပါသည်။ ကြာရှည်ခံရန်လိုအပ်သော မတ်ပဲ၊ ပဲစဉ်းငုံ၊ ပဲရာဇာ၊ ကုလားပဲ တို့ကိုမူအချို့ကိုပဲခြမ်း များအဖြစ်ကြိတ်ခွဲ၍ ၎င်း၊ အချို့ကိုပဲလုံး အတိုင်း ဖြန့်ဖြူး လေ့ရှိပါသည်။

ပဲမျိုးပုံသီးနှံတို့၏သမရိုး ကျကုန်ဖြန့်လမ်းကြောင်း ကိုပုံကားချပ် (၄-၁) တွင် ဖော်ပြထားပါသည်။

ကုန်ဖြန့်လမ်းကြောင်း ကို လေ့လာရာတွင်နှစ်ပိုင်း ခွဲခြား၍ လေ့လာနိုင်ပါသည်။

(၁) လွတ်လပ်ရေး ရပြီး ခေတ် (၁၉၅၀) ခုနှစ်မှ (၁၉၆၂ ခုအထိ

နှင့် (၂) တော်လှန်ရေး အစိုးရတက်ပြီး ခေတ် (၁၉၆၂ မှ (၁၉၇၇) ခုအထိ တို့ဖြစ်ပါသည်။

(၁) လွတ်လပ်ရေး ရပြီး ခေတ် (၁၉၅၀) ခုနှစ်မှ (၁၉၆၂) ခုနှစ်အထိ ။

လွတ်လပ်ရေး ရပြီး နောက်ပိုင်း တော်လှန်ရေး ကောင်စီမှ နိုင်ငံတော်အာဏာကိုမသိမ်းမီကာလ ထိလယ်ယာထွက်သီးနှံများ ၏ ရောင်းဝယ်ရေး လုပ်ငန်း ဆောင်တာများ ကို လေ့လာကြည့်ပါက၊ တရုတ်၊ ကုလား ၊ ကုန်သည်ကြီး များ ကသာလက်ဝါးကြီး အုပ်၍ ရောင်းဝယ် ဖေါက်ကားလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။

ပုံအမှတ် (၄-၁)

<u>ငါးမျိုးစုံဆီးနှင့်ကုန်ဖြန့်လမ်းကြောင်း</u>



သီးနှံများ၏ကုန်ဖြန့်လမ်းကြောင်းမှာ၊ တောင်သူလယ်သမားများမှတဆင့်သီးနှံများ၏ ဒေသတွင်း ကောက်ယူစုဆောင်းမှုကိုပွဲစားများ၊ ကုန်သည်ကြီးများ၏အဝယ်ဂိုဒေါင်များနှင့်ပြန်လည်ရောင်းချသူများက ဝယ်ယူစုဆောင်းခြင်းပင်ဖြစ်ပါသည်။

ပွဲစားများမှာ ငွေအရင်းအနှီး ရိုက်ထုတ်ရန်မလိုဘဲကုန်ရောင်းသည့်အလုပ်ကိုဖြစ်စေ၊ ဝယ်ယူသည့်အလုပ်ကိုဖြစ်စေ၊ ကက်ကျွမ်းနားလည်ထားသူဖြစ်သည်၊ ရောင်းချပေးရသည့်အတွက်ဖြစ်စေ၊ ဝယ်ယူပေးရသည့်အတွက်ဖြစ်စေကုန်တန်ဖိုးပေါ်တွင်သတ်မှတ်ထားသောရာခိုင်နှုန်းကိုဆောင်ရွက်ခအဖြစ် ကော်မရှင် (သို့မဟုတ်) ပွဲခအဖြစ်ရယူကြပါသည်။

ကုန်သည်ကြီးများ၏အဝယ်ဂိုဒေါင်များမှာ၊ ဒုတိယဈေးကွက်တွင်ရှိသောပွဲရုံကြီးများ၊ ဘရုတ်ကုလားကုန်သည်ကြီးများက၊ သီးနှံထွက်ရာဒေသများသို့သွားရောက်၍ ကောက်ယူစုဆောင်းရန်ယုံကြည်စိတ်ချရသူဖြင့်ကိုယ်စားပြုစေလွှတ်ခံရသူများဖြစ်သည်။ ယင်းအဝယ်ဂိုဒေါင်များမှာလခစားအဖြစ်၄င်း၊ သီးနှံဝယ်ယူရရှိသည့်အရေအတွက်၊ အမျိုးအစား၊ ဈေးနှုန်းတို့ပေါ်မူတည်၍ ကော်မရှင်ခငွေပေးကြရပါသည်။

ကျန်တတိယအမျိုးအစား ကောက်ယူစုဆောင်းသူများမှာအလယ်အလတ်တန်းစားကုန်သည်များဖြစ်ပါသည်။ မိမိတို့ဖာသာသီးနှံများကိုထွက်ရှိရာအရပ်များတွင်လိုက်လံကောက်ယူစုဆောင်းပြီး၊ ဒိသ္တြိက်မြို့နယ်ဈေးကွက်များတွင်တဆင့်ပြန်လည်ရောင်းချပါသည်၊ အချို့ကိုလည်းဖြိုခွဲ၍၊ လက္ကား၊ လက်လီ၊ ပြန်လည်ရောင်းချပါသည်။

သီးနှံများကိုကောက်ယူစုဆောင်းပြီး၊ ဒိသ္တြိက်မြို့နယ်ဈေးကွက်များမှတဆင့်ပြန်လည်ရောင်းချပါသည်။ အထက်မြန်မာပြည်တွင်အဓိကကျပြီးအရောင်းအဝယ်အတွင်ကျယ်ဆုံးသောမြို့များမှာရွှေဘို၊ မုံရွာ၊ မန္တလေး၊ မိတ္ထီလာ၊ နှင့်ပခုက္ကူတို့ဖြစ်ပါသည်။ အောက်မြန်မာပြည်တွင်ပဲသီးနှံများကိုအဓိကအရောင်း

ဆဝဏ်ပြုသည့် မြို့နယ်များ မှာ ဟင်္သာတ၊ ကြောင်ကုန်း တို့ဖြစ်ပါသည်။

ယင်းမြို့ရှိကုန်သည်များ မှာ မြန်မာကုန်သည်လေး များ ဖြစ်ကြပါသည်။ ကုန်သည်များ သည်၊ ဆင်းရဲမှု ပြင်းထန်ခြင်း မပြုပြင်ဘဲနှင့် ငွေတိုးသိုင်း ငင်း၊ ရန်ကုန်သို့ဝင်ပို့ခြင်း၊ သက်ဖ၊ လူ့ သား ရောင်းဝယ် ဖောက်ကားခြင်း များ ပြုလုပ်ကြပါသည်။

မဟုတ် ရှေး ကျွက်တာသည်း**အား** ပြင့်ရန်ကုန်မြို့ပေါ် ရောက်၊ ကုလား ကုန်သည်ကြီး များ သာအရင်း အနှံ့ ဖျက်မြား ပွဲ ဖြင့်လူ့ သား ရောင်း ဝယ် ခြင်း များ ပြုသည့် ပြင်ပြည်ပ သို့ ဝင်ပို့ ရောင်း ချခြင်း ကိုလုပ် ဆောင်လျက်ရှိပါ သည်။

ဝဲသီး နှံ များ ကို ပေါင်ဆိုင်ပေါ်း ၊ ရုပ်ကန်း ရှိဝွ ငုံကြီးများ ပြင်သာ တို့ ကား **ထို** ဈေး ကာ ား ငွေ ၊ ရောင်း ဝယ်ခြင်း များ ပြုလုပ်ကြပါသည်။

တောက်ဝဲ သီး နှံ ရောင်း ဝယ် ရေး ပ ကွဲ **စည်း** နဲ့ လေ ဒ်လည်း ပို **ရ ပါး** ရောင်း ဝယ် ရေး ကိုသာအ**ဓိ**ကထား **ဝ**လုပ် ကိုင် နဲ့ ပေ ရာ ၊ ဝဲ မျိုး ကုံအပါ **အဝ** င်**အ**ကြွား ပယ်သာ ကွက် သီး နှံ များ မှာ နိုင်ငံခြား သား **ခ** ရင်း ရှင်များ ပက် ဝယ် ၍ ပင်ရာ နိုင်ငံ ရှိန်း **အ** ဒေ ဒ်ပွား များ ရောင်း ဝယ် ဖောက်ကား လျက်ရှိပါသည့်။ (၁၉၆၀) ခုနှစ်ကဝိုင်း ပွင် ဇွဲယ ာ ကျေး ပေါ်ကြီး ကဘ်ပွဲကြီး ရေး တော ဒ်ပြီ ရေး ရှင်း ပွဲ ကြီး **ထိ** ထောက်ဝဲ သီး နှံ ရောင်း ဝယ် ရေး ပြုလုပ် **ရ** န်**အ**ဝန် နိုင်များ ဖွင့် လှစ်**၍** သီး နှံ များ ကို ရောက်ယူ မှု ဆော င်း နဲ့ ပေ ဒ်ပွည်း နိုင်ငံ **တော** ဒ် ထောက်ဝဲ သီး နှံ ရောင်း ဝယ် ရေး ဆ ပွဲ**တ**ည်း ဘည်း မှ သာ ရောင်း ဝယ် ရမည်ကုတ်ပြဿနာ ချ မှ ရှိ နဲ့ ခြင်း ကြောင့်ပုဂ္ဂလိက အရင်း ရှင်များ နှင့်ပွဲ ပြင်လုပ် ကိုင် ရ ပေ ရာ ။ သင်း ဆ ကွဲ **ဓါ**လုပ် ဆောင်ချက်များ မှာ ဦး ကပ်သ ာ သင့်သ လောက်ထိုး **တက်**မှု မ ရှိ နဲ့ သန့် ကို တွေ့ရှိရပါသည်။

ကုန်သည်ကြီး များ နိုင်ငံခြား သို့ဝဲ သီး နှံ များ ကို ဝင်ပို့ ရောင်း ချ ရာ တွင် အရည်အ သွေး ပြင့်ပ ဒ်သက်၍ နိုင်ငံခြား ကုန်သည်ကြီး များ ပြင့်သ ဘော

တူညီမှုရှိရာသွင်းတင်ပြသောအရည်အသွေးများ မှန်ကန်ကြောင်း စစ်ဆေးပေးသောအဖွဲ့အစည်း ကော်ပိုရေးရှင်းများ ရှိခဲ့ပါသည်။

* "ယင်းအရည်အသွေး စစ်ဆေးသောအဖွဲ့များမှာ

(1) The General Superintendence Company (Burma) Limited.

(2) The Overseas Merchandise and Inspection Company.

(ဂျပန်သို့တင်ပို့မည့်ကုန်များ အတွက်သာစစ်ဆေးပေးပါသည်။)

(3) The International Inspection and Testing Corporation.

တို့ဖြစ်ပါသည်။

The general Superihtendence Company (Burma) Limited သည် 'Swiss' မှပိုင်သောကုမ္ပဏီဖြစ်ပြီး တတန်လျှင်စစ်ဆေးခ(၂)ကျပ်နှုန်း အခကြေး ငွေပေးရပါသည်။ ဒုတိယကုမ္ပဏီမှာဂျပန်ပိုင်ကုမ္ပဏီဖြစ်ပြီး ဂျပန်သို့တင်ပို့မည့်ကုန်စည်အရည်အသွေးများကို စစ်ဆေးပေးပါသည်။ တတိယကုမ္ပဏီမှာမည်သည့်တိုင်းပြည်သို့တင်ပို့မည့်ကုန်စည်ကိုမဆိုစစ်ဆေးပေးသော်လည်း ပထမကုမ္ပဏီကဲ့သို့လူသိမများလှပါ"။

---

* "Export Trade of Peas and Beans" by Daw Yin Yin Mya.

(၂) <u>တော်လှန်ရေး ကောင်စီတက်ပြီး နောက်ပိုင်း</u> (၁၉၆၂မှ၁၉၇၇) ခုထိ။

တော်လှန်ရေး ကောင်စီမှ နိုင်ငံတော်ကိုစတင်အုပ်ချုပ်သည့် နောက်ပိုင်း (၁၉၆၂) ခုနှစ်မှစ၍ ကောက်ပဲသီးနှံ ရောင်းဝယ်ရေးတွင်ပုဂ္ဂလိက ရောင်းဝယ်ခြင်း ကိုတဖြည်းဖြည်း ခြင်း ချုပ်ငြိမ်း စေခဲ့ပါသည်။ အခြေခံကုန်ဖြန့်လမ်း ကြောင်း မှာ ပြောင်း လဲမှုမရှိခဲ့သော်လည်း လုပ်ဆောင်သောအဖွဲ့အစည်း များ မှာ ပြောင်း လဲမှုများ ရှိလာပါသည်။

(၁၉၆၂) ခုနှစ် (၂၂) ရက်ဒီဇင်ဘာလတွင် ကောက်ပဲသီး နှံလယ်ယာထွက်ပစ္စည်း ဝယ်ယူမှုဝည်း မျဉ်း သတ်မှတ်မှုဥပဒေကိုချမှတ်ခဲ့ပါသည်။ (၁၉၆၂) ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန် ရေး ကောင်စီဥပဒေအမှတ် (၄၅) အရ၊ မည်သူမဆိုသီး နှံအမျိုး အဝါး အလိုက် ကောက်ပဲသီး နှံလယ်ယာထွက်ပစ္စည်း များ ကိုသတ်မှတ်ထား သောအဇေး လချိန်၊ အတိုင်းအတာများ ဖြင့်မှန်ကန်စွာ ရောင်း ဝယ်ကြရန် ငွေဒဏ်၊ ထောင်ဒဏ်များ သတ်မှတ်၍အပိုး ရပြဋ္ဌာန်း ချက်များ ထုတ်ပြန်ခဲ့ပါသည်။

တောင်သူလယ်သမား များ သီး နှံအထွက်တိုး ရေး ကို ရှေ့ရှု၍ သော်၎င်း ၊ အခွင့်အရေး ကို မျှော်မှန်း ၍ သော်၎င်း ၊ (၁၉၆၄) ခုနှစ်မတ်လ (၂၅) ရက်တွင်။ သီး ဝါး ချထား ရေး ဆက်ဥပဒေကို၎င်း ၊ တောင်သူလယ်သမား များ အခွင့်အရေး ကာကွယ်သည့်ဥပဒေကို၎င်း ချမှတ်ပြဋ္ဌာန်း ခဲ့ပါသည်။

၂

(၁၉၆၃) ခု (၂၀) ရက်မတ်လတွင်ကုန်သွယ် ရေး ဌာနမှ ကြော်ငြာချက်အမှတ် (၅) ကိုထုတ်ပြန်၍ ကောက်ပဲသီး နှံ (၁၁) မျိုး ကို၊ ပြည်သူ့ ကောက်ပဲသီး နှံရောင်း ဝယ် ရေး အဖွဲ့၊ မြေ ကျေး ရှင်း ၊ နှင့်သမဝါယမ ကလုံး ဝတာဝန်ယူ၍ပြည်တွင်း ပြည်ပ ရောင်း ဝယ်မှုပြုလုပ်သွား မည်၊ တသီး ပုဂ္ဂလကုန်သည်ပွဲစား များ အား ပြည်တွင်း ပြည်ပ ရောင်း ဝယ်ခွင့်ပြုမည်မဟုတ် ကြောင်း ထုတ်ပြန် ကြေငြာခဲ့ပါသည်၊ မတ်ပဲသီး နှံသည်၊ အပိုး ရတဦး တည်း

ကသာ ရောင်း ဝယ်ခွင့်ပြုသည့်အသီး နှံတခုအဖြစ်ပါဝင်ခဲ့သည်ကို တွေ့ရှိရပါသည်။

၎င်း ကြော်ငြာချက်နှင့်ပင်၊ အစိုး ရကဝယ်ခြမ်း မှု ပြုမည့် အပြင်တအသီး ပုဂ္ဂလိကကုန်သည်ဖွံ့ဝါး များ ကိုလည်း ပြည့်တွင်း ၌ ရောင်း ဝယ် ခွင့်ပြု ပြီး ၊ နိုင်ငံခြား သို့တင်ပို့ခွင့်မပြု သောအသီး နှံများ ကိုပါထုတ်ပြန် ကြော်ငြာခဲ့ရာ၊ ကုလား ပဲ၊ ပဲစဉ်း ငုံ၊ ထောပတ်ပဲ၊ ပဲလွန်း ၊ ပဲဒိဝိမ်း ၊ ဝွန်တါနိ၊ ဝွန်တာပြာ၊ ဘိုကိတ်၊ ပဲရင်း ၊ ပဲပုပ်တို့ကိုပြည် ထောင်စု ကောက်ပဲအသီး နှံ ရောင်း ဝယ် ရေး အဖွဲ့မှဝယ်ယူ ရောင်း ချသည့်နည်း တူပုဂ္ဂလိကကုန်သည်များ ကိုလည်း ပြည်တွင်း ၌ ရောင်း ဝယ်ခွင့်ပြုရာတွင်ပါဝင်ခဲ့ပါသည်။

(၁၉၆၃) ခုနှစ်(၂၆) ရက်ဒီဇင်ဘာလတွင်ထုတ်ပြန်ခဲ့သော ကုန်သွယ်မှုတိုး တက် ရေး ဌာနအမိန့် ကြော်ငြာစာအမှတ်(၁၆) အရ၊ အ ရေး ကြီး သည့် ကောက်ပဲအသီး နှံအဖြစ်သတ်မှတ် သောအသီး နှံများ တွင်မတ်ပဲအသီး နှံလည်း ပါဝင်ခဲ့ပါသည်။

(၁၉၆၄) ခုမတ်လ(၁၉) ရက် နေ့တွင်ရန်ကုန်ဂိုလ်ဒေါင်ဆိုင်များ ကိုပြည်သူပိုင်ပြုလုပ်ခဲ့ပြီး ဧပြီလ(၉) ရက် နေ့တွင်ပြည် ထောင်စုမြန်မာနိုင်ငံတွင်း ဂိုလ်ဒေါင်ဆိုင်များ ကိုပြည်သူပိုင်ပြုလုပ်ခဲ့ပါသည်။ ပြည်သူပိုင်ပြုလုပ်ရာတွင်၊ စား ကုန်၊ ဝတ်ကုန်နှင့်အ ထွေ ထွေသုံး ကုန်များ ကို ရောင်း ဝယ် ဖေါက်ကား သည့်လက္ကား ဆိုင်များ ၊ ပွဲရုံများ ၊ ကုန်တိုက်ကြီး များ ၊ ယင်း ပစ္စည်း များ ကိုသို လှောင်သည့်သိုလှောင်ရုံများ ၊ သမဝါယမဆိုင်များ ၊ အ ထွေ ထွေဝတိုးကြီး များ ပါဝင်ခဲ့ပါသည်။

(၁၉၆၄) ခုဖေဖော်ဝါရီ(၁၇) ရက် နေ့တွင်ကုန်သွယ်မှုတိုး တက် ရေး ဌာနအမိန့် ကြော်ငြာစာအမှတ်(၃၂) အရ၊ (၂၆/၁၂၊ ၁၉၆၃) ခုနှစ် ကြော်ငြာချက်ကိုဖျက်သိမ်း ၍လယ်ယာတိုင်း ကျွန်း နှင့်ဥယျာဉ်ခြံမြေထွက်ပစ္စည်း (၃၄) မျိုး ကိုအစိုး ရဌာနများ တသာဝယ်ယူ ရောင်း ချရန်သတ်မှတ်ခဲ့ပါသည်၊ ယင်း (၃၄) မျိုး တွင်ပဲအသီး နှံ(၁၅) မျိုး ပါဝင်ခဲ့ပါသည်၊ ပဲကြား နှင့်ပဲ နောက်နှစ်မျိုး မှာတင်း လွတ်အသီး နှံဖြစ်ခဲ့ပါသည်။

(၁၉၆၅) ခုဩဂုတ်လ (၂၀) ရက် နေ့ထုတ်ကုန်သွယ်ရေး ဌာနအမိန့်ကြော်ငြာစာအမှတ် (၁၀) အရ၊ သက်ဆိုင်ရာအစိုးရဌာနများ ကသာ ရောင်းဝယ်ရန်သတ်မှတ်ခဲ့သော (၁၇/၉/၁၉၆၄) ခုနှစ်ထုတ်ပြန်ချက်အရ ကုန်ပစ္စည်း (၃၄) မျိုး အစား၊ ကုန်ပစ္စည်း (၅၄) မျိုး ကိုအစားထိုး ထုတ်ပြန် ကြေငြာခဲ့ပါသည်၊ ယင်း (၅၄) မျိုး [illegible] ပဲ (၁၇) မျိုး စလုံး ပါဝင်သွားခဲ့ပေရာ၊ ပဲသီးနှံများ အားလုံး ကိုအစိုးရဌာနများ ကသာ ရောင်းဝယ်ခွင့်ပြုကြောင်း ကန့်သတ်ခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကောက်ယူစု ဆောင်း ရာတွင် ၄င်း၊ လှည့်ကူး ရောင်းဝယ်ရာတွင်၄င်း၊ လက်လီ ရောင်းဝယ်ရာတွင်၄င်း ပြည်သူပိုင်အဖွဲ့အစည်း၊ ပြည်သူ့ဆိုင်များ ကသာ ရောင်းဝယ် ဖေါက်ကား ခဲ့ပါသည်။

(၁၉၆၅) ခုဒီဇင်ဘာလ (၂၀) ရက် နေ့ထုတ်ကုန်သွယ်ရေး ဌာနအမိန့်ကြော်ငြာစာအမှတ် (၃/၆၅) အရကုန်သွယ်ရေး နှင့်လုပ်ငန်း ဆောင်တာ ကော်ပိုရေး ရှင်း များ ကိုဖွဲ့စည်း ခဲ့ပါသည်။ ကော်ပိုရေး ရှင်း (၂၂) ခုကိုဖွဲ့စည်း ခဲ့ပြီး လယ်ယာကိုင်း ကျွန်း နှင့်ဥယျာဉ်ခြံ မြေထွက်ကုန်ပစ္စည်း များ ရောင်း ဝယ် ရေး အတွက်ကုန်သွယ် ရေး ကော်ပို ရေး ရှင်း အမှတ် (၁) ကိုဖွဲ့စည်း ခဲ့ပါသည်။

(၁၉၆၆) ခုစက်တင်ဘာလ (၂၇) ရက် နေ့ထုတ်ကုန်သွယ်ရေး အမိန့်ကြော်ငြာစာအမှတ် (၁၀၊ ၁၁၊ ၁၂) အရအစိုး ရကဝယ်ယူရမည့် ကုန်ပစ္စည်း များ ကိုပြန်လည်သတ်မှတ်ခဲ့ရာ၊ စပါး ကော်ပဲ၊ ပဲကြီး၊ ကုလား ပဲ၊ ပဲပုပ်၊ ပဲရာဇာ၊ ပဲကြား၊ ပဲနောက်၊ ပဲလွန်း များ အပါအဝင်အခြား သီးနှံအချို့ကိုကုန်သွယ် ရေး ကလုံး ဝ ချုပ်ကိုင် ရောင်း ဝယ် နေရာမှကုန်သွယ် ရေး သာမက၊ သမဝါယမများ နှင့်ပုဂ္ဂလိကကုန်သည်များ ပါ ရောင်း ဝယ် ဖေါက်ကား ခွင့်ပြု ခဲ့ပါသည်။

ယင်း ကဲ့သို့အမိန့်ကြော်ငြာစာများ ပြဌာန်း သတ်မှတ်၍၊ ကင်း လွတ်ကုန်စည်နှင့် ချုပ်ကိုင်ထား သောကုန်စည်များ ဟူ၍ ခွဲခြား မှုများရှိ လာပါသည်။

သို့ဖြစ်ပါသောကြောင့် တောင်သူလယ်သမားများ ထံတွင် သွားရောက်ကောက်ယူစုဆောင်းရာတွင် ပုဂ္ဂလိက၊ ကုန်သည်၊ ပွဲစား၊ ကိုယ်စားလှယ်များ အပြင် အစိုးရအဝယ်ဒိုင်များကို ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁) မှ ဖွင့်လှစ်၍ ကောက်ယူစုဆောင်းခဲ့ပါသည်။ ကုန်စည်များ ထဲမှ အချို့ကို အစိုးရ ချုပ်ကိုင်၍ ရောင်းဝယ်မှုပြုလုပ်ခဲ့သောကြောင့် မှောင်ခိုကုန်သည်များ ပေါ်ပေါက်ခဲ့ပါသည်။

အဝယ်ဒိုင်မှ ဝယ်ယူသော သီးနှံများကို ဗဟိုဈေးကွက်ဖြစ်သည့် ရန်ကုန်ဈေးကွက်သို့ တိုက်ရိုက်တင်ပို့လေ့ရှိပါသည်။

ဒီပဲယင်းမြို့နယ် ဈေးကွက်တွင် ကင်းလွတ်ကုန်စည်များကို ကုန်သည်များ ရောင်းဝယ်ဖောက်ကားခွင့်ရှိသော်လည်း၊ ချုပ်ကိုင်ထားသော သီးနှံထွက်များကို မူသိုလှောင်ခြင်း၊ ဈေးကစားခြင်းများကို လွတ်လပ်စွာ ရောင်းဝယ်ခွင့်မရှိသည်နှင့်အညီ၊ မှောင်ခိုကုန်၊ မှောင်ခိုဈေးကွက် ပေါ်ထွက်လာပါသည်။

ကင်းလွတ်ကုန်စည်များကို လက္ကားဖြန့်လိုသူများမှာ လက္ကားမှတ်ပုံတင်ပြုလုပ်၍ ရောင်းဝယ်ခွင့်ပြုခဲ့ပါသည်။

လက်လီဖြန့်သူများမှာ တော်လှန်ရေးအစိုးရ တက်ပြီးစတွင် ပြည်သူ့ဆိုင်များမှ တဆင့်ဖြန့်ဖြူးခဲ့သော်လည်း၊ သမဝါယမဥပဒေကို အကောင်အထည်ဖော်လာသည့်အခါမှစ၍၊ စားသုံးသူသမဝါယမအသင်းများမှ စားသုံးသူများ ထံသို့ဖြန့်ဖြူး ရောင်းချခဲ့ပါသည်။

ပဲသီးနှံများမှာမူ၊ အဓိကဝေး ကုန်မဟုတ်သည့်အထွက်အထူး တလည် သမဝါယမမှ ဖြန့်ဖြူး ရောင်းချခြင်း မရှိခဲ့ပါ၊ ကုန်သွယ်ရေး ကော်ပိုရေးရှင်း (၁) မှ ဝယ်ယူမှုမှာလည်း ပြည်ပသို့တင်ပို့ရန်အတွက်သာဖြစ်ပါသည်။ ပြည်ပသို့ တင်ပို့ရန်အရည်အသွေး မမှီသော ပဲသီးနှံများကိုသာ ပြည်တွင်း၊ မွေးမြူရေး သမားများ သို့တိရစ္ဆာန်အစာ အဖြစ် ရောင်းချခဲ့ပါသည်။

(ဃ) နိုင်ငံတော်မှ ပဲလေးမျိုးကိုဝယ်ယူရရှိမှု။

မတ်ပဲ

မတ်ပဲသီးနှံကိုလယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက် ကုန်ပစ္စည်းတော်ပိုရေးဌာနမှဝယ်ယူမှုကို (၁၉၆၂-၆၃) ခုနှစ်မှ (၁၉၇၆-၇၇) ခုနှစ်အထိ (၁၅) နှစ်အတွက် လေ့လာထားပါသည်။ တော်လှန်ရေးကောင်စီက နိုင်ငံတော်အာဏာကိုလွှဲပြောင်းအုပ်ချုပ်သည့်အခါမှစတင်၍ပြည်တွင်းပြည်ပ ကောက်ပဲသီးနှံရောင်းဝယ်ရေးကိစ္စအဝဝတွင် ပုဂ္ဂလိက၊ ကုန်သည်ပွဲစားများအား တဖြည်းဖြည်း ချုပ်ငြိမ်းစေခဲ့ပါသည်၊ အခါအားလျော်စွာအမိန့်ကြော်ငြာစာများထုတ်ပြန်၍၊ ပြည်တွင်းပြည်ပ ရောင်းဝယ်ရေးများကိုချုပ်ကိုင်ခဲ့ပါသည်။

မတ်ပဲကိုလည်း (၁၉၆၃) ခု ဇူလိုင်လ (၂၅) ရက်နေ့မှစတင်၍ပြည်ထောင်စု ကောက်ပဲသီးနှံ ရောင်းဝယ်ရေးအဖွဲ့မှသာဝယ်ယူရောင်းချမည့်ကုန်အဖြစ်သတ်မှတ်ပြီး အဝယ်ဒိုင်များ ဖွင့်လှစ်ဝယ်ယူခဲ့ပါသည်။ (၁၉၆၂-၆၃) ခုနှစ်တွင်မတ်ပဲကိုနိုင်ငံတော်မှဝယ်ယူရရှိသည့်တန်ချိန်မှာ (၂၆) တန်ထောင်ပေါင်းဖြစ်ပြီး (၁၉၆၄-၆၅) ခုနှစ်တွင် (၂၉) တန်ထောင်ပေါင်းအထိတိုးမြှင့်ဝယ်ယူရရှိလာသည်ကို တွေ့ရှိရပါသည်။ (၁၉၆၅-၆၆) ခုနှစ်တွင် (၂၄) တန်ထောင်ပေါင်း (၁၉၆၆-၆၇) ခုနှစ်တွင် (၂၀) တန်ထောင်ပေါင်းအသီးသီး ဝယ်ယူရရှိခဲ့သော်လည်း (၁၉၆၇-၆၈) ခုနှစ်မှာ (၁၇) တန်ထောင်ပေါင်းသာဝယ်ယူရရှိတော့ပါသည်။ (၁၉၆၉-၇၀) ခုနှစ်အထိဝယ်ယူရရှိသည့်တန်ချိန်ရော့ကျလာရာယင်းနှစ်တွင် (၉) တန်ထောင်ပေါင်းသာဝယ်ယူရရှိခဲ့ပါသည်။ (၁၅) နှစ်တာကာလအတွင်း ဝယ်ယူရရှိမှုအနည်းဆုံးနှစ်ဖြစ်ခဲ့ပါသည်။ (၁၉၇၀-၇၁) ခုနှစ်တွင် (၁၄) တန်ထောင်ပေါင်း ဝယ်ယူရရှိခဲ့ပြီး (၁၉၇၁-၇၂) ခုနှစ်တွင် (၂၀) တန်ထောင်ပေါင်း (၁၉၇၂-၇၃) ခုနှစ်တွင် (၂၆) တန်ထောင်ပေါင်း ဝယ်ယူရရှိခဲ့ပြီး (၁၉၇၃-၇၄) မှ (၁၉၇၆-၇၇) ခုနှစ်များတွင် (၁၀) တန်ထောင်ပေါင်း

အထက်မှာဝယ်ယူရရှိခဲ့ပါသည်၊ ယင်းတို့ကိုဇယား (၄-၁) တွင် လေ့လာထားပါသည်။

(၁၅) နှစ်တာအတွက်မတ်ပဲကိုနိုင်ငံတော်က ဝယ်ယူရရှိမှုကို အချိန်ကိန်းစဉ်နည်းအရ လေ့လာသောအခါ ဝယ်ယူရရှိမည့်အလားအလာမျဉ်းမှာ $\hat{y}_t = 28.057 - 1.13t$ (တန်ထောင်ပေါင်း) အနုတ်မျဉ်းဖြောင့်ဖြစ်သည်ကို လေ့လာတွေ့ရှိပါသည်။ နိုင်ငံတော်မှ ဝယ်ယူရရှိမှုသည် နှစ်ကြာလာလေ ဝယ်ယူမှုလျော့ကျလာဖွယ်ရာရှိသည်ကို တွေ့မြင်ရပါသည်။ ယင်းကိုပုံကားချပ် (၄-၂) တွင် ဖော်ပြထားပါသည်။

နိုင်ငံတော်မှ မတ်ပဲဝယ်ယူရရှိမှုထိုသို့ လျော့ကျလာခြင်းကို သိရှိနိုင်ရန် လေ့လာကြည့်ရာတွင် အကြောင်းရင်းမှာ၊ အထွက်ကြောင့်သော်၎င်း၊ အစိုးရဝယ်ဈေးနှုန်းကြောင့်သော်၎င်း၊ ပြင်ပမြန်မာတပြည်လုံးပျမ်းမျှလက်ကားဈေးတို့ကြောင့်သော်၎င်း၊ ဖြစ်နိုင်ပါသည်။ ယင်းအကြောင်းရင်းတို့ကို ဇယား (၄-၁က) တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

နှိုင်းယှဉ်ပြဇယားကိုကြည့်ခြင်းဖြင့် (၁၉၆၂-၆၃) ခုနှစ်မှ (၁၉၆၆-၆၇) ခုနှစ်အထိဝယ်ယူရရှိမှုမှာ အနည်းဆုံး (၂၄) တန်ထောင်ပေါင်းမှ (၂၉) တန်ထောင်ပေါင်းအထိရှိသည်ကို တွေ့ရပေရာ၊ အထွက်မှာလည်း ကောင်းမွန်နေပြီး ဈေးနှုန်းကိုကြည့်ပါက အစိုးရဝယ်ဈေးနှင့်မြန်မာတပြည်လုံးပျမ်းမျှလက်ကားဈေးမှာ၊ ကွာခြားမှုနည်းပါးနေသောကြောင့်ဟူ၍ ပြောနိုင်ပါသည်။ (၁၉၆၇-၆၈) မှ (၁၉၇၀-၇၁) ခုနှစ်တွင်အနည်းဆုံး (၉) တန်ထောင်ပေါင်းမှအများဆုံး (၁၇) တန်ထောင်ပေါင်းအထိသာဝယ်ယူရရှိခဲ့ပါသည်။ ယင်းနှစ်များတွင်မတ်ပဲအထွက်မှာ လျော့ကျနေပြီး ဈေးနှုန်းမှာလည်း အစိုးရဝယ်ဈေးနှင့်မြန်မာတပြည်လုံးပျမ်းမျှလက်ကားဈေးမှာအနည်းဆုံး တတင်းလျှင် (၁၀) ကျပ်ကွာသည်ကို တွေ့ရသောကြောင့်ဖြစ်ပါသည်။ (၁၉၇၁-၇၂) ခုနှစ်တွင်နိုင်ငံတော်မှဝယ်ယူရရှိမှုတန်ချိန် (၂၀) တန်ထောင်ပေါင်းဖြစ်လာပါသည်။ ယင်းနှစ်တွင်အထွက်မှာ (၂၉)

ဇယား (၄-၁)

နိုင်ငံတော်မှ မတ်ပဲသီးနှံကို ဝယ်ယူရရှိမှုနှင့်အချိန်
ကိန်းစဉ်နည်းအရ ဝယ်ယူရရှိမည့်အလားအလာ။

(တန်ထောင်ပေါင်း)

ခုနှစ်	နှစ် (t)	နိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန် (y_t)	ဝယ်ယူရရှိမည့် အလားအလာ တန်ချိန်ပေါင်း ($\hat{y}_t$)
1962-63	1	26	26.925
1963-64	2	28	25.793
1964-65	3	29	24.661
1965-66	4	24	23.529
1966-67	5	28	22.396
1967-68	6	17	21.264
1968-69	7	14	20.132
1969-70	8	9	19.000
1970-71	9	14	17.868
1971-72	10	20	16.736
1972-73	11	26	15.004
1973-74	12	11	14.471
1974-75	13	16	13.339
1975-76	14	11	12.207
1976-77	15	12	11.075

Sources : ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ။
(1965-66, 1969-70, 1973-74, 1977-78)

ဇယား (၄- ၁၈)

မတ်ပဲသီးနှံ ကိုနိုင်ငံတော်မှ ဝယ်ယူရရှိမှု ကိုအထွက်၊ အဖိုးရဝယ်ဈေး နှင့်မြန်မာတပြည်လုံး ပျမ်းမျှလက္ကားဈေး တို့ဖြင့်နှိုင်းယှဉ်ပြဇယား

ခုနှစ်	နိုင်ငံတော်မှ ဝယ်ယူရရှိမှု (တန်ထောင်ပေါင်း)	မတ်ပဲအထွက် (တန်ထောင်ပေါင်း)	အဖိုးရဝယ်ဈေး ကျပ် (တင်း ၁၀၀ ဈေး)	မြန်မာတပြည်လုံးပျမ်းမျှလက္ကားဈေး ကျပ် (တင်း ၁ ထဈေ
1962-63	26	46	1200	2150
1963-64	28	53	1200	1288
1964-65	29	47	1200	1206
1965-66	24	38	1200	1385
1966-67	28	33	1200	1469
1967-68	17	26	1200	2275
1968-69	14	21	1200	3175
1969-70	9	17	1200	2717
1970-71	14	21	1300	2096
1971-72	20	29	1300	1717
1972-73	26	32	(1600 (1300	2639
1973-74	11	24	(1700 (1400	2843
1974-75	16	23	(2200 (1800 (1600	3379
1975-76	11	15	2400	3310
1976-77	12	38	5000	6450

Source : ``ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ''
(1963-64) မှ (1977-78)

တန် ထောင် ပေါင်း ဖြစ်ပြီး ယမန်နှစ်ထက်(၃၀%) ခန့်တိုး တက်လာပြီး အ
စိုး ရဝယ် ဈေး မှာမ ပြောင်း လဲ သော်လည်း မြန်မာတပြည်လုံး ပျမ်း မျှ
လက်ကား ဈေး မှာ(၁၇၁၇)ကျပ်(တင်း ၁၀၀ ဈေး)သို့ လျော့ကျခဲ့ပါသည်။
တတင်း လျှင်(၃)ကျပ် ကျော် ကျော်ကျဆင်း ခဲ့ ပေရာ၊ နိုင်ငံ တော်မှဝယ်ယူ ရ
ရှိမှုအနည်း ငယ်ပြန်လည်တိုး တက်လာခဲ့ပါသည်။

(၁၉၇၂–၇၃) ခုနှစ်တွင်(၂၆) တန် ထောင်ပေါင်း
နိုင်ငံ တော်မှဝယ်ယူရရှိခဲ့ပြီး ၊ အထွက်မှာ(၃၂) တန် ထောင် ပေါင်း ဖြစ်ပါ
သည်၊ အထွက်မှာယမန်နှစ်ထက်(၁၀.၃ %) တိုး တက်ခဲ့ ပါသည်။ အစိုး ရဝယ်
ဈေး နှုန်း မှာမူပထမတန်း ဝါး ဒုတိယတန်း ဝါး ဟူ၍နှစ်မျိုး နှစ်ဝါး ခွဲ
ခြား ၍ဝယ်ယူခဲ့ပါသည်။ (၁၆၀၀) ကျပ်နှင့်(၁၃၀၀) ကျပ်ဖြစ်ပြီး ပြင်ပ
လက်ကား ဈေး မှာ(၂၆၃၉) ကျပ်ဖြစ်သည်ကို တွေ့ရပါသည်။ အစိုး ရ ဈေး ထက်
တတင်း တွင်(၁၀) ကျပ်ခန့်ပို သော်လည်း အထွက်တိုး တက်ခဲ့သည်တတ ကြောင်း
ပါတီ ကောင်စီမှ တောင်သူဦး ကြီး များ အား စည်း ရုံး နိုင်မှု ကြောင့်တကြောင်း
ဝယ်ယူရရှိသည့်တန်ချိန်(၃၀%) ခန့်တိုး တက်ခဲ့ပါသည်။

(၁၉၇၃–၇၄) ခုနှစ်မှ (၁၉၇၅–၇၆) ခုနှစ်ထိနိုင်
ငံ တော်မှဝယ်ယူရရှိသည့်တန်ချိန်မှာအနည်း ဆုံး (၁၁) တန် ထောင် ပေါင်း
မှ(၁၆) တန် ထောင် ပေါင်း အမြင့်ဆုံး ဝယ်ယူရရှိခဲ့ပါသည်၊ ယင်း နှစ်များတွင်
အထွက်တန်များ လျော့နည်း နေပြီး အစိုး ရဝယ် ဈေး ထက်မြန်မာတပြည်လုံးပျမ်း
မျှလက်ကား ဈေး မှာ(၂)ဆနည်း ပါး ခန့်မြင့်မား နေသည့်အတွက် ကြောင့်ဖြစ်
ပါသည်(၁၉၇၆–၇၇) ခုနှစ်တွင်မတ်ပဲအထွက်တန်(၃၀) တန် ထောင် ပေါင်း အ
ထိတိုး တက်ခဲ့ သော်လည်း ၊ နိုင်ငံ တော်မှဝယ်ယူရရှိသည့်တန်ချိန်မှာ(၁၂) တန်
ထောင် ပေါင်း သာဝယ်ယူရရှိခဲ့ပါသည်။ ယင်း နှစ်တွင်အစိုး ရဝယ် ဈေး မှာတင်း
(၁၀၀) ကျပ်(၅၀၀၀) ကျပ် ဈေး သို့တိုး မြှင့်ဝယ်ယူခဲ့ သော်လည်း မြန်မာတပြည်
လုံး ပျမ်း မျှလက်ကား ဈေး မှာ(၆၄၅၀)အထိမြင့်တက် နေသည်ကို တွေ့ရပါသည်။
ယင်း တို့အပြင်၊ နိုင်ငံခြား တွင် ဈေး ကောင်း နေ၍ မှောင်ခို ဈေး ကွက်တွင်

ဈေး ကောင်း ပေး၍ ဝယ်ယူပြီး နိုင်ငံခြား သို့ ပို့ ထုတ် နေ သော ကြောင့် နိုင်ငံ တော်မှ ဝယ်ယူ ရရှိမှု လျော့ကျ နေခြင်း ဖြစ်ပါသည်။

အခန်း (၃) တွင် နိုင်ငံ တော်မှ မတ်ပဲ ဝယ်ယူ ရရှိမှုတန်ချိန် သည်၊ မြန်မာပြည်တပြည်လုံး ပျမ်း မျှလကား ဈေး နှင့် ပြောင်း ပြန်ဆက်သွယ် လျက်ရှိသည်ကို ဖော်ပြပြီး ဖြစ်ပါသည်။ အထွက်နှင့်ဝယ်ယူ ရရှိမှုတို့ဆက်သွယ် မှုကိုလည်း ဆက်လက်တွက် ချက်တင်ပြ မည်ဖြစ်ပါသည်။

ထောပတ်ပဲ။

ထောပတ်ပဲကိုနိုင်ငံ တော်မှ ဝယ်ယူ ရရှိသည့်တန်ချိန်များ ကို (၁၉၆၂-၆၃) မှ (၁၉၇၆-၇၇) ခုနှစ်အထိ (၁၅) နှစ်အတွက် လေ့လာထား ပါသည်၊ ထောပတ်ပဲ ဝယ်ယူ ရရှိမှုကို (၁၅) နှစ်တာအတွက်အချိန်ကိန်း စဉ်နည်း အရ လေ့လာကြည့် သောအခါဝယ်ယူ ရရှိမှုအလား အလာမှာ ($\hat{y}_t$ = ၃၀.၃၀၇) တန် ထောင် ပေါင်း ၊ ကိန်း သေဖြစ် နေသည်ကိုဇယား (၄-၂) နှင့်ပုံကား ချပ် (၄.၃) တွင် ဖော်ပြထား ပါသည်၊ နိုင်ငံ တော်မှ ထောပတ်ပဲ ဝယ်ယူ ရရှိမှုသည်၊ နှစ်ကာလနှင့်ပတ်သက်မှုမရှိသည်ကို တွေ့ရပါသည်။ နှစ်စဉ် (၂၀.၂၀၇) တန် ထောင် ပေါင်း ပတ်ဝန်း ကျင်၌သာ ဝယ်ယူ ရရှိနိုင်ပါသည်။

(၁၉၆၂-၆၃) ခုနှစ်တွင် (၀.၁) တန် ထောင် ပေါင်း သာ ဝယ်ယူ ရရှိခြင်း မှာ ထိုကာလတွင် ထောပတ်ပဲမှာ အစိုး ရတဦး တည်း ကသာ ဝယ်ယူ ရမည့်ကုန်သတ်ကုန်စာရင်း တွင်မပါဝင် သေး သည့်အတွက်၊ ပုဂ္ဂလိကကုန်သည်များ နှင့်ယှဉ်ပြိုင်ဝယ်ယူ ရခြင်း ကြောင့် လျော့နည်း နေခြင်း ဖြစ်မည်ဟု ခန့်မှန်း ရပါ သည်၊ ထောပတ်ပဲ ဝယ်ယူမှုကို (၁၇/၉/၁၉၆၄) ခုနှစ်တွင်နိုင်ငံပိုင်အဖွဲ့အစည်း များ ကသာ ဝယ်ယူ ရမည့်ကုန်စည်အဖြစ်သတ်မှတ်၍ ဝယ်ယူ ခဲ့ရာ (၁၉၆၃-၆၄) ခု နှစ်မှ (၁၉၇၆-၇၇) ခုနှစ်အတွင်း တွင်အနည်း ဆုံး (၁၃) တန် ထောင် ပေါင်း နှင့်အများ ဆုံး (၃၅) တန် ထောင် ပေါင်း အထိဝယ်ယူ ရရှိခဲ့ပါသည်။

အခန်း (၃) တွင် ထောပတ်ပဲ ဝယ်ယူ ရရှိမှုသည်၊ အစိုး ရဝယ် ဈေး နှင့် သော်၎င်း ၊ မြန်မာတပြည်လုံး ပျမ်း မျှလကား ဈေး နှင့် သော်၎င်း၊

ဇယား (၄-၂)

နိုင်ငံခြားမှ ထောပတ်ဝဲသီး နှံ့ကို ဝယ်ယူရရှိမှုနှင့်အချိန် ကိန်းစဉ်နည်း အရဝယ်ယူရရှိမည့်အလားအလာ ။

(တန်ထောင်ပေါင်း)

ခုနှစ်	နှစ် t	နိုင်ငံခြားမှ ဝယ်ယူရရှိသည့်တန် (x_t)	ဝယ်ယူရရှိမည့် အလားအလာ တန်ချိန်ပေါင်း ($\hat{y}_t$)
1962-63	1	0.1	20.207
1963-64	2	24.0	20.207
1964-65	3	28.0	20.207
1965-66	4	35.0	20.207
1966-67	5	24.0	20.207
1967-68	6	14.0	20.207
1968-69	7	17.0	20.207
1969-70	8	13.0	20.207
1970-71	9	23.0	20.207
1971-72	10	29.0	20.207
1972-73	11	17.0	20.207
1973-74	12	16.0	20.207
1974-75	13	14.0	20.207
1975-76	14	22.0	20.207
1976-77	15	27.0	20.207

Sources: ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ ။

(1965-66, 1969-70, 1973-74, 1977-78)

ဆက်ဝပ်မှုမရှိသည်ကို လေ့လာတွေ့ရှိရပြီး ဖြစ်ပါသည်။ ထို့ကြောင့်ဝယ်ယူရရှိမှုသည်အတွက်နှင့်ဆက်သွယ်မှုရှိမရှိကိုဆက်လက် လေ့လာတင်ပြပါဦးမည်။

<u>ပဲဖြူလေး</u> ။

ပဲဖြူလေး သီးနှံကိုနိုင်ငံတော်မှဝယ်ယူရရှိမှုကို (၁၉၆၃-၆၄) မှ (၁၉၇၆-၇၇) ခုနှစ်အထိ (၁၄) နှစ်အတွက် လေ့လာထားပါသည်။ နိုင်ငံတော်မှဝယ်ယူရရှိမှုနှင့်အချိန်ကာလတို့ဆက်ပပ်မှုမှာ ပြောင်းပြန်ဆက်ဝပ်မှုရှိသည်ကိုတွက်ချက်ရရှိပါသည်၊ အချိန်ကာလကြာမြင့်လာလေဝယ်ယူမှုလျော့ကျလာဘွယ်ရာရှိသည်ကို တွေ့ရပါသည်၊ ပဲဖြူလေး သီးနှံကိုနိုင်ငံတော်မှဝယ်ယူမှုတန်ချိန်နှင့်အလားအလာကိုဇယား (၄-၃) ပုံကား ချပ် (၄-၄) တွင် ဖော်ပြထားပြီး ၊ ဝယ်ယူရရှိမှုအလားအလာမှာ $\hat{y}_t = 17.55 - 16.28t + 6.66t^2 - 1.52t^3 + .21t^4 - .02t^5 + .0007t^6$ (တန်ထောင်ပေါင်း) မျဉ်းကွေးသဏ္ဌာန်ရှိသည်ကို တွေ့ရှိရပါသည်၊ ပဲဖြူလေး သီးနှံဝယ်ယူရရှိမှုသည်၊ အစိုးရဝယ်ဈေးနှင့် သော်၎င်း ၊ မြန်မာတပြည်လုံး ပျမ်းမျှလက်ကားဈေးနှင့် သော်၎င်း ဆက်ဝပ်မှုမရှိသည်ကိုအခန်း (၃) တွင် တွေ့ရှိရပြီး ဖြစ်ပါသည်၊ အတွက်နှင့်ဆက်ပပ်မှုရှိမရှိကိုဆက်လက် လေ့လာဖော်ပြပါဦးမည်။

<u>ကုလားပဲ</u>

(၁၉၆၃-၆၄) ခုနှစ်မှ (၁၉၇၆-၇၇) ခုနှစ်အထိ (၁၄) နှစ်အတွက်ကုလားပဲသီးနှံကိုနိုင်ငံတော်အစိုးရမှဝယ်ယူရရှိသည့်တန်ချိန်ကို လေ့လာထားပါသည်၊ ၁၉၆၃-၆၄) ခုနှစ်တွင် (၆၃) တန်ထောင်ပေါင်း ဝယ်ယူရရှိပြီး (၁၉၇၅-၇၆) ခုနှစ် (၁၉၇၆-၇၇) ခုနှစ်တို့တွင်လုံးဝဝယ်ယူခြင်း မပြုတော့သည်ကို တွေ့ရှိရပါသည်။

ကုလားပဲသီးနှံကို (၁၇/၉/၁၉၆၄) ခုနှစ်တွင်နိုင်ငံတော်အစိုးရအဖွဲ့အစည်း များကသာဝယ်ယူရမည့်သီးနှံအဖြစ်သတ်မှတ်ဝယ်ယူခဲ့ ပြီး (၂၇/၉/၆၆) ခုနှစ်တွင်ကင်းလွတ်သီးနှံအဖြစ် ကြေငြာခဲ့ပါသည်။ သို့ပါ၍

ဇယား (၄-၃)

နိုင်ငံတော်မှ ပဲဖြူလေးသီးနှံကို ဝယ်ယူရရှိမှုနှင့် အချိန်ကိန်းစဉ်နှုန်း အရ ဝယ်ယူရရှိမည့်အလားအလာ။

(တန်ထောင်ပေါင်း)

ခုနှစ်	နှစ် (t)	နိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန် (y_t)	ဝယ်ယူရရှိမည့်အလားအလာတန်ချိန် ပေါင်း ($\hat{y}_t$)
1963-64	1	6.600	6.290
1964-65	2	2.200	2.249
1965-66	3	.000	.725
1966-67	4	.200	.230
1967-68	5	.060	.069
1968-69	6	.030	.037
1969-70	7	.020	.001
1970-71	8	.300	.147
1971-72	9	.110	.163
1972-73	10	.010	.090
1973-74	11	.000	- .027
1974-75	12	.001	- .063
1975-76	13	.010	.062
1976-77	14	.080	.068

Sources: (ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ။

(1965-66, 1969-70, 1973-74, 1977-78).

(၁၉၆၆-၆၇) ခုနှစ်မှ ဝ၅ဝယ်ယူရရှိသည့်အ ရေအတွက် လျော့ကျခဲ့ပါသည်။ ယင်း နှစ်တွင်(၇) တန် ထောင် ပေါင်း သာဝယ်ယူရရှိပြီး ၊ (၁၉၆၇-၆၈) ခုနှစ် တွင်(၈) တန် ထောင် ပေါင်း ဝသည်ဖြင့်တဖြည်း ဖြည်း ဝယ်ယူရရှိမှုတန်ချိန်အ နည်း ငယ်ပိုတိုး မြင့်လာပြန်ရာ(၁၉၇၁-၇၂) ခုနှစ်တွင်(၃၄) တန် ထောင် ပေါင်း အထိတိုး မြင့်ခဲ့ပါသည်(၁၉၇၂-၇၃) ခုနှစ်တွင်(၃) တန် ထောင်ပေါင်း (၁၉၇၃-၇၄) ခုနှစ်တွင်(၁) တန် ထောင် ပေါင်း (၁၉၇၄-၇၅) ခုနှစ် တွင်(၁) တန် ထောင် ပေါင်း သာဝယ်ယူရရှိခဲ့ပါသည်။

ကုလား ပဲအား နှံမှာကင်း လွတ်အား နှံဖြစ်သည်တတကြောင်း နိုင်ငံခြား အနုတ်အသိမ်း နည်း သည်ကတကြောင်း ၊ ပြည်တွင်း ဝား သုံး မှုများ သည့်အ ကြောင်း ကြောင်း တို့ကြောင့်နိုင်ငံ တော်မှဝယ်ယူမှုနည်း ပါး ခဲ့ခြင်းဖြစ် ပါသည်။

ကုလား ပဲအား နှံကိုနိုင်ငံ တော်အဝိုး ရအဖွဲ့အစည်း များမှ ဝယ်ယူမှုသည်မြန်မာတပြည်လုံး ပျမ်း မှုလက္ကား ဈေး နှင့် ပြောင်း ပြန်ဆက်သွယ် နေ ကြောင်း အခန်း (၃) တွင် လေ့လာ တွေ့ရှိပြီး ဖြစ်သည့်အတွက်နှင့်ဆက်ဝပ်မှု ကိုဆက်လက် ဖော်ပြပါမည်။

ကုလား ပဲအား နှံကိုနိုင်ငံ တော်အဖွဲ့အစည်း များ မှဝယ်ယူမှု ကိုအချိန်ကိန်း ဝဉ်နည်း အရ လေ့လာတွက် ချက်ရရှိမှုများ ကိုဇယား (၄-၄) နှင့်ပုံကား ချပ်(၄-၅) တွင် ဖော်ပြထား ပါသည်။ ဝယ်ယူရရှိမည့်အလ ဉ်း အလိ မျဉ်း မှာ($\hat{y}_t = 37.81 - 3.04\ t$) တန် ထောင် ပေါင်း ဖြစ် နေသည်ကို တွေ့ရှိရပါသည်၊ ထို့ကြောင့်နှစ်ကာလကြာမြင့်လာ လေ နိုင်ငံ တော် အဖွဲ့အစည်း များ မှဝယ်ယူရရှိမှု လျော့ကျလာမည်ဟု ခန့်မှန်း နိုင်ပါသည်။

ဇယား (၄-၄)

နိုင်ငံတော်မှ ကုလားပဲသီးနှံကို ဝယ်ယူရရှိမှုနှင့် ခန့်မှန်းကိန်းစဉ်အရ ဝယ်ယူရရှိမည့်အလားအလာ။

(တန် ထောင်ပေါင်း)

ခုနှစ်	နှစ် (t)	နိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန် (y_t)	ဝယ်ယူရရှိမည့်အလားအလာတန်ချိန်ပေါင်း ($\hat{y}_t$)
1963-64	1	63	34.771
1964-65	2	33	31.730
1965-66	3	21	28.688
1966-67	4	7	25.646
1967-68	5	8	24.604
1968-69	6	19	19.563
1969-70	7	10	16.521
1970-71	8	10	13.479
1971-72	9	34	10.437
1972-73	10	3	7.396
1973-74	11	1	4.354
1974-75	12	1	1.312
1975-76	13	0	- 1.730
1976-77	14	0	- 4.771

Sources : (ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ)။
(1965-66, 1969-70, 1973-74, 1977-78).

(စ) နိုင်ငံတော်မှ ပဲအား ဝယ်ယူမှုနှင့်အထွက်ဆက်စပ်မှု

မတ်ပဲ

မတ်ပဲဝယ်ယူရရှိသည့်တန်ချိန်နှင့်အထွက်တန်ချိန်ဆက်စပ်မှုရှိမရှိကိုဇယား (၄-၁) တွင်ဖော်ပြထားပါသည်။ အထွက် ပေါ် မူတည်၍ ဝယ်ယူရရှိမည့်ပမာဏ မှာ ($\hat{Y} = 3.58 + 0.5x$) တန် (သောင်း ပေါင်း) အ ပေါင်း မျဉ်း ဖြောင့် ဖြစ်သည်ကို တွေ့ရှိရပါသည်။ ယင်း ကိုပုံ (၄-၆) တွင် ဖော်ပြထား ပါသည်။ အထွက်တိုး ပါက နိုင်ငံ တော်သို့ ရောင်းချမည့်ပမာဏ များ မှာ ဝယ်ယူရရှိမှုမှာ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ဆက်စပ်မှုကိန်း မှာ (.၆၇၈) ရာခိုင်နှုန်းအားဖြင့် ၆၇ . ဖြစ်သည်ကို တွေ့ရှိရ၍ ဆက်စပ် မှုများ သည်မှု ဖြောင့်နိုင်ပါသည်။

မတ်ပဲသည်အထွက်များပါက များများဝယ်ယူရသည်ကို တွေ့ရှိရပါသည်။ အထွက်တိုး ရေးအတွက်မှာ ကောင်းရာတွင် ဈေး နှုန်း များ မှာ ရောက်မရှိမှုသည်ကိုအခန်း (၃) တွင် ဖော်ပြပြီး ဖြစ်ပါသည်။ အကြောင်း မှာ မတ်ပဲသည် ဈေးနှုန်း ပေါ် မူတည်၍ အထွက် ပြောင်း လဲ ခြင်း မရှိဘဲ၊ အထွက် ပေါ် မူတည်၍ ဈေးနှုန်း အတက်အကျရှိ နေသည်ကို တွေ့ရှိရပါသည်။ အထွက် များ သော နှစ်တွင် ဈေး နှုန်း မှာ ကျဆင်း နေပြီး ၊ အထွက်နည်း ပါက ဈေး နှုန်း များမြင့်မားလာ သည်ကို တွေ့ရှိရပါသည်။

ထို့ဖြစ်ပါသော ကြောင့်နိုင်ငံ တော်မှ မတ်ပဲ များ များ ဝယ်ယူရရှိနိုင်ရန်မှာ အထွက်တိုးတက်မှု ပေါ် တွင် မူတည် နေပါသည်။ အထွက်တိုး ရေး အတွက်လယ်သမားတို့၏ ရေး တော်ပုံ ရေးနှင်းမှုစနစ်း ပိုး မှုအထူးလိုအပ်ပါသည်။ နိုင် တော်သို့ ရောင်း ချခြင်း ဈေး ငွေ များ ထုတ် ချေး ခြင်းတနည်းသားဖြင့်တိုက်ရိုး စိုက် ငွေ များ ချေး ပေး ခြင်း ၊ ဓါတ် မြေဩဇာ၊ မျိုး ကောင်း မျိုး သန့်များဖြင့် ထောက်ပံ့ခြင်း များပြုလုပ်ရန်လိုအပ်ပါသည်။

ဘောပတ်ပဲ။

ဘောပတ်ပဲအားနှင့်အထွက် နိုင်ငံ တော်မှဝယ်ယူရရှိသည့်တန်ချိန်နှင့်အထွက်တန်ချိန် ဆက်စပ်မှုကို (၁၉၆၂-၆၃) ခုနှစ်မှ (၁၉၇၆-၇၇) ခုနှစ်အထိ (၁၅) နှစ်အတွက် လေ့လာ ထား ပါသည်။ ယင်းတို့အား (၄-၆) နှင့်ပုံ ဘာ (၄-၇) တွင် ဖော်ပြထားပါသည်။ အထွက် ပေါ် မူတည်၍ဝယ်ယူရရှိမည့်ပမာဏ အပေါင်း မျဉ်း မှာ ($\hat{Y} = -6.11 + 0.79x$) (တန် ထောင် ပေါင်း) ဖြစ် သည်ကို တွေ့ရှိရပါသည်။ ဘောပတ်ပဲအထွက်တိုးပါက နိုင်ငံ တော်မှဝယ်ယူရ ရှိမှုမှာလည်း ပိုး တက်လာမည်ဖြစ်ကြောင်း ခန့်မှန်း နိုင်ပါသည်။

ဇယား (၄-၅)

(၁၉၆၂-၆၃) ခုနှစ်မှ (၁၉၇၆-၇၇) ခုနှစ်အထိ နိုင်ငံတော်မှ ဧတ်ဝဝယ်ယူရရှိသည့်တန်ချိန်နှင့် အထွက်ပေါ်မူတည်၍ ဝယ်ယူရရှိမည့်ခန့်မှန်း တန်ချိန်အလားအလာ။ တန် (ထောင်ပေါင်း)

ခုနှစ်	နိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန် (y)	အထွက်တန်ချိန် (x)	အထွက်ပေါ်မူတည်၍ ဝယ်ယူရရှိမည့်အလားအလာ တန်ချိန်ပေါင်း ($\hat{y}$)
1962-63	26	46	26.560
1963-64	28	53	30.056
1964-65	29	47	27.059
1965-66	24	38	22.563
1966-67	28	33	20.066
1967-68	17	26	16.569
1968-69	14	21	14.071
1969-70	9	17	12.073
1970-71	14	21	14.071
1971-72	20	29	18.068
1972-73	26	32	19.566
1973-74	11	24	15.570
1974-75	16	23	15.070
1975-76	11	15	11.074
1976-77	12	38	22.563

Sources. "ပြည်သူ့လွှတ်တော်သို့ အစီရင်ခံစာ"
(1965-66, 1969-70, 1973-74, 1977-78).
"Agricultural Statistics" (1965-66, 1969-70, 1975-76).

ဇယား (၄-၆)

(၁၉၆၂-၆၃) ခုနှစ်မှ (၁၉၇၆-၇၇) ခုနှစ်အထိ ထောပတ်ပဲကိုနိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန်နှင့်အထွက်ပေါ်မူတည်၍ခန့်မှန်း ဝယ်ယူရရှိမှုအလားအလာ

(တန်(ထောင်ပေါင်း)

ခုနှစ်	နိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန် (y)	အထွက်တန်ချိန် (x)	အထွက်ပေါ်မူတည်၍ ဝယ်ယူရရှိမည့်အလားအလာတန်ချိန်ပေါင်း ($\hat{y}$)
1962-63	0.100	15.0	5.803
1963-64	24.	32	19.306
1964-65	28	30	17.718
1965-66	35	36	22.484
1966-67	24	37	23.278
1967-68	14	34	20.895
1968-69	17	32	19.306
1969-70	13	26	14.541
1970-71	23	29	16.924
1971-72	29	41	26.455
1972-73	17	36	22.484
1973-74	16	41	26.455
1974-75	14	36	22.484
1975-76	22	34	20.894
1976-77	27	38	24.072

Sources: ``ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ`` ။
(1965-66, 1969-70, 1973-74, 1977-78)
"Agricultural Statistics "
(1965-66, 1969-70, 1975-76).

သို့ဖြစ်ပါသောကြောင့် ယောပက်ဝဲသီးနှံကိုနိုင်ငံခြားသို့ တင်ပို့ရောင်းချနိုင်ရေးမှာ သီးနှံတန်ချိန်များများ ဝယ်ယူရရှိနိုင်မှသာ တင်ပို့နိုင်မည်ဖြစ်ရာ၊ သီးနှံအထွက်တိုးရေးမှာ အရေးပါလျက်ရှိပါသည်၊ ယောပက်ဝဲသီးနှံအထွက်တိုးရေးအတွက်၊ သက်ဆိုင်ရာကော်ပိုရေးရှင်းများနှင့် ဒေသဆိုင်ရာပါတီ၊ ကောင်စီတို့မှအား သွန်ခွန်စိုက် ဆောင်ရွက်ရန်လိုအပ်လှပါသည်။

<u>ဝဲဖြူလေး</u> ။

(၁၉၆၃-၆၄) ခုနှစ်မှ (၁၉၇၄-၇၅) ခုနှစ်အထိ ဝဲဖြူလေး ဝယ်ယူရရှိမှုနှင့်အထွက်တန်ချိန်တို့ဆက်ဝပ်မှုကို ဇယား (၄-၇) နှင့်ပုံကားချပ် (၄-၈) တွင် လေ့လာထားပါသည်၊ (၁၂) နှစ်အတွင်း လေ့လာတွက်ချက်ကြည့်ရာတွင်အထွက်ပေါ်မူတည်၍ ဝဲဖြူလေး ဝယ်ယူရရှိမှုအလားအလာမျဉ်းမှာ $\hat{y} = -0.86 + 0.99x$ တန်ထောင်ပေါင်း ဖြစ်သည်ကို တွေ့ရှိရပါသည်။ ဝယ်ယူရရှိမှုနှင့်အထွက်မှာအပေါင်းမျဉ်း ဖြောင့်ဆက်သွယ်မှုရှိသည်ကို တွေ့ရှိရပါသည်။ ဆက်ဝပ်မှုပြကိန်းမှာ (.၉၇) ရှိ၍ ရာခိုင်နှုန်းအားဖြင့် ၉၇% ဆက်ဝပ်လျက်ရှိပါသည်။

ပုံကားချပ်ကိုကြည့်ခြင်းဖြင့် ဝဲဖြူလေး အထွက်တန် ၈၀၀ ကျော်မှသာလျှင် နိုင်ငံတော်မှ ဝယ်ယူရရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထွက်တိုးရေးအတွက် အဖက်ဖက်မှအားသွန်ခွန်စိုက် ဆောင်ရွက်ရန်လိုအပ်ပါသည်။

<u>ကုလားပဲ</u>။

ကုလားပဲသီးနှံကိုနိုင်ငံတော်မှ ဝယ်ယူရရှိမှုနှင့်အထွက်တို့ မည်သို့ဆက်ဝပ်လျက်ရှိသည်ကို (၁၉၆၃-၆၄) ခုနှစ်မှ (၁၉၇၄-၇၅) ခုနှစ်အတွက် ကောက်ယူရရှိသည့်ကိန်းဂဏန်းများ ပေါ်မူတည်၍ လေ့လာထားပါသည်။

ကုလားပဲသီးနှံသည် လေ့လာပြီးသော ပဲသီးနှံ (၃) မျိုးနှင့် ကွာခြားလျက်ရှိသည်ကို သတိပြုရန်လိုအပ်ပါသည်၊ ကုလားပဲသီးနှံမှာ ကင်းလွတ်သီးနှံဖြစ်၍၊ ပုဂ္ဂလိကကုန်သည်တို့အား လက်လီလက္ကား ရောင်းဝယ်ခွင့်ပြုထားသော

ဇယား (၄-၇)

ပဲပြား လေး ကိုနိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန်နှင့်အထွက် ပေါ်မူတည်၍ ဝယ်ယူရရှိနိုင်မည့်အလားအလာ

(တန်ထောင်ပေါင်း)

ခုနှစ်	နိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန် (y)	အထွက်တန်ချိန် (x)	အထွက်ပေါ်မူတည်၍ ဝယ်ယူရရှိမည့်အလားအလာတန်ချိန်ပေါင်း ($\hat{y}$)
1963-64	6.600	7.400	6.429
1964-65	2.200	2.900	1.994
1965-66	0.800	2.200	1.304
1966-67	0.200	1.800	0.910
1967-68	0.060	1.000	0.122
1968-69	0.030	0.900	0.023
1969-70	0.020	0.900	0.023
1970-71	0.300	1.100	0.220
1971-72	0.110	0.900	0.023
1972-73	0.010	0.800	- 0.075
1973-74	0.000	0.500	- 0.371
1974-75	0.001	0.600	- 0.272

Sources : " ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ "

(1965-66, 1969-70, 1973-74, 1977-78)
"Agricultural Statistics"
(1965-66, 1969-70, 1975-76).

သီးနှံဖြစ်ပါသည်။ ကုလားပဲကို (၁၉၇၄) ခုနှစ်နောက်ပိုင်း ပြင်နိုင်ငံခြားသို့တင်ပို့ခြင်း မရှိတော့သော်လည်း၊ ဟပ်မကောင်နှင့်သမဝါယမများ အတွက် လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံ မြေထွက်ကုန်ပစ္စည်း ကော်ပိုရေးရှင်းအဝယ်ဒိုင်များမှ ဝယ်ယူခဲ့ပါသည်၊ ပုဂ္ဂလိကကုန်သည်များနှင့်ယှဉ်ပြိုင်၍ ဝယ်ယူရသောသီးနှံဖြစ်သည့်အတွက် တောင်သူလယ်သမားများသည် ဈေးကောင်းပေးသူများကိုသာ ရောင်းချသည်၊ သဘာဝအတိုင်း ဈေးပိုများသော ပုဂ္ဂလိကများကိုသာ ရောင်းချမည်မှာ မလွဲပေ။

သို့ဖြစ်ပါသောကြောင့်နိုင်ငံတော်မှကုလားပဲသီးနှံကိုဝယ်ယူရရှိမှုနှင့်အထွက်တို့ဆက်စပ်မှုမရှိသည်ကိုဇယား (၄-၈) နှင့်ပုံကားချပ် (၄-၉) တွင် လေ့လာတွေ့ရှိနိုင်ပါသည်၊ အထွက်ပေါ်မူတည်၍ ဝယ်ယူရရှိနိုင်သည့် အလားအလာမှာ $\hat{y} = 17.5$ တန်ထောင်ပေါင်းကိန်းသေဖြစ်နေသည်ကို တွေ့ရှိရပါသည်။

(ဂ) <u>ထုတ်လုပ်မှု၊ ပြည်တွင်းစားသုံးမှုနှင့်ပိုလျှံမှု။</u>

ပြည်ပသို့သီးနှံများ တင်ပို့ရောင်းချနိုင်မှုမှာ လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံ မြေထွက်ကုန်ပစ္စည်း ကော်ပိုရေးရှင်းက ဝယ်ယူရရှိမှုပေါ်မှာ မူတည်နေသကဲ့သို့ ဝယ်ယူမှုအနည်းအများမှာလည်း သီးနှံများထွက်ရှိမှုပေါ်မူတည်နေပါသည်။ သီးနှံထွက်သမျှကို နိုင်ငံခြားသို့တင်ပို့ရန်မှာလည်း မဖြစ်နိုင်ပေ၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ပြည်ပကုန်သွယ်ရေး စနစ်မှာလည်း ပြည်တွင်းစားသုံးမှုပိုလျှံမှသာလျှင် နိုင်ငံခြားသို့ပိုလျှံသည့်သီးနှံကိုတင်ပို့ရောင်းချရမည့်စနစ်ဖြစ်ပေရာ၊ စားသုံးမှုအင်အားပိုလျှံမှုတို့ကိုလည်း လေ့လာရန်လိုအပ်လာပါသည်။

ပြည်တွင်းစားသုံးမှုပမာဏသည်၊ ပဲမျိုးစုံပြည်တွင်းဖြန့်ဖြူးမှုပမာဏပင်ဖြစ်ပေရာ၊ ယင်းပမာဏအနည်းအများကိုသိရှိရန်လိုအပ်လာပါသည်။

ဇယား (၄-၈)

ကုလားပဲဆီး နှံ့ကို နိုင်ငံတော်မှ ဝယ်ယူရရှိသည့်တန်ချိန်နှင့် အထွက်ပေါ်မူတည်၍ ဝယ်ယူရရှိမည့်အလားအလာ။

(တန်ထောင်ပေါင်း)

ခုနှစ်	နိုင်ငံတော်မှ ဝယ်ယူရရှိသည့် တန်ချိန် (y)	အထွက်တန်ချိန် (x)	အထွက်ပေါ်မူတည်၍ ဝယ်ယူရရှိမည့် အလားအလာတန်ချိန်ပေါင်း ($\hat{y}$)
1963-64	63	76	17.5
1964-65	33	54	17.5
1965-66	21	43	17.5
1966-67	7	43	17.5
1967-68	8	53	17.5
1968-69	19	80	17.5
1969-70	10	60	17.5
1970-71	10	70	17.5
1971-72	34	89	17.5
1972-73	3	60	17.5
1973-74	1	55	17.5
1974-75	1	66	17.5

Sources: "ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ"
(1965-66, 1969-70, 1973-74, 1977-78)
"Agricultural Statistics"
(1965-66, 1969-70, 1975-76).

ပဲမျိုး တစ်ဦး ကျစား သုံး မှုပြဇယား

Per Capita Consumption Of Pulses and Beans

Year ended Sept. 30 (000 tons)

	1964	1965	1966	1967	1968	1969	1970	1971	1972
Production	339	281	287	259	264	315	269	285	304
Wastage	7	6	6	5	5	6	5	6	6
Net production	332	275	281	254	259	309	264	279	298
Seedling	17	18	19	17	19	18	17	20	25
Exports	75	167	80	89	65	47	55	57	63
Available for Use	240	90	183	148	175	244	191	202	211
Changes in Stock	+69	-70	+ 4	-37	-13	+45	- 6	+1	+24
Consumption	170	160	179	185	188	199	197	201	187
Per Capita Consumption (viss)	4.4	4.0	4.4	4.5	4.4	4.6	4.5	4.4	4.0

Sources : "The Current Situation and Prospects of the Union of Burma", 1973 July 25th. Document Of International Bank for Reconstruction and Development International Development Association.

ယင်းဇယားကို လေ့လာကြည့်သောအခါ၊ တဦးကျပဲမျိုးစုံ စားသုံးမှုမှာ တနှစ်လျှင်ပျမ်းမျှခြင်းအားဖြင့် (၄) ပိဿာပတ်ဝန်းကျင်မှာသာ စားသုံးလျက်ရှိကြောင်း လေ့လာသိရှိနိုင်ပါသည်။

ဆန်ရှားပါးသောအချိန်ယံများတွင်ဆန်နှင့်ရောနှော၍ ပဲကိုချက်စားလေ့ရှိပါသည်။ သို့သော်လည်း လေ့လာထားသော (၁၉၆၄) ခုနှစ်မှ (၁၉၇၂) ခုနှစ်အထိ တွေ့ရှိချက်အရအများဆုံး တနှစ်လျှင်ပဲမျိုးစုံကို တဦးလျှင် (၄.၆) ပိဿာစားကြောင်း တွေ့ရှိရပါသည်။ ထို့ပါ၍တဦးကျစားသုံးမှုပိုလာသော်လည်း တပိဿာထက်မပိုပါ၊ တဦးကျစားသုံးမှုပြောင်းလဲမှုမှာ ပြောပလောက်အောင်မပြောင်းလည်းသော်လည်း မြန်မာပြည်၏လူဦးရေမှာ တနှစ်လျှင်ပျမ်းမျှခြင်းအားဖြင့် (၂) ရာခိုင်နှုန်း ကျော်ကျော် နှစ်ပဉ်မှန်မှန်တိုးတက်လျက်ရှိပါသဖြင့် ပဲမျိုးစုံစားသုံးမှုစုစုပေါင်းပမာဏမှာလည်း တနှစ်ထက်တနှစ်တိုးတက်လာမည်ဖြစ်ပါသည်၊ လူဦးရေတိုးတက်လာသည်နှင့်အမျှ ယင်းတို့၏ စားဝတ်နေရေးတို့အတွက်လိုအပ်မည့်ကုန်ပစ္စည်းများလည်း တနှစ်ထက်တနှစ်တိုး၍လိုအပ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့်တနိုင်ငံလုံး ကုန်ပစ္စည်းထုတ်လုပ်မှုတိုးတက်မှုနှုန်းသည်လူဦးရေတိုးတက်မှုနှုန်းထက်အမြဲတန်းသာလွန်နေမှသာလျှင်လူတဦးချင်း၏စား၊ ဝတ်၊ နေရေးအဆင့်အတန်းမြင့်မားလာမည်ဖြစ်ပြီး တဖက်မှပိုလျှံမှုများရှိလာပြီး ပြည်ပသို့တင်ပို့ခြင်းဖြင့်နိုင်ငံခြားငွေများ ရရှိလာမည်ဖြစ်ပါသည်။ ပြည်ထောင်စုတိုင်းရင်းသားလုပ်သားထုတရပ်လုံး စားသုံးကုန်ဖြစ်သည့်ပဲမျိုးစုံသီးနှံကိုလည်း လူဦးရေတိုးနှုန်းထက်သာလွန်သည့်ပိုင် အောင်အထွက်တိုးရေးကို ဆောင်ရွက်သင့်ပါသည်။

ပဲမျိုးစုံအထွက်ကိုအခန်း (၂) တွင်လည်း လေ့လာတင်ပြပြီးဖြစ်ပါသည်။ ယခုအခန်းတွင်လည်း တင်ပြထားရှိချက်များအရ လေ့လာကြည့်ပါက အထွက်မှာ ပြောပလောက်အောင်တိုးတက်မှုမရှိသည်ကို တွေ့ရပါသည်၊ သို့ဖြစ်ပါသောကြောင့်ပဲမျိုးစုံသီးနှံအထွက်များမှာပြည်တွင်းစားသုံးမှုကိုသာဖြည့်

ဝည်းနိုင်သည့်အခြေအနေတွင်သာရှိသည်ဟု ပြောနိုင်ပါသည်။

ရွေးခြယ်ထားသော ပဲလေးမျိုးအတွက်၊ ပဲတမျိုးချင်း၏ထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှုတန်ချက်တို့ကိုဆက်လက် လေ့လာထားပါသည်။

<u>မတ်ပဲ</u>။

မတ်ပဲထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှုတို့ကို (၁၉၆၂-၆၃) မှ (၁၉၇၄-၇၅) ခုနှစ်အထိဇယား (၄-၉) တွင်တင်ပြထားပါသည်။

ယင်းဇယားကို လေ့လာခြင်းဖြင့်မတ်ပဲပိုက်ဧကမှာ (၁၉၆၃-၆၄) ခုနှစ်တွင်အများဆုံးဖြစ်ပြီး အထွက်မှာလည်း အခြားနှစ်များထက်များပြားသကဲ့သို့ပိုလျှံမှုတန်ချိန်မှာလည်း အများဆုံးဖြစ်ပါသည်။ ကျန်သောအခြားနှစ်များသည်ယင်းနှစ်ကဲ့သို့အထွက်ပမာဏမရရှိပါသော ကြောင့်ပိုလျှံမှုမှာလည်း နည်းပါးလာခဲ့ပါသည်။ တဖက်မှာအထွက်မှာ ပြောပလောက်အောင်မတိုးတက်ခဲ့သော်လည်း စားသုံးမှုပမာဏမှာတနှစ်ထက်တနှစ်တိုးတက်ခဲ့ပါသည်၊ သို့ဖြစ်ပါသောကြောင့်မတ်ပဲအား နှံ့ပိုလျှံမှုတန်ချိန်မှာတနှစ်ထက်တနှစ် လျော့နည်းလာခဲ့ပါသည်။ (၁၉၇၀-၇၁) နှင့် (၁၉၇၄-၇၅) တွင် စားသုံးမှုထူးခြားစွာများပြားခြင်းမှာထိုနှစ်တွင်ဆန်ဖြန့်ဖြူးမှုအသင်မပြေမှုကြောင့်ဆန်နှင့်ရောနှောစားရသောကြောင့်၎င်း၊ မှောင်ခိုထုတ်ရောင်းချသောကြောင့်၎င်းများပြားခြင်းဖြစ်ပါသည်။

<u>ထောပတ်ပဲ</u>။

(၁၉၆၂-၆၃) မှ (၁၉၇၄-၇၅) ခုနှစ်အထိ ထောပတ်ပဲပိုက်ဧက၊ ထုတ်လုပ်မှု၊ စားသုံးမှုနှင့်ပိုလျှံမှုတို့ကိုဇယား (၄-၁၀)၊ တွင် လေ့လာထားပါသည်၊ ထောပတ်ပဲထုတ်လုပ်နိုင်မှုပမာဏမှာတနှစ်ထက်တနှစ် အနည်းငယ်စီတိုးတက်လာသကဲ့သို့စားသုံးမှုပမာဏမှာလည်း တိုးတက်ခဲ့ပါသည်။ ပိုလျှံမှုပမာဏမှာမူ (၁၉၆၃-၆၄) ခုနှစ်တွင်အများဆုံး တန်ချိန် (၂၅) တန်ထောင်ပေါင်း ကျော်မှုဖြစ်ပြီး (၁၉၆၂-၆၃) ခုတွင်အနည်းဆုံး (၈) တန်ထောင်ပေါင်းဖြစ်ခဲ့ပါသည်။ သို့ပါသော်လည်း ကျန်သောလေ့လာထားသည့်

ဇယား (၄-၉)

မတ်ပဲထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပိုလျှံမှု

ခုနှစ်	စိုက်ဧက	ထုတ်လုပ်မှု (တန်)	စားသုံးမှု (တန်)	အပိုတန်ချိန်
1962-63	204,153	45,556	4,429	41,127
1963-64	233,483	53,147	3,761	49,386
1964-65	216,071	47,010	3,910	43,100
1965-66	192,000	38,000	4,023	33,977
1966-67	203,123	32,649	4,206	28,443
1967-68	175,112	26,187	4,268	21,919
1968-69	158,372	20,710	4,375	16,335
1969-70	130,447	17,311	7,931	9,380
1970-71	135,462	20,719	13,232	7,487
1971-72	188,691	29,117	9,724	19,393
1972-73	184,072	32,348	5,955	26,393
1974-74	163,741	23,537	8,621	14,916
1974-75	163,834	23,241	12,385	10,856

Sources : " Agricultural Statistics" (1962-63) to (1974-75), Table 94(A), Page 131, Central Press Rangoon.

ဇယား (၄-၁၀)

ထောပတ်ပဲ

ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပို့ကုန်မှု

ခုနှစ်	စိုက်ဧက	ထုတ်လုပ်မှု (တန်)	စားသုံးမှု (တန်)	ပြည်ပထုတ်ပို့မှု (တန်)
1962-63	107,299	14,451	5,900	8,551
1963-64	153,376	31,853	6,131	25,724
1964-65	160,497	29,835	6,699	23,136
1965-66	180,000	36,400	6,926	29,474
1966-67	216,866	37,492	7,879	29,613
1967-68	176,061	34,350	8,201	26,149
1968-69	146,493	32,448	8,443	24,005
1969-70	142,007	26,367	5,287	21,080
1970-71	131,966	28,318	10,820	17,498
1971-72	196,300	40,636	21,613	19,024
1972-73	207,443	36,025	6,478	29,547
1973-74	183,481	40,568	28,500	12,068
1974-75	180,464	36,360	23,360	13,000

Sources : "Agricultural Statistics" (1962-63) to (1974-75). Table 94 (A) Page 181, Central Press Rangoon.

အချိန်ကာလများ တွင်ပိုလျှံမှုဘန်ချိန်မှာ (၁၇) တန်ထောင် ပေါင်း ပတ်ဝန်း ကျင်တွင်ရှိသည်ကို လေ့လာ တွေ့ရှိရပါသည်။

ဝဲဖြူလေး ။

ဝဲဖြူလေး ထုတ်လုပ်မှု၊ စား သုံး မှုနှင့်ပိုလျှံမှုကိုဇယား (၄-၁၁) တွင် လေ့လာထား ရာဝဲဖြူ လေး မှာပိုလျှံမှုပမာဏအလွန်နည်း ပါး သည်ကို တွေ့ရှိရပါသည်။ ဝဲဖြူ လေး ထုတ်လုပ်မှု၊ စား သုံး မှု၊ ပိုလျှံမှုပမာဏတို့ကို လည်း (၁၉၆၂-၆၃) မှ (၁၉၇၄-၇၅) ခုနှစ်အထိ လေ့လာရာတွင်ပိုက်ကေ မှာ လျော့နည်း လာပြီး ၊ ထုတ်လုပ်မှုပမာဏတန်ချိန် လျော့ကျလာ ပေရာ၊ ပါး သုံး မှုကိုကာမိရုံသာထုတ်လုပ် နေ သော ဘီး နှံဖြစ်သည်ဟုတင်ပြ ပြောဆိုနိုင်ပါ သည်။

ကုလား ပဲ ။

ကုလား ပဲသီး နှံမှာ သီး နှံ လေး မျိုး တွင်စား သုံး မှုအများ ဆုံး သီး နှံဖြစ်သည်ကို တွေ့ရှိရပါ သည်၊ ကုလား ပဲသီး နှံထုတ်လုပ်မှု၊ စား သုံးမှု နှင့်ပိုလျှံမှုပမာဏတို့ကိုဇယား (၄-၁၂) တွင် လေ့လာထား ရာ၊ ကနှစ်ထက် တနှစ်အတွက်ပမာဏဆိုး တက်လာသကဲ့သို့စား သုံး မှုပမာဏလည်း ဆိုး တက်ခဲ့ပေ ရာ (၁၉၆၄-၆၅) နောက်ပိုင်း တွင်ပိုလျှံမှု လျော့နည်း လာသည်ကို တွေ့ရှိရ ပါသည်။

ဖေါ်ပြပြီး သော ပဲအသီး သီး အတွက်ထုတ်လုပ်မှုစား သုံး မှုနှင့် ပိုလျှံမှုဇယား များ မှာလယ်ယာစိုက်ပျိုး ရေး စာရင်း အင်း စာ စောင်မှထုတ် နှုတ် ဖေါ်ပြထား ခြင်း ဖြစ်ပါသည်၊ ယင်း ဇ ယား များ ကိုမည်ကဲ့သို့တွက် ချက်သည် ကိုအတိအကျမသိရပါ၊ ဇယား (၄-၉) ပြောင်မတ်ပဲစား သုံး မှုမှာ (၁၉၇၀-၇၁) ခုနှစ်တွင် (၁၃၂၃၂) တန်ဖြစ်ပြီး (၁၉၇၄-၇၅) ခုနှစ်တွင် (၁၂၃၀၅) တန် ဖြစ် နေပါသည်၊ အခြား နှစ်များ နှင့်နှိုင်း စာ သော်အလွန်ကွာဟ နေသည်ကို တွေ့ ရှိရပါသည်၊ ထုတ်လုပ်မှုမှာအတိအကျစာရင်း ဇယား ရန်ခဲယဉ်း လှပါသည်၊ ခန့်မှန်း ခြေသာဖြစ်ပြီး အတိအကျရနိုင် သောစာရင်း ဇယား မှာပြည်ပသို့တင်ပို့သည့်တန်ချိန် သာဖြစ်ပါသည်၊ သို့ပါ၍စား သုံး မှုကိုခန့်မှန်း ထုတ်လုပ်မှုမှတင်ပို့တန်ချိန်ကိုခြား နား ခြင်း ဖြင့်တွက် ချက်ထား သည်ဟုယူဆပါသည်၊

ဇယား (၄-၁၁)

ပဲဖြူလေး ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပို့ကုန်မှု ။

ခုနှစ်	ဧက	ထုတ်လုပ်မှု (တန်)	စားသုံးမှု (တန်)	အပိုတန်ချိန်
1962-63	21,926	5,393	1,401	3,992
1963-64	31,334	7,403	1,436	5,969
1964-65	13,951	2,858	1,452	1,406
1965-66	11,000	2,200	1,509	691
1966-67	8,967	1,783	1,377	406
1967-68	5,703	974	974	-
1968-69	5,158	896	896	-
1969-70	4,719	913	913	-
1970-71	5,238	1,068	1,056	12
1971-72	4,308	853	652	201
1972-73	4,905	841	760	81
1973-74	4,381	511	511	-
1974-75	3,833	626	626	-

Sources: " Agricultural Statistics" (1962-63) to (1974-75) Table 94 (A). Page 181, Central Press Rangoon.

ဇယား (၄ - ၁၂)

ကုလားပဲ

ထုတ်လုပ်မှု၊ စားသုံးမှုနှင့် ပို့ကုန်

ခုနှစ်	စိုက်ဧက	ထုတ်လုပ်မှု (တန်)	စားသုံးမှု (တန်)	အပိုတန်ချိန်
1962-63	348,412	71,367	49,500	21,867
1963-64	376,684	76,439	48,216	28,223
1964-65	270,570	54,057	50,263	3,794
1965-66	290,000	48,000	48,000	-
1966-67	289,515	43,146	43,146	-
1967-68	272,483	51,833	51,833	-
1968-69	410,263	79,857	60,536	19,321
1969-70	350,275	60,105	52,696	7,409
1970-71	358,069	69,968	59,075	10,893
1971-72	456,823	89,371	78,309	11,062
1972-73	448,597	60,291	51,511	8,780
1973-74	379,237	54,299	53,999	300
1974-75	372,875	65,959	65,959	-

Sources : "Agricultural Statistics" (1962-63) to (1974-75) Table 94 (A), Page 181, Central Press Rangoon.

အခန်း (၅)

ပြည်ပသို့တင်ပို့ ရောင်း ချခြင်း ။

(က) စုစု ပေါင်း တင်ပို့မှုကို လေ့လာခြင်း ။

မြန်မာနိုင်ငံ၏စီး ပွား ရေး တစ္စအား လုံး ၏လိုအပ် သော ပစ္စည်း ပစ္စယများ ပြည့်တင်း ရေး အတွက် နိုင်ငံခြား ငွေပြည့်စုံမှုသာပြည်ပမှ လိုအပ် သော မတည်စက်ပစ္စည်း များ ၊ စက်မှုအပိုပစ္စည်း များ ဝယ်ယူဖြည့်တင်း နိုင် ပေမည်။ အဆိုပါနိုင်ငံခြား ငွေရရှိ ရေး အတွက်လယ်ယာကဏ္ဍကိုအဓိကအား ထား နေရသည့်အလျောက်ဆန်စပါး ၊ ဂုံ လျှော် ၊ ရော်ဘာ ၊ ကျွန်း သစ်တို့အပြင် ပဲမျိုး စုံဖြစ်သည့်မတ်ပဲ ၊ ထောပတ်ပဲ ၊ ပဲစဉ်း ငုံ ငွန်တာနီ ၊ ငွန်တာဖြူ ၊ ဘိုကိတ် ၊ ပဲဖြူလေး စသည့်ပဲမျိုး စုံတို့ကိုနိုင်ငံခြား သို့တင်ပို့ ရောင်း ချနိုင် ရေး အတွက်အစဉ်တစိုက်ကြိုး ပမ်း ဆောင်ရွက်ရန်လိုအပ်လှပါသည်။

ယနေ့ကမ္ဘာ့နိုင်ငံများ တွင် မွေး မြူရေး လုပ်ငန်း များ သည်အထူး တိုး တက်လုပ် ဆောင် နေကြသဖြင့် မွေး မြူရေး အစား အစာများဖြစ် သော ပဲမျိုး စုံသည်ကမ္ဘာ့ ဈေး ကွက် နှင့်ကမ္ဘာ့နိုင်ငံများ တွင်အ ရေး ပါအရာ ရောက်ပြီး မျက်နှာပန်း လှ နေ သော သီး နှံများ ဖြစ်ပါသည်။

စစ်မဖြစ်မီကာလ (၁၉၃၆ မှ ၁၉၄၁) ခုနှစ်အထိပျမ်း မျှ ပဲမျိုး စုံတင်ပို့သည့်တန်ချိန်မှာ (၁၁၃) တန်ဖြစ်ပါသည်။ စစ်ဖြစ်ပြီး နောက် ပိုင်း နှစ်များ ကို (၁၉၅၀) ခုနှစ်မှ (၁၉၇၇) ခုနှစ်အထိ (၂၀) နှစ်စာလေ့ လာထား ပါသည်။ ဇယား (၅-၁) နှင့်ပုံကား ချပ် (၅-၁) အရဆို သော်စစ်မဖြစ်မီကပဲမျိုး စုံ စုစု ပေါင်း တင်ပို့သည့်တန်ချိန်-ခံချိန်ကို (၁၉၆၂-၆၃) ခုနှစ်ကမှ ကျော်လွန်နိုင်သည်ကို တွေ့ရပါသည်။ (၁၉၆၅-၆၆) ခုနှစ်မှစ၍ တနှစ်ထက်တနှစ်ပြန်လည်ကျဆင်း လာသည်ကို တွေ့ရပါသည် ၊ ပဲမျိုး စုံတင်ပို့မှုတန်ချိန်၏အလား အလာမျဉ်း မှာ $\hat{y}_t = 125.04 - 3.86t$ ဖြစ်ပြီး အနုတ်မျဉ်း ဖြောင့်

ဇယား (၅-၁)

ပြည်ပသို့ ပဲမျိုးစုံတင်ပို့မှုတန်ပေါင်း ။

တန်(ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်ပေါင်း	$\hat{Y}_t$ တင်ပို့ရန်အလားအလာ (တန်)
1957-58	1	73.7	121.18
1958-59	2	109.0	117.32
1959-60	3	108.9	113.45
1960-61	4	107.1	109.59
1961-62	5	119.1	105.72
1962-63	6	140.9	101.85
1963-64	7	84.1	97.99
1964-65	8	175.8	94.12
1965-66	9	87.4	90.25
1966-67	10	95.1	86.39
1967-68	11	68.4	82.52
1968-69	12	48.8	78.66
1969-70	13	61.2	74.79
1970-71	14	66.0	70.92
1971-72	15	74.1	67.06
1972-73	16	96.8	63.19
1973-74	17	33.8	59.33
1974-75	18	42.1	55.46
1975-76	19	38.6	51.59
1976-77	20	57.7	47.73

Sources - ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ
(၁၉၆၂-၆၃)၊ (၁၉၇၀-၇၁)၊
(၁၉၇၇-၇၈)။

ဇယား (၅-၁)

ပြည်ပသို့ ပဲမျိုးစုံ တင်ပို့မှုတန်ပေါင်း ။

တန် (ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်ပေါင်း	$\hat{Y}_t$ တင်ပို့ရန်အလားအလာ (တန်)
1957-58	1	73.7	121.18
1958-59	2	109.0	117.32
1959-60	3	108.9	113.45
1960-61	4	107.1	109.59
1961-62	5	119.1	105.72
1962-63	6	140.9	101.85
1963-64	7	84.1	97.99
1964-65	8	175.8	94.12
1965-66	9	87.4	90.25
1966-67	10	95.1	86.39
1967-68	11	68.4	82.52
1968-69	12	48.8	78.66
1969-70	13	61.2	74.79
1970-71	14	66.0	70.92
1971-72	15	74.1	67.06
1972-73	16	96.8	63.19
1973-74	17	33.8	59.33
1974-75	18	42.1	55.46
1975-76	19	38.6	51.59
1976-77	20	57.7	47.73

Sources - ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ (၁၉၆၂-၆၃)၊ (၁၉၇၀-၇၁)၊ (၁၉၇၇-၇၈)။

ဖြစ်နေသည့်နှစ်ကြာလာသည်နှင့်အမျှ တင်ပို့တန်ချိန်မှာ ကျဆင်းလာဖွယ်ရာရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ တင်ပို့သည့်တန်ချိန်မှာ ကျဆင်းနည်းလာသော်လည်း တင်ပို့သည့်တန်ဖိုးသင့်ငွေကို (၁၉၆၀) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ (၁၀) နှစ်အတွက် လေ့လာရာတွင်အလားအလာမှန်းမှာ $\hat{Y}_t = 5290.04$ ကျပ် (သောင်းပေါင်း) ဖြစ်နေသည်ကို တွေ့ရပါသည်။ တန်ဖိုးမှာ တင်ပို့တန်ချိန် ကျဆင်းလာသော်လည်း တန်ဖိုး ခန့်မှန်းကိန်းမှာ ကိန်းသေ ဖြစ်သောကြောင့် မပြောင်းလဲဘဲ ရှိနေသည်ကို ဇယား (၅-၂) နှင့် ပုံကားချပ် (၅-၂) တွင် လေ့လာတွေ့ရှိရပေရာ၊ ပြည်ပ ဈေးကွက်တွင်ပဲမျိုးနှံ ဈေးနှုန်း ကိုမြင့်မား နေခြင်း ကြောင့်ဖြစ်သည်ဟုဆိုနိုင်ပါသည်။

မြန်မာ့ပဲမျိုးနှံသည်ပြည်ပ ဈေးကွက်တွင်ဖြစ်ထွန်း လာပုံ နေ သည်ကို "Beans and pulses Exports Cost and Market Potential" ဇယားကို လေ့လာခြင်းဖြင့်သိရှိနိုင်ပါသည်။ ဈေးကွက်မှဝယ်လိုအားမှာ (၁၃၂) တန် ထောင်ပေါင်း ဖြစ်သော်လည်း ပြည်ထောင်စုမြန်မာနိုင်ငံမှဖြည့်ဆည်း ပေးမှုမှာ (၅၆) တန်ထောင်ပေါင်း သာဖြစ် ကြောင်း တွေ့ရှိရပါသည်။ ယင်း ဇယားမှ ဈေးကွက်ဝယ်လိုအား ကိုမည်သို့တွက်ချက်ရယူသည်ကို အသေးစိတ်မသိရှိရပါ။ မြန်မာ့ပဲမျိုးနှံသည်ကမ္ဘာ့ ဈေးကွက်တွင် ရောင်းသူ့ဈေးကွက် ဖြစ်ရပ်တည်လျက် ရှိသည်ဟုသော် ကျနိုင်အောင် ဖော်ပြရန်ခဲယဉ်း လှပါသည်။ ယင်း ဇယားပါ အချက်အလက်များကို "International Development Association" အနေ ဖြင့်ကမ္ဘာ့ဈေးကွက်တွင်းအခြေအနေ ကိုလေ့လာ၍ တွက်ချက်ထားခြင်းဖြစ်ပါ က၊ မြန်မာနိုင်ငံအနေဖြင့်ကမ္ဘာ့ဈေးကွက်တွင် ထပ်မံတင်ပို့ရောင်း ချနိုင်ခြေ ရှိပါသည်။

မည်သို့ပင်ဆို စေကာမူ မြန်မာ့ပဲ တင်ပို့မှုမှာ တဖြည်းဖြည်း ကျဆင်း နည်းလာဖွယ်ရာရှိသည်ကို တွေ့ရှိရပေရာ၊ ယင်းသို့ဖြစ်ရခြင်းသည်မှာ ဦးမြင့် သော နိုင်ငံများ ပေါ် ပေါက်လာခြင်း ကြောင့် လော၊ သို့မဟုတ်ပြည်တွင်း၌ အတွက် နည်း သော ကြောင့် လော သို့မဟုတ် အခြား ကျဆင်းလာ၍ လော ဆိုသည်ကို သုံး သပ် ကြည့်ရှုရန် လိုအပ်သည်ဟု ယူဆပါသည်။

ဇယား (၅-၁) ကို လေ့လာကြည့်ရာတွင် (၁၉၆၃-၆၄) ခုနှစ်မှစ၍ ပဲမျိုး စုံတင်ပို့မှုတန်ချိန်မှာ သိသာစွာ လျော့နည်းလာခဲ့ပါသည်။ ယင်းကဲ့သို့ကျဆင်းလာသည်ကိုပြန်လည်သုံးသပ်ကြည့်ပါက၊ ပြည်တွင်း အနှုတ်အသိမ်းများခြင်း နှင့်စားသုံးမှုပိုမိုတိုးတက်လာမှုကြောင့်ဖြစ်ပါသည်။ ဆန်စပါးလို လောက်မှုမရှိသည့်ကာလများတွင်လည်း ပဲများကို ဆန်နှင့်ရောနှော၍ ချက်ပြုတ်စား သောက် လေ့ရှိခဲ့သော ကြောင့်ပဲမျိုး စုံပြည်ပလိုအပ်ချက်ကိုအပြည့်အဝမဖြည့်တင်းနိုင်ခဲ့ခြင်း ဖြစ်ပါသည်။ စပါး အထွက် ဖော်ပြသော ဇယားကို လေ့လာခြင်းဖြင့် (၁၉၆၆-၆၇) ခုနှစ် တွင်စပါးအထွက်မှာ (၆၅၃၁.၅) တန်ထောင်

ဇယား (၅-၂)

ပြည်ပသို့စပါး ရုံတင်ပို့မှုတန်ချိန် များ ။

ကျပ် (ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်ချိန်	$\hat{Y}_t$ တင်ပို့မှုအလား အလား အလာ (ကျပ်)
1958	1	4408.1	5290.04
1959	2	4846.9	5290.04
1960	3	4108.4	5290.04
1961	4	4580.9	5290.04
1962	5	5941.0	5290.04
1963	6	7439.1	5290.04
1964	7	6808.6	5290.04
1965	8	7861.0	5290.04
1966	9	5007.7	5290.04
1967	10	4958.9	5290.04
1968	11	3330.5	5290.04
1969	12	3738.8	5290.04
1970	13	3542.9	5290.04
1971	14	4709.9	5290.04
1972	15	5212.7	5290.04
1973	16	7138.3	5290.04
1974	17	4687.0	5290.04
1975	18	6900.0	5290.04

Sources : - "Agricultural Statistics", (1962-63), (1970-71) and (1975-76), Printing and Publishing Corporation, Rangoon.

Beans and Pulses Exports - Costs and Market Potential

(Kyats per ton)

Pulses	(1) Procurement Price	Export Cost	(2) Export Price	Export Margin (%)	(3) Actual Export (000 tons)	(4) Market Potential (000 tons)
Gram	454	709	833	17.5	6	10
Htawbutpe	390	548	766	39.7	19	30
Pesingone	280	595	811	36.3	10	15
Matpe	404	565	736	30.3	8	30
Peyin	280	425	567	33.4	6	15
Pelun	349	424	500	17.9	-	5
Sultani	308	456	496	8.8	4	10
Bocate	265	407	630	54.6	1	10
Pedisein	358	512	616	20.3	2	7
Total					56	132

(1) 1971 price

(2) Average 1969-71

(3) latest two year average

(4) Official estimates.

Sources : "The Current Situation and Prospects of the Union Of Burma", July 25th. 1973, Document Of International Bank For Reconstruction and Development International Development Association.

ပေါင်း သာထွက်ရှိခဲ့ပြီး (၁၉၅၇-၅၈) ခုနှစ်မှစတင်၍ (၁၉၇၄-၇၅) ခုနှစ်အထိဝါး အထွက်မှာ (၇၀၀၀) ကျော်နှင့် (၈၀၀၀) ကျော်တန် ထောင်ပေါင်း အထိထွက်ရှိခဲ့ပါသည်၊ သို့သော်ဝါး အထွက်တိုး နှုန်း နှင့်လူဦး ရေတိုး နှုန်း တို့နှိုင်း ယှဉ်ကြည့် သောအခါ၊ လူဦး ရေတိုး နှုန်း က သာလွန် နေပါသည်၊ ယင်း အကြောင်း ရပ်များ အပြင်၊ ဝါးထွက်ရာမြန်မာပြည်အထက်ပိုင်း မှာသန်ဝါး အထွက်နည်း ရာဒေသများ ဖြစ်သည်နှင့်အညီအပိုး ရဲအသန်ဖြန့်ဖြူး မှုကိုသာအားထား နေရပေရာ၊ အသန်ဖြန့်ဖြူး မှုနှောင့်နှေး ကြန့်ကြာခဲ့ပါကလည်း ၊ ဝါး သုံး မှု မှာ ခုတိုး ထိခိုက်လာဖွယ်ရာရှိပါသည်။

ဝါး အထွက်ပြဇယား (တန် ထောင် ပေါင်း)

ခုနှစ်	အထွက်	ခုနှစ်	အထွက်
1957-58	5423	1966-67	6531.5
1958-59	6882.5	1967-68	7646.7
1959-60	7183.2	1968-69	7896.2
1960-61	7085.2	1969-70	7858.6
1961-62	6798.0	1970-71	8033.0
1962-63	7550.2	1971-72	8045.9
1963-64	7667.0	1972-73	7240.7
1964-65	8373.0	1973-74	8468.0
1965-66	7927.8	1974-75	8447.8

ဇစ်မြစ် - လယ်ယာနှင့်စိုက်ပျိုး ရေး ဆော်ပိုရေး ဌာန ဝါရင်း အင်း ဌာနဝါဝေါင်များ မှ။

ပြည်ပသို့တင်ပို့ရောင်းချမှုမှာ၊ ပြည်ပဈေးကွက်၊ ပြည်ပဈေးကွက်တွင် ပေါက်ဈေး ၊ ပြည်ပသို့တင်ပို့နိုင်မှုပမာဏတို့ပေါ် မူတည်နေပါသည်။ ယခုပဲမျိုးစုံတင်ပို့မှုမှာ၊ ပြည်ပဈေးကွက်ရှိနေပြီး ၊ ဈေးနှုန်းများ တိုးမြင့်လာခဲ့သော်လည်း ၊ ပြည်ပသို့တင်ပို့မှုပမာဏနည်းပါးလျက်ရှိခဲ့ပေရာ၊ ထိုသို့ဖြစ်ရခြင်းအကြောင်းရင်းကို လေ့လာကြည့်ရာတွင်ပြည်တွင်းစားသုံးမှု၊ ပမာဏတိုးတက်လာခြင်း ၊ သီးနှံအထွက်ကျဆင်းလာခြင်း နှင့်ပြည်ပသို့တင်ပို့ရန်အစိုးရဝယ်ယူရရှိမှုပမာဏကျဆင်းလာခြင်း တို့ကြောင့်ဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

ပြည်ပကုန်သွယ်မှုလမ်းကြောင်းကို လေ့လာကြည့်ရာတွင် (၁၉၆၂) ခုနှစ်မတိုင်မီက ပုဂ္ဂလိက၊ အရင်းရှင်များ နိုင်ငံခြားသားကုန်သည်ကြီးများကသာ ချယ်လှယ်လုပ်ကိုင်ဆောင်ရွက်ခဲ့ကြပါသည်။ တော်လှန်ရေးကောင်စီမှ နိုင်ငံတော်အာဏာကိုလွှဲပြောင်းရယူပြီးသည့်နောက်ပိုင်းမှစ၍၊ ပုဂ္ဂလိကကုန်သည်ပွဲစားကြီးတို့၏ပြည်ပကုန်သွယ်ရေးတွင်ချယ်လှယ်ခွက်ဖက်မှုတို့ကွယ်ပျောက်ခဲ့ရပါတော့သည်။(၁၅/ ၇/ ၁၉၆၃) ခုနှစ် နေ့စွဲပါကြော်ငြာချက်အမှတ်(၅/ ၆၃)ဖြင့်ပုဂ္ဂလိကကုန်သည်ပွဲစားများ ၊ ပြည်ပသို့ ကောက်ပဲသီးနှံရောင်းဝယ်ရေးကိစ္စအဝဝကိုပိတ်ပြစ်ခဲ့ပါသည်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကောက်ပဲသီးနှံရောင်းဝယ်ရေးအဖွဲ့မှပြည်တွင်းပြည်ပ ရောင်းဝယ်ရေးကိုလုပ်ကိုင်ဆောင်ရွက်ခဲ့ပါသည်(၂၄/ ၁၂/ ၁၉၆၃) ခုနှစ်တွင် ''ထုတ်ကုန်အေဂျင်စီမြန်မာပြည်''* ကိုဖွဲ့စည်း၍ နိုင်ငံခြားတိုင်းပြည်များသို့ရောင်းချရန်ဖြစ်သော ပဲမျိုးစုံအပါအဝင်ကုန်ပစ္စည်းများကိုတင်ပို့ရောင်းချခဲ့ပါသည်။

(၂၀/ ၁၂ / ၁၉၆၅) ခုနှစ်တွင်ကုန်သွယ်ရေးများ လုပ်ကိုင်ဆောင်ရွက်ရန်ကုန်သွယ်ရေးအမိန့်ကြော်ငြာ ၁၀၁ (၃/ ၆၅) အရ တော်ပိုရေးရှင်း (၂၂) ခုကိုဖွဲ့စည်းခဲ့ပါသည်။ စိုက်ပျိုးထုတ်လုပ်သူများထံမှ ကောက်ပဲသီးနှံများကိုလယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်း တော်ပိုရေး

---

* Export Agency Burma.

ရှင်းမှဝယ်ယူပြီး မြန်မာထုတ်ကုန်သွင်းကုန်ကော်ပိုရေးရှင်းမှတဆင့်နိုင်ငံခြားသို့တင်ပို့ရောင်းချခဲ့ပါသည်။ သို့ဖြစ်၍၊ လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းကော်ပိုရေးရှင်းမှသီးနှံများဝယ်ယူရရှိမှုပမာဏများမှာပြည်ပသို့တင်ပို့မှုတန်ချိန်တိုးတက်လာဖွယ်ရာရှိပါသည်၊ ပဲမျိုးစုံတင်ပို့သည့်တန်ချိန်လျော့နည်းလာသည့်ကျဆင်းနှုန်းမှာဆန်နှင့်ဆန်ထွက်ပစ္စည်းနှင့်နှိုင်းစာသော်ပို၍နှေးကွေးသည်ကတကြောင်း ဆန်ကဲ့သို့ပြည်တွင်းစားသုံးမှုများသဖြင့်၄င်း၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းတင်ပို့မှုကျဆင်းသည့်နေရာတွင်ပဲမျိုးစုံကိုအစားထိုးခြင်းသို့မဟုတ်ပိုမိုတင်ပို့နိုင်ရန်အတွက်လည်း ပဲမျိုးစုံကိုပိုမို၍စိုက်ပျိုးရန်၄င်း၊ အထွက်နှုန်းပိုကောင်းလာရန်၄င်း၊ အစိုးရသို့ရောင်းချမှုပို၍များပြားလာစေရန်၄င်း၊ မက်လုံးအမျိုးမျိုးဖြင့်စနစ်တကျဆွဲဆောင်သင့်ပါသည်။

<u>မတ်ပဲ။</u>

နိုင်ငံခြားသို့တင်ပို့သည့်ပဲမျိုးစုံတွင်ပါဝင်သောပဲအမျိုးများအနက်မတ်ပဲတင်ပို့မှုတန်ချိန်နှင့်တန်ဖိုးကိုဇယား (၅-၃) နှင့် (၅-၄) တွင်၄င်း ပုံကားချပ်တို့ကိုပုံကားချပ် (၅-၃) နှင့် (၅-၄) တွင်ဖော်ပြထားပါသည်၊ မတ်ပဲတင်ပို့မှုတန်ချိန်မှာတနှစ်ထက်တနှစ်လျော့နည်းလာသည်ကိုတွေ့ရှိရပါသည်။ တင်ပို့မှုအလားအလာမျဉ်းမှာ $\hat{y}_t = 32.41 - 1.06\,t$ ဖြစ်နေပါသည်၊ အချိန်ပေါ်မူတည်နေပြီး တနှစ်ထက်တနှစ်လျော့ကျလာဖွယ်ရာသာရှိသည်ကိုခန့်မှန်းတွက်ချက်ရရှိပါသည်။ မတ်ပဲတင်ပို့သည့်တန်ချိန်မှာလျော့ကျလာသော်လည်း တန်ဖိုးခန့်မှန်းကိန်းမှာ $\hat{y}_t = 1480.54$ ကျပ် (သောင်းပေါင်း) ကိန်းသေဖြစ်နေသည်ကိုတွေ့ရှိရ၍၊ ပဲမျိုးစုံ၏ပြည်ပဈေးကွက်တွင်မတ်ပဲဈေးမှာ တိုးတက်ကောင်းမွန်နေပေသည်။

မြန်မာ့မတ်ပဲကိုဂျပန်နှင့်စင်ကာပူတို့မှအများဆုံးဝယ်ယူသည်ကိုတွေ့ရှိရပါသည်၊ မတ်ပဲကိုဂျပန်လူမျိုးများကပဲပင်ပေါက်ဖောက်၍နှစ်မြိုက်စွာစားသုံးကြသည်ကိုလေ့လာတွေ့ရှိပါသည်။ မြန်မာ့မတ်ပဲကိုပဲပင်ပေါက်ဖောက်၍စမ်းသပ်ကြည့်ရာ၊ ပဲပင်ပေါက်သည်အရွယ်အစားဝ၍ကောင်းသည်၊ အရသာမှာလည်း ပိုရှိပါသည်

ပို့ကုန်ပစ္စည်းအုပ်စုများ၏ပဲမျိုးစုံအုပ်စုတွင် မတ်ပဲမှာအဓိကအရေးပါသည့်ပို့ကုန်ပစ္စည်း တခုဖြစ်ပါသည်၊ (၁၉၆၄-၆၅) ခုနှစ်မတိုင်မီကပြည်တွင်း ရှိပုဂ္ဂလိကကုန်သည်များ အနေနှင့်အီရိလက်ဘ၊ ဟောင်ကောင်၊ အိန္ဒိယ၊ ယူဂေါ ၊ဝက်ဘ ပူဝသည့် ဈေးကွက်များသို့ ရောင်း ချခဲ့ရာ (၁၉၆၃-၆၄) ခုနှစ်မှစ၍ပြည်ထောင်စု မြန်မာနိုင်ငံ ကောက်ပဲသီးနှံ ရောင်း ဝယ် ရေး အဖွဲ့ (ပ-က-ရ-ဖ) မှဂျပန် ဈေး ကွက်သို့သာတိုက်ရိုက် ရောင်း ချတင်ပို့ခဲ့ပါသည်။

ဂျပန်နိုင်ငံသည်မတ်ပဲများ ဝယ်ယူတင်သွင်း၍ပဲပင် ပေါက် ဖေါက်ပြီး စား သုံး သည့်နိုင်ငံဖြစ်သဖြင့်မတ်ပဲဝယ်ယူသည့်အဓိက ဈေးကွက်နိုင်ငံတခုဖြစ်ပါသည်။

ယိုး ဒယား နိုင်ငံအနေဖြင့်၁၉၆၄ခုနှစ်ခန့်မှစ၍၊ မိမိတို့နှင့်တဝတဝ ဂျပန် ဈေး ကွက်သို့ယှဉ်ပြိုင် ရောင်း ချလာခဲ့ရာ၊ ယခုအခါတွင်ဂျပန် ဈေးကွက်အား ယိုး ဒယား မှလွှမ်းမိုး နိုင် သောအဆင့်သို့ ရောက်ရှိလာပါသည်။ ဂျပန်နိုင်ငံ သို့(၁၉၅၇) ခုနှစ်မှ(၁၉၇၄) ခုနှစ်အထိနှစ်အလိုက် မြန်မာနှင့်ယိုး ဒယား နိုင်ငံများ မှတင် သွင်း ခဲ့သည့်မတ်ပဲတန်ချိန်နှင့်ရာခိုင်နှုန်းတို့ကိုဖော်ပြနိုင်ရန် ဇယား (၅-၄-က)တွင် တင်ပြထား ပါသည် ။

ထိုး ဒယား ထွက်မတ်ပဲမှာမူလက ပဲပင် ပေါက် ဖေါက်ရာတွင်ပဲပင် ပေါက် ရာခိုင်နှုန်းညံ့သဖြင့်ဂျပန် ဈေး ကွက်တွင်မျက်နှာပန်း မလှခဲ့ သော်လည်း နောက်ပိုင်း တွင်ပြုပြင်ထုတ်လုပ်မှု ကြောင့်၄င်း ၊သ င်္ဘောတင်နှုန်းထားသက်သာသဖြင့်၊ စီအိုင်အက်ဖ် တန်ဘိုး မြန်မာမတ်ပဲထက် ဈေး သက်သာ သော ကြောင့်၄င်း ၊ ပဲပင် ပေါက် ဖေါက်ရာ တွင်ယိုး ဒယား မတ်ပဲမှာထွား ကြိုင်း၍ပဲပင် ပေါက် ဖေါက်သူများ နှင့်စား သုံး သူများ အနေနှင့်ပိုမို နှစ်သက် မှုကြောင့် ၄င်း ၊ယိုး ဒယား မတ်ပဲမှာနှစ်စဉ်အထွက်တိုးလျက် ရှိပြီး သီး နှံရာသီမှာလည်း မြန်မာမတ်ပဲထက်အချိန် စောစွာ ပေါ်ထွက်မှုကြောင့်၄င်း ဈေး ကွက်တွင်ကြိုတင်၍ဝင် ရောက် ရောင်း ချနိုင် သောအခွင့်အ ရေး များ သာ လျက် ရှိနေပါသည်။

ယင်းအကြောင်းအရာများကို (၁၉၇၂) ခုနှစ်အတွင်းက ဂျပန်နိုင်ငံသို့မတ်ပဲထုတ်လုပ်မှုလေ့လာရန်ရောက်ရှိလာခဲ့သော " The Japan Bean Sprout Importers Association " - အဖွဲ့နှင့်ဆွေးနွေးခဲ့ကသိရှိရသောအချက်များဖြစ်ကြောင်းတင်ပြအပ်ပါသည်။ ယခုအခါ ကြိုကုန်း စိုက်ပျိုးရေးကော်ပိုရေးရှင်း (သုတေသနဗိမာန်) မှ စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် (ဗီ ၁၁-၃၀) အမျိုးအစားများ ပိုမိုထွက်ရှိလာမည်ဆိုပါက မိမိတို့မတ်ပဲအား ပိုမိုဝယ်ယူမည်ဖြစ်ကြောင်း သိရှိရပါသည်။

(၁၉၇၂-၇၃) ခုနှစ်၌မြန်မာနိုင်ငံတွင်မတ်ပဲများပိုမိုထွက်ရှိသော အခါယခင်ကဝယ်နေကျဖြစ်သည့်နိုင်ငံဖြစ်သောဂျပန်နိုင်ငံမှဝယ်အားကုန်နေမှုကြောင့်၎င်း၊ လက်ရှိဈေးကွက်တခုတည်းသာ၌မြဲမြဲရောင်းချနေပါက ရောင်းသူအနေနှင့်နောင်တွင်အခက်အခဲများရှိမည်ကိုကြိုတင်တွေးခေါ်မျှော်မြင်ပြီး စိုးရိမ်မှုကြောင့်၎င်း၊ ပိုကုန်ရောင်းချရန်ပိုလျှံလျက်ရှိသည့်မတ်ပဲများကိုအားသွန်ရောင်းချနိုင်ရေးအတွက်ကြိုးစားခဲ့ရာ၊ စင်္ကာပူဈေးကွက်သို့ယခင်နှစ်များထက်တန်ချိန်အများဆုံးတင်ရောင်းချနိုင်ခဲ့ပြီး၊ ခြေကုပ်ရယူနိုင်ခဲ့ပါသည်။ စင်္ကာပူဈေးကွက်သို့ရောင်းချခဲ့ရာတွင်အရောင်းအဝယ်သဘောတရားအရ ဈေးကွက်ကိုထိမ်းပေးနိုင်ရန်မက်လုံးပေးသည့်အနေဖြင့်ဝယ်ယူတဦးတည်းသို့ ရောင်းချသည့်" Exculsivity " စံနစ်ကိုကျင့်သုံးရောင်းချခဲ့ရပါသည်။

သီရိလင်္ကာနိုင်ငံမှမတ်ပဲဝယ်ယူလေ့ရှိသော်လည်းတန်ချိန်အားဖြင့်နည်းပါးခြင်း၊ နောက်ပိုင်းတွင်၎င်းတို့အနေဖြင့်နိုင်ငံခြားငွေအခက်အခဲရှိခြင်းတို့ကြောင့် ဂျပန်ဈေးကွက်နှင့်စင်္ကာပူဈေးကွက်တို့သို့ရောင်းချသည့်ဈေးနှုန်းကို မီအောင်လိုက်၍မပေးနိုင်သဖြင့်မရောင်းချနိုင်ခဲ့ပါ။

ထို့ကြောင့်မြန်မာမတ်ပဲကိုရရှိခဲ့ပြီးသည့်ဂျပန်ဈေးကွက်တွင်ပြန်လည်အခြေခိုင်မာစွာရောင်းချနိုင်ရေးအတွက်ဝယ်သူများအကြိုက်ဖြစ်သည့်မျိုးကောင်းမျိုးသန့်မတ်ပဲ (ဗီ ၁၁-၃၀) အမျိုးအစားများကိုတိုးချဲ့စိုက်ပျိုးရန်သင့်ပါသည်။ တဖက်မှလည်းရရှိထားပြီးဖြစ်သောစင်္ကာပူနိုင်ငံနှင့်သီရိလင်္ကာနိုင်ငံဈေးကွက်များကိုလည်းဆက်လက်ထိန်းသိမ်းသွားနိုင်ရေးအတွက်နှစ်စဉ်ရောင်းချသွားနိုင်

ရန်ဖိဝဥ်လုပ်ကိုင်မှုများ ရှိပြီး ဖြစ်ရမည့်ပြင်ဆင်မြှုပ်လျှက်ရှိသော သဘောပြန်ပေ့ ဈေးကွက်များ ဖြစ်သည်၊ ယူဏော၊ ဟောင်ကောင်နှင့်အိန္ဒိယတို့ကိုပါပြန်လည် ဖေါ်ထုတ်ရောင်းချနိုင်ရန်လိုအပ်ပါသည်။

အချပ်အားဖြင့်ဆိုရသော်ပတ်ပဲကိုဂျပန်နိုင်ငံတွင်ပဲပင် ဖေါက်ပြီး အများအပြား ပွားသုံးကြသဖြင့်၊ ပဲပင်ဖေါက်အထွက်နှုန်းများ သောအဆင့်ရှိပတ်ပဲများကိုသန့်ပင်ပြီး ရောင်းချပါသည်။ မြန်မာ့မတ်ပဲများသည်ဂျပန်ဈေးကွက်တွင်ဖိုး ဒယား မတ်ပဲများနှင့်ယှဉ်ပြိုင်ပြီး ရောင်းချရသဖြင့်မြန်မာ့မတ်ပဲများကိုအမျိုးအစားကောင်းမွန်အောင်ပြုပြင်ခြင်း ၊ အလုံးအကြီးများရရှိအောင်ဇကာတင်၍သန့်စင်ခြင်းများပြုလုပ်ပြီးမှ ရောင်းချခြင်းအားဖြင့် ဈေးကောင်းရရှိနိုင်ပါသည်။ စင်္ကာပူ၊ မလေးရှား ဈေးကွက်တွင်မြန်မာ့မတ်ပဲများ တဖြည်းဖြည်း နှင့်တွင်ကျယ်လာပြီး နံပည်ထွက်လာတာလူကြိုက်များလာတာဝဖြစ်လိပါသည်။ ကုန်ဈေးကွက်တွင်လည်း ပဲပင်ဖေါက်ပြီး တမျိုး ၊ အခြမ်းခွဲပြီး တဖုံ၊ ဝါးသုံးကြပြီး ၊ တချို့ကိုအခြားတိုင်းပြည်များသို့တဆင့်ပြန်လည်တင်ပို့ရောင်းချကြပါသည်။ အမျိုးအစားအနေဖြင့်ဂျပန်ဈေးကွက်သို့ရောင်းချရသောအမျိုးအစားထက်ညံ့ဖျင်းလျှင်လည်း အရောင်းရလွယ်ကူသည်ကို တွေ့ရပါသည်။ သို့သော်ဂျပန်ဈေးကွက်၌ရရှိသော ဈေးအတိုင်း မရနိုင်သည့်အပြင်တန်ချိန်ပမာဏအနေဖြင့်လည်း နည်းပါးပါသည်။ အိန္ဒိယ၏ ဈေးကွက်သို့အညံ့ဆုံး သောပဲအမျိုးအစားကိုပင် ရောင်းချနိုင်သည်ကို တွေ့ရှိရပါသည်။

မြန်မာ့ပတ်ပဲကို ဂျပန်နှင့်စင်္ကာပူတို့မှအများဆုံး ဝယ်ယူသည်ကို တွေ့ရှိရပါသည်။ မတ်ပဲကိုဂျပန်လူမျိုးများ က ပဲပင်ပေါက် ဖေါက်၍နှပ်ကြော် ပွားဝါးသုံးကြသည်ကို လေ့လာတွေ့ရှိရပါသည်။ မြန်မာ့မတ်ပဲကိုပဲပင်ပေါက် ဖေါက်၍ဝမ်းသပ်ကြည့်ရာ၊ ပဲပင်ပေါက်သည်အရွယ်အစားကြီး၍ ဆောင်သည်၊ အရသာမှာလည်း ပိုရှိပါသည်။

ဇယား (၅-၃)

ပြည်ပသို့မတ်ပဲတင်ပို့မှုတန်ချိန်

တန် (ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t မတ်ပဲအမှန်တင်ပို့မှုတန်	$\hat{Y}_t$ တင်ပို့မှုအလားအလာ
1958	1	20.0	31.35
1959	2	31.0	30.29
1960	3	30.0	29.23
1961	4	40.0	28.17
1962	5	25.0	27.11
1963	6	28.0	26.05
1964	7	24.0	24.99
1965	8	30.0	23.93
1966	9	18.0	22.86
1967	10	31.0	21.80
1968	11	23.0	20.74
1969	12	17.0	19.68
1970	13	8.0	18.62
1971	14	9.0	17.56
1972	15	10.0	16.50
1973	16	34.0	15.44
1974	17	13.0	14.38
1975	18	11.0	13.32

Sources : - "Agricultural Statistics.", (1962-63), (1970-71) and (1975-76), Printing and Publishing Corporation, Rangoon.

ဇယား (၅ - ၄)

ပြည်ပသို့ မတ်ပဲတင်ပို့မှုတန်ဘိုး ။

ကျပ် (သောင်း ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်ဘိုး	$\hat{Y}_t$ တင်ပို့မှုအလား အလာ
1958	1	1420.2	1480.54
1959	2	1425.6	1480.54
1960	3	1155.3	1480.54
1961	4	1908.2	1480.54
1962	5	1935.1	1480.54
1963	6	1919.8	1480.54
1964	7	1736.3	1480.54
1965	8	2220.7	1480.54
1966	9	1101.9	1480.54
1967	10	1614.9	1480.54
1968	11	1611.7	1480.54
1969	12	1312.7	1480.54
1970	13	647.7	1480.54
1971	14	518.5	1480.54
1972	15	632.3	1480.54
1973	16	2692.3	1480.54
1974	17	1486.9	1480.54
1975	18	1309.6	1480.54

Sources : "Agricultural Statistics", (1962-63), (1970-71) and (1975-76), Printing and Publishing Corporation, Rangoon.

ဇယား (၅-၄-က)

၁၉၅၇ မှ ၁၉၇၄ ခုနှစ် (မေလအထိ) မြန်မာနှင့်ယိုးဒယား မတ်ပဲများ ဂျပန်နိုင်ငံသို့ တင်ပို့မှုအား ရှုပြ ဇယား ။

ပြက္ခဒိန်နှစ်	အရေအတွက် – မက်ထရစ်တန်			ရာခိုင်နှုန်း	
	မြန်မာ	ယိုးဒယား	စုစုပေါင်း	မြန်မာ	ယိုးဒယား
1957	10500	400	10900	96.33	3.67
1958	11945	89	12019	99.26	0.74
1959	18750	90	18840	99.59	0.41
1960	20061	150	20211	99.26	0.74
1961	26722	751	27473	97.27	2.73
1962	22380	1002	23382	95.71	4.29
1963	24392	210	24602	99.15	0.85
1964	18035	1460	19495	92.51	7.49
1965	25546	7000	32546	77.49	21.54
1966	12966	14511	27477	47.19	52.81
1967	22163	13726	35889	61.75	38.25
1968	21869	12776	34645	61.81	38.19
1969	12940	19434	32374	40.00	60.00
1970	8622	27758	36380	23.70	76.30
1971	7842	31599	39441	19.88	80.12
1972	6007	31889	37896	15.85	84.15
1973	21916	29101	51017	42.96	57.04
1974 (မေလအထိ)	6648	8672	15320	43.39	56.61

သတင်းပေးပို့သူ – မြန်မာ့ကုန်သွယ်ရေးရုံး ၊ တိုကျို ၊

မြန်မာ့ပို့ကုန်သွင်းကုန် ကော်ပိုရေးရှင်း ၊

ဇစ်ဝက်ကိန်း ၄၁၃ ။

မြန်မာနှင့်ယိုးဒယား မတ်ပဲရှ်း ဂျပန်နိုင်ငံသို့တင်ပို့မှုပြ
ပုံကားချပ်။



ပြီ၊ ထို့ကြောင့်ရပ်နိုင်ငံတကာမြန်မာ့ပဲကိုများ များ ပိုက်ဆံ များ များ ရောင်း ရန်ဈေး ဖေါ်ခဲ့ပါသည်၊ ဂျပန်နိုင်ငံများ ပြန် သောအခါ ခ ယား မှုလည်း မတ်ပဲကိုမြန်မာပြည်မှ ဈေး ယူ၍အမြင့် ပိုက်ပိုး ပြီး ပြည်ပသို့တင်ပို့ ရောင်း ချခဲ့ပါသည်၊ သို့သော်မြန်မာပြည်ထွက်ပဲ လောက ဈေး ကွက်တွင် မျက်နှာပန်း မပွင့်ခဲ့ပါ။ "(၁၉၇၆–၇၇) ခုနှစ်တွင်ရာသီဥတု ဖေါက်ပြန် မှုကြောင့်ပဲအထွက်များ များ ပျက်ချိန်တွင်ပြည်ပ ဈေး ကွက်၌ မတ်ပဲ ဈေးသည် တဖန်မြင့် ဒေါ်လာ(၆၄၀)မှ(၁၀၀၀)အထိ"* ခုန်တက်သွား ခဲ့ပါသည်။

သို့ပါ၍ ပဲအထွက်နှုန်း သည်နှင့်အမျှနိုင်ငံခြား ဝင် ငွေ လည်း တိုး လာ ပေလိမ့်မည်၊ နိုင်ငံခြား ဝင် ငွေ တိုး သည်နှင့်အမျှကိုယ်လှယ်အ ရင်း အနှီး မြှုပ်နှံမှုလည်း တိုး လာ မည်ဖြစ် သော ကြောင့်မတ်ပဲအထွက်တိုး ရေး ကိုအား သွန်ခွန်စိုက် ဆောင်ရွက်ပြီး ထွက်ရှိလာ သောအခါ နှံ့ကိုနိုင်ငံ တော်အတိုး ရကဝယ်ယူရရှိနိုင်ရန်၊ အကျင့်ပျက် မှောင်ခိုလက်ထဲမ ရောက်ရန်ဖို့်င်း ဝန်း တား ဆီး ရန်လိုအပ်ပါသည်။

မတ်ပဲကိုနိုင်ငံခြား သို့တင်ပို့မှုတန်ချိန် လျော့ကျလာခြင်း မှာလည်း သီးနှံ ပေါ် ထွက်ချိန်တွင် မှောင်ခို ရောင်း ဝယ်မှုကိုတား ဆီး နိုင် သော ကြောင့်လည်း ဖြစ်ပါသည်။ ထို့ပါ၍လယ်ယာကိုင်း ကျွန်း နှင့်ဥယျာဉ်ခြံ မြေ ထွက်ကုန်ပစ္စည်း တော်ပို ရေး ရှင်း ကဝယ်ရရှိသဖြင့်သာ ရောင်း ချနေရပြီး၊ ရောင်း နိုင်သ လောက် ရောင်း ရသွက် နေပါသည်။ မတ်ပဲ ဈေး ကွက်မှာ ရောင်း သူ့ ဈေး ကွက်ဖြစ် နေ၍၊ မြန်မာ့မျက်နှာပန်း ပွင့်နေချိန်တွင်မတ်ပဲကိုတန်ချိန် များ များ တင်ပို့နိုင်ရန်ကြိုး ပမ်း ကြရပါမည်။

<u>ယောပဲ နှင့်ပဲဖြူလေး</u> ။

ယောပဲနှင့်နိုင်ငံခြား သို့တင်ပို့ ရောင်း ချသည့်ပဲဖြူ လေး နှင့်တွဲ၍ လေ့လာထား ပါသည်။ နိုင်ငံခြား သို့တင်ပို့ ရောင်း ချမှုကို လေ့လာရာ တွင်စာရင်း အချက်အလက်များ ယောပဲနှင့်ပဲဖြူလေး ကို ပေါင်း စပ်၍ ဖော်

---

* ၇/၄/၇၇ ခုနှစ်ထုတ် ကြေးမုံသတင်းစာမှ

ပြုလေ့ရှိသောကြောင့်ဖြစ်ပါသည်၊ ဝါဖြူလေးမှာ ယောပက်ဝနှင့်နှိုင်းစာ သော် ဈေးပါမှုနည်းပါးပါသည်၊ သို့သော်လည်း ဝါဖြူလေးနှင့် ယောပက် ဝမှာ သဘာဝတန်ဆင်တူ ဝည်အမှုပင်ဖော်ကြပါသည်။ ယောပက်ဝမှာ အနည်းငယ် ပြားပြီး ဝါဖြူလေးမှာ လပ်လုံးလုံးအနေဖြင့်ဖြစ်ပါသည်။ ဝါဖြူလေးကို ၁၉၇၇ ခု နှစ်မှစ၍ နောက်နှစ်များတွင်ပို့မှုပြုလာခဲ့မည်မဟုတ်ကြောင်း လေ့လာ သိရှိရပါသည်။ ယောပက်ဝကိုသာ နှစ်သက်မှုများပြား၍ ၁၉၇၇ ခု ဖေဖော် ဝါရီလ (၉) ရက်နေ့တွင် ကုန်သွယ်ရေးဝန်ကြီးဌာနအမိန့်ကြော်ငြာစာအမှတ် (၁/၇၇) အရ ဝါဖြူလေးကို ဝန်ကြီးအဖွဲ့နှင့် ဝန်ကြီးဌာနအားဖြင့် လက်အောက် ရှိအဖွဲ့အစည်းများက သာဝယ်ယူရောင်းချရန် သတ်မှတ်သည့်ကုန်ပစ္စည်းစာရင်း မှ ပယ်ဖျက်လိုက်ပါသည်၊ ထို့ကြောင့် (၁၉၇၇) ခုနှစ်နောက်ပိုင်းနှစ်များတွင် ယော ပက်ဝ သီးသန့်ကိုသာ လေ့လာနိုင်မည်ဖြစ်သော်လည်း ယခုလေ့လာသော (၁၉၆၆) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ (၁၀) နှစ်အတွက်မှာမူ ဝါဖြူလေးနှင့် ယောပက်ဝ တွဲလျက်ကိုသာ လေ့လာနိုင်ပါသည်။

ယောပက်ဝနှင့်ဝါဖြူလေး နိုင်ငံခြားသို့တင်ပို့ရောင်းချ မှုတန်ချိန်ပမာဏတို့ကို နှစ်အလိုက် ဇယား (၅-၅) နှင့်ပုံစား ချပ် (၅.၅) တွင် လေ့လာ ထားရာ အလားအလာမျဉ်းမှာ $\hat{y}_t = 20.167$ တန် (ထောင် ပေါင်း) ဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်၊ ဝါဖြူလေးနှင့် ယောပက်ဝတင်ပို့မှု တန်ချိန်မှာ နောက်နှစ်များတွင်လည်း တိုးတက်လာဖွယ်ရာ မရှိဘဲ (၂၀. ၁၆၇) တန် (ထောင်ပေါင်း) ပတ်ဝန်းကျင်သာ တင်ပို့နိုင်မည်ဟု ခန့်မှန်းရပါသည်။ ဝါဖြူလေးနှင့် ယောပက်ဝတင်ပို့သည့် တန်ဖိုးကိုလည်း (၁၉၆၆) မှ (၁၉၇၅) ခုနှစ်အထိ (၁၀) နှစ်အတွက် လေ့လာရာ အလားအလာ မျဉ်းမှာ $\hat{y}_t = 466 + 100.8t$ ကျပ် (သောင်းပေါင်း) ဖြစ်နေ သည်ကို ဇယား (၅-၆) နှင့်ပုံစား ချပ် (၅-၆) တွင် တွေ့ရှိရပါသည်၊ တင်ပို့ မှုတန်ချိန်မှာ သိပ်ပြောင်းလဲမှုမရှိသော်လည်း တန်ဖိုးမှာမူ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို လေ့လာတွေ့ရှိပါသည်။ သို့ပါ၍ ယင်းအားနှံမှာလည်း ဈေးကောင်း

ဇယား (၅-၅)

ပြည်ပသို့ ပဲဖြူလေး နှင့် ထောပတ်ပဲ တင်ပို့မှုတန် ပေါင်း

တန် (ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်	$\hat{Y}_t$ တင်ပို့မှုခန့်မှန်း အလားအလာ
1958	1	17,0	20.167
1959	2	20.0	20.167
1960	3	12.0	20.167
1961	4	9.0	20.167
1962	5	19.0	20.167
1963	6	29.0	20.167
1964	7	28.0	20.167
1965	8	40.0	20.167
1966	9	29.0	20.167
1967	10	24.0	20.167
1968	11	12.0	20.167
1969	12	18.00	20.167
1970	13	14.0	20.167
1971	14	21.0	20.167
1972	15	18.0	20.167
1973	16	27.0	20.167
1974	17	13.0	20.167
1975	18	13.0	20.167

Sources : - "Agricultural Statistics", (1962-63), (1970-71) and (1975-76), Printing and Publishing Corporation, Rangoon.

ဇယား (၅ - ၆)

ပြည်ပသို့ ပဲဖြူလေး နှင့် ထောပတ်ပဲ တင်ပို့မှုတန်ဘိုး များ

(ကျပ် သောင်း ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်ဘိုး	$\hat{Y}_t$ ခန့်မှန်း တင်ပို့မှု တန်ဘိုး
1958	1	623.2	567.05
1959	2	616.1	667.92
1960	3	450.8	768.79
1961	4	424.5	869.67
1962	5	1004.0	970.54
1963	6	1565.6	1071.41
1964	7	1533.9	1172.29
1965	8	2182.7	1273.16
1966	9	1631.5	1374.04
1967	10	1514.0	1474.91
1968	11	916.8	1575.78
1969	12	1340.7	1676.66
1970	13	1057.5	1777.53
1971	14	1660.0	1878.40
1972	15	1553.5	1979.28
1973	16	2481.5	2080.15
1974	17	2566.5	2181.03
1975	18	2517.7	2281.90

Sources : - "Agricultural Statistics.", (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

သည့်ပဲဒီး နှံတမျိုး ဖြစ်နေပါသည်။

ယင်း သို့တင်ပို့မှုတန်ချိန်ပုံသေဖြစ်နေသည်ကို လေ့လာရာတွင် တင်ပို့သည့်တန်ချိန်မှာ ထိုး လာသည်ကို တွေ့ရှိရသည့်အပြင် Market Potential ဇယားတွင်လိုအပ်နေသောပြည်ပ ဈေး ကွက်ကိုအပြည့်အဝဖြည့်တင်း နိုင်မှုမရှိ သည်ကို တွေ့ရှိရ၍၊ ဈေး ကွက်မရှိသောကြောင့်မတင်ပို့ရခြင်း မဟုတ်၊ ဟူ၍ကောက် ချက်ချနိုင်ပါသည်။ ထောပတ်ပဲကိုဂျပန်သို့ ရောင်း ချရမှုအများ ဆုံး ဖြစ်ပါသည်။ ထောပတ်ပဲကို၊ မုန့်ပဲသရေစာများ ပြုလုပ်ကြပါသည်။ ဝက်ဘူ လောင်ကောင် များ ကလည်း ဝယ်ယူကြပါသည်၊ ယင်း သို့ဝယ်ယူအား ကောင်း လှသော်လည်း ယင်း ပဲနှစ်မျိုး ၁၉၇၄ ပေါင်း တင်ပို့တန်ချိန် လျော့နည်း လာရခြင်း မှာ ထောပတ်ပဲအတွက် လျော့ရလာသောကြောင့်ဖြစ်ပါသည်။ ယခုအခါ ထောပတ်ပဲအစား ဝွန်တာန်၊ ဝွန်တာပြာများ ကိုအစား ထိုး စိုက်ပျိုး လာကြပါသည်။ ထောပတ်ပဲ မှာကြာကြာသို့ လှောင်ပါကပိုး လိုက်လွယ်သောပဲမျိုး ဖြစ်ပါသည်၊ ထောပတ်ပဲနှစ် ဝဉ်အတွက်မှာမူ ကွေး သတ္တာန်ဖြစ်သည်ကိုအခန်း (၂) တွင် လေ့လာ တွေ့ရှိရ ပါသည်။ သို့ပါ၍အတွက်နည်း သောနှစ်တွင်ဝယ်ယူရရှိမှုနည်း ပြီး အထွက်များ သော နှစ်တွင်ဝယ်ယူရရှိမှုများ ပြီး တင်ပို့တန်ချိန်မှာကာလ ရှည်တွင်အထူး တလည် လျော့ ကျခြင်း ၊ ထိုး လာခြင်း မရှိဘဲကိန်း သေဖြစ်နေခြင်း ဖြစ်ပါသည်။

ပဲမျိုး ပို့ကုန်စုစုပေါင်းတွင် ထောပတ်ပဲမှာ ဒုတိယအရေးပါသည့်ပို့ကုန်ပစ္စည်း တခု ဖြစ်ပြီး ရောင်းချသည့် ဈေးကွက်မှာလည်း ဂျပန်ဈေးကွက်တခုသာ မူလကရှိခဲ့ရာမှ ဟောင်ကောင်နှင့်မလေးရှား ၊ စင်ကာပူ ဈေးကွက်များသို့(၁၉၆၄-၆၅) ခုနှစ်မှ စတင်ဝင်ရောက်ခဲ့ပါသည်၊ ဟောင်ကောင်ဈေးကွက်မှာ(၁၉၆၄-၆၅)ခု နှစ်တွင်၊ တန်ချိန်(၁၆၀၀)နှင့်(၁၉၆၆-၆၇)ခုနှစ်တွင်တန်ချိန်(၂၀)မျှသာ ဝယ်ယူခဲ့ဘူးပြီး ၊ နောက်ပိုင်းတွင်ဝယ်ယူခြင်း မရှိခဲ့ပါ၊ မလေးရှား ၊ စင်ကာပူ ဈေးကွက်မှာလည်း တန်ချိန်အားဖြင့်နှစ်စဉ်ရာဂဏန်း မျှသာဝယ်ယူသည်ကို တွေ့ရ ပါသည်။

ထို့ကြောင့် ထောပတ်ပဲများ အား ရရှိထားပြီး ဈေးကွက်ခိုင်မြဲစေရေး ကိုလည်း ကောင်း ၊ ဈေးကွက်သစ်များ ရှာဖွေရရှိနိုင်ရေး ကိုလည်းကောင်း ၊ အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်။

(၁) အခြား ဒေသထွက် ထောပတ်ပဲများ ကိုဂန္ဓဝါ ဒေသထွက်ပဲများ ကဲ့သို့ ကောင်းမွန်စေရန်အတွက်အသီး ရင့်မှခူးဆွတ် စေရန်စိုက်ပျိုး ရေး ကော်ပိုရေးရှင်း မှ ဆော်ဩကွပ်ကဲ ပေးသွားရန်–

(၂) မြို့နယ်အသီးသီး မှ ပေးပို့လာသည့်ဝယ်ယူရရှိပြီး ပြည်ပပို့ကုန် ပစ္စည်း များ အား ကုန်ပစ္စည်း ပေးသွင်း သည့်အဖွဲ့အစည်း ကော်ပိုရေးရှင်း များ မှ ဝနပ်ဘရုလက်ခံခြင်း ၊ ရွေးခြယ်ခြင်း ၊ အိတ်သွတ်ခြင်း ၊ ပိုး သတ်မှိုင်း တိုက်ခြင်း ၊ သိုလှောင်ခြင်း ဝသည့်တို့ကိုပုံကားချပ်(၅-၆-က)တွင် ဖော်ပြထား သောအကြံပြု ချက်ပုံစံအတိုင်း ပြုလုပ်သွား ရန် – တို့ဖြစ်ပါသည်။

ထောပတ်ပဲမှာပိုး ထိုး ပိုး ကိုက်များ တတ် သောပဲများ ဖြစ်ပြီး အဆင့် အတန်း ရည်အသွေး ကို F.A.Q. အဆင့်အတန်း မှီအောင်ထိန်း သိမ်း ထား ရှိ ရန်အထူး လိုအပ်ပါသည်။

ထောပတ်ပဲကိုစင်ကာပူမလေးရှား ဈေးကွက်တွင် ရောင်းချရာတွင် ဂျပန် ဈေးကွက်ထက် ဈေး နည်း သော်ငြား လည်း အဆင့်အတန်း စံချိန်စံညွှန်းကိုဂျပန်

ပုံကားချပ် (၅-၆-က)

လယ်ယာကိုင်းကျွန်းထွက်ပြည်ပပို့ကုန်ပစ္စည်းများအား သင်္ဘောမတင်မီ
ပံနဝ်ဘဏ္ဍာသို လှောင်ထိန်းသိမ်းထားရှိပေးရေး အတွက်အကြို
ပေးချက်ပုံစံ။



မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်း ၊
ဝိပံကိန်း ၄၁၈။

စျေးကွက်အတိုင်း သတ်မှတ်ပေးရန်လိုအပ်ပါသည်။ တန်ချိန်အနေဖြင့်လည်း နည်းပါးပါသည်၊ ဝက်ဘပူမလေး ရှားမှဝယ်သူများအနေဖြင့်မြန်မာထောပတ်ဝမ်းများ ကိုကိုင်ဝမ်း ၊ စျေးကွက်တွင်ရောင်းချရန်..ပွက်ဂယ်ယူတမ်း လှမ်းကြ လေ့ရှိပါသည်။ ယင်းသို့ ကမ်းလှမ်းလာလျှင်တိုင်ဝမ်စျေးကွက်မှာ စျေးကွက်သစ်ဖြစ်နေသဖြင့်အရည်အသွေး အဆင့်အတန်းပိုမိုကောင်းမွန်သောဝမ်းကိုသာဝယ်ယူလိုကြပါသည်။ အရည်အသွေး အဆင့်အတန်း ကောင်းအောင်ပြုပြင်ရောင်းချနိုင်လျှင်တိုင်ဝမ်စျေးကွက်တွင်လည်း မြန်မာထောပတ်ဝမ်းများ တွင်ကျယ်လာမည်ဖြစ်ပါသည်။ မောရိလျှ စျေးကွက်နှင့်ယှဉ်ကာ၊ ဥရောပ စျေးကွက်တွင်ပိုးထိုးပိုးကိုက်လုံးဝမပါဝင်ဘဲ Pure Beans - ဖြင့်ရောင်းချနိုင်လျှင် အရောင်းအဝယ်ဖြစ်မည်ဖြစ်ပါသည်။ ထိုသို့ပိုးထိုးပိုးကိုက်များကင်းရှင်းအောင် မလုပ်နိုင်ပါက၊ ယင်းစျေးကွက်များတွင်ရောင်းချရန်မလွယ်ကူပါ၊ ယင်းစျေးကွက်များတွင်မြန်မာ့ထောပတ်ဝမ်းထက်ကောင်းမွန်သောမဒဂါဝကားထောပတ်ဝမ်းများကို တွင်ကျယ်အောင်ရောင်းချကြပါသည်။ ယခုအခါယင်း ထောပတ်ဝမ်းကိုမြန်မာပြည်တွင် ပိုက်ပျိုးထုတ်လုပ်နေပြီဖြစ်၍ ထောပတ်ဝမ်းစျေးကွက်မှာ ယင်းဝမ်းအတွက်ကောင်းမွန်မှုပေါ်မူတည်၍ကျယ်ပြန့်လာမည်ဖြစ်ပါသည်။

ကုလားပဲ။

ကုလားပဲသီးနှံမှာပြည်တွင်းနှံအများအပြားဝါးသုံးသောသီးနှံဖြစ်ပါသည်၊ ၁၉၆၄ခု၊ ဝက်တင်ဘာလ(၁၇)ရက်နေ့မှ ၁၉၆၆ခု၊ ဝက်ဘင်ဘာလ(၂၇)ရက်နေ့အထိအဝိုး ဂပြည်သူပိုင်အဖွဲ့အစည်းများကသာရောင်းဝယ်ရမည့်ကန့်သတ်ကုန်ဖြစ်ခဲ့ပါသည်။ ၂၇/၉/၁၉၆၆ခုနှစ်မှဝ၍ကင်းလွတ်ကုန်အဖြစ်သတ်မှတ်ခဲ့ရာ၊ လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်း ကော်ပိုရေးရှင်းမှနိုင်ငံခြားသို့တင်ပို့ရန်နှင့်တပ်မတော်မှလိုအပ်ချက်ကိုဖြည့်တင်းရန်၊ အဝယ်ဒိုင်များဖွင့်လှစ်၍၊ ရိတ်သိမ်းချိန်ပေါက်စျေးနှုန်းဖြင့်ဝယ်ယူခဲ့ပါသည်။

သည်၊ ကုလားပဲကိုအများဆုံး ဝယ်ယူသောနိုင်ငံမှာအိန္ဒိယနှင့်သီဟိုနိုင်ငံတို့ဖြစ်ပါသည်။ သီဟို (သီရိလင်္ကာ) နိုင်ငံမှာပဲစဉ်းငုံကိုအများဆုံး ဝယ်ယူပြီး ဒုတိယအများဆုံး မှာမတ်ပဲနှင့်ကုလားပဲဖြစ်လေရာ၊ အိန္ဒိယနိုင်ငံသာလျှင်ကုလားပဲအများဆုံး တင်ပို့ရသောနိုင်ငံဖြစ်ပေသည်၊ သို့သော်၊ အိန္ဒိယနိုင်ငံသို့တင်ပို့မှုမှာ (၁၉၅၅-၅၆) ခုနှစ်ခန့်မှစတင်၍မြန်မာပြည်မှပို့ကုန်များကိုဝယ်ယူမှု လျော့နည်းလာခဲ့ပါသည်။ (၁၉၅၇-၅၈) ခုနှစ်နောက်ပိုင်းတွင်အိန္ဒိယနိုင်ငံမှ မြန်မာ့ပဲမျိုးစုံကိုလုံး ဝဝယ်ယူမှုမရှိတော့သည်ကိုတွေ့ရပါသည်။ ထိုသို့ဖြစ်ပေါ်ရခြင်းကိုအနန်း စစ်ကြည့်ရာတွင်အိန္ဒိယနိုင်ငံ၏စီးပွားရေး၊ နိုင်ငံရေး မူဝါဒများ ကြောင့် ပြောင်းလဲခဲ့ခြင်းဖြစ်ပါသည်။ ပဲနှင့်ပဲမျိုးစုံကိုပြည်တွင်းသို့ ဝယ်ယူတင်သွင်းမှုလုပ်ငန်းလိုင်စင်များထုတ်ပေးခြင်းကိုရပ်တန့်လိုက်ပြီး၊ အိန္ဒိယနိုင်ငံအတွင်း ပဲနှင့်ပဲမျိုးစုံကိုစိုက်ပျိုးထုတ်လုပ်ပေပြီး မိမိပိုင်းပြည်တွင်း ပဲမျိုးစုံကိုသာလောက်ငအောင်စားသုံးစေခဲ့ပါသည်။ သီဟို (သီရိလင်္ကာ) နိုင်ငံမှာလည်း ပဲစဉ်းငုံကိုသာအဓိကထား၍တင်သွင်းလေရာ၊ ကုလားပဲ၏ပြည်ပသို့တင်ပို့သည့်တန်ချိန်မှာ လျော့နည်းခဲ့ခြင်းဖြစ်ပါသည်။

ကုလားပဲကိုပြည်ပသို့တင်ပို့သည့်တန်ချိန်ကိုဇယား (၅-၇) နှင့်ပုံကားချပ် (၅-၇) တွင် လေ့လာထားပါသည်၊ တင်ပို့မှုအလားအလာမျဉ်းမှာ $\hat{y}_t = 9.49 - 04\ t$ (တန်ထောင်ပေါင်း) အနုတ်မျဉ်းဖြောင့်ဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ (၁၉၇၄) နှင့် (၁၉၇၅) ခုနှစ်တို့တွင်လုံး ဝတင်ပို့ခြင်း မရှိတော့သည်ကိုတွေ့ရှိရပါသည်။ ကုလားပဲ တင်ပို့မှုတန်ဘိုးမှာ $\hat{y}_t = 368.794$ ကျပ် (သောင်းပေါင်း) ဖြစ်သည်ကိုဇယား (၅-၈) နှင့်ပုံကားချပ် (၅-၈) မှ လေ့လာတွေ့ရှိရပါသည်။ ရွေးခြယ်ထားသောပဲလေးမျိုး အတွက်နှစ်ချဉ်ဖိုင်းပြည်များအလိုက်တင်ပို့မှုကိုတင်ပို့သည့်နိုင်ငံများအလိုက် နောက်ဆက်တွဲဇယား (၁၊ ၂၊ ၃၊) တို့တွင်ဖော်ပြထားပါသည်။

ယင်း ဝါများအပြင်အခြား ဝယ်လိုအား ရှိသောဝါများ မှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

အမှတ်စဉ်။	ဝါ မျိုး	(၁၉၇၅-၇၆) လျာထား ချက်	ဝယ် အား	ပေးသွင်းနိုင် မည့်ပမာဏ +	အမှန် ပေးသွင်းနိုင်မှု +
1	မတ်ဝါ	24600	25000	9500	10000
2	ဒေါပတ်ဝါ	30000	20000	20000	20000
3	ကုလားဝါရှည်	5000	5000	-	-
4	ဝါရာဇာ	-	2000	-	-
5	ဘိုကိတ်	2450	2500	500	500
6	ဝါဒီဗိမ်း	950	2500	100	80
7	ဝါကင်းဂုံချမ်း	11000	5000	3500	3790

မှတ်ချက်များ ။ ၁။ အထက်ပါဇယားမှာ (၁၉၇၅-၇၆) ခုနှစ်အတွက်လျာထား ချက်ကိန်းဂဏန်းအရဝယ်အားရှိသည့်ဝါများကိုထုတ်နှုတ် ဖော်ပြခြင်းဖြစ်ပါသည်။

၂။ (+) ကုန်သွယ်ရေးကော်ပိုရေးရှင်း (၁) မှယခုနှစ်အတွင်း ပေးသွင်း နိုင်မည် ဟုခန့်မှန်းထားသည့်ဘန်ချိန်ပမာဏကို ဖော်ပြထားပါသည်။

၃။ (++) ကုန်သွယ်ရေးကော်ပိုရေးရှင်း (၁) မှယခုနှစ်အတွင်း (၂၀-၁၁-၇၅) ခုနှစ်အထိအမှန် ပေးသွင်းသည့်ဘန်ချိန်ကို ဖော်ပြထားပါသည်။

ထို့ကြောင့် ဝါမိကိန်း လျာထား ချက်တွင်ပြည်ပမှဝယ်လိုအားရှိသောဝါရာဇာကို သတ်မှတ်ဖော်ပြသင့်သည်နှင့်အမျှ တဖက်မှာလည်း ပြည်တွင်း၌အမျိုးသား အဆင့်အတန်းမီ သောဝါရာဇာကိုသာဝယ်ယူရရှိရေး ၊ ပေး သွင်း နိုင် ရေး အတွက်ကုန်သွယ် ရေး ကော်ပိုရေး ရှင်း (၁) အနေဖြင့်မဖြစ်မနေ [illegible] ဆောင်ရွက်သင့်ပါသည်။

ပြည်ပမှဝယ်လိုအား ရှိသောပတ်ဝါ ၊ ကုလားဝါချမ်း ၊ ဘိုကိတ်၊ ဝါဒီဗိမ်း နှင့် ဝါကင်း ဂုံချမ်း များ ကိုပါပြည်တွင်း၌အမျိုးသား အဆင့်အတန်းမှီ သောအဆိုပါဝါများကို လည်း ပိုမိုစိုက်ပျိုး ထုတ်လုပ် ပေးသွင်းနိုင် ရေးအတွက်ကုန်သွယ် ရေး ကော်ပိုရေးရှင်း (၁) နှင့်စိုက်ပျိုး ရေး ကော်ပိုရေးရှင်း တို့ပူးပေါင်းညှိနှိုင်းပြီး လုပ်ကိုင် ဆောင်ရွက်ရန်သင့် ပါသည်။ ပြည်ပမှဝယ်အားရှိ သော ဝါများအတွက်တဖက်မှ စိုက်ပျိုး ထုတ်လုပ်မှုရှိပါသည်နှင့် အမျှထိုသို့စိုက်ပျိုး ထုတ်လုပ်နိုင်သမျှကိုအာမခံ ဝယ်ယူရရှိနိုင် အောင်ဦးစီး ဆောင်ရွက် ပေး သင့်ပါသည်။

ဇယား (၅-၇)

ပြည်ပသို့ ကုလားပဲ တင်ပို့မှုပမာဏ ပေါင်း

တန်(ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တကယ်တင်ပို့မှုတန်ချိန်	$\hat{Y}_t$ တင်ပို့မှုအလားအလာ
1958	1	11.0	9.09
1959	2	10.0	8.69
1960	3	8.0	8.29
1961	4	5.0	7.89
1962	5	6.0	7.49
1963	6	12.0	7.09
1964	7	7.0	6.69
1965	8	5.0	6.29
1966	9	4.0	5.89
1967	10	3.0	5.49
1968	11	1.0	5.09
1969	12	0.4	4.69
1970	13	7.0	4.29
1971	14	7.0	3.89
1972	15	14.0	3.49
1973	16	2.0	3.08
1974	17	0	2.69
1975	18	0	2.29

Sources : - "Agricultural Statistics." (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

ဇယား (၅-၁)

ပြည်ပသို့ ကုလားပဲ တင်ပို့မှုတန်ချိန်များ ။

ယူနစ်(ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်ချိန်	$\hat{Y}_t$ တင်ပို့မှုတန်ချိန် အလားအလာ
1958	1	621.2	368.79
1959	2	553.6	368.79
1960	3	480.1	368.79
1961	4	339.1	368.79
1962	5	375.9	368.79
1963	6	606.5	368.79
1964	7	418.1	368.79
1965	8	358.3	368.79
1966	9	286.7	368.79
1967	10	197.9	368.79
1968	11	101.7	368.79
1969	12	35.6	368.79
1970	13	464.7	368.79
1971	14	504.7	368.79
1972	15	1059.6	368.79
1973	16	234.6	368.79
1974	17	0	368.79
1975	18	0	368.79

Sources: "Agricultural Statistics". (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

(ခ) <u>တင်ပို့သည့်နိုင်ငံများ</u> ။

မြန်မာ့ပဲမျိုး စုံကိုတင်ပို့နေကျ ဖေါက်သည်နိုင်ငံကြီးမှာအာရှများ နိုင်ငံများ မှအများ ပုဖြစ်ပါသည်၊ နှစ်စဉ်နှစ်တိုင်း ဂျပန်နိုင်ငံအိ ဟို(အိဒိလက်ာ) နိုင်ငံ၊ မလေး ရှား နိုင်ငံ၊ ဟောင် ကောင်၊ စင်္ကာပူနိုင်ငံ များ သို့ပဲမျိုး စုံတန်ချိန်အား ဖြင့်ပမာဏများ စွာတင်ပို့ ရောင်း ချခဲ့ရပေ သည်၊ ယင်း ငါး နိုင်ငံတို့မှာမြန်မာ့ပဲမျိုး စုံ ရောင်း ချမှု ဈေး ကွက်တွင်အကြီး အကျယ်ဆုံး ရောင်း ချရ သည့်နိုင်ငံများ ဖြစ်ပါသည်၊ ၎င်း ငါး နိုင်ငံပြီး လျှင်ကျန် အာရှနိုင်ငံအချို့နှင့်ဥရောပ နိုင်ငံများ ဖြစ် သော၊ တရုတ်ပြည်အင်ဒိုနီး ရှား ဗီယက်နမ်၊ အိန္ဒိယ နိုင်ငံ မော်ရစ်ရှပ် နိုင်ငံ၊ အနောက်ဂျာမနီ၊ အီတလီ၊ တောင် အာဖရိက နိုင်ငံ၊ ဗြိတိသျှနိုင်ငံ၊ နယ်သာလင်၊ ရှုကျူး ကျွန်း များ ဝသည့်နိုင်ငံများ သို့လည်း တင်ပို့ ရောင်း ချခဲ့ရပါသည်။

မြန်မာ့ပဲမျိုး စုံနှစ်စဉ်တင်ပို့ ရောင်း ချသည့်တိုင်း ပြည်များ နှင့်နိုင်ငံအချို့ကို နောက်ဆက်တွဲဇယား (၄) တွင် ဖော်ပြထား ပါသည်။ အချို့တိုင်း ပြည်များ သည်နှစ်စဉ်နှစ်တိုင်း ဝယ်ယူ လေ့မရှိသည်ကတ ကြောင်း ၊ တန်ချိန်အား ဖြင့်အ ရေအတွက် နည်း သည်တို့ ကြောင့်၎င်း ၊ အခြား တိုင်း ပြည်များ ခေါင်းစဉ် အောက်တွင်သာထည့်သွင်း ဖော်ပြထား ပြီး ယင်း တိုင်း ပြည်များ ကိုသီး ခြား မ ဖော်ပြ တော့ပါ၊ ယင်း ဇယား မှာမတ်ပဲ၊ ပဲဖြူလေး နှင့် ထောပတ်ပဲ၊ ငှန်တော နီ၊ ကုလား ပဲ၊ ပဲလွန်း ၊ ပဲစင်း ငုံနှင့်ပဲရင်း တို့တင်ပို့မှုအတွက်သာ လေ့လာထား ခြင်း ဖြစ်ပါသည်၊ ယင်း ပဲမျိုး များ သာမြန်မာ့ပဲမျိုး စုံတွင်အဓိကကျပြီး တင်ပို့ ရသောပဲမျိုး ဖြစ်ပြီး ၊ တင်ပို့ သောနိုင်ငံအလိုက်တင်ပို့တန်ချိန်ကိုအချက်အလက် ကောက်ယူရရှိ သော ကြောင့်ဖြစ်ပါသည်။

နောက်ဆက်တွဲဇယား ကိုပုံကား ချပ် (၅. ၉) ဖြင့် လေ့လာ နိုင်ပါသည်။ ယင်း ပုံကား ချပ်ကို လေ့လာကြည့်ခြင်း ဖြင့်ဂျပန်နိုင်ငံသည်မြန်မာ့ ပဲ နှင့်ပဲမျိုး စုံတင်ပို့ ရောင်းချမှုတွင်အ ရေး ပါဆုံး ၊ နိုင်ငံကဏ္ဍမှာရှိနေပြီး ၊

ပုံကားချပ် (၅ - ၉)

မတ်ပဲ၊ ထောပတ်ပဲ နှင့် ပဲဖြူလေး၊ စွန်တာနီ၊ ကုလားပဲ၊ ပဲလွန်း၊ ပဲစင်းငုံ၊ ပဲတွင်း တို့ကို ဂျပန်ပြည်သို့ တင်ပို့သည့် တန်ချိန်နှင့် ကျန် အခြား တိုင်းပြည်များသို့ တင်ပို့ တန်ချိန် နှိုင်းယှဉ်ပြ ပုံကားချပ်။



နှစ်စဉ်အခြား နိုင်ငံထက်ပို..မိုတင်ပို့ရသည့်နိုင်ငံဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံ၏ပဲမျိုး စုံဝယ်ယူမှုမှာစုစုပေါင်း ပမာဏ၏(၂၅)ရာခိုင်နှုန်း မှ(၃၆)ရာခိုင်နှုန်း အထိပျမ်း မျှရှိနေပြီး အချို့နှစ်များတွင် (၄၀)ရာခိုင်နှုန်းမှ(၅၀)ရာခိုင်နှုန်း အထိရှိခဲ့ပြီး အချို့နှစ်များတွင် (၅၆)ရာခိုင်နှုန်း မှ(၆၀)ရာခိုင်နှုန်း အထိတိုး တက် ရောင်း ချခဲ့ရသည်ကို တွေ့ရှိရပါသည်။ ဂျပန်နိုင်ငံ၏ နှစ်စဉ်ဝယ်ယူမှုအနည်း ဆုံး ကျပ်(၁၀)သန်း ကျော်မှ(၅၄)သန်း ကျော်အထိတင်ပို့ ရောင်း ချခဲ့ရပါသည်။

(၁၉၅၄-၅၅)ခုနှစ်ပိုင်း တွင်ဒုတိယအ ရေး ပါဆုံးအကြီး အကျယ်ဆုံး ဝယ်ယူခဲ့သည့်နိုင်ငံမှာမလေး နိုင်ငံဖြစ်ပါသည်။ ကျပ်(၇)သန်း ကျော်မှုအထိဝယ်ယူခဲ့ပြီး (၁၉၅၈)ခုနှစ်တွင်(၅)သန်း ကျော်မှုသာတင်ပို့ရသည်ကို တွေ့ရပါသည်၊ နောက်နှစ်များ တွင် လျော့ကျသွား သည်ကို တွေ့ရပြီးတင်ပို့ရမှုပမာဏအတက်အကျမှာသာမာန်မှုသာရှိခဲ့ပါသည်၊ အခြား တိုင်း ပြည်များ ဝယ်ယူမှု လောက်သာရှိခဲ့ပါသည်။

မြန်မာ့ပဲနှင့်ပဲမျိုး စုံ ဈေး ကွက် ဟောင်ကောင်နိုင်ငံမှာလည်း အရေး ပါသည့်နိုင်ငံတနိုင်အဖြစ်တည်ရှိခဲ့ပါသည်။ ဟောင်ကောင်နိုင်ငံ၏ ဈေး ကွက်မှာအတက်အကျများ လွန်း သော(တနည်း ဈေး ကဝေး လွန်း သော) ဈေး ကွက်ဖြစ်၍ ဈေး တည်ငြိမ်မှုရှိ သောဂျပန်၊ သီဟို(သီရိလင်္ကာ)နှင့်မလေး နိုင်ငံတို့နှင့်ကွဲပြား လျက်ရှိပါသည်။ လေ့လာထား သော(၁၈)နှစ်အတွင်း ဟောင်ကောင်နိုင်ငံသို့ပဲမျိုး စုံတင်ပို့မှုတန်ဘိုး အမြင့်ဆုံး မှာ(၁၉၆၂)ခုနှစ်တွင် ဖြစ်ပြီး ကျပ်သန်း ပေါင်း (၈)သန်း ကျော်မှုဖြစ်၍တန်ချိန်အား ဖြင့်(၁၄၀၅၁)တန်ဖြစ်ပါသည်၊ ယင်း နှစ်တွင်တန်ဘိုး အား ပိုမိုရရှိခဲ့ သော်လည်း တင်ပို့ရသည့်တန်ချိန်အား ဖြင့်မူ(၁၉၆၁)ခုနှစ်ကတင်ပို့ခဲ့ သည့်ဝံချိန်ဖြစ် သော(၁၄၈၈၄)တန်ကိုမူမမှီခဲ့ချေ။

ရှေး နှစ်ပိုင်း (၁၉၅၈)ခုနှစ်မတိုင်မီက ဟောင်ကောင် နိုင်ငံသို့ပမာဏအများ အပြား တသမတ်တည်း လိုလိုတင်ပို့ ရောင်း ချခဲ့ရ သော

ဝမှာ ထောပတ်ဝနှင့်ဝဖြူလေး တို့ဖြစ်ခဲ့သော်လည်း (၁၉၅၀) ခုနှစ် နောက်ပိုင်း မှစ၍၊ ဝလွန်း၊ ဘိုကိတ်နှင့်မတ်ဝ တို့အစား ထိုး ဝင်ရောက်လာခဲ့ပါသည်။ ဟောင်ကောင်နိုင်ငံအတွက်အရေး ပါဆုံး ဟုတင်ရသော ထောပတ်ဝနှင့်ဝဖြူလေး တို့၏တင်ပို့ရောင်း ချမှုမှာ (၁၉၆၀) ခုနှစ်တွင်ကျပ် (၁) သိန်း ကျော်မျှသာ၊ အထိကျဆင်း ယုတ် လျော့ခဲ့ရပါသည်။

အိန္ဒိယနိုင်ငံမှာလည်း (၁၉၅၀) ခုနှစ် နောက်ပိုင်း တွင် နိုင်ငံခြား မှပဲမျိုး ဝုံတင်သွင်း မှုကိုပိုး ပွား ရေး မူဝါဒများ ချမှတ်၍ သွင်းကုန်လိုင်စင်များ မထုတ်ပေး တော့ခြင်း ကြောင့်မြန်မာ့ပဲမျိုး ဝုံတင်ပို့ရသည့် နိုင်ငံ၊ တနိုင်ငံ လျော့နည်း ခဲ့ရပါသည်။

သီဟို (သီရိလင်္ကာ) နိုင်ငံသို့ ဝေ ဝေ ပိုင်းနှစ်များ တွင် မြန်မာ့ပဲမျိုး ဝုံတင်ပို့ ရောင်း ချမှုနှင့်ပတ်သက်၍ ဝိသေသထူး ခြား မှုမရှိခဲ့သော်လည်း၊ ယခုမျက် မှောက်ကာလတွင်ဂျပန်နိုင်ငံပြီး လျှင်အရေး ပါဆုံး နိုင်ငံအဖြစ် ရောင်း ချခဲ့ရပါသည်။

ထို့ကြောင့်မြန်မာ့ပဲမျိုး ပုံအကြီး အကျယ်အများ ပြား ဆုံး တင်ပို့ရသည့်နိုင်ငံများ မှာဂျပန်နိုင်ငံနှင့်သီဟို (သီရိလင်္ကာ) နိုင်ငံတို့ဖြစ်ကြောင်း ထင်ရှား လှပေသည်၊ မြန်မာ့ပဲမျိုး ပုံပြည်ပသို့တင်ပို့ရောင်း ချရမှုပမာဏစုစု ပေါင်း ၏သုံး ပုံ လေး ပုံမှာယင်း နှစ်နိုင်ငံဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

စင်္ကာပူနိုင်ငံမှာလည်း အရေး ပါသောနိုင်ငံတနိုင်ငံအဖြစ်ယခုထက်တိုင်ရပ်တည်လျက်ရှိပါသည်၊ သို့သော်လည်း စင်္ကာပူနိုင်ငံသို့တင်ပို့ရမှုတန်ဖိုးမှာ (၁၉၆၄) ခုနှစ်မှစ၍ကျန် သောနှစ်များ တွင်အပြောင်း အလဲနည်း ပါး သည်ကို တွေ့ရပါသည်။

အခြား ဘိုင်း ပြည်များ သို့တင်ပို့ရမှုများ ကိုလည်း ဖော်ပြထား ပါသည်၊ ယင်း တိုင်း ပြည်များ သို့တင်ပို့ ရောင်း ချရသောပဲများ မှာ အမျိုး မျိုး ကွဲပြား လျက်ရှိပြီး ယင်း နိုင်ငံတို့၏ ဝယ်ယူမှုမှာ တည်ငြိမ်မှုမရှိခဲ့ပေ။

မြန်မာ့ပဲမျိုး စုံကိုနိုင်ငံခြား သို့တင်ပို့ သောနိုင်ငံများ ကို လေ့လာပြီး နောက်ယင်း တို့အနက်မှအရေး ပါသောနိုင်ငံများ ကို ရွေး ထုတ်၍ ဆက်လက် လေ့လာထား ပါသည်။

(က) <u>မြန်မာပဲမျိုး စုံတင်ပို့ရောင်း ချရာတွင်အရေး ပါသောနိုင်ငံများ ၏အလား အလာ</u>။

ပြန်မာပဲမျိုး စုံကိုတင်ပို့ ရောင်း ချရာတွင်(၁၉၅၀) ခုနှစ်မှ(၁၉၇၅) ခုနှစ်အထိနှစ်ပေါင်းများ အပြား တင်ပို့ရ သောနိုင်ငံများ မှာဂျပန်၊ သီဟိုဠ်(သီရိလင်္ကာ)၊ မလေး နှင့်စင်ကာပူနိုင်ငံတို့ဖြစ်ပါသည်။ ယင်း ဖော်ပြပါလေး နိုင်ငံမှမြန်မာ့ပဲမျိုး စုံကိုအများ အပြား ဝယ်ယူခဲ့သည်ကို (၁၉၅၀) ခုနှစ်မှ(၁၉၇၅) ခုနှစ်အထိဝယ်ယူမှုအလား အလာကို လေ့လာမှု ဖြင့်ပဲမျိုး စုံ ဈေး ကွက်တွင်မြန်မာ့ပဲမျိုး စုံ၏အခြေအ နေကိုထင်ရှား စွာ လေ့လာ သုံး သပ်လာ နိုင်ခဲ့ပါသည်။

(၁) <u>ဂျပန်နိုင်ငံ</u>။

ဂျပန်နိုင်ငံသည်မြန်မာ့ပဲမျိုး စုံကိုအကြီး အကျယ်၊ အများ အပြား ဆုံး ဝယ်ယူပြီး ၊ အရေး ပါသည့် ဖောက်သည်နိုင်ငံတနိုင်ငံဖြစ်ပါသည်၊ နောင် အနာဂါတ်ကာလတွင်လည်း ဖောက်သည်နိုင်ငံအဖြစ်ဆက်လက်တည်ရှိ နေမည်ဟုယုံကြည် မျှော်လင့်ရပါသည်၊ ဂျပန်နိုင်ငံသို့တင်ပို့ ရောင်း ချမှုအလား အလာသည်၊ ဂျပန် နိုင်ငံ၏အတိတ်နှင့်အနာဂါတ်ကာလ ဈေး ကွက်အ၊ခြေအ နေပေါ် တွင်မူတည်၍ နေပါ သည်။

ဂျပန်နိုင်ငံသို့မြန်မာ့ပဲမျိုး စုံတင်ပို့မှုတန်ချိန်ကိုဇယား (၅-၉) နှင့်ပုံကား ချပ်(၅-၁၀)တွင်အလား အလာမျဉ်း များ ဖြင့်တွက် ချက်တင်ပြထား ပါသည်၊ မတ်ပဲတင်ပို့မှုတန်ချိန်ကို(၁၉၅၀) ခုနှစ်မှ(၁၉၇၅) ခုနှစ်အထိ(၁၀) နှစ်အတွက် လေ့လာရာတွင်(၁၉၆၅) ခုနှစ်တွင်အများ ဆုံး

ဇယား (၅-၉)

ဂျပန်ပြည်သို့ ပဲမျိုး ပို့တင်ပို့မှု (တန်ချိန်)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန် (ရာပေါင်း)	$\hat{Y}_t$ တင်ပို့မှုအလားအလာ တန် (ရာပေါင်း)
1958	1	190.390	436.455
1959	2	268.430	436.455
1960	3	339.150	436.455
1961	4	412.890	436.455
1962	5	479.810	436.455
1963	6	698.770	436.455
1964	7	683.690	436.455
1965	8	840.800	436.455
1966	9	570.840	436.455
1967	10	589.330	436.455
1968	11	340.640	436.455
1969	12	367.290	436.455
1970	13	273.700	436.455
1971	14	380.000	436.455
1972	15	310.630	436.455
1973	16	640.780	436.455
1974	17	240.860	436.455
1975	18	228.190	436.455

Sources : "Agricultural Statistics", (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

တင်ပို့ရောင်းချခဲ့ရသည်ကို တွေ့ရပါသည်၊ (၁၉၅၈) ခုနှစ်တွင် (၁၉၀၃၉) တန်တင်ပို့ရောင်းချရပြီး (၁၉၅၉) ခုတွင် (၂၆၈၄၃) တန်၊ (၁၉၆၀) ခုတွင် (၄၁၂၈၉) တန်ဝသည်ဖြင့်မြင့်တက်လာရာ (၁၉၆၅) ခုတွင် (၈၄၀၈၀) တန်အထိတိုးမြင့်တင်ပို့ရောင်းချခဲ့ရပါသည်။ (၁၉၆၆) ခုနှစ်တွင် (၅၇၀၈၄) တန်သာတင်ပို့ရောင်းချနိုင်ပြီး (၁၉၇၀) ခုနှစ်အထိ လျော့ကျလာရာ ယင်းနှစ်တွင် (၂၇၃၇၀) တန်ရောင်းချခဲ့ရပါသည်၊ ယင်းနှစ်ပိုင်းတွင်နိုင်ငံခြားသို့တင်ပို့ရောင်းချရမှုလျော့နည်းခဲ့ရခြင်းမှာ၊ ဂျပန်ပြည်သို့ပဲမျိုးကိုထိုင်းနိုင်ငံနှင့်ယှဉ်ပြိုင်ဝင်သွင်းခဲ့ရခြင်းကြောင့်ဖြစ်ပါသည်၊ မြန်မာပြည်မှ မတ်ပဲမျိုးကိုယူ၍ထိုင်းနိုင်ငံတွင်အများအပြားစိုက်ပျိုးပြီး ထိုင်းနိုင်ငံမှဂျပန်သို့တင်သွင်းခဲ့ပါသည်၊ မြန်မာ့မတ်ပဲသည်ပဲလုံးသေးပြီး ပဲပင်ပေါက်မှာသေးသွယ်ပါသည်၊ ထိုင်းမှမတ်ပဲသည်မြန်မာ့ပဲမျိုးဖြစ်သော်လည်း အလုံးကြီး၍၊ ပဲပင်ပေါက်ရာတွင်အပင်တုတ်ပါသည်၊ ထိုင်းမတ်ပဲမှာ ရောင်းပန်းလှသော်လည်း ရေရှည်တွင်မြန်မာမတ်ပဲကိုသာဂျပန်တို့နှစ်သက်သောကြောင့်မြန်မာတို့ပဲမျိုးကိုတင်ပို့တန်ချိန်ပြန်လည်တိုးမြင့်လာခဲ့သည့်ပြင် ဈေးကောင်းလာသည်ကို တွေ့ရှိရပါသည်။

(၁၉၇၃) ခုနှစ်တွင် (၆၄၀၇၈) တန်ထိတင်ပို့ရောင်းချနိုင်ခဲ့ပြီး (၁၉၇၄) ခုနှစ်တွင် (၂၄၀၈၆) တန်သာတင်ပို့နိုင်ခဲ့ပါသည်။ (၁၉၇၅) ခုနှစ်တွင် (၂၂၈၁၉) တန်သာတင်ပို့နိုင်ခဲ့ပါသည်။ ဂျပန်နိုင်ငံသို့ပဲမျိုးစုံ (၁၈) နှစ်အတွက်တင်ပို့တန်ချိန်ကို လေ့လာကြည့်သောအခါ

$\hat{y}_t = 436.45$ တန် (ရာပေါင်း) ပျမ်းမျှခြင်းအားဖြင့်နှစ်စဉ် တင်ပို့နိုင်သည်ကို တွေ့ရှိရပါသည်။ ဂျပန်ပြည်သို့တင်ပို့သည့်ပဲမျိုးစုံတန်ဘိုးကို ဇယား (၅-၁၀) နှင့်ပုံကားချပ် (၅-၁၁) တွင် လေ့လာထားရာ၊ တင်ပို့တန်ချိန်ပြောင်းလဲမှုနည်းနေသော်လည်း တင်ပို့သည့်တန်ဘိုးမှာတဖြည်းဖြည်းတက်လာပါသည်၊ ဂျပန်ပြည်သို့တင်ပို့သည့်တန်ဘိုး အလားအလာမျဉ်းမှာအပေါင်းမျဉ်း

ဇယား (၅-၁၀)

ဂျပန်နိုင်ငံသို့ ပဲမျိုးစုံ တင်ပို့မှု (ကျပ်သောင်းပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု	$\hat{Y}_t$ တင်ပို့မှုအလားအလာ
1958	1	1121.3	1808.181
1959	2	1072.3	1938.859
1960	3	1274.7	2069.351
1961	4	1815.0	2200.215
1962	5	2665.2	2330.893
1963	6	3768.8	2461.571
1964	7	3880.1	2592.249
1965	8	4947.2	2722.927
1966	9	3199.6	2853.605
1967	10	3257.7	2984.283
1968	11	2349.7	3114.961
1969	12	2662.5	3245.639
1970	13	2044.9	3376.318
1971	14	2677.7	3506.996
1972	15	2445.6	3636.674
1973	16	5467.8	3768.352
1974	17	4020.7	3899.030
1975	18	3870.2	4029.708

Sources - "Agricultural Statistics". (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

မြောင့်ဖြစ်နေသည်ကို တွေ့ရပါသည်။ $\hat{y}_t = 1677.50 + 130.68t$ ဖြစ်နေ၍၊ ဂျပန်ပြည်သို့တင်ပို့သည့်ပဲမျိုး ပို့တန်ဖိုးမှာတနှစ်ထက်တနှစ်တိုးတက်လာဘွယ်ရာသာရှိပါသည်။ တနည်းအားဖြင့်ဆိုသော်မြန်မာတို့၏ပဲမျိုး ပို့ကိုဂျပန်နိုင်ငံမှ ဈေးကောင်းပေး၍ဝယ်ယူနေသည်ကို လေ့လာတွေ့ရှိရပါသည်။

မြန်မာ့ပဲအမျိုးပေါင်းများစွာကိုနိုင်ငံအသီးသီးမှ ဝယ်ယူစားသုံးနေကြသော်လည်း တနိုင်ငံနှင့်တနိုင်ငံအထူးနှစ်သက်စားသုံးလေ့ရှိသည့်ပဲမျိုးပုံမှာတူညီမှုမရှိဘဲကွဲပြားချက်ရှိသည်ကို တွေ့ရပါသည်၊ အချို့နိုင်ငံကပဲတမျိုးကိုအထူးနှစ်သက်သော်လည်း အခြားပဲတမျိုးကိုအချို့နိုင်ငံကနှစ်သက်စွာစားသုံးလေ့ရှိပါသည်၊ သို့ဖြစ်၍ဂျပန်နိုင်ငံမှအဓိကထားဝယ်ယူလေ့ရှိသည့်ပဲမျိုးကိုဂျပန်နိုင်ငံသို့တင်ပို့ရောင်းချရသောပဲမျိုးပို့ကိုဆန်းစစ်လေ့လာခြင်းဖြင့်သိရှိနိုင်ပါသည်။

နောက်ဆက်တွဲဖော်ပြထားချက်ဇယားအရပဲတမျိုးခြင်း၏ နိုင်ငံအလိုက်တင်ပို့မှုကိုလေ့လာခြင်းဖြင့်ဂျပန်နိုင်ငံ၏အဓိကနှစ်သက်သောပဲမျိုးများမှာမတ်ပဲ၊ ထောပတ်ပဲနှင့်ပဲဖြူလေးတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာ့ပဲမျိုးပို့ကိုဂျပန်နိုင်ငံသို့တင်ပို့သည့်တန်ချိန်ပုံပေါင်းတွင်တဝက်ကျော်ကျော်မှာယင်းပဲသုံးမျိုးတို့ဖြစ်နေပါသည်။ (၁၉၆၂) ခုနှစ်မှ (၁၉၆၆) ခုနှစ်အထိ ထောပတ်ပဲနှင့်ပဲဖြူလေးကိုမတ်ပဲထက်ပိုမိုတင်ပို့ခဲ့ရသည်ကို လေ့လာတွေ့ရှိရပါသည်၊ (၁၉၆၂) ခုတွင်မတ်ပဲကိုတန် (၁၃ တန်ထောင်ပေါင်း) တင်ပို့ခဲ့ရသော်လည်း၊ ထောပတ်ပဲနှင့်ပဲဖြူလေးကို (၁၅ တန်ထောင်ပေါင်း) တင်ပို့ခဲ့ရပါသည်။

ထောပတ်ပဲနှင့်ပဲဖြူလေးအရေးပါမှုမှာ (၁၉၇၅) ခုနှစ်အထိဆက်လက်အရေးပါနေပြီး အနည်းဆုံး (၁၂ တန်ထောင်ပေါင်း) ထိတင်ပို့ခဲ့ရပြီး အများဆုံး (၂၆ တန်ထောင်ပေါင်း) တင်ပို့ခဲ့ရပါသည်၊ မတ်ပဲတင်ပို့မှုမှာမူ ဈေးကွက်ကောင်းသော်လည်း မြန်မာပြည်မှမတင်ပို့နိုင်သောကြောင့် လျော့နည်းလာသည်ကို တွေ့ရှိရပါသည်၊ မတ်ပဲကိုဂျပန်နိုင်ငံတွင်ပဲပင်ပေါက်အဖြစ်

၎င်း ၊ ထောပတ်ပဲကိုမူ မုန့်ပဲသရေစေ ၊ ယိုများ ပြုလုပ်၍စား သုံး လေ့ရှိပါသည်။

ပဲရင်း ၊ ပဲလွန်း နှင့်ဘိုကိတ်ပဲတို့ ဝယ်ယူတင်သွင်း မှုမှာလည်း (၁၉၆၀) ခုနှစ်မှစ၍ပို၍ မြင့်လာ သော အခြေအနေတွင်ရှိပါသည်၊ သို့ပါသော်လည်း ၊ ဂျပန်နိုင်ငံမှ ပဲမျိုး စုံတင်သွင်း မှုတွင်ကုလား ပဲ ဝယ်ယူတင်သွင်း မှုလုံး ဝနီး ပါး မရှိခဲ့သည်မှာ သတိပြုစရာပင်ဖြစ်ပါသည်။

ငွန်တာနီ ၊ ငွန်တာပြာတို့ကိုဂျပန်နိုင်ငံမှ အကြီး အကျယ်အများ အပြား ဝယ်ယူမှုမရှိသော်လည်း ကျပ်(၄) သိန်း မှကျပ်(၃) သန်း ဘိုး ခန့်အထိနှစ်စဉ် တောက် လျှောက်ဝယ်ယူမှုရှိသည်ကို တွေ့ရှိရပါသည်၊ အခြား ပဲမျိုး စုံဖြစ် သော ပဲစဉ်း ငုံ ၊ ပဲကြီး ၊ ပဲတီစိမ်း နှင့်အခြား အရေး မပါလှ သော ပဲမျိုး များ နှင့်ပတ်သက်၍ ဂျပန်နိုင်ငံသည်မြန်မာ့ထံမှ ဝယ်ယူတင်သွင်း မှုလျော့ကျလာသည်ကို တွေ့ရှိရပါသည်။

(၂) <u>ဆီလုံ(သီရိလင်္ကာ) နိုင်ငံ</u>။

ဆီလုံ(သီရိလင်္ကာ) နိုင်ငံသို့တင်ပို့ ရောင်း ချမှုနှင့်ပတ်သက်၍ ဇယား (၅- ၁၁) နှင့်ပုံကား ချပ်(၅- ၁၂) တွင်တင်ပို့တန်ချိန်ကို၎င်း ၊ ဇယား (၅- ၁၂) နှင့်ပုံကား ချပ်(၅- ၁၃) တွင်တင်ပို့သည့်တန်ဖိုးကို၎င်း လေ့လာတင်ပြထား ပါသည်။

ဆီလုံ(သီရိလင်္ကာ) နိုင်ငံသို့တင်ပို့ ရောင်း ချမှုကို လေ့လာ သောအခါ (၁၉၆၁) ခုနှစ်တွင်တန်ချိန်အမြင့်ဆုံး (၂၁၇၇၆) တန်တင်ပို့ခဲ့ ရပါသည်(၁၉၇၂) ခုနှစ်တွင်တင်ပို့တန်ချိန်မှာ(၁၉၆၁) ခုနှစ်ကိုမမှီသော် လည်း ၊ ဝင်ငွေမှာမူကျပ်(၁၆) သန်း ကျော်ရရှိခဲ့သည်ကို တွေ့ရှိရပါသည်။ ဆီလုံ (သီရိလင်္ကာ) နိုင်ငံသို့တင်ပို့မှုတန်ချိန်နှင့်တန်ဘိုး ကို(၁၉၅၈) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ(၁၈) နှစ်အတွက် လေ့လာရာတွင်နှစ်စဉ်ခန့်မှန်း တင် ပို့ရမည့်တန်ချိန်အလား အလာမျဉ်း မှာ $\hat{Y}_t = 236.65 - 10.87t$ တန်(ရာပေါင်း) ဖြစ်သည်ကို တွေ့ရှိရပါသည်၊ တင်ပို့မှုတန်ဘိုးအလား အလာမျဉ်း

ဇယား (၅-၁၁)

သိဂိုလ်ကာသည့်ပဲမျိုး ချုံတင်ပို့မှု (တန်ချိန်ရာ ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု	$\hat{Y}_t$ တင်ပို့မှုအလားအလာ
1958	1	212.480	225.775
1959	2	228.980	214.904
1960	3	212.060	204.033
1961	4	212.760	193.161
1962	5	189.320	182.290
1963	6	198.360	171.418
1964	7	112.000	160.547
1965	8	146.360	149.675
1966	9	116.350	138.804
1967	10	103.680	127.932
1968	11	58.580	117.061
1969	12	59.440	106.189
1970	13	137.460	95.318
1971	14	154.300	84.446
1972	15	207.300	73.575
1973	16	19.920	62.703
1974	17	18.520	51.832
1975	18	7.350	40.960

Sources : - "Agricultural Statistics." (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

ဇယား (၅-၁၁)

သီရိလင်္ကာသို့ ပဲမျိုးစုံ တင်ပို့မှု (တန်ချိန်ရာ ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု	$\hat{Y}_t$ တင်ပို့မှုအလားအလာ
1958	1	212.480	225.775
1959	2	228.980	214.904
1960	3	212.060	204.033
1961	4	212.760	193.161
1962	5	189.320	182.290
1963	6	198.360	171.418
1964	7	112.000	160.547
1965	8	146.360	149.675
1966	9	116.350	138.804
1967	10	103.680	127.932
1968	11	58.580	117.061
1969	12	59.440	106.189
1970	13	137.460	95.318
1971	14	154.300	84.446
1972	15	207.300	73.575
1973	16	19.920	62.703
1974	17	18.520	51.832
1975	18	7.350	40.960

Sources : - "Agricultural Statistics." (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

ဇယား (၅-၁၂)

သီရိလင်္ကာနိုင်ငံသို့ ပဲမျိုးစုံ တင်ပို့မှု (ကျပ် သောင်းပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု	$\hat{Y}_t$ တင်ပို့မှုအလား အလား
1958	1	1326.6	568.8
1959	2	1250.9	677.0
1960	3	1059.7	550.2
1961	4	1046.0	427.3
1962	5	1129.1	566.1
1963	6	1233.0	525.8
1964	7	811.5	954.4
1965	8	1100.1	663.1
1966	9	802.2	398.6
1967	10	595.9	368.7
1968	11	393.4	225.0
1969	12	388.1	179.2
1970	13	882.1	174.0
1971	14	1022.8	194.6
1972	15	1635.8	175.0
1973	16	131.3	201.4
1974	17	62.1	63.7
1975	18	25.3	60.3

Sources : "Agricultural Statistics". (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

မှာ $\hat{y}_t = 1351.0 - 55.1t$ ကျပ်(သောင်း ပေါင်း) တင်ပို့ခဲ့ရပါသည်။

သီဟို(သီရိလင်္ကာ) နိုင်ငံသို့တင်ပို့ရာတွင်ရှိသော ဈေး နှုန်း မှာအခြား နိုင်ငံများ ထက် လျော့နည်း သည်ကိုတင်ပို့သည့်တန်ချိန်နှင့်တင်ပို့သည့် တန်ဖိုး ဇယား နှင့်ပုံကား ချပ်များ ကို ထောက်ရှု၍ သိရှိနိုင်ပါသည်။ သီဟို(သီရိလင်္ကာ) နိုင်ငံမှ ဝယ်ယူတင်သွင်း သောပဲမျိုး တို့တွင်ပဲစင်း ငုံမှာအရေး ပါဆုံး ပဲဖြစ်ကြောင်း တွေ့ရှိရပါသည်၊ တင်ပို့ရသည့်စုစု ပေါင်း ပဲမျိုး စုံတန်ဖိုး ထက်ဝက်မှာ ပဲစင်း ငုံတမျိုး တည်း၏တန်ဖိုး ဖြစ်ပါသည်။ ဤစာတမ်း နှင့်သက်ဆိုင်သည့်မတ်ပဲ နှင့်ကုလား ပဲတို့မှာလည်း ဒုတိယအရေး ပါသောပဲမျိုး ဖြစ်ပါသည်၊ သို့သော်လည်း မတ်ပဲကိုသီဟို(သီရိလင်္ကာ) နိုင်ငံသို့တင်ပို့မှုမှာ(၁၉၅၈) ခုနှစ်တွင်ကျပ်(၃) သန်း ကျော်မှ(၁၉၆၃) ခုနှစ်တွင်ကျပ်(၁) သန်း ကျော်မျှသာတင်ပို့ ရောင်း ချသည်ကို တွေ့ရှိရပါသည်။ (၁၉၇၀) နှင့်(၁၉၇၁) ခုနှစ်တွင်မတ်ပဲကိုသီဟို(သီရိ လင်္ကာ) နိုင်ငံသို့တင်ပို့မှုမရှိသည်ကို တွေ့ရပါသည်၊ ယင်း နှစ်တွင်၊ ပြည်ပသို့ ရောင်း ချရန်ဝယ်ယူရာတွင် လျော့နည်း ခဲ့သည့်အတွက် ဈေး ကောင်း သောနိုင်ငံများ သို့ သာဦး စား ပေး ရောင်း ချခဲ့သော ကြောင့်ဖြစ်မည်ဟုယူဆဘွယ်ရှိပါသည်။

သီဟို(သီရိလင်္ကာ) နိုင်ငံမှအများ အပြား ဝယ်ယူ သောပဲမှာ ပဲစင်း ငုံနှင့်ကုလား ပဲတို့သာဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း သီဟို(သီရိလင်္ကာ) နိုင်ငံ သို့စုစု ပေါင်း တင်ပို့မှုတန်ဖိုး မှ(၆၆) ရာခိုင်နှုန်း ခန့်မှာယင်း ပဲနှစ်မျိုး သာ ဖြစ်ခဲ့ပါသည်။

ယင်း နိုင်ငံသို့တင်ပို့တန်ချိန်နှင့်တင်ပို့တန်ဖိုး မှာ လျော့နည်း လာဘွယ်ရာရှိသည်ကို တွေ့ရခြင်း မှာ လေ့လာသော(၁၀) နှစ်ကာ လတွင်တင်ပို့ရ သောအခြား နိုင်ငံများ နှင့်နှိုင်းယှဉ်ကြည့်ပါက၊ ပဲ ဈေး နှုန်း နည်းနေ သော ကြောင့်ပိုလျှံမှုရှိမှသာ၊ ယင်း နိုင်ငံသို့ ရောင်း ချခြင်း တို့ ကြောင့်ဖြစ်ပါ သည်။

(၃) မလေးနိုင်ငံ။

မလေးနိုင်ငံသို့မြန်မာ့ပဲမျိုး တင်ပို့မှုတန်ရာပေါင်း (၁၀၉) တန်တင်ပို့ခဲ့ပြီး တန်ဖိုး ငွေ(၅၆၀၀)ကျပ် ထောင်ပေါင်း ဖြစ်ပြီး (၁၉၅၉) ခုတွင်တန်ရာပေါင်း (၁၅) တန်နှင့်တန်ဖိုး ငွေ(၆၆၇၀)ကျပ် ထောင်ပေါင်း ရရှိခဲ့ပါသည်၊(၁၉၆၀) ခုနှစ်တွင်(၁၂၇) တန်ရာပေါင်းတင်ပို့ရပြီး (၁၉၆၁) ခုနှစ်တွင်(၉၁) တန်ရာပေါင်း၊ (၁၉၆၂) ခုတွင် (၁၀၄) တန်ရာပေါင်း (၁၉၆၃) ခုနှစ်(၉၃) တန်ရာပေါင်း (၁၉၆၄) ခုနှစ်တွင်(၁၃၀) တန်ရာပေါင်း တင်ပို့ခဲ့ရပါသည်၊ (၁၉၅၈) ခုနှစ်မှ (၁၉၆၄) ခုနှစ်အထိလဲတင်ပို့တန်ချိန် ပြောင်းလဲမှုနည်းခဲ့သော်လည်း(၁၉၆၅) ခုနှစ်တွင်(၉၈) တန်ရာပေါင်း တင်သွင်းခဲ့ရပြီး နောက်ပိုင်း တဖြည်းဖြည်း တင်ပို့ရသည့်တန်ချိန်မှာ လျော့ကျလာသည်ကို တွေ့ရပါသည်။

မလေးနိုင်ငံသို့တင်ပို့မှုတန်ချိန်နှင့်တန်ဖိုး ငွေကို(၁၉၅၈) ခုနှစ်မှ(၁၉၇၅) ခုနှစ်အထိ(၁၈) နှစ်အတွက် လေ့လာရာတွင်အလားအလာ မျဉ်းမှာအနုတ်မျဉ်း ဖြောင့်ဖြစ် နေသည်ကို တွေ့ရှိရပါသည်၊ တင်ပို့မှုအလားအလာတန်ချိန်မှာ $\hat{y}_t = 145.38 - 8.76t$ တန်(ရာပေါင်း)ဖြစ်ပြီး တင်ပို့မှုတန်ဖိုး အလားအလာမှာ $\hat{y}_t = 740.08 - 37.18t$ ကျပ်(ထောင်ပေါင်း)ဖြစ်သည်ဟုဇယား (၅-၁၃) နှင့်ပုံကား ချပ်(၅-၁၄) တွင်တွက်ချက်ရရှိပါသည်။ ထို့ကြောင့်အပြောင်းအလဲတစုံတခုမပြုလုပ်ပါကတင်ပို့မှုတန်ချိန်မှာ ဆက်လက်ကျဆင်း ဖွယ်ရာရှိပါသည်။

နောက်ဆက်တွဲဇယားများကိုကြည့်ခြင်းဖြင့်မလေးနိုင်ငံသို့တင်ပို့ရသောပဲမျိုးတို့မှာ အနက်၊ ပဲစင်းငုံနှင့်မတ်ပဲတို့မှာမလေးနိုင်ငံမှအရေးပါဆုံး ဝယ်ယူသည့်ပဲမျိုးဖြစ်ကြောင်း ယုံမှားသံသယဖြစ်ရန်မရှိချေ၊ မလေးနိုင်ငံသည်အခြားတိုင်းပြည်များကဲ့သို့မဟုတ်ဘဲ၊ မြန်မာ့ပဲမျိုးတို့မှာ အနက်ပဲအမျိုးပေါင်းများစွာကိုဝယ်ယူတင်သွင်းခဲ့သောနိုင်ငံဖြစ်ပါသည်၊ ယင်း

ဇယား (၅-၁၃)

၆ လေး နိုင်ငံသို့ ပဲမျိုး ပို့တင်ပို့မှု (တန်ချိန်ရာ ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု	$\hat{Y}_t$ တင်ပို့မှုအလားအလာ
1958	1	109.060	136.819
1959	2	152.820	129.055
1960	3	127.840	119.291
1961	4	91.930	110.526
1962	5	104.780	101.762
1963	6	93.960	92.998
1964	7	130.430	84.233
1965	8	98.290	75.469
1966	9	54.820	66.705
1967	10	42.290	57.941
1968	11	26.580	49.166
1969	12	21.190	40.412
1970	13	19.960	31.648
1971	14	18.740	22.884
1972	15	12.860	14.119
1973	16	13.120	5.355
1974	17	2.150	- 3.409
1975	18	1.990	- 12.176

Sources : "Agricultural Statistics." (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

သို့ပဲမျိုးများစွာဝယ်ယူတင်သွင်းရခြင်းမှာ မလေးနိုင်ငံမှာရှိနေသည့်လူထုလူတန်းစားအသီးသီးဖြစ်ကြသော မလာယုလူမျိုး ၊ အိန္ဒိယလူမျိုး ၊ တရုတ်လူမျိုး ၊ အခြားတိုင်းရင်းသားအမျိုးများစွာတို့ကြောင့်ဖြစ်ပါသည်၊ ယင်းလူမျိုးအသီးသီးတို့၏ဓလေ့အသီးသီးအရ ပဲစားသုံးမှုပေါ်မူတည်နေသောကြောင့်ဖြစ်ပါသည်။ တင်ပို့မှုတန်ဘိုးအလားအလာတို့ကိုဇယား (၅-၁၄) နှင့်ပုံကားချပ် (၅-၁၅) တွင်ဖော်ပြထားပါသည်။

(၄) <u>စင်္ကာပူနိုင်ငံ</u> ။

မြန်မာ့ပဲနှင့်ပဲမျိုးစုံတင်ပို့ရောင်းချခဲ့ရသည့်နိုင်ငံများစာရင်းတွင်စင်္ကာပူနိုင်ငံသည် (၁၉၅၅-၅၆) ခုနှစ်မှစတင်ဝင်ရောက်လာခဲ့ပါသည်၊ စင်္ကာပူနိုင်ငံသို့တင်ပို့သည့်တန်ချိန်ကို (၁၉၅၈) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ (၁၈) နှစ်အတွက်လေ့လာရာတွင်တင်ပို့မှုတန်ချိန်အလားအလာမျဉ်းမှာကိန်းသေဖြစ်နေသည်ကိုတွေ့ရှိရပါသည်။ ခန့်မှန်းတင်ပို့တန်ချိန်မှာ $\hat{y}_t = 39.86$ တန် (ရာပေါင်း) ဖြစ်သည်ကိုဇယား (၅-၁၅) နှင့်ပုံကားချပ် (၅-၁၆) တွင်ဖော်ပြထားပါသည်။ (၁၉၅၉) ခုနှစ်တွင် (၆၅၉၁) တန်တင်ပို့ခဲ့ရပြီး (၁၉၆၄) ခုနှစ်တွင် (၂) တန်သာတင်ပို့ခဲ့ရပါသည်။ (၁၉၅၉) ခုနှစ်မှ (၁၉၆၄) ခုနှစ်အထိတင်ပို့တန်ချိန်လျော့ကျခဲ့သော်လည်း (၁၉၆၅) ခုနှစ်မှစတင်၍တင်ပို့တန်ချိန်ပြန်လည်မြင့်တက်လာခဲ့ရာ (၁၉၇၅) ခုနှစ်တွင် (၃၇၉၁) တန်ထိပြန်လည်တင်ပို့ရောင်းချခဲ့ရပါသည်။

စင်္ကာပူနိုင်ငံသို့တင်ပို့သည့်ပဲမျိုးစုံ၏တန်ဘိုးကိုလည်း (၁၉၅၈) ခုနှစ်မှ (၁၉၇၅) ခုနှစ်အထိ (၁၈) နှစ်အတွက်လေ့လာရာတွင်အလားအလာမျဉ်းမှာ $\hat{y}_t = 489.99 - 94.6t + 6.24t^2$ ကျပ် (သောင်းပေါင်း) မျဉ်းကွေးသဏ္ဍာန်တိုးတက်လာမှုကိုဖော်ပြထားပါသည်၊ (၁၉၆၄) ခုနှစ်တွင်တန်ဘိုးငွေမှာ (၁) ကျပ် (သောင်းပေါင်း) အနည်းဆုံးဖြစ်သည်ကိုတွေ့ရှိရပါသည်။ တင်ပို့မှုတန်ဘိုးမှာ (၁၉၅၈) ခုနှစ်မှစ၍ (၁၉၆၄) ခု

ဇယား (၅-၁၄)

မလေး နိုင်ငံသို့ ပဲမျိုးစုံ တင်ပို့မှုတန်ဖိုး

(ကျပ် သောင်း ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု တန်ဖိုး	$\hat{Y}_t$ တင်ပို့မှုအလား အလာ
1958	1	568.8	702.90
1959	2	667.0	665.71
1960	3	550.2	628.53
1961	4	427.3	591.35
1962	5	566.1	554.17
1963	6	525.8	516.98
1964	7	954.4	479.80
1965	8	663.1	442.62
1966	9	398.6	405.44
1967	10	368.7	368.25
1968	11	225.0	331.07
1969	12	179.2	293.89
1970	13	174.0	256.71
1971	14	194.6	219.52
1972	15	175.0	182.34
1973	16	201.4	145.15
1974	17	63.7	107.97
1975	18	60.3	70.79

Sources : "Agricultural Statistics." (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

ဇယား (၅-၁၅)

စင်္ကာပူနိုင်ငံသို့ပဲမျိုး စုံတင်ပို့မှု(တန်ချိန်ထောင်ပေါင်း)

ခုနှစ်	t နှစ်	Y_t အမှန်တင်ပို့မှု	$\hat{Y}_t$ တင်ပို့မှုအလားအလာ
1958	1	56.080	39.857
1959	2	65.910	39.857
1960	3	61.390	39.857
1961	4	54.670	39.857
1962	5	37.040	39.857
1963	6	29.740	39.857
1964	7	0.020	39.857
1965	8	7.040	39.857
1966	9	32.850	39.857
1967	10	35.260	39.857
1968	11	23.080	39.857
1969	12	14.790	39.857
1970	13	20.850	39.857
1971	14	21.520	39.857
1972	15	70.470	39.857
1973	16	115.750	39.857
1974	17	33.070	39.857
1975	18	37.910	39.857

Sources : "Agricultural Statistics." (1962-63), (1970-71) and (1975-76). Printing and Publishing Corporation, Rangoon.

နှစ်အထိကျဆင်းသွားပြီး ယင်းနှစ်နောက်ပိုင်း (၁၉၇၅) ခုနှစ်အထိပြန်လည်မြင့်တက်လာသည်ကို တွေ့ရှိရပါသည်၊ ယင်းတို့ကိုဇယား (၅-၁၆) နှင့်ပုံကားချပ် (၅-၁၇) တွင် ဖော်ပြထားပါသည်။ ပဲမျိုးစုံတင်ပို့မှုတန်ချိန်၏အလားအလာများ နှင့်တင်ပို့မှုတန်ဘိုးအလားအလာများ တို့ကိုနှိုင်းယှဉ်ကြည့်ခြင်းဖြင့် (၁၉၆၄) ခုနှစ် နောက်ပိုင်း စင်ကာပူနိုင်ငံသို့တင်ပို့ရသည့်ပဲ ဈေးနှုန်း မြင့်မားလာသည်ဟုဆိုနိုင်ပါသည်။

အထူးသဖြင့်ပဲသီးနှံများကို၊ ကောင်း၊ မြေပဲ၊ ဝါ၊ ဂျုံ၊ စသည်တို့နှင့်အစားထိုးစိုက်ပျိုးသကဲ့သို့ ပဲသီးနှံအချင်းချင်းလည်း အခြားသီးနှံများမှာ အစားထိုးစိုက်ပျိုးနိုင်ပါသည်၊ ထိုအခါပိုမိုတွက်ခြေကိုက်မည်ဖြစ်သော ဝင်ငွေသီးနှံများကိုသာ စိုက်ပျိုးမည်ဖြစ်ပါသည်။

(၁၉၇၄-၇၅) ခုနှစ်၌ တဧက ပေါ်ထွက်ဆီးနှံအလိုက်အစိုး ရဝယ်ဈေးနှုန်းဖြင့်အသားတင်ဝင်ငွေများကို အောက်ပါအတိုင်း တွက်ချက်ရရှိပါသည်။

ဆီးနှံအမည်	အသားတင်ဝင်ငွေ (ကိုယ်ပိုင်လုပ်ခပါ)	အသားတင်ဝင်ငွေ (ကိုယ်ပိုင်လုပ်ခမပါ)
မတ်ပဲ	60.192	97.692
ကုလားပဲ	204.30	247.80
ပဲကြီး	348.50	405.50
မြေပဲ (ဆောင်း)	670.69	762.19
ဝါကလေး	54.650	107.150
ချည်မျှင်ရှည်ဝါ	172.485	247.985

Sources: ဇိုးပွားရေး တက္ကသိုလ်၊ သုတေသနဌာန၊ ဆီးနှံများ ကုန်ကျစရိတ်နှင့်ပတ်သက်သည့်စာရွက်စာတမ်းများမှ

ယင်းဇယားကိုကြည့်ခြင်းဖြင့်မတ်ပဲစိုက်သောတောင်သူများ၏ ငွေရှေ့ကိုက်မှုမှာ၊ အခြားဆီးနှံများနှင့်နှိုင်းစာလျှင်နည်းပါးလှပါသည်။ ယင်းအချက်ကိုလည်းဆီးနှံဈေးနှုန်းတွက်ချက်ရာတွင်ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

ကန့်သတ်ဆီးနှံများအားရည်မှန်းချက်အတိုင်းပြည့်မီအောင်ဝယ်ယူရရှိရန်အဖက်ဖက်မှကြိုးပမ်းဆောင်ရွက်နေသကဲ့သို့၊ ပြည်ပသို့တင်ပို့ရန်လိုအပ်သောကင်းလွတ်ဆီးနှံများကိုပါဝိုး၍ဝယ်ယူခြင်းကို (၁၉၇၇-၇၈) ခုနှစ်မှစတင်၍တိုး၍ဝယ်ယူလျက်ရှိပါသည်၊ ကင်းလွတ်ဆီးနှံများကိုဝယ်ယူရာတွင်ပြင်ပပုဂ္ဂလိကကုန်သည်များနှင့်ယှဉ်ပြိုင်၍ဝယ်ယူရခြင်းဖြစ်ရာဆီးနှံရာသီလိုက်ပွဲပေါ်သောမည့်ကင်းလွတ်ဆီးနှံများကိုပုဂ္ဂလိကလက်ဝယ်သို့မရောက်ရှိမီ၊ ကော်ပိုရေးရှင်း

(၁) အနေဖြင့်သမဝါယမအသင်းများနှင့်ကြိုတင်စာချုပ်ထားပြီး ဝယ်ယူရန်လိုအပ်ပါသည်၊ ကင်းလွတ်သီးနှံများကိုဝယ်ယူရာတွင်၊ ဈေးနှုန်းကိုအရှင်ထားပြီး ဈေးနှုန်းကိုကိရိယာသဖွယ်အသုံးပြု၍ ဝယ်ယူလျက်ရှိပါသည်။

တတိယလေးနှစ်စီမံကိန်းအရ (၁၉၇၈-၇၉) ဘဏ္ဍာနှစ်အတွင်း ပြည်နယ်/တိုင်းအလိုက်သီးနှံ/ကုန်ပစ္စည်းများ ဝယ်ရန်ခန့်မှန်းစာရင်းကို ဇယား (၇-၃) တွင် ဖော်ပြထားပါသည်။

ဖော်ပြပါဇယားအရ ရည်မှန်းချက်များအတိုင်း၊ အပြည့်အဝဝယ်ယူရရှိရေးအတွက် " ယခုနှစ်အတွင်း ပြည်နယ်/တိုင်းများတွင်မိုး လေဝသမမှန်သဖြင့်သီးနှံပျက်စီး သောဒေသများတွင်အဝ ထိုးစိုက်ပျိုး ရန်မတ်ပဲနှင့်အခြားပဲများ ထိုးပြည်ပတင်ပို့မည့်အရေအတွက်ထဲမှပင်ထုတ်နုတ်၍ မျိုးအဖြစ်လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းမှတဆင့် တောင်သူဦးကြီးများထံသို့ ရောင်းချပေးခဲ့ရပါသည်၊ ယင်းသို့ရောင်းချပေးခဲ့ခြင်းမှာလာမည့်နှစ်ပဲရာသီတွင် ပဲများပိုမိုထက် ဝယ်ယူရရှိရေးကိုရည်ရွယ်၍ အထူးသဖြင့်မတ်ပဲကိုမျိုးအဖြစ်တင်းပေါင်း (၁၂၄၂၁) (တန်ချိန်၄၁၆) အထိရောင်းချပေးခဲ့ရာမတ်ပဲတင်းမှန် (၂၄) တင်းအချိုးဖြင့်တန်ချိန် (၁၀၀၀၀) ခန့်ထွက်ရှိမည်ဖြစ်ပါသည်။

ယင်းသို့ထွက်ရှိလာမည့်မတ်ပဲများအား အပြည့်အဝပြန်လည်ရောင်းချပေးရေးအတွက်မျိုးမတ်ပဲဝယ်ယူသူတောင်သူများနှင့်မျိုးရောင်းချပေးလိုက်သည့်ကပင်ကြိုတင်ညှိနှိုင်းထားပေးပါရန်လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်းသို့မေတ္တာရပ်ခံထားပြီးဖြစ်ပါသည်။ ဤသို့ညွှန်ကြားထားချက်များအရလာမည့်နှစ်ပေါ်ချိန်တွင်ရည်မှန်းချက်ပြည့်ဝယ်ယူရရှိနိုင်မည်ဟု မျှော်လင့်ရပါသည် *၉ ။

----

* ၉ လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံ မြေထွက်ကုန်ပစ္စည်းကုန်သွယ်ရေးကော်ပိုရေးရှင်း (ကုန်ဝယ်ကုန်ရောင်းဌာနခွဲ-၂) ရန်ကုန်မြို့မှ (၁၉၇၇) ခုအောက်တိုဘာ (၁၄) ရက်နေ့ထုတ်ညွှန်ကြားစာအမှတ်(၅) အရ

ဇယား (၇-၃)
ဘတ်ယလေး နှစ်မျိုးကိန်း အရ (၁၉၇၀-၇၉) ဘဏ္ဍာနှစ်အတွင်း ဝယ်ရန်ရည်မှန်း
ချက်စာရင်းများ ဂေတွက်ပုံ-တန်

အမှတ်စဉ်	သီးနှံအမည်	ပြည်နယ်/တိုင်း အလိုက်ဝယ်ရ[illegible]န်း								စုစုပေါင်း ဝယ်ရန်မှန်း
		စ[illegible]း	မန္တလေး	မကွေး	ပခူး	ရှမ်းပြည်နယ်	[illegible]ပြည်နယ်	ရန်ကုန်တိုင်း	ဧရာဝတီတိုင်း	
	ကန့်သတ်									
1.	မတ်ပဲ	2330	960	260	960	-	200	440	15450	20600
2.	ပဲဒိစင်း	820	70	60	-	-	30	-	120	1100
3.	ထောပတ်ပဲ	3570	9545	9545	-	-	-	-	40	22700
4.	နှမ်းတာမြုပြာ	6570	2100	1400	-	-	-	-	30	10100
5.	ပဲပုဦး ငုံလုံး	6354	6729	2917	-	-	-	-	-	16000
6.	ပဲရင်း	160	1500	1730	[illegible]	30	-	-	11180	4600
	ကင်းလွတ်									
1.	တိုကတ်	20	80	20	375	-	-	20	1545	2060
2.	ပဲပြူလေး	188	62	-	-	-	-	-	-	250

Sources : " ငုံနှံယူဂေရး စာဝိုရေး ဌာန (၁) " ဝယ်ရေးဌာန (၂) ဌာနခွဲမှာချက်စာတမ်းများမှ

<u>အဝယ်ဒိုင်အမှုထမ်းများ ကြီးကြပ်မှု။</u>

လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်းကုန်သွယ်ရေး ကော်ပိုရေးရှင်းအနေဖြင့်အထွက်တိုးရေး၊ နိုင်ငံတော်မှ ကောက်ပဲသီးနှံများကိုဝယ်ယူရရှိရေး တို့ကိုအမျိုးမျိုးကြိုး ဆောင်ကြိုးပမ်းနေရာတွင်အဝယ်ဒိုင်ဝန်ထမ်းများ၏ ချို့ယွင်းမှုကိုလည်း ဆုပေးဒဏ်ပေးဝနည်ကိုကျင့်သုံး၍ ကြီးကြပ်ရမည်ဖြစ်ပါသည်။

" စပါးအဝယ်ဒိုင်အမှုထမ်းများကို ယခုအခါ တောင်သူလယ်သမားများ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို ရှေးရှု၍စပါး ဝယ်ယူမှုနှင့်ပတ်သက်ပြီး ဆုပေးဒဏ်ပေးဝနည်ကိုကျင့်သုံး ရာ၌အခြေခံမှု (၆) ချက်ရှိပါသည်၊ ယင်းတို့မှာ

(၁) စပါးတင်းရေနှစ်သိန်း အထက်ဝယ်ယူနိုင်သည့်ဒိုင်များ အနက်ရည်မှန်းချက်ထက်ပိုမိုဝယ်ယူရရှိပြီး ဝယ်ယူရရှိမှုရာခိုင်နှုန်းများပြားခြင်း။

(၂) စပါးကြိုတင်ဝယ်ယူရေးက ထုတ်ပေးခဲ့သည့်ကြိုတင်ငွေများကိုပြန်လည် ကောက်ခံမှုရာခိုင်နှုန်းများပြားခြင်း။

(၃) စပါးများ အမိုးအကာအောက်ရောက်ရှိအောင်ဆောင်ရွက်ပြီး ဖိုးသည့်အချိန် လျော့ခြင်း။

(၄) စာရင်းဇယားများ ပြည့်စုံမှန်ကန်စွာပြုစု၍ အချိန်မီပေးပို့တင်ပြနိုင်ခြင်း။

(၅) အလေအလွင့်ရာခိုင်နှုန်း နည်းပါးခြင်း။

(၆) အဝယ်ဒိုင်အသုံးစရိတ်နည်းပါးခြင်း။

စသည်တို့ဖြစ်ပါသည်၊ ယင်းမူများနှင့်အညီဝယ်ယူနိုင်ရေးမှာ စပါးအဝယ်ဒိုင်ဝန်ထမ်းများ၌ ရိုးသားမှု၊ ကြိုးစားမှု၊ တာဝန်သိမှု၊ ဦးကြီးများ၏ဆန္ဒနှင့်အညီဆောင်ရွက်ပြီး ဦးကြီးတို့နှင့်ဆက်ဆံရေး ပြေပြစ်မှုများ ရှိမှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ပြီးခဲ့သည့် (၁၉၇၆-၇၇) ခုနှစ်ကဆုပေးဒဏ်ပေးဝနည် အရမြန်မာတနိုင်ငံလုံးတွင်ပထမဆုရရှိခဲ့သည့်ရန်ကုန်တိုင်း တွံတေးနှင့်၊ ကွမ်းခြံကုန်းမြို့နယ်ဖလခ၏ စပါးအဝယ်ဒိုင်မှဝန်ထမ်းများကိုယ်စား ဒိုင်မှူး ဦးဘကြီး

ကဆုလက်ခံယူပြီး ကျေးဇူးတင်စကား ပြောကြား ရာတွင်ယခုကဲ့သို့ဆုချီး မြှင့် ခံရခြင်း သည်မိမိတို့တွင် ဆောင်ရည်များ ၊ သာမက ၊ ပါတီနှင့် ကောင်စီသုံး ရပ်ဝါဒကျမှန်ကန်စွာသည်း ရုံး ခဲ့သူလယ်သမား ဦး ကြီး များ ကစပါး ရောင်း ချကြသော ကြောင့်ဖြစ် ကြောင်း `` ထည့်သွင်း ပြောကြား ခဲ့ပါသည်။ ``*၁၀

ယင်း စပါး အဝယ်ဒိုင်များ ကျင့်သုံး သကဲ့သို့ဝယ်ယူရရှိ ရေး တွင်လည်း အမှုထမ်း များ ကိုချုပ်ကိုင်နိုင်ရန်ဆု ပေး ဒဏ် ပေး ဝိနည်းကိုကျင့်သုံးခြင်း ဖြင့်အဝယ်ဒိုင်ဝန်ထမ်း များ အ နေဖြင့်သက်ဆိုင်ရာပါတီ၊ ကောင်စီ၊ တောင်သူ လယ်သမား အစည်း အရုံး တို့၏ ဦး ဆောင်လမ်း ညွှန်မှုကိုခံယူပြီး နိုင်ငံ တော်၏အ ကျိုး တောင်သူဦး ကြီး များ ၏အကျိုး ကို ရှေ့ရှု ဆော င်ရွက်ရင်း ၊ နိုင်ငံ တော်၏ဆု ချီး မြှင့်ခြင်း ခံယူကြရ အောင်ကြိုး ပမ်း ဆောင်ရွက်ကြမည်ဖြစ် ပေသည်။

<u>သိုလှောင်သယ်ယူရေး</u> ။

သီး နှံများ ဝယ်ယူရရှိ ရေး ကဏ္ဍမှအား တက်သ ရော ဆော င်ရွက်လာသကဲ့သို့ဘက်မှလည်း ဝယ်ယူရရှိ သောသီး နှံများ ကိုသို လှောင် ရေး သယ်ပို့ ပေး ရေး ဘို့ကိုယခင်ကကြုံတွေ့ရ သောပြဿနာများ ပေါ်အ ခြေတည်၍ ဖြေရှင်း ပေး ဘို့လိုအပ်လာပါသည်။ သယ်ပို့ ရေး တွင်ပြည်သူ့ပိုင်ယဉ်များ ဖြင့်မလုံ လောက်ပါက ၊ ပုဂ္ဂလိကပိုင်ကား များ ဖြင့်သယ်ပို့ရန်စီစဉ်ခြင်း ၊ မီး ရထား ၊ သင်္ဘောများ ဖြင့် သင့် တော်သလိုသယ်ယူရန်အစီအစဉ်များ ရေး ဆွဲ၍တင်ပို့ခြင်း များ ပြုလုပ်ရန်လိုအပ် ပါသည်။

ဝယ်ယူပြီး သီး နှံများ အ လေအလွင့်မရှိရန် ၊ ကြိုတင် စီမံချက်များ ချမှတ်၍ဝိနည်းတကျသို လှောင်ရန်အတွက်ညွှန်ကြား ချက်များ ပို့ဆောင်လျက်ရှိ ကြောင်း ကို(၁၉၇၇) ခုနှစ်နိုဝင်ဘာလ(၁၂) ရက်ဝနေ့ ထုတ်လုပ်သား သတင်း ၁၁` တွင်သတင်း ၁ ဦးအဖြစ် ဖော်ပြထား သည်ကိုသိရှိရပါသည်။

---

*၁၀ (၁၉၇၇) ခုနှစ် အောက်တိုဘာလ(၁၉) ရက် နေ့ထုတ်လုပ်သား သတင်း ၁၁ ပါ`` စပါး ဒိုင်ဝန်ထမ်း များ ကြောဝန်`` ဗိုး ဗိုး (ပန်း တောင်း) ၏ ဆောင်း ပါး မှ။

သင့်တော်သည့်သိုလှောင်ရုံအမျိုးအစားများကို ကြိုတင်ရွေးချယ်
သတ်မှတ်ထားရမည်ဖြစ်ကြောင်း၊ ယင်းသို့ ရွေးချယ်သတ်မှတ်ပြီး ပြင်မြို့နယ်အတွင်း
သိုလှောင်ရုံတခုချင်းတွင်မည်သည့်ကွင်းများမှ မည်သည့်စပါးမျိုး နှင့်အရည်အချင်းရှိ
ညီသောသီးနှံများ သိုလှောင်မည်ဖြစ်သည့်သိုလှောင်ရေး စီမံချက်များ ရေးဆွဲစီမံရ
မည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့်ဆိုင်ခန့်ကောင်းမွန်သော ဒေါက်ဝေ့သိုလှောင်
ရုံများတည်ဆောက်ရမည်ဖြစ်ကြောင်း သိုလှောင်ခြင်း မပြုမီသိုလှောင်ရုံများကို
ပြုပြင်ခြင်း၊ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပိုးသတ်ဆေး ပက်ဖျန်းခြင်းများ
ပြုလုပ်ရမည်ဖြစ်ကြောင်း ရာသီဥတု ဖြစ်ပေါ်နေကိုကြိုတင်ချိန်ဆပြီး မည်သည့်အချိန်တွင်
သိုလှောင်ရုံသို့သွင်းမည်၊ မည်သည့်အချိန်တွင်အထက်အောက်လှန်ပေး ရမည်စသည်ဖြင့်
ကြိုတင်ညွှန်ကြားထားရမည်ဖြစ်ကြောင်း၊ သိုလှောင်ရုံများ လိုအပ်ပါကပုဂ္ဂလိကပိုင်
သိုလှောင်ရုံများ ငှားရမ်း အစီအစဉ်ကို ရေးဆွဲ၍ သက်ဆိုင်ရာပြည်သူ့ကောင်စီအ
လုပ်အမှုဆောင်အဖွဲ့သို့တင်ပြအတည်ပြုချက်ရယူပြီး ကြိုတင်ငှားထားရမည်ဖြစ်ကြောင်း
ပုဂ္ဂလိကပိုင်သိုလှောင်ရုံများ ငှားပြီးသည့်အပြင်၊ မလုံလောက်သေးပါကသက်ဆိုင်ရာ
ပြည်သူ့ကောင်စီအလုပ်အမှုဆောင်အဖွဲ့သို့တင်ပြ၍ ယာယီအမိုးများ ပြုလုပ်၍ ကုန်ကျမည့်
ခန့်မှန်းခြေငွေများကိုလယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံထွက်ကုန်ပစ္စည်း ကုန်
သွယ်ရေး ကော်ပိုရေးရှင်း ရုံးချုပ်သို့တင်ပြတောင်းခံရမည်ဖြစ်ကြောင်း၊ ယင်း
ယာယီအမိုး အောက်ရှိသီးနှံများကိုအချိန်မီ ရွှေ့ပြောင်းသယ်ယူသိုလှောင်ရမည်ဖြစ်
ရာယင်း ယာယီအမိုးများကို ငွေကုန်သက်သာနိုင်သမျှသက်သာစေရန် ဆောင်ရွက်ရ
မည်ဖြစ်ကြောင်း။

ကုန်ကျစရိတ်အနည်းဆုံး နှင့်အထိရောက်ဆုံးဖြစ်အောင်သယ်ယူ
သင့်သည့်ဒေသသို့သယ်ယူခြင်း၊ ဆောင်ရွက်သင့်သည့်အချက်များကိုပြည်သူ့ကောင်စီအ
မှုဆောင်အဖွဲ့သို့တင်ပြလျက် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စသည်ဖြင့်ညွှန်ကြားချက်များ

ထွင်အသေးစိတ်ဖော်ပြထားပါသည်။

ယင်းသို့ညွှန်ကြားချက်များ ပေးပို့ဆောင်ရွက်ပေးခြင်းဖြင့် သီးနှံများ၊ သယ်ပို့ရေး၊ သိုလှောင်ရေး ပြဿနာရပ်များ ပြေလျော့ပြီး၊ ဝရိတ်ဝက၊ ကုန်ကျဝရိတ်များ သက်သာပြီး အချိန်မှီပြည်ပသို့တင်ပို့ရောင်းချရေးလုပ်ငန်းရပ်များကို ချောမောပြေပြစ်စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါသည်။

<u>သမဝါယမပိုက်ခင်းများ ပေါ်ထွက်ရေး ။</u>

နိုင်ငံတော်မှသီးနှံများ အထွက်တိုးရေး၊ ငွက်သမ္မာကိုရည်မှန်းချက်အတိုင်း အပြည့်အဝဝယ်ယူရရှိရေးများအတွက် နောက်တနည်း ဖြေရှင်းချက်မှာ သမဝါယမလယ်ယာများ ဖွဲ့စည်းအကောင်အထည်ဖော်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ပါသည်။ ပိုက်ပျိုးမှုနှင့်အစိုးရထံရောင်းချရေး တိုးတက်အောင် စည်းရုံးလုပ်ဆောင်ရာ၌လယ်သမားတဦးချင်းအနေဖြင့်လုပ်ရန်မှာ မလွယ်ကူသည်ကိုမြင်တွေ့ခဲ့ကြရပြီးဖြစ်ပါသည်။ အဖွဲ့အစည်းအနေဖြင့်ဆိုပါက လိုအပ်သောအကူအညီများ ပေးရာ၌၎င်း၊ စည်းမျဉ်းများ ချထားကွပ်ကဲရာ၌၎င်း လွယ်ကူပေမည်။

သို့ဖြစ်ပါ၍၊ သမဝါယမလယ်ယာများကို သက်ဆိုင်ရာပြည်နယ်/တိုင်း မြို့နယ်တို့တွင်အခြေအနေပေးလျှင်ပေးသလို ဝင်ဖွဲ့စည်းအကောင်အထည်ဖော်လျက်ရှိရာ၊ လွန်ခဲ့သောအောက်တိုဘာလကုန်အထိသမဝါယမလယ်ယာအဆင့်မြင့်၊ အဆင့်လတ်နှင့်အဆင့်နိမ့်အသင်းပေါင်း (၆၂) သင်း အသီးသီးဖွဲ့စည်း ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသမဝါယမလယ်ယာအသင်းများသည် (၁၉၇၇ – ၇၈) ခုနှစ်ဒီပိုက်န်းကာလအတွင်း၊ သမဝါယမလယ်ယာကဏ္ဍ၊ သီးနှံထုတ်လုပ်မှုကဏ္ဍနှင့်သမဝါယမလုယ်ယာဖွဲ့စည်းဆောင်ရွက်မှုကဏ္ဍဟူ၍ကဏ္ဍခွဲခြား ဆောင်ရွက်လျက်ရှိရာ၊ သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ မြို့နယ်များရှိသမဝါယမလယ်ယာအသင်းပေါင်း (၆၂) သင်း မှဧက ပေါင်း (၉၉၇၉၃) ဧကအထိသီးနှံများ ပိုက်ပျိုးနိုင်မည်ဖြစ်ပြီး၊ သီးနှံထုတ်လုပ်မှုတန်ဘိုးငွေ (၃၀၃.၅၁) သိန်း ရရှိမည်ဟုသက်ဆိုင်ရာကလျာထားကြပါသည်၊ (၁၉၇၇–၇၈) ခုနှစ်အတွင်း သမဝါယမလယ်ယာများ ဆွင်ဝပါး၊ ပြောင်းဖူး၊ ငွန်တခန်/ ??ာ မြေပဲနှမ်း၊ နှမ်းလှင်၊ နှမ်းကြီး၊ ကြံ၊ ပဲဝေး ကော်ဝဲ: မက်ဝဲ: ဝနံ့လေး .

ပဲရာဇာ၊ ပြောင်း ကြက်သွန်နီ၊ နေကြာ၊ ဂုံလျှော်၊ မြန်မာဆေး ၊ ပဲလွန်း ၊ ဂျုံနှင့်ပဲပုပ်များ ကိုစိုက်ပျိုး ထုတ်လုပ်ပြီး ၊ နိုင်ငံတော်သို့ ရောင်း ချကြမည်ဖြစ်ပါသည်။

ကျန်ရှိသောပြည်နယ်/တိုင်း များ ရှိမြို့နယ်များ တွင်အခြေအနေ ပေး လျှင် ပေး သည့်နှင့်အမျှ သမဝါယမလယ်ယာအသင်း များ ကိုဖော်ထုတ်ဖွဲ့စည်း သွား ကြပြီး ဖြစ်နိုင်သည့်သီး နှံများ ကိုအချိန်မှီစိုက်ပျိုး ထုတ်လုပ်ကြရန် ဆိုင်ရာမှအမြဲတပေးနှိုး ဆော်၍ ဆောင်ရွက်လျက်ရှိသည်ဟု*[၁၁] သိရပါသည်။

လယ်ယာသီး နှံများ ပိုမိုတိုး တက်ထုတ်လုပ်ရေး သည်စီး ပွား ရေး အား ဖြင့်တွက် ခြေမကိုက် သောလယ်ယာလုပ်ကွက်ငယ်များ အပေါ် တွင်အခြေခံ တည်ဆောက်၍ မဖြစ်ပေ။ သမရိုး ကျစိုက်ပျိုး ရေး နည်း လမ်း များ အပေါ် တွင်အမှီအခိုအား ကိုး ဆောင်ရွက်၍လည်း မဖြစ်ပေ၊ တဖက်မှကျယ်ပြန့်သောလယ်ယာလုပ်ကွက်ဖန်တီး ရန်လိုသကဲ့သို့အခြား တဖက်မှလည်း ခေတ်မှီ သောစိုက်ပျိုး ရေး စနစ်များ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာ အောင်ကြိုး ပမ်း ရန်လိုအပ်လာပါသည်၊ ယင်း လို အစီအချက်ကိုပထမအကြိမ်ပြည်သူ့လွှတ်တော်စတုတ္ထအစည်း အဝေး နှင့်ပဉ္စမအစည်း အဝေး တွင်ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်များ က အလေး ထား ၍ ဆွေး နွေး ခဲ့ကြပါသည် ။ ရှေ့ဆက်ပြီး ပြည်သူပိုင်နှင့်သမဝါယမပိုင်လယ်ယာအဖွဲ့အစည်း များ ပေါ်ပေါက် ထူထောင်ကြရန်တိုက်တွန်း ခဲ့ကြပါသည်၊ ထို့အတူဗဟိုသမဝါယမအသင်း ၏ဒုတိယအကြိမ်အစည်းအဝေး နှင့် တောင်သူလယ်သမားအစည်း အရုံး ၏ပထမအကြိမ်ညီလာခံတို့မှလည်း ရှေ့လုပ်ငန်း စဉ်တရပ်အဖြစ်သုံး ချမှတ်လမ်း ညွှန်ခဲ့ပေသည်။

မြန်မာ့ဆိုရှယ်လစ်လမ်း စဉ်ပါတီ၏အနှစ်(၂၀) နှစ်ရှည်စီး ပွား ရေး စီမံကိန်း တွင် နောက်ဆုံး နှစ်ဖြစ်သော(၁၉၉၃-၉၄) ခုနှစ်၌လယ်ယာကဏ္ဍ ထုတ်လုပ်မှုတန်ဖိုး ကိုနိုင်ငံပိုင်အခန်း မှ(၁၀%) သမဝါယမအခန်း မှ(၅၀%) ပုဂ္ဂလိကပိုင်အခန်း မှ(၄၀ %) ဖြစ်ပေါ်လာစေရန်ရည်မှန်း ထား ပါသည်။

ထိုရည်မှန်း ချက်များ ဖြစ်ပေါ် ရေး အတွက် ဒေသအလိုက်ကြိုး ပမ်း ကြရမည်ဖြစ်ပြီး ၊ လူအင်အား ၊ ငွေကြေး အရင်း အနှီး အင်အား ၊ ကုန်ထုတ်ကရိယာ

---

* ၁၁ Friday, November 11th. 1977, "The Working People Daily".

အင်အား နှင့်ကျွမ်းကျင်မှုအကူအညီအင်အား များ ပြည့်ပြည့်ဝဝရရှိအောင်ဖိ၍ ဆောင်ရွက်ကြရမည်ဖြစ်သည်၊ သက်ဆိုင်ရာနယ် မြေအာဏာပိုင်အဖွဲ့အစည်း နှင့် တောင်သူလယ်သမား အစည်းအရုံး ခေါင်းဆောင်များ ကပါဝင်၍ ဆောင်လမ်းညွှန်မှုများ အတိုင်း တောင်သူလယ်သမား များ၊ ကျွမ်းကျင်သူများ လူငယ်များ၊ ဝန်မှုထမ်းလောင်းများ နှင့်စိတ်ပါဝင်စား သူပြည်သူများ အား စည်းရုံး နေရာချအကောင်အထည် ဖော်ကြရန်အရေးကြီး ပါသည်။

၅။ သို့ နေရာချအကောင်အထည်ဖော်နိုင်သည်နှင့်အမျှ သမဝါယမလယ်ယာအသင်း များ နှစ်စဉ်နှစ်တိုး တက်လာမည်ဖြစ်ပြီး သမဝါယမလယ်ယာများ၌ သီးနှံအမျိုးမျိုး ပူးပေါင်းလုပ်မှုတန်ဖိုး များလည်း တဖြည်းဖြည်းမြင့်မား လာမည်ဖြစ်ပါသည်။ သမဝါယမလယ်ယာအသင်း အရေအတွက်နှင့်သမဝါယမလယ်ယာကုန်ထုတ်လုပ်မှု တန်ဖိုး များ တိုး ပွါး လာလေ၊ နိုင်ငံတော်မှဝယ်ယူရရှိမည့်သီးနှံများ၊ များပြား လာမည်ဖြစ်ပြီး ပြည်ပသို့တင်ပို့ရောင်း ချခြင်းဖြင့်နိုင်ငံခြား ငွေရရှိနိုင်ပြီး တိုင်းပြည်ထူထောင်ရေး လုပ်ငန်း ရပ်များ ကို ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

၆။ ကမ္ဘာတွင်အရေး ပါသော ပဲ လေး မျိုး ကို ရွေး ချယ်၍ ပြည်ပသို့တင်ပို့ ရောင်း ချနိုင် ရေး ကိုအဓိကရည်ရွယ်၍၊ လိုအပ်သည်များကိုတွက်ချက် လေ့လာတင်ပြထား ပါသည်၊ လေ့လာပြီး သည့်ကာလအတွင်းကြုံတွေ့ရ သောပြဿနာရပ်များနှင့် ဖြေရှင်း သည့်နည်း လမ်း များ အဖိုအပင်များ၊ ညွှန်ကြား ချက်များ ကို ဖော်ပြခဲ့ပါသည်၊ သို့ပါ၍လာမည့်ဒုတိယ လေး နှစ်စီမံကိန်း ၏ပစ်မှတ်နှင့်ရည်ရွယ်ချက်များ အတိုင်း ဝယ်ယူရရှိနိုင်မှုရှိမရှိကိုဆက်လက် လေ့လာခြင်း ဖြင့် ပြုပြင်ထား သော နည်းလမ်း များ စီမံကိန်း များ အောင်မြင်မှုရှိသည်မရှိသည်ကိုသိရှိနိုင်မည်ဖြစ်ပါသည်။

ယခု လေ့လာတင်ပြရာတွင် (Cost and benefit) များ နှင့်ပတ်သက်၍ အချက်အလက်များ ကောက်ယူစုဆောင်း ရာတွင်၊ ခက်ခဲမှုများ နှင့်ရရှိသောအချက်အလက်များ မှာလည်း မပြည့်စုံသော ကြောင့်အသေး စိတ်ထည့်သွင်း

ဖော်ပြခြင်း မပြုခဲ့ပါ၊ ဆက်လက်၍ (Cost and benefit) များ ကို လေ့လာနိုင်မည်ဆိုပါက၊ မည်သည့်အိုး နယ်များ မှာဝင်ငွေအ ကောင်းဆုံး ဖြစ်သည် ဝသီး နယ်များ အဝေး ၊ မည်သည့်အိုး နယ်များ ကိုအဝေး ပိုး ပို့ပျိုး သည်ဟူ သောအ ကြောင်း ရပ်များ ကိုပါသိရှိနိုင်မည်ဖြစ်ပါသည်။

ပုံကားချပ် ၂ - ၁


၁၉၅၇ - ၅၈ မှ ၁၉၇၆-၇၇ အထိ ပဲမျိုးစုံ အမှန်စိုက်ဧက နှင့်
၁၉၇၆ - ၇၇ အထိ အချိန် လိုင်းရှည်နည်းကို အသုံးပြု၍ ခန့်မှန်း
ရရှိသော ပဲမျိုးစုံ စိုက်ဧက ပေါ်ပြသော ပုံကားချပ်။
စကေးများ
အလျားလိုက် စကေး = ၁" = ၂နှစ်
ဒေါင်လိုက် စကေး = ၁" = ၂၀၀
(စိုက်ဧက ထောင်ပေါင်း)
အမှန်စိုက်ဧက
ခန့်မှန်းစိုက်ဧက
(yt)
(စိုက်ဧက ထောင်ပေါင်း)
1900
1800
1700
1600
1500
1400
1300
1200
1100
1000
$\hat{y}_t = 1075.9 + 96.2t - 3.3t^2$
(t)
1957-58
1958-59
1959-60
1960-61
1961-62
1962-63
1963-64
1964-65
1965-66
1966-67
1967-68
1968-69
1969-70
1970-71
1971-72
1972-73
1973-74
1974-75
1975-76
1976-77

ပုံကားချပ် ၂-၂


၁၉၅၇-၅၈ မှ ၁၉၇၆-၇၇ အထိ ပဲမျိုးစုံ အမှန်တကယ် အထွက်
နှင့် ခန့်မှန်း အထွက်ကို ဖော်ပြသော ပုံကားချပ်။
စကေးများ
အလျားလိုက် စကေး = ၁" = ၂နှစ်
ဒေါင်လိုက် စကေး = ၁" = ၁၀၀
(အထွက် တန်ထောင်ပေါင်း)
အမှန် အထွက်
ခန့်မှန်း အထွက်
y_t
ပဲမျိုးစုံ အထွက် တန် (ထောင်ပေါင်း)
$\hat{y}_t = -45.9 + 89.3t - 7.4t^2 + 0.19t^3$
(t)

ပုံကားချပ် (၂.၇)



၁၉၅၇ - ၅၈ မှ ၁၉၇၆ - ၇၇ အထိ မတ်ပဲ အမှန်စိုက်ဧက နှင့်
အချိန် ကိန်းစဉ်နည်းကို အသုံးပြု၍ ခန့်မှန်း စိုက်ဧက တို့ကို ပြသော ပုံကားချပ်
စကေးများ
အလျားလိုက် စကေး = ၁" = ၂ နှစ်
ဒေါင်လိုက် စကေး = ၁" = ၅၀
(စိုက်ဧက ထောင်ပေါင်း)
အမှန်စိုက်ဧက
ခန့်မှန်း စိုက်ဧက
$\hat{y}_t$ = 163.45
y_t
မတ်ပဲ စိုက်ဧက (ထောင်ပေါင်း)
250
200
150
100
50
0
1957-58
1958-59
1959-60
1960-61
1961-62
1962-63
1963-64
1964-65
1965-66
1966-67
1967-68
1968-69
1969-70
1970-71
1971-72
1972-73
1973-74
1974-75
1975-76
1976-77
(t)

ပုံကားချပ် (၂-၅)

၁၉၅၇-၅၈ မှ ၁၉၇၆-၇၇ အထိ ယက်ပဲ အမှန်အထွက် နှင့် ၁၉၅၇-၅၈ မှ ၁၉၇၆-၇၇ အထိ ခန့်မှန်းအထွက် ယက်ပဲကို ဖော်ပြသော ပုံကားချပ်



စိုက်ပျိုး ရာထွင်အသုံးပြုရသောကျွဲ၊ နွား၊ ထွန်စက်များအခြေအနေကိုလည်း တင်ပြရန်လိုအပ်ပါသည်။ ပိုင်းကျွဲနွားများ၊ တိုးပွားလာရေး၊ မျိုးကောင်းများ ရရှိရေးမှာလည်း အရေးပါလာပါသည်။ စက်မှုလယ်ယာထူထောင်ရေး အတွက်လည်း တဖက်မှ ထွန်စက်များ အသုံးပြု၍ထွန်ယက်စိုက်ပျိုးလာကြပါသည်၊ ထွန်စက်များ အသုံးပြုခြင်းဖြင့်လုပ်အားသက်သာမှုအချိန်ကုန်သက်သာမှုများ ရှိသော်လည်း လုပ်ကွက်ငယ်၍၊ ထွန်စက်မသုံးရခြင်း၊ ထွန်စက်များ အပျက်အစီးများခြင်း တို့မှာလည်း ထွန်စက်အသုံးပြုရေး အတွက်အဟန့်အတားသဖွယ် ဖြစ်နေပါသည်။ ယင်းကိုဇယား (၆-၁) တွင် လေ့လာတင်ပြထားပါသည်။ ဖော်ပြခဲ့သောအဟန့်အတားများ ကြောင့်အထွက်ယုတ်လျော့၍ပြီး ပြည်တွင်း ပြည်ပဝယ်လိုအားရှိသလောက် ရောင်းချနိုင်အောင်ဝယ်ယူရရှိရေး တွင်အခက်အခဲရှိလာပါသည်။

(ခ) <u>ဈေးကွက်တွင် တွေ့ကြုံရသည့်ပြဿနာရပ်များ</u>။
<u>ဈေးကွက်သတင်း အချက်အလက်</u>။

ဈေးကွက်ရှိရာသို့ တင်ပို့မှုယန္တရားတွင်ကုန်သည်အမျိုးမျိုးကို ဈေးကွက်သို့ ရောက်တင်ပို့ရာ၌ကြားအဆင့်ဆင့်ကြား လူအမျိုးမျိုးကိုဖြတ်ကျော်ရလေ့ရှိပြီး နောက်ဆုံးမှသာစားသုံးသူလက်ဝယ်သို့ ရောက်ရှိလာတတ်ပါသည်။ ထိုကြောင့်အခက်အခဲအမျိုးမျိုးနှင့်ပြဿနာရပ်အဖုံဖုံကို ကျော်ဖြတ်ရသည့်အဆင့်ဆင့်များ အနက်အဆင့်တဆင့်ဆင့်တွင် တွေ့ကြုံရမည်မှာယုံမှားသံသယဖြစ်ဖွယ်မရှိပါပေ၊ ဤသို့ပင်ပဲမျိုး ပိုဖြန့်ဖြူး ရောင်းဝယ်ရေး တွင်လည်း၊ ပြဿနာရပ်အသီးသီး ကိုရံဖန်ရံခါကြုံတွေ့ရလေ့ရှိပါသည်။

ပထမဦးဆုံး တွေ့ကြုံရသောပြဿနာရပ်မှာပဲမျိုး နှံအတွက် နှင့်ပတ်သက်သည့်အချက်အလက်များ ပုံဆောင်း ရာထွင်မှ နိုင်ငံခြားကျော အချက်အလက်များ မရရှိနိုင်ခြင်း ပင်ဖြစ်ပါသည်၊ မည်သည့်နိုင်ငံတွင်မဆိုတိုးရှိယံလ ... ပွားရေး ဝန်စတည် ကောက်ရာထွင်မှုဝါဒများ နှင့်အညီ ဗီပံကိန်း များ ချမှတ်လုပ် ဆောင်ခြင်း

ဇယား (၆-၁)

မြန်မာနိုင်ငံသွင်းထွန်စက်အသုံး ပြုမှုနှင့်ပျက်စီး မှုနှုန်း ယှဉ်ပြဇယား

(၁၉၆၂-၆၃ မှ ၁၉၇၄-၇၅)။

အမှတ်စဉ်	ခုနှစ်	နှစ်အတွင်း ရှိသည့်ထွန်စက်စုစုပေါင်း	လယ်ယာလုပ်ငန်း နှင့်ပင် ဝင်သည့်ထွန်စက်		အခြားလုပ်ငန်း သုံး ထွန်စက်	အသုံးမပြုနိုင်သည့် ထွန်စက်	အပျက်အစီး ရာခိုင်နှုန်း
			စက်	%			
1	1962-63	2324	1391	59.8	-	933	40.15
2	1963-64	3436	2021	58.8	-	1415	41.18
3	1964-65	3440	2891	84.0	454	549	15.96
4	1965-66	5201	3165	60.8	454	1582	30.4
5	1966-67	5451	3339	61.2	454	1658	30.4
6	1967-68	5571	3273	58.7	525	1874	33.63
7	1968-69	6486	4958	76.4	463	2065	31.84
8	1969-70	6286	4052	64.4	463	1701	27.36
9	1970-71	6374	3260	51.1	300	2814	44.15
10	1971-72	6265	3073	49.0	300	2892	46.16
11	1972-73	6265	3390	54.4	300	2575	41.10
12	1973-74	3821	32[illegible]5	84.8	300	286	7.49
13	1974-75	4186	3032	72.4	413	741	17.70

Sources : ပြည်သူ့သို့အစီရင်ခံစာ (၁၉၇၃-၇၄) နောက်ဆက်တွဲများ စာအုပ် ၂။
ပြည်သူ့လွှတ်တော်သို့အစီရင်ခံစာ (၁၉၇၇-၇၈)
စက်မှုလယ်ယာဦးစီး ဌာန၊ ဒီမိုက်န်း နှင့်သာရင်း ဆင်း ဌာနခွဲ။

သည်အရေးပါသောလုပ်ငန်းပင်တရပ်ဖြစ်ပါသည်၊ စီးပွားရေးဆိုင်ရာများ နှင့်အုပ်ချုပ်ရေးဆိုင်ရာများ ပါသည့်ဆိုရှယ်လစ်စီးပွားရေးယန္တရားကြီးတခု လုံး ချောမွေ့စွာလည်ပတ်နိုင်မှုမှာ စီမံကိန်းများ ချမှတ်၍အကောင်အထည်ဖော် မှုတို့ပေါ်တွင်များစွာမူတည်လျက်ရှိပါသည်၊ သီးနှံအထွက်တိုးရေး ၊ စီးပွားရေး အဆောက်အအုံအတွင်း ရှိလူတုလူတန်းစား မရွေး စားသုံးမှုဖူလုံရေး နှင့်ကိုင်း ပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက်နိုင်ငံခြား ငွေရှာရေး တို့သည်လည်း စီမံကိန်းများချ မှတ်လုပ်ဆောင်မှုတို့ပေါ် မူတည်နေလေရာ၊ စီမံကိန်းချမှတ်၍လုပ်ဆောင်ခြင်း မှာအထူးအရေးပါလှပါသည်၊ စီမံကိန်းများ ရေးဆွဲရာတွင်မှန်ကန်တိကျသော စာရင်းဇယားကိန်းဂဏန်းများ ရရှိရန်လိုအပ်ပေသည်၊ သို့ပါသော်လည်း သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာအချို့ဒေသများ တွင်လက်နက်ကိုင်သောင်းကျန်း များ ရှိနေ၍လုံခြုံမှုမရှိခြင်း ကြောင့်ကိန်းဂဏန်း အချက်အလက်တိတိကျကျမှန်ကန်စွာ ရရှိရေးတွင်အခက်အခဲနှင့်ကြုံတွေ့ရပါတော့သည်၊ စိုက်ပျိုးသောဧကအတိအကျကိုမရ ရှိနိုင်သော်လည်း ရပ်သူရွာသားတို့ပြောကြားချက်များ အရသာစာရင်းဇယား ပြုစုရလေသည်။

သို့သော်လည်း လုံးဝကောက်ယူမရရှိနိုင်သည့်ဟက်ရနိုင်သရွေ့ ကောက်ယူပုံဆောင်းပြီး ၊ လိုအပ်သောစာရင်းဇယားများ ပြုစုနိုင်ခဲ့ပြီး ၊ များစွာအကူအညီအထောက်အပံ့ရခဲ့ပါသည်။

ကောက်ယူပုံဆောင်းမှု။

သီးနှံများကိုကုန်သွယ်ရေးကော်ပိုရေးရှင်း (၁) မှ အဝယ်ဒိုင်များ ဖွင့်လှစ်၍ ကောက်ယူပုံဆောင်းခဲ့ပါသည်၊ ကုန်သွယ်ရေးအဝယ်ဒိုင် များမှဝယ်ယူရာ၌ဇယား (၆-၂) အရ၊ အရည်အသွေးများ သတ်မှတ်၍၊ အစိုး ရသတ်မှတ်ဝယ်ဈေးနှုန်းများ အရဝယ်ယူခဲ့ပါသည်။ အရည်အသွေးများကိုပထမ တန်းစား ၊ ဒုတိယတန်းစား ၊ ပွဲ(လက်ရှိအခြေအနေအတိုင်း) အတန်းအစား ဟူ၍ခွဲခြား သတ်မှတ်၍ဝယ်ယူခဲ့ပေရာအဝယ်ဒိုင်ရှိအမှုထမ်းများ နှင့်တောင်သူ ဦးကြီးတို့ကြားပြဿနာရပ်များ ပေါ်ပေါက်ခဲ့ပါသည်။ အဝယ်ဒိုင်ရှိအမှုထမ်းများ

ဇယား (၆ - ၂)

သီးနှံအလိုက်အရည်အသွေး သတ်မှတ်ချက်ဖော်ပြဇယား

အမှတ်စဉ်	သီးနှံ	အချိန်အတွယ်	အစိုဓါတ် ခွင့်ပြုနှုန်း	အဖျင်းအမှုန့်မဲ	မျိုးကွဲအပါး ခွင့်ပြုနှုန်း	ဝဒြီအနီ* ခွင့်ပြုနှုန်း	ရေါင်ကွဲအ မျိုးအပါး ခွင့်ပြုနှုန်း	အကျိုးအကြေ ခွင့်ပြုနှုန်း	နှမ်းယင်းသော်ဝအ မျိုးအပါး ခွင့်ပြုနှုန်း	ပိုးထိုးပိုး ပါလုံး အရှည်အပါး ခွင့်ပြုနှုန်း	သတ်မှတ်ချက်
		(ပေါင်)	(ရာနှုန်း)	(ပေါင်)	(ရာနှုန်း)	(ရာနှုန်း)	(ရာနှုန်း)	(ပေါင်)	(ရာနှုန်း)	(ရာနှုန်း)	
1.	မတ်ပဲ (ဗ)	72	.12	.50	.50	.50	4.50	.75	2.5	.50	ဆန်ကသအမှတ် ၁၀½ ပေါ်တွင်တင်သေသည်။
	(ဒု)	"	.12	.75	.75	.50	4.50	1.00	3.0	.50	" " ၆ "
	(ရွှံ့)	"	.12	.75	-	-	-	-	-	-	
2.	ထောပတ်ပဲ (ပ)	69	.12	.25	.50	2.0	-	.50	2.0	2.0	ဆန်ကြိအမှတ် ၁၅ ပေါ်တွင် ၅၀% တင်သေသည်
	(ဒု)	"	12	.50	1.00	3.0	-	.75	2.5	2.5	ဆန်ကြိအမှတ် ၁၅ ပေါ်တွင် ၅၀% အောက်တင်သေသည်
	(ရွှံ့)	"	12	.50	-	-	-	-	-	-	
3.	ပဲဒိန်ခဲ (ပ)	72	12	.50	.50	-	-	.50	2.0	0.50	ဆန်ကြိအမှတ် ၁၀½ ပေါ်တွင် ၁၀% တင်သေသည်
	(ဒု)	"	12	.75	.75	-	-	1.00	2.50	1.01	ဆန်ကသအမှတ် ၁၀½ ပေါ်တွင် ၁၀% အောက်တင်သေသည်။
	(ရွှံ့)	"	12	.75	-	-	-	-	-	-	
4.	မှန်တကာနီ	69	14	.25	.50	2.0	-	.50	2.5	2.0	-
5.	မှန်တကာပြာ	69	14	.25	.50	2.0	-	.50	2.5	2.0	-
6.	ပဲရင်း	72	14	.50	.50	-	-	.25	2.5	.25	-
7.	ဘိုကိတ်	"	14	.50	.50	-	-	.25	2.5	1.0	-
8.	ပဲစဉ်းငုံ (ပ)	"	12	.50	.50	-	-	-	2.0	1.0	ဆန်ကြိအမှတ် ၁½ ပေါ်တွင်တင်သေသည်
	(ဒု)	"	12	.50	.50	-	-	-	2.0	1.0	ဆန်ကသအမှတ် ၁၀½ ပေါ်တွင် ၇၅% တင်သေသည်
	(ရွှံ့)	"	12	.50	-	-	-	-	-	-	
9.	ပဲပြူးလေး	69	14	.25	.50	-	-	.50	2.5	11.0	-

* ၁ ဝဒ်သီအမ်းများ ဆိုသည်မှာ
(၁) ဆောပတ်ဒဲနှင့်ဝဲလေး
(၂) ဝဖြူး ကော နှင့်နိုင်လွန်ဝ
(၃) ဖွန်တာဘန်နှင့်ဖုန်ဝ ဘပြာ
(၄) မတ်ဝနက်နှင့်ယတ်ဝဖိမ်း

* ၂ ရှယ်ယွင်း သည်ဆိုရာတွင် ဒိုးကိုက်များ များ နှာအပလုံး ဝန်၊ လုံး ဘွက်၊ အဝ်နန်အရုံ၊ အပူ လေဘင်အ ရေဘင်ပျက်များ ပါဝင်ခြင်း ကိုဆိုလိုသည်။

Sources : ကွန်သွယ်ရေး ဝန်ကြီး ဌာနထုတ်ပြန် ကြေငြာချက်အမှတ် (၁/၇၄) နှင့် (၁၅/၇၄) များ မှ

၁၉၅၇-၅၈ မှ ၁၉၆၄-၆၅ အထိ ပဲမြုလေး အမှန် အထွက် နှင့် ရိတ်သိမ်းချိန် ပေါက်ဈေးနှုန်း ပေါ် မူတည်၍ ခန့်မှန်း အထွက်မှ ပုံကားချပ်၊



သည်၊ ဒုတိယတန်းစား အဆင့်ရှိသောသီးနှံများကို (ရွှံ့) အတန်းအစား ဟုသတ်မှတ်ငွေချေပြီး ၊ အစိုးရကိုစာရင်းပြရာတွင် ဒုတိယတန်းစား တွင် ဖော်ပြရေးခွဲခြင်းဖြင့် ငွေစား ပေါက်ထွင်ခဲ့ကြပါသည်။ တောင်သူဦးကြီးများ အနေဖြင့်လည်း အတန်းအစား အဆင့်မြင့်၊ ဈေးကောင်းဖြင့် ရောင်းလိုပါကပြန်လည်သန့်စင်ရမည့်တန့်ကျစရိတ်များ ၊ အပြင်လူ စား စရိတ်၊ နွား စား စရိတ်၊ စသည်ဖြင့် အဖက်ဖက်မှစရိတ်များ ထိုကုန်ကျပြီး ရမည့် ဈေးဖြင့်မကာမိနိုင်ခြင်း ၊ အချိန်ကုန်မခံလိုခြင်း ၊ အဝယ်ဒိုင်၊ ဒိုင်မှူး တို့သတ်မှတ်သည့်အဆင့်အတန်းကိုသာ သက်ခံခဲ့ကြရပါသည်။

ယင်းအပြင်အဝယ်ဒိုင်တွင် ရောင်းချရာတွင်၊ တောင်သူဦးကြီးများ အပြားလာရောက်ရောင်းချကြရာတွင်အဝယ်ဒိုင်များ တွင်အမှုထမ်းများ ၏ စိစစ်တကျမဒမိနိုင်မှုကြောင့် ရောင်းချသော တောင်သူဦးကြီးတို့၏သီးနှံများ ကိုဒိုင် ရောက်လျှင် ရောက်ခြင်း မရောင်းချရဘဲ စောင့်ဆိုင်း နေကြရ၍ လုပ်စား စရိတ်၊ နွား စား စရိတ်များ တက်သဖြင့်အချိန်ကုန်မခံနိုင်သော တောင်သူဦးကြီးများ သည်၊ အဝယ်ဒိုင်အမှုထမ်းများ ကို၎င်း ၊ ကြားလူကုန်သည်ပွဲစားများ ကို၎င်း ၊ လျှော့ဈေးဖြင့် ရောင်းချခဲ့ကြရပြန်ပါသည်၊ ထို့ပါ၍၊ ကုန်သွယ်ရေးမှ ရသင့်သည့်သီးနှံမရလိုက်ရသည်များ လည်း ရှိခဲ့ပါသည်။

အခြားအခက်အခဲတစ်ခုမှာ အဝယ်ဒိုင်မှဝယ်ယူရာတွင်ကုန်ဝယ်ဝယ်ယူသည့်အမှုထမ်းများ မှာသီးနှံများ နှင့်ပတ်သက်၍ ကျွမ်းကျင်သူ၊ သဘောတရား ရေးရာနှင့်ပတ်သက်၍ပြည့်ဝသူများ နည်းပါး နေခြင်း ပင်ဖြစ်ပါသည်။ ၎င်းသို့နည်းပါးမှုကြောင့် ပေးပို့သတ်မှတ်ထားသော စံနှုန်း သတ်မှတ်ချက်အတိုင်းအရည်အသွေး စစ်ဆေးမှုများ မှန်ကန်စွာမပြုလုပ်နိုင်ပေ၊ ၎င်းသို့မပြုလုပ်နိုင်ခဲ့လျှင်ဝယ်ယူထားသည့်ပဲများ တွင်သက်တမ်း မပေ့သောပဲများ သက်နုပဲများ ၊ ပါဝင်နိုင်ပြီး ပိုးမွှားဖျက်ဆီးမှုပေါလျှင် ငွေကျရောက်၍အရည်အချင်း ဗြဲပဲများ ပါ၊ ပျက်စီးလာမည်ဖြစ်ပါသည်၊ သဘောတရားရေးရာပြည့်ဝမှုမရှိခြင်း ကြောင့် တောင်သူဦးကြီးများ အား လည်း ရုံးနိုင်မှုမရှိခြင်း ၊ အဝယ်ဒိုင်ဝန်ထမ်းများ ၏ အဂတိ

လိုက်ဝါးမှုများ ဝသည်တို့ဖြစ်ပွားခဲ့ပါသည်။

ငွေပေးချေရေးတွင်လည်း ၊ အနှန်ကြန့်ကြာမှုများ ရှိခဲ့ပါသည်၊ အချို့အဝယ်ဒိုင်များသည် ငွေလက်ငင်းပေးချေခြင်း မပြုဘဲ၊ မြို့နယ်ကုန်သွယ်ရေးရုံးများသို့သွားရောက် ငွေထုတ်ယူရမည့်၊ ငွေရပိုင်ခွင့်လက်မှတ်ကိုသာ ပေးခဲ့ကြပါသည်၊ သို့ပါ၍၊ တောင်သူဦးကြီးတို့အဖို့ ငွေရရှိရေးအတွက်မြို့သို့ သွားရောက်ရသည့်ဒုက္ခပိုလာပြန်ပါသည်၊ အဝယ်ဒိုင်မှာပင် ငွေချေပါကလည်း ငွေချေရာတွင်ကြန့်ကြာခြင်း ၊ ငွေကုန်သွား၍ နောက်နေ့ပြန်လာခဲ့ရခြင်း ဝသည့်ပြဿနာရပ်များ လည်းကြုံတွေ့ခဲ့ရပါသည်၊ သို့ဖြစ်ပါ၍ ဦးကြီးတို့သည် ငွေရပိုင်ခွင့်လက်မှတ်ကို လျှော့၍ ငွေဖြင့် ရောင်းကြရပြန်သဖြင့်ထပ်မံနစ်နာရပြန်ပါသည်။

သို့ဖြစ်ပါသောကြောင့်စပါးနှံများကိုလျှော့ထားချက်အတိုင်း ပြည့်မီရန် 'လူ–မှု' ပစ္စည်းပစ္စယနှင့်ကိန်းဂဏန်းများ အပါအဝင်ပြုပြင်ပေးရန်လိုအပ်လာပါသည်။

<u>သိုလှောင်ရေး</u> ။

စပါးနှံများကိုအဝယ်ဒိုင်များ ဖွင့်လှစ်၍ ကောက်ယူကောင်းခဲ့သော်လည်း အဝယ်ဒိုင်များအနီးတွင်သိုလှောင်ရုံများ လိုအပ်သည့်အတိုင်း ဆတာ အယိမရရှိသည့်အတွက်ဝယ်ယူရရှိထားသည့်ကုန်စည်များကိုပုံထားပြီး အကာအရံမဲ့သော နေရာတွင်အပေါ်မှတာရပတ်(တာပေါ်လင်)ဖြင့်ဖုံးအုပ်ထားရပါသည်။ ၎င်းသို့အကာအရံကင်းမဲ့စွာဖြင့်ထားရှိရသော်လည်း သယ်ယူပို့ဆောင်မှုလွယ်ကူခဲ့လျှင်လည်း အခြားနယ်များရှိသိုလှောင်ရုံများသို့၄င်း ၊ ရန်ကုန်သို့၄င်း ၊ တိုက်ရိုက်အလျင်အမြန်ပို့ပေးနိုင်ခဲ့လျှင်ကုန်စည်များ ပျက်စီးမှုများပြားလောက်ဖွယ်မရှိနိုင်ပေ၊ တခါတရံတွင်မူအဝယ်ဒိုင်များ၌ဝယ်ယူရရှိထားသော ကုန်စည်များ ၊ များပြားလျက်ရှိပြီး သယ်ယူပို့ဆောင်ရေး၌ထရပ်ကားများ ကုန်တင်လော်ရီကားများကို လိုအပ်သောအရေအတွက်အတိုင်းမရရှိသဖြင့်ဝယ်ယူရရှိထားသော စပါးပုံတွင်အပျက်ပိုးများဝင်ရောက်ဖျက်ဆီးမှုပိုမိုများပြားလာနိုင်ပါသည်၊ ယင်းကဲ့သို့ပိုးမွှားဖျက်ဆီးမှု

မှတကွယ်နိုင်ရန်သိုလှောင်ထားသော ဝမျိုး ပိုးကိုအဖြစ် ဝေကြည့်ရှုရခြင်း ၊ ပြန်လှန်ဝစ် ဆေးရခြင်း ၊ သန့်ရှင်းမှုရှိ အောင်ဂရုပြုရခြင်း များ လိုအပ်သည်ထက် ပိုမိုလုပ် ဆောင်ရပါသည်။ ထို့ကြောင့်အဖြစ် ဝေပစ် ဆေး ကြည့်ရှုရခြင်း အတွက်ဝန်ထမ်းများ အခြား စရိတ်များ ၊ ပိုမိုကုန်ကျသဖြင့်အသုံး စရိတ်များ ပိုမိုလာနိုင်ပါသည်၊ တခါတရံတွင်လည်း ကုန်စည်သယ် ဆောင်သည့်ရထား ကုန်တွဲများ မလောက်ငမှု ကြောင့်ရန်ကုန်မြို့သို့ကုန်ပစ္စည်းများ အချိန်မှီမ ရောက်ရှိ၍ ရန်ကုန်မြို့ရှိဆိပ်ကမ်းမှ နိုင်ငံခြားသင်္ဘောများ ပေါ်သို့တင်ပို့ခြင်း အပိုင်း တွင် နှောင့်နှေး ကြန့်ကြာမှုများ ရှိလာတတ်ပါသည်။

ဤသို့သင်္ဘောတင်ရာတွင် နှောင့်နှေး ကြန့်ကြာခဲ့လျှင်ကုန်ကျစရိတ်များ ကုန်စည်ပျက်စီး မှုများ ပိုမိုလာမည့် ရောင်း သူဝယ်သူအကြား မပြေလည်သည့်ပြဿနာရပ်များ ဖြစ်ပေါ်နိုင်ပါသည်၊ ထို့ကြောင့် ဖော်ပြခဲ့ သောအခက်အခဲများ ကိုတတ်နိုင်သမျှအလျှင်အမြန်ဖယ်ရှား ပစ်ရပါမည်၊ အဘယ့်ကြောင့်ဆို သော်ယင်း အခက်အခဲပြဿနာများ ကြောင့်ကုန်စည်အပျက်အစီး များ နှင့်ကုန်ကျစရိတ်အသုံး အီး မှာနိုင်ငံတော်မှသာ ပေး ဆောင်ကုန်ကျရ သော ပင်ငွေများ ဖြစ်လာရာ၊ နိုင်ငံတော်ဘဏ္ဍာရေး အခြေအနေကိုတမျိုး ဘုံထိခိုက်နစ်နာစေပါသည်။

ဝမျိုး ပိုးကိုကုန်သွယ်ရေး ကော်ပိုရေး ရှင်း (၁) အဝယ်ဒိုင်များ မှဝယ်ယူပြီး သည်နှင့်ဘူတာပြင်နားကြံမြန်မာ နိုင်ငံဆိပ်ကမ်း များ မှပြည်ပသို့မတင် ပို့မီ၊ နယ်များ တွင်ရှိ သောသို လှောင်ရုံများ တွင်၄င်း ၊ ရန်ကုန်မြို့ရှိသို လှောင်ရုံများ တွင်၄င်း ၊ သိုလှောင်ထား ရပါသည်၊ ယခုမျက် မှောက်ကာလတွင်မြို့နယ်များ ၌ဝမျိုး ပိုးသို လှောင်မှုအတွက်လိုအပ် သော ပစ္စည်း ပစ္စယများ အလွယ်တကူမရနိုင်ခြင်း ရှား ပါး ခြင်း . . . ဝ သောအခက်အခဲများ ရှိနေပါသည်၊ အဘယ့်ကြောင့်ဆို သော်ကုန်သွယ်ရေး ကော်ပိုရေး ရှင်း (၁) အနေဖြင့်၊ ယခုအခါ ၊ဆန်၊ သာမက ဘဲအခြား သော ကုန်မျိုး ထွက်ပစ္စည်း အများ အပြား ကိုကိုင်တွယ် နေရခြင်း ကြောင့် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍သို လှောင်ခြင်း နှင့်ပတ်သက်၍အရေး အကြီး ဆုံး လယ်ယာ ထွက်ပစ္စည်း ဖြစ်သည့်ဆန်ကိုသာလျှင်ဦး စား ပေး ဆောင်ရွက်ခဲ့ပြီး ၊ ကုန်သွယ်

ရေးပိုင်သိုလှောင်ရုံများ ၇ မှာလည်း ဆန်သိုလှောင်မှုအတွက်သာဖြစ်ခဲ့ပါသည်။ ထို့ကြောင့်ပင် ကုန်သွယ်ရေးမှအခြား အရေးပါသော လယ်ယာထွက်ပစ္စည်း အမျိုးအစားပေါင်း အများအပြားကို ဝယ်ယူခဲ့သည်မှာ သိုလှောင်ရုံလုံလောက်အောင် မပေးနိုင်သည့်ပြဿနာနှင့်ကြုံတွေ့ခဲ့ရပါသည်။

ပဲမျိုးတို့ကို ပုဂ္ဂလိကပိုင်ဆန်စက်များ၏ သိုလှောင်ရုံများတွင်ငှင်း၊ ချည်စက်များ၏ သိုလှောင်ရုံများတွင်ငှင်း၊ ပွဲရုံများတွင်ငှင်း၊ အခြားသိုလှောင်ထားနိုင်ရန်ကြီးမားသည့်အဆောက်အဦးတွင်ငှင်း၊ နေပူလှမ်းနှင့် မိုးပက်ခြင်း ... စသော၊ ရာသီဥတုဒဏ်မှကာကွယ်နိုင်သည့်အဆောက်အဦမှန်သမျှတွင် သိုလှောင်လေ့ရှိကြပါသည်။ မြို့နယ်များတွင်မူ လိုအပ်သည့် သိုလှောင်ရုံများအတွက် ယာယီအဆောက်အဦးများ ဆောက်လုပ်ကြရပါသည်၊ အချို့ဒေသများတွင် သိုလှောင်ရန်ဂိုဒေါင်များကို သပ်သပ်အခင်း၊ ဝါးတရံကာ၊ နှင့် ပါးကပ်အမိုးဖြင့် ပြုလုပ်လေ့ရှိပြီး အချို့ဒေသများတွင်မူ ပိုမိုခိုင်ခံ့စေရန် ကွန်ကရစ်ခင်းထား၍ အမိုးကိုသွပ်များမိုး လေ့ရှိပါသည်၊ သို့သော်အကာအရံမရှိ၍ ပဲမျိုး အိတ်များကို တာပေါ်လင်(ဘာရပတ်)များဖြင့် ဖုံးအုပ်ထားရပါသည်။ ဤကဲ့သို့၊ သိုလှောင်မှုအတွက် သိုလှောင်ရုံများ၊ သိုလှောင်ခြင်းဆိုင်ရာအရေးပါသော ပစ္စည်းများ လွယ်လင့်တကူမရရှိနိုင်သည့်အတွက် သိုလှောင်ရာတွင် မည်မျှဆန့်ဝင်မည်ဟူသော အကျယ်အဝန်း ပမာဏကိန်းဂဏန်း အတိအကျမရနိုင်ပေ၊ ဥပမာ- အချို့သောမြို့နယ်များတွင် အနိမ့်ဆုံးနှင့်အမြင့်ဆုံး သိုလှောင်ခြင်းဆိုင်ရာအကျယ်အဝန်းကို မရရှိနိုင်ခဲ့ပေ။

မြန်မာနိုင်ငံတဝှမ်းလုံးတွင်တွေ့ရသည့် သိုလှောင်ရန်အသုံးပြုသော သိုလှောင်ရုံအမျိုးမျိုး အစားစား ကွဲပြားမှုရှိနေပါသည်။ အသုံးပြုလေ့ရှိသောအမျိုးအစားများမှာ

(1) Pestfield

(2) Polisk

(3) Nissan နှင့်

(4) Bulterhuts တို့ဖြစ်ပါသည်။

ယင်းတို့အထဲမှ ပိုမိုအသုံးပြုလေ့ရှိသော အမျိုးအစား (၂) မျိုးမှာ Nissan နှင့် Bulterhuts တို့ဖြစ်ပါသည်။ ၎င်းအမျိုးအစားသို လှောင်ရုံတို့၏အမိုး မှာဓါတ်ရည်စိမ်ပြီး သတ္တုနှင့်ပြုလုပ်ထားပြီး ၊ အောက်ခံအခင်းမှာကွန်ကရစ်ခင်း ထားပါသည်၊ ယင်းသို လှောင်ရုံအမိုးများ၏ဒေါင်ခြေလျှောများသည်နံဖက်ဝသုံး မြေကြီးကိုထိနေပြီး ပုံပံအားဖြင့်ဆလင်ဒါပုံကိုအလယ်မှပိုင်းဖြတ်၍ မြေပေါ်တွင် ပေါင်ထားသည်နှင့်တူလေသည်၊ Bulterhuts သို လှောင်ရုံများတွင်ဝ တန်ချိန်အားဖြင့် (၅၀၀၀) ခန့်အထိသို လှောင်နိုင်သောအကျယ်အဝန်း ရှိပေသည်၊ ယင်းသို လှောင်ရုံအမျိုးအစားများကို ရန်ကုန်ဆိပ်ကမ်း သင်္ဘောများဆိုက်ကပ် နိုင်သောတံတားများရှိရာဘက်လျှောက်တွင် တွေ့ရှိနိုင်ပါသည်။

၎င်းဂိုဒေါင်များမှာ ပဲနှင့်ပဲမျိုး ပုံသို လှောင်ရန်အတွက်အသင့် လျော်ဆုံး ၊ လွယ်လင့်တကူရနိုင်ဆုံး ၊ အကောင်းဆုံး ၊ ဂိုဒေါင်အမျိုးအစားဖြစ်ပါ သည်။ ၎င်းသို လှောင်ရုံမျိုးကိုအသုံးပြုခြင်းအားဖြင့်ယင်း၏နံဖက်ဆင်ခြေလျှောဂိုး များရှိမှုကြောင့်၊ မိုးရာသီတွင်မိုးသည်းထန်စွာရွာသွန်းသော်လည်း ၊ သိုလှောင် ရုံအမိုးများပေါ်တွင်ရေတင်၊ ရေဝပ်ခြင်းမရှိဘဲ၊ မိုးရေသည်လွယ်လင့်တကူစီးကျ သွားနိုင်ပါသည်၊ ၎င်းသို့ရေတင်ခြင်း ၊ ရေဝပ်ခြင်းများမရှိသဖြင့်သို လှောင်ကုန် များစွတ်စိုထိုင်းမှိုင်းခြင်းမှကာကွယ်နိုင်ပါသည်။ အခြားအကျိုးထူးတခုမှာ၎င်းသို လှောင်ရုံများသည် လေလုံခြင်းကြောင့်မိုးရာသီလျှောက်လုံး ပဲမျိုးပုံသို လှောင် ခြင်းအတွက်အထူးသင့်လျော်ကောင်းမွန်ပါသည်အဘယ့်ကြောင့်ဆိုသော် လေအဝင်အ ထွက်များခြင်းဟနည်းအားဖြင့် လေမလုံခဲ့လျှင်ယင်းစွတ်စိုထိုင်းမှိုင်းသောလေ ကြောင့်သို လှောင်ထားသောပဲမျိုးပုံတွင်အစိုဓါတ်နှုန်းများ ပိုမိုမြင့်တက်လာမည် ဖြစ်ပါသည်။ ၎င်းသို့အစိုဓါတ်နှုန်း ပိုမိုများပြားလာပါကပဲနှင့်ပဲမျိုးကိုဖျက်ဆီးနိုင် သောပဲဖျက်ပိုးများ ၊ အခြားပိုးကောင်ငယ်များ ပိုမိုပေါက်ပွားများပြားလာ နိုင်ပေသည်။

ဖော်ပြခဲ့သည့်သိုလှောင်ရုံအမျိုးအစားအမိုးတို့ကိုရန်ကုန်မြို့ရှိအလုံ ဗိုးဘန်း ၊ ဆူးလေဆိပ်ကမ်းများ ၊ ခနောင်တို၊ ပုဇွန်တောင်၊ ပုသိမ်ညွှန့်၊ ဝက် ဆန်း ၊ ဒေါပုံ၊ ဘိုတထောင်တို့၌ တွေ့မြင်နိုင်ပါသည်။

ပဲမျိုး ရုံမှာအများအား ဖြင့်ဗိုလ်တထောင်မြို့နယ်ရှိ သိုလှောင်ရုံ
များ တွင်သိုလှောင် လေ့ရှိပါသည်၊ ယင်း ဂိုဒေါင်များ သည်ဆိပ်ကမ်း နှင့်ဆက်စပ်
လျက်မရှိဘဲကုန်း တွင်း ပိုင်း တွင်တည် နေကြပါသည်၊ သို့ သော်ရထား လမ်း ၊ ကုန်လမ်း
ရေလမ်း တို့အား ဖြင့်မှုဆက်စပ် နေ၍လုပ်ငန်း ဆောင်ရွက်ရာတွင်လွယ်ကူ ပေပါ
သည်။ ယင်း သိုလှောင်ရုံများ ကိုပြည်ပသို့တင်ပို့ရန်နိုင်ငံခြား သင်္ဘောကြီး များ မ
လာမီပစ်ကြား ပဲသီး နှံများ သိုလှောင်ထား လေ့ရှိပြီး ၊ သင်္ဘောများ ဆိုက် ရောက်
လာ သောအခါ၌ သိုလှောင်ရုံများ မှ နေ၍ဆိပ်ကမ်း ရှိ သိုလှောင်ရုံများ သို့ ရွှေ့ပြောင်း
ပို့ ပေး ရပါသည်။ ကုန်သွယ် ရေး ကော်ပိုရေး ရှင်း (၁) အ နေဖြင့်ပဲအမျိုး ဖိတ သီး
တခြား သိုလှောင်ရန်ဟူ၍ သီး ခြား သိုလှောင်ရုံများ မရှိခဲ့ပါ၊ ပဲမျိုး ပုံသိုလှောင်
ရာတွင်သိုလှောင်ရုံ ဧရိယာအကျယ်အဝန်း ရရှိနိုင်သ ရွေ့ ပေါ် မူတည်၍လည်း ကောင်း
သိုလှောင်မည့်ပဲအမျိုး အပ ား အ ရေး ပါမှု ပေါ် မူတည်၍လည်း ကောင်း ၊ သိုလှောင်
ထား နိုင်သမျှသိုလှောင် လေ့ရှိပါသည်၊ ဆိပ်ကမ်း ပါး ရှိသိုလှောင်ရုံအများ ၎ မှာ
ဆန်သိုလှောင်မှုကိုအဓိကဦး စား ပေး သိုလှောင်သည့်အတွက် ဒုတိယအ ရေး ပါသည့်သီး
နှံဖြစ်သည့်ပဲမျိုး ပုံများ ကိုကူး ပြောင်း ရွှေ့ ပေး နိုင်သည့်ဗိုလ်တ ထောင်သိုလှောင်ရုံများ
ကဲ့သို့ကြား သိုလှောင်ရုံများ တွင်သာသိုလှောင်ရပါသည်၊ ယင်း သို့သိုလှောင်ရုံများ
တွင်ပဲသီး နှံများ ကိုတမျိုး ချင်း ခွဲခြား သတ်မှတ်၍ ပုံခြင်း ၊ ထပ်ဆင့်ထား ခြင်း
များ ဖြင့်ဘန်သလိုသိုလှောင်ထား ရ ပေ ရာ မလိုလား အပ် သောအကျိုး ဆက်များ
ပေါ် ပေါက်ခဲ့ပါသည်၊ ပဲမျိုး ပုံတွင်ပါဝင်လျက်ရှိ သောပဲအမျိုး မျိုး–အပ ား ပ ား တို့မှာ
ယင်း တို့အမျိုး အပ ား ပေါ် မူတည်၍ လေဝင် လေထွက် လေသုံးအပ်မှုနှုန်း မတူညီကြ ချေ၊
ယင်း တို့ကို ပေါင်း ၍သိုလှောင်ရုံတခုတည်း တွင်သိုလှောင်ထား သောအခါအချို့
အမျိုး အပ ား ပဲတို့မှာ လေရရှိမှု၊ အနည်း အများ ၊ အချိုး အပ ား ပေါ် မူတည်၍ပျက်
စီး တတ်ကြပါသည်၊ ထို့ပြင်အခြား အကျိုး ယုတ် ပေ ခြင်း တရပ်မှာ၊ ပဲမျိုး ပုံတို့ကိုပုံ နှံအစဉ်
တွင်သွင်သွင်း ပြီး ၍အိပ် ချပ် သောအခါ သေချာစွာဂရုမပြုမှု၊ ပေါ့ဆမှုကြောင့်လည်း
ကောင်း ၊ ပုံသည့်အခိုက်ပစ် ချခြင်း ၊ ကြမ်း တမ်း စွာထပ်ပုံခြင်း တို့ကြောင့်လည်း
ကောင်း ၊ ယင်း ပဲနှံအိတ်တွင်အ ပေါက်အပြဲများ ဖြစ် ပေါ် လာပြီး ၊ ယိုဖိတ်ထဲမှပဲများ

တဖြည်းဖြည်း စိမ့်ထွက်လာခြင်းများ ရှိပြီး ၊ ၎င်း သိုလှောင်ရုံတွင်း၌ပင် သိုလှောင်ထားသော အခြားပစ္စည်းမျိုးများ နှင့် ရောနှောသွားတတ်ပါသည်။ ဤသို့ ရောနှောသွားခြင်းကြောင့် တမျိုးတဖုံ ထိခိုက်နစ်နာ ပေပါသည်။ ထုတ်ပြန်လည်သွတ်သည့်အခါ ပြန်လည်စစ်ဆေး ရွေးထုတ်မှုများ ပြုလုပ်ရ၍ အလုပ်ပို၊ အချိန်ကုန်၊ ငွေကုန်များ ပေပါသည်။

ဆိပ်ကမ်း သိုလှောင်ရုံများ ဖွင့်ပြန်လည်စစ်ဆေး ပြုပြင်မှုများ ပြုလုပ်သည့်အခါ ပြည်ပသို့ပို့ရန် သတ်မှတ်ထားသည့်အရည်အသွေးများ နှင့်ညီညွတ် ကိုက်ညီစေရန် ပြုလုပ်ရပါသည်၊ မြန်မာ့ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်းမှ တာဝန်ရှိပုဂ္ဂိုလ်များ နှင့် စစ်ဆေးရေး ကျွမ်းကျင်သူများ ၊ ပါဝင်သော အဖွဲ့အစည်းမှ စစ်ဆေးပြီး ပြည်ပသို့တင်ပို့သည့် အရည်အသွေးများ နှင့်ကိုက်ညီမှု ရှိမရှိကို ဆုံးဖြတ်ပေးပါသည်။

တင်ပို့မည့်အရည်အသွေး သတ်မှတ်ချက်များ သည် ယခုနှစ်ရာသီဥတု အခြေအနေများ ၊ ယမန်နှစ်မှ တင်ပို့ခဲ့ရသည့်အရည်အသွေး သတ်မှတ်ချက်များ ၊ ထို နှစ်တကာလအတွင်း စိုက်ပျိုးထုတ်လုပ်ခဲ့သော သီးနှံများ အရည်အသွေးများ နှင့် ရောင်းသူနှင့်ဝယ်သူတို့ သဘောတူလက်ခံသည့် သတ်မှတ်ချက်များ ပေါ်မူတည်ပါသည်။ သို့ဖြစ်သောကြောင့် တင်ပို့သည့်အရည်အသွေးများ သည်၊ တနှစ်နှင့်တနှစ် သတ်မှတ်ချက်များ မတူညီနိုင်သကဲ့သို့ တနှစ်တာအတွင်း၌ပင်၊ ကာလနှင့်ကာလလည်း အနည်းငယ်ကွာခြားချက်များ ရှိနိုင်ပါသည်။

နိဂုံး ။

မြန်မာ့စပါး ပို့ထား နှံများ သည်၊ ဆန်ပါး ၊ အခြား အသီးနှံ များ နည်း တူပြည်ပသို့တင်ပို့ ရောင်း ချရာတွင်အကျိုး အမြတ်ရရှိပြီး တိုင်း ပြည်အတွက်အလွန် လိုအပ် သောနိုင်ငံခြား ငွေရရှိ ရေး ကိုများ စွာအ ထောက်အကူပြုသည့် လုပ်ငန်း တရပ်ဖြစ်ပါသည်။

ဖွံ့ဖြိုး ဆဲ နိုင်ငံများ ၏ကုန်သွယ်မှုပြဿနာတရပ်သည်ကမ္ဘာ့ ဈေးကွက်အခက်အခဲ ကြောင့်ပို့ကုန်များ တန့် နေခြင်း ပင်ဖြစ်သည်ဟု ဖြောဝမ်းပြကြပါသည်။ ယေဘူယျအား ဖြင့် ဖွံ့ဖြိုး ဆဲ နိုင်ငံများ ကြုံတွေ့ရ သောအခက်အခဲများ မှာ ဖွံ့ဖြိုး ဆဲ နိုင်ငံများ မှတင်ပို့ သောဝက်မှုကုန်ကြမ်း များ ၊ စား သုံး ကုန်များ အပေါ် ဈေး နှိမ်ခြင်း ၊ ယင်း ကုန်စည်တို့ကိုဝယ်ယူ သောဖွံ့ဖြိုး ပြီး နိုင်ငံများ ၏သွင်း ကုန် ပေါ်လစီများ ၊ စသည်တို့ဖြစ်ပါသည်၊ သို့ပါသော်လည်း ဖွံ့ဖြိုး ဆဲ နိုင်ငံများ တွင်နိုင်ငံ တနိုင်ငံအဖြစ်ပါဝင်လျက်ရှိ သောမြန်မာနိုင်ငံ၏ ပို့ကုန်များ သည်ရပ်တန့် နေရုံသာ မက၊ ကျပင်ကျဆင်း ခဲ့ပါသည်။

ဤကဲ့သို့အဘယ့် ကြောင့်ဖြစ် နေသည်ကို၊ ကမ္ဘာ့ ဈေး ကွက်အခက်အခဲ ကြောင့် လော၊ ပြည်တွင်း ဝယ်လိုအား တိုး တက်မှု ကြောင့် လော၊ နိုင်ငံ တော်မှဝယ်ယူ ရေး ပေါ်လစီများ စွမ်း ရည်မပြည့်ဝမှု ကြောင့် လော၊ စသည်ဖြင့်အ ကြောင်းရပ်များ ကိုသုံး သပ်ကြည့်ခဲ့ပါသည်။

<u>ပြည်ပကုန်သွယ်မှု</u>။

ကမ္ဘာ့ ဈေး ကွက်အခက်အခဲ ကြောင့် လောဟူ သောပြဿနာကိုဦး စွာ လေ့လာကြည့်မည်ဆိုပါကအခန်း (၅) တွင်ပြည်ပသို့တင်ပို့မှုနှင့်ပတ်သက်၍ အသေး စိတ် လေ့လာတင်ပြထား ပါသည်။

ယင်း အခန်း တွင်စပါး ပို့တင်ပို့တန်ချိန်မှာတနှစ်ထက်တနှစ်ကျ ဆင်း လာသည်ကိုတင်ပို့မှုတန်ချိန်အလား အလာမျဉ်း $\hat{y}_t = 125.04 - 3.86\ t$ (တန် သောင်း ပေါင်း) ကြည့်ရှုခြင်း ဖြင့်သိနိုင်ပါသည်။

Beans and Pulses Exports - Costs and market Potential - ပဲများ အရှေ့ဈေးကွက်မှ ဝယ်လိုနိုင်စွမ်းအား (market potential) မှာ (၁၃၂) ထန် ထောင်ပေါင်း ဖြစ်သော်လည်း မြန်မာနိုင်ငံမှ တင်ပို့နိုင်သည့် တန်ချိန်မှာ (၁၆) တန် ထောင်ပေါင်း သာဖြစ်သည်ကို တွေ့ရှိရပါသည်၊ သို့ဖြစ်ပါသောကြောင့် ကမ္ဘာ့ဈေးကွက်ဝယ်လိုနိုင်စွမ်းအားကို မြန်မာနိုင်ငံမှ အပြည့်အဝ မဖြည့်စွမ်းနိုင်သည်ကို တွေ့ရှိရပါသည်။

တဖန် မြန်မာ့ပြိုင်ဘက်နိုင်ငံများက ဈေးနှုန်း လျှော့၍ ရောင်းသော်လည်းကောင်း၊ အခြားနည်းလမ်းအားဖြင့် သော်လည်းကောင်း ပြိုင်ဆိုင်မှုအင်အား ကောင်းအောင် ပြုလုပ်ခဲ့သောကြောင့် ပဲသီးနှံများ အရောင်း ထိုင်းခဲ့ရသည်ဆိုလျှင်လည်း ပြည်တွင်းသုံး လျော့ချမှုသည် တနှစ်ထက်တနှစ် တိုးပွားကြီးထွားလာသင့်ပေသည်၊ သို့ရာတွင် ပြည်တွင်းသုံး လျော့ချမှုမှာလည်း သိသာစွာ တိုးပွားလာခြင်း မရှိခဲ့ပေ၊ ထို့ကြောင့် မြန်မာ့ပဲမျိုး ပို့ကုန်ပို့ရောင်းချရန်၊ ပဲသီးနှံ အပိုအလျှံ (Surplus) လျော့ပါးလာသောကြောင့်ပင်ဖြစ်သည်ဟု ကောက်ချက်ချရပေမည်။

အကယ်၍ အခြား ဖွံ့ဖြိုးဆဲနိုင်ငံများ နည်းတူပြည်ပကုန်သွယ်ရေး တွင်အခက်အခဲများ ရှိနေသည်ဆိုပါကလည်း ယခုအခါတွင်၊ ကမ္ဘာ့ဘဏ်အစည်းအဝေးများ၊ ထိပ်သီးနိုင်ငံကြီးများ အစည်းအဝေးများတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်ဈေးနှုန်း တည်တန့်ရေးများအတွက် အဆိုပြုချက်များ၊ ဆွေးနွေးမှုများ ပြုလုပ်လာသည်ကို တွေ့ရပါသည်။ `` ဖိလဒ်ပိုင် နိုင်ငံမနီလာမြို့တွင်ကျင်းပသည့် (I.M.F.) အစည်းအဝေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများ ဦးဘက်ရေး အတွက် အောက်ပါအကြောင်းရပ်များကို တင်ပြဆွေးနွေးခဲ့ကြပါသည်။

(၁) သွင်းကုန် ပေါ်လစီများ

(၂) ဖွံ့ဖြိုးဆဲနိုင်ငံများမှ တင်ပို့သည့် စက်မှုကုန်ပစ္စည်းများ အပေါ် ကန့်သတ်ချက်များ ။

(၃) ပို့ကုန်ဈေးနှုန်းများ တည်ငြိမ်ရေး နှင့်ပြည်ပဈေးကွက်လိုအပ်ချက်များကို ညှိနှိုင်းဖြေရှင်းနိုင်ရန် Buffer Stock များထားရန်

(၄) ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပို့ကုန်ပေါ် ရငွေများ ကိုညှိနှိုင်း ဖြေရှင်း ပေး ရန်အတွက် Commor.. fund ထားရန်။[၁]

ဝသည်တို့ကို ဆွေးနွေး ခဲ့ပါသည်။ *

ယင်း သို့ပြဿနာရပ်များ ကို ဆွေးနွေး ဖြေရှင်း မှုများ ရှိ လာသည့်အတွက်ကမ္ဘာ့ ဈေး ကွက်ပြဿနာရပ်များ ပြေလည်လာဖွယ်ရှိပါသည်။

ပြည် ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ ဘက်အ နေဖြင့် ကမ္ဘာ့ဈေး ကွက်ပြဿနာရပ်တက်၊ ကမ္ဘာ့ဈေး ကွက်သို့တင်ပို့ ရောင်း ချရန်သီး နှံအ ပိုအလျှံ ရှိ ရေး မှာအဓိကပြဿနာဖြစ်လိမ့်ပါသည်၊ သို့ဖြစ်ပါ သော ကြောင့်ဝသီး နှံပိုလျှံ ရေး ကိုထိခိုက် သောအ ကြောင်း ရင်း များ ကိုသုံး သပ်ရမည်ဆို သော်ထုတ်လုပ်မှုနှင့် ပြည်တွင်း ဝား သုံး မှုကို လေ့လာရန်လိုအပ်လာပါသည်။

ဝသီး နှံထုတ်လုပ်ပိုက်ပျိုး မှုနှင့်ပတ်သက်၍အခန်း (၂) တွင်အ သေး စိတ်တင်ပြခဲ့ပါသည်၊ ဝဖိုး ပုံအတွက်ကို လေ့လာရာတွင်၊ အတွက်မှာသိသိသာသာ တိုး တက်မှုမရှိခဲ့ သော်လည်း တဘက်တွင်ဝား သုံး သူလူဦး ရေမှာနှစ်စဉ်(၂.၃၇.) ခန့်ဖြင့်မှန်မှန်တိုး တက်လာပါသည်၊ ထို့ကြောင့်ဝား သုံး မှုပမာဏတိုး ပွား လာမှု ကို၊ ထုတ်လုပ်မှုပိုင်း မှမဖြည့်ဆည်း နိုင်ဘဲ၊ သီး နှံပိုလျှံမှုပမာဏ လျော့နည်း လာခဲ့ပါ သည်၊ ထို့ကြောင့်နိုင်ငံ တော်၏ ထောင်ပုဒ်မှာပြည်တွင်း ပိုလျှံမှုပြည်ပသို့တင်ပို့ ရောင်း ချမည်ဖြစ် ပေရာ၊ ဝဖိုး ပိုပိုလျှံမှုပမာဏ လျော့နည်း လာသည်နှင့် လျော်ညီစွာတင်ပို့ ရောင်း ချမှုမှာလည်း ကဖြည်း ဖြည်း ကျဆင်း လာခဲ့ရခြင်း ဖြစ်ပါသည်။ ထုတ်လုပ်မှု ပမာဏမှာလူဦး ရေတိုး တက်နှုန်း ကိုမဖြည့်ဆည်း နိုင်ဟူ၍ ပထမအဆင့်အ နေဖြင့်ယူဆ ရ ပေမည်။

---

[၁] * " Twenty - First Meeting of Deputies " Intergovernmental Group of twenty-four on International Monetary Affairs, October, 1976.

ထုတ်လုပ်မှုတိုးတက်ရေး ။

ပိုက်ပျိုး ထုတ်လုပ်မှုနှင့်ပတ်သက်သည့်ပြဿနာရပ်များ ကိုလည်း အခန်း (၆) တွင်ဆက်လက်တင်ပြခဲ့ပါသည်။ ယင်း အခန်း တွင်အဓိကတိုး ရေး ကိုအဟန့်အတား ဖြစ် စေသည့်အကြောင်းရာများ ကို ဖြေရှင်း သည့်နည်း လမ်း များ ကိုတင်ပြခဲ့ ပါသည်၊ ယင်း တို့မှာ

(၁) သိပ္ပံနည်း ကျပိုက်ပျိုး ရေး – မျိုး ကောင်း မျိုး သန့်ဖြန့်ဖြူး ရေး

(၂) ဓါတ်မြေဩဇာများ စနစ်တကျသုံး စွဲမှု

(၃) ပိုက်ဧကတိုး ချဲ့ ရေး

(၄) ရေဖူလုံ ရေး

စသည်တို့ဖြစ်ပါသည်။

သိပ္ပံနည်း ကျပိုက်ပျိုး ရေး ။

မြန်မာနိုင်ငံ၏ အဓား အတား ရတိုး စီး ပွား ရေး လုပ်ငန်း တရပ်မှာ ပိုက်ပျိုး ရေး လုပ်ငန်း ပင်ဖြစ် ပေရာ၊ ပိုက်ပျိုး ရေး လုပ်ငန်း တွင် မူသေဒီ အချိုက်မရှိ အောင်အဖက်ဖက်မှအား ပေး ဦးစီး ဆောင်ရွက်လျက်ရှိပါသည်။ ပိုက်ပျိုး ဝရိယ်များ ရိတ်သိမ်း ပရိယ်များ ယှဉ် ရွေး ခဲ့ပြီး ၊ တိုးတက်ဘိုး ရေး အတွက် မူသိပ္ပံနည်း ကျပိုက်ပျိုး ရေး နည်း ပံ့ပိုင်း နှင့်လယ်ယာသုံး ပစ္စည်း ကရိယာဝယ်မှုး မှုအပိုင်း သုံ့ရွှင်အဘက်နိုင်ဆုံး ဖြည့်ဆွမ်း ပေး လျက်ရှိပါသည်။ မြေယာများ ကို ကောင်း မွန်စွာထိန်း သိမ်း ရေး ၊ ပေါင်း လိုက် ရေး ၊ တမန်း နိုး ရေး ၊ သဘာဝဓါတ် မြေဩဇာသွဲဖက်သုံး ရေး ၊ ပိုး မွှား ကာကွယ် ရေး ၊ ညက်ညက်ခွန်၊ ဒိတ်ဒိုက်တိုက် ရေး စသည့်မိုး ဖလာနည်း များ ပါမကျန်ကျင့်သုံး မှုမလစ်ဟင်း စေရန်အချိန်မှီ နိုး ဆော်သတိ ပေး ခြင်း စသည့်အထိ ရောက်ဆုံး သော လိုအပ်ချက်များ ကို ဆောင်ရွက် ပေး ကြပါသည်။

ပိုက်ဧကတိုး တက်လာ ရေး အတွက်မြို့နယ် ဒေသအလိုက်သက်ဆိုင်ရာ ပါတီ ကောင်စီ လူထုနန်း ဝန်း အဖွဲ့အစည်း များ နှင့်ရွာ နယ်ဆိုင်ရာပုဂ္ဂိုလ်တို့သည်ကောင် သုလယ်သမား များ ထံသွား ရောက်၍ လိုအပ် သော အကူအညီ များ ပေး ခဲ့ကြ လေသည်။

အဝဝအရာရာလိုလေသေး မရှိရန်ဝိုင်း ဝန်း ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည်။ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်ပင်လျှင် ပါး အပူး အတွက်ဆိုး ပိုက်ပျိုး သည့် တောင်သူလယ်သမား များ သံသွား ရောက်၍တ ရင်း ကနီး တွေ့ဆုံ ဆွေး နွေး ခြင်း ပြုအပ်သည်များ ကိုညွှန်ကြား ခြင်း များ ပြုလုပ်ခဲ့သည်ကို တွေ့ရှိရ၍ လယ်ယာကဏ္ဍထိုး တက် ရေး အတွက်အား တက်ဖွယ်ရာဖြစ်ခဲ့ပါသည်။

`` လယ်ယာကဏ္ဍထိုး တက် ရေး နှင့်ပတ်သက်၍ ပထမအကြိမ်ပြည်သူ့ လွှတ်တော်ဆဋ္ဌမအစည်း အဝေး ကလည်း လယ်ယာကဏ္ဍနှင့် မွေး မြူရေး ကဏ္ဍတွင်ထုတ်လုပ်မှုကိုအသိသာသာ ဂ တက်လာ ရေး အတွက် ရေတိုစီမံချက်များ ချမှတ် ဆောင်ရွက်သွား ရန်ဆုံး ဖြတ်တိုက်တွန်း ခဲ့ပါသည်။ ၎င်းဆုံး ဖြတ်ချက်ကိုလယ်ယာနှင့်သစ် တောဝန်ကြီး ဌာနကလည်း အကောင်အထည် ဖော်ရန် ရေတိုစီမံချက်များ ရေး ဆွဲပြီး ယခုမကယ ခု (၁၉၇၇-၇၈) ခုနှစ်မိုး ရာသီမှစ၍ အကောင်အထည် ဖော်လျက်ရှိပါသည်။*၂

မျိုး ကောင်း မျိုး သန့်များ ဖြန့်ဝေနိုင် ရေး အတွက်အား တက်ဖွယ်ရာသတင်း တရပ်အနေဖြင့် `` အေး နှံမျိုး ဝေ့ဖြန့်ဖြူး ရေး စီမံချက် ဆောင်ရွက်ရန် မြန်မာနိုင်ငံသို့အပြည်ပြည်ဆိုင်ရာ ငွေ ချေး အဖွဲ့မှချေး ငွေယူ၍ (၁၉၆၆) ခုနှစ်နိုဝင်ဘာလ (၆) ရက် နေ့ထုတ်လုပ်သား သတင်း စာတွင်သတင်း ဝဉ်အဖြစ် ဖတ်ရှု လေ့လာခဲ့ရပါသည်။ ကမ္ဘာ့ဘဏ်၏ တွဲဘက်အဖွဲ့အစည်း တခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုး ရေး အဖွဲ့မှမြန်မာနိုင်ငံသို့အေး နှံမျိုး ဝေ့ဖြန့်ဖြူး ရေး စီမံချက်အတွက် ဒေါ်လာ (၅.၅) သန်း ချေး ငှား ခဲ့ရာ၊ ယင်း စီမံချက်သည်မြန်မာ့လယ်ယာလုပ်သား ခုနှစ်သိန်း ကိုအကျိုး ပြုမည်ဖြစ်ပါသည်။

ယင်း ချေး ငွေသည်မြန်မာနိုင်ငံ၏အဓိကဖြစ်သည့်အေး နှံမျိုး ဝေ့ များ ကိုထိုး တက် ကောင်း မွန် စေရန်အတွက်ဖြစ်ပြီး လယ်ယာသုတေသနလုပ်ငန်း များ

---

*၂ မောင်လှုံဟန်၏ `` လယ်ယာကဏ္ဍနှင့် ရေတိုစီမံချက်များ `` ဆောင်း ပါး (၁၉၇၇) ဇူလိုင်လ (၆) ရက် နေ့ထုတ်လုပ်သား သတင်း စာ။

နှင့်သင်တန်းများ ပို့ချမှုတွင်လည်း အထောက်အကူဖြစ် စေရန်ရည်ရွယ်သည်ဟုသိရှိရပါသည်၊ ယင်း ဇိမ်ချက်အရမြန်မာနိုင်ငံတွင် မြေဧက(၃.၅) သန်းကိုတိုး ချဲ့စိုက်ပျိုးသွား နိုင်မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်အထွက်တိုး မျိုး ကောင်း မျိုး သန့်များ အသုံးချခြင်း ဖြင့်လယ်သမား များ သည်(၅၀%) အထွက်တိုး လာမည်ဖြစ်သည်။

ယင်း ဇိမ်ချက်အရ နိုင်ငံ တော်စိုက်ပျိုး ရေး သုတေသနဌာန အနေဖြင့် မျိုးစေ့မြှုပြင်ပုံမြှု ပြင်နည်း နှင့်သိုလှောင်မှုများ တိုး တက် ရေး ကိုလည်း ကောင်း၊ အသုံး ချသုတေသနလုပ်ငန်း နှင့်မျိုးစေ့ထုတ်လုပ် ရေး၊ ဖြန့်ဖြူး ရေး ကိုလည်း ကောင်း အထောက်အကူ ရ စေမည်ဖြစ်ပါသည်။

ဓါတ်မြေဩဇာအသုံး ပြုမှု။

လယ်ယာနှင့်သစ် တောဝန်ကြီး ဌာနသည်လယ်ယာကဏ္ဍအတွက် အထွက်တိုး တက် စေ သော ဓါတ်မြေဩဇာကိုလည်း ယခုနှစ်တွင်ပိုမိုသုံး စွဲရန် ရေတိုဇိမ် ချက်ချမှတ် ဆောင်ရွက်လျက်ရှိပါသည်၊ ပုလဲ ဓါတ်မြေဩဇာကို(၁၉၇၆-၇၇) ခုနှစ် ကတန်ချိန်၅ဝ သောင်း ကျော်ခန့်သာသုံး စွဲခဲ့ရာ၊ ယခု(၁၉၇၇-၇၈) ခုနှစ်မှာတွင် တန်ချိန်ဘသိန်း တ သောင်း ခန့်အထိတိုး တက်သုံး စွဲသွား မည်ဖြစ်ပါသည်။ ဇွန်လကုန် ခန့်ကပင်၂၂ ဓါတ် မြေဩဇာများ ကိုသုံး စွဲမည့် [*၃] ဒေသများ သို့ရာနှုန်း ပြည့်ဖြန့်ဖြူး ပေး ပို့ထား ရှိပြီး ဖြစ်သည်ဟုသိရှိရပါသည်။

စိုက်ဧကတိုး ချဲ့ရေး ။

လယ်ယာကဏ္ဍထုတ်လုပ်မှုတိုး တက် ရေး တွင်စပါး ကိုသာမကအခြား သီး နှံများ ဖြစ် သော မြေပဲ၊ မတ်ပဲ၊ ပြောင်း ဖူး နှမ်း၊ ဝါ၊ ထောပတ်ပဲ၊ ကုလား ပဲ စသည့်တို့ကိုပါပိုမိုထွက်ရှိ စေရန်လယ်ယာနှင့်သစ် တောဝန်ကြီး ဌာနမှဇိမ်ချက်များ ချမှတ်ထား ရှိပြီး ဖြစ်ပါသည်။

မတ်ပဲစိုက်ပျိုး မှုတွင်စစ်ကိုင်း ၊ မန္တလေး မ ကွေး ၊ ပဲခူး ၊ ဧရာဝတီနှင့်ရန်ကုန်တိုင်း များ တွင်အထူး အထွက်တိုး ဧရိယာကိုဧက(၅၄၅၇၆)

---

* ၃ ပေါင်လုံးတန်း '' လယ်ယာကဏ္ဍနှင့် ရေတိုဇိမ်ချက်များ '' ဆောင်းပါး မှ။

ရွေး ချယ်သတ်မှတ်၍ တဧကပျမ်း မျှအထွက်နှုန်း (၉.၁၆) တင်း ရရှိအောင် ရေကို ဗိမံချက်ချမှတ်၍ အကောင်အထည် ဖော်သွား မည်ဖြစ်ပါသည်။ *၄

<u>ရေရရှိရေး</u> ။

အိုး နှံများ တိုက်ဖျိုး ပွားလုပ်ရာတွင် ရေရရှိရေး သည်အရင်း ခံ သော့ချက်ပင်ဖြစ် ပေရာ၊ လယ်ယာကဏ္ဍထုတ်လုပ်မှုသိသိသာသာတိုး တက် ရေး အတွက် ရေတိုဗိမံချက်များ ချမှတ်ရာတွင် ရေရရှိရေး ကိုလည်း ထည့်သွင်း ဆောင်ရွက်ရမည် ဖြစ် ပေသည်၊ ထို့ကြောင့်လည်း ရေရရှိရေး နှင့်ပတ်သက်၍၊ တဖက်မှာ အချိန်ကာလအား ဖြင့်(၃)နှစ်မှ(၁၀)နှစ်ခန့်ကြာသည့်အထိတည် ဆောက်ရပြီး ၊ ငွေပင် ငွေရင်း မြောက်မြား စွာမြှုပ်နှံတည် ဆောက်ရ သောဆည် မြောင်း တာတမံကြီး များ ကိုတည် ဆောက်ရင်း ၊ တဖက်မှလည်း ငွေပင် ငွေရင်း အနည်း ငယ်ဖြင့်နှစ်အနည်း ငယ်အ တွင်း အလျင်အမြန်အကျိုး ပြုနိုင်မည့်ဘူလွယ်၊ နပ်လွယ်ဆည် မြောင်း ငယ်များ ကိုလည်း တည် ဆောက်သွား ရန်ဗိမံချက်များ ချမှတ်အ ကောင်အထည် ဖော်လျက်ရှိပါသည်။ *၅

ယခု(၁၉၇၇-၇၈)ခုနှစ်မှ၀၍ လယ်ယာနှင့်သစ် တောဝန်ကြီး ဌာနသည် ချောင်း ငယ် မြောင်း ငယ်များ အနီး တွင် ရေကန်များ တည် ဆောက်၍ ယင်း ချောင်း ငယ် မြောင်း ငယ်များ မှ ရေလွှဲသွင်း ယူသို လှောင်ရန်၊ ရေဝပ်သည့်အ နိမ့်ပိုင်း များ တွင်တဖက်ရပ်ဆည်များ တည် ဆောက်ရန်လုပ်ငန်း များ ကိုစတင် ဆောင်ရွက်သွား မည်ဖြစ်ပါသည်။ ထို့ပြင်အနိမ့်ပိုင်း လယ် မြေများ တွင်(၁၅) ပေ မှ ပေ(၂၀) နက်သည့် ရေတွင်း များ တူး ဖော်၍ ရေထွက်အား ကောင်း သည့် ရေ တွင်း များ မှ ရေဂုဏ်ပက်ငယ်များ ဖြင့် ရေတင် ပေး ခြင်း ၊ လုပ်ငန်း ကို ချောင်း ဦး မြို့နယ်၊ မုံရွာမြို့နယ်တွင်စတင်စမ်း သပ် ဆောင်ရွက်လျက်ရှိ ပေသည်၊ ဝက်တူး ပိုက် တပ်အဝိစိတွင်း များ ကိုလည်း ဝမ်ကိုင်း မြို့နယ်၊ ရွာသစ်ကြီး ပတ်ဝန်း ကျင်နှင့်မုံရွာ

---

* ၄၊ ၅ ပေါင်းလူဟန်၏ `` လယ်ယာကဏ္ဍနှင့် ရေတိုဗိမံချက်များ ''' ဆောင်း ပါး မှ

မြို့နယ်၊ *၆ ချောင်းဦး မြို့နယ်၊ ကလေး မြို့နယ်များ တွင်ပင် ဆောင်ရွက်လျက်ရှိပါ သည်။

ထို့ပြင်၊ ဝဲခုံး ရုံး မအသ ရှေ့ဖက်နှင့်အနောက်ဖက်ခြမ်း တို့တွင်လည်း ကောင်း ရေဝတ်ဘုံး အနောက် မြောက်ပိုင်း ကြခင်း ၊မြန် အောင် ဟင်္သာတအဝ ရှိသည့်မြို့နယ်များ တွင်လည်း ကောင်း ၊ ရေဝပ်ဧရိယာ ကောင်း သည့်အလင်္ကာဝါး ချောင်း များ တွင် ရေလှောင်ကန်ငယ်များ တည် ဆောက် ရေး ကို လည်း ဝမ်း သပ် ဆောင်ရွက်လျက်ရှိသည်ဟုသိရှိရပါသည်။ *၇

မြန်မာနိုင်ငံတွင်လယ်ယာကဏ္ဍသည်အကျယ်ပြန့်ဆုံး ပုထယ်အကြီး မားဆုံး နှင့်အခြေခံအကျဆုံး ဖြစ်ပွား ရေး ကဏ္ဍပင်ဖြစ်သည်၊ လယ်ယာကဏ္ဍတိုး တက်လာသည်နှင့်အမျှမြန်မာနိုင်ငံ၏ ဖြစ်ပွား ရေး တရပ်လုံး သည်လည်း မြင့်တက် လာမည်ဖြစ်သည်ထို့ကြောင့်လည်း လယ်ယာကဏ္ဍတိုး တက် ရေး ကိုအထက်တွင် ဖော်ပြခဲ့ သည့်အတိုင်း ရေတိုဒီမံချက်များ နှင့်တိုး တက် အောင်အဖက်ဖက်မှ ဝိုင်း ပန်း ကြိုး ပမ်း ဆောင်ရွက်လျက်ရှိရာ၊ ၎င်း ရေတိုဒီမံချက်များ ၏ အောင်မြင်မှုမိုးလေ ရေခင် သည်ဝတင် ပေါ် သွက်လျက်ရှိ နေပြီဖြစ်သည်၊ ယခုအတိုင်း သာဆက်လက်၍ ပါတီ၏ ဦး ဆောင် မှုအောက်တွင် တောင်သူလယ်သမား ကြီး များ နှင့်သက်ဆိုင်ရာ ကောင်စီများ ၊ဌာ နဆိုင်ရာများ ပူး ပေါင်း၍ မဆုတ်မနစ် သောလုံ့လ၊ ဝီရိယ၊ ဇွဲတို့နှင့်ကြိုး ပမ်းသွား မည်ဆိုပါက မဝေး မှ သောကာလတွင်လယ်ယာကဏ္ဍ၏ အောင်မြင်မှုသည်ထွန်း တောက် လာမည်ဖြစ်ပါသည်။

ဝဲသီး နှံများ အထွက်ပိုး မှသာပြည်တွင်း ဝါး သုံး ရန်ချန်လှပ် ပြီး ပိုလျှံမှုရှိလာနိုင်ပြီး ၊ပြည်ပသို့ ရောင်း ချခြင်း ဖြင့်နိုင်ငံခြား ငွေများ ရနိုင် မည်ဖြစ်ပါသည်၊ နိုင်ငံခြား ဝင် ငွေ ကောင်း လျှင်နိုင်ငံအတွက်လိုအပ်သည့်စက်မှုကုန် ကြမ်း ပစ္စည်း များ ၊ စက်ကရိယာများ ၊ ဆေး ဝါး ပစ္စည်း များ ၊ အဝတ်အထည် နှင့်ဝါး သောက်ဖွယ်ရာများ နှင့်အခြား လိုအပ်သည့်ပစ္စည်း များ မှာယူတင်သွင်း

---

* ၆၊ ၇ မောင်လှဟန်၏ " လယ်ယာကဏ္ဍနှင့် ရေတိုဒီမံချက်များ " ဆောင်း ပါး မှ

နိုင်ပေမည်။ နိုင်ငံခြားဝင်ငွေအရနည်းပါက၊ မှာယူတင်သွင်းသင့်သောပစ္စည်း အမျိုးအစားနှင့်အရေအတွက်ကို လျှော့ချပစ်ရတော့မည်ဖြစ်ပါသည်၊ ထိုအခါတောင် သူလယ်သမားများအပါအဝင်လုပ်သားပြည်သူတရပ်လုံး၏ စားဝတ်နေရေးကိုအ ဝိုတရာသောအတိုင်းအတာအထိကျဆင်းသည်း ခက်ခဲမှုကိုကြုံတွေ့ရသည်အထိအကျိုးဆုတ်ယုတ် ဖွယ်ရှိပေသည်။

သို့ဖြစ်ပါသောကြောင့်ပြည်ပသို့တင်ပို့နိုင်ရန်စပါး နှံပိုလျှံရေး မှာအရေးပါလာရပေရာ၊ သီးနှံပိုလျှံရေးသည်အဓိကသော့ချက်ဖြစ်သည့်အတွက်တိုး ရေးကိုဦးလည်မသုံ အားသွန်ခွန်စိုက်ဆောင်ရွက်လာကြပြီဖြစ်ပါသည်။

<u>ဝယ်ယူရရှိမှုတိုးတက်လာပေရေး</u>

ပြည်ပသို့တင်ပို့နိုင်ရန်အတွက်တိုး ရေးကိုဆောင်ရွက်လာသကဲ့သို့ ယင်းသို့ထွက်ရှိလာသောစပါးနှံများကိုဝယ်ယူရရှိမှုပမာဏတိုးတက်လာရေးအ တွက်လည်း ဗိမံချက်များ ရေးဆွဲရန်လိုအပ်လာပါသည်။

စပါး ဝိုံဝယ်ယူရရှိမှု ၊ စားသုံးမှုနှင့်သီးနှံပိုလျှံမှုတို့ကိုအခန်း (၄) တွင် ဖော်ပြထားပါသည်။

စပါး ဝိုံဝယ်ယူရရှိမှုတွင်၊ စလေးမျိုးအတွက်လေ့လာသားရာ၊ မတ်စဝယ်ယူမှုကို (၁၉၆၂-၆၃) မှ (၁၉၇၆-၇၇) ခုနှစ်အထိ (၁၅) နှစ်အတွက် လေ့လာရာတွင်ဝယ်ယူရရှိသည့်အလားအလာမျဉ်းမှာ $\hat{y}_t = 28.057 - 1.13\ t$ (တန်တောင်ပေါင်း) ဖြစ်သည်ကိုတွေ့ရှိရပေရာဝယ်ယူရရှိမှုလျော့ကျလာသည်ကို တွေ့ရှိရပါသည်၊ ထို့တူသောပတ်စဝယ်ယူရရှိမှုအလားအလာကိုလေ့လာရာတွင် (၁၅) နှစ်အတွင်း ဖူးဖူး ခြားခြား လျော့ကျသွားခြင်း တိုးတက်လာခြင်း မရှိဘေ $\hat{y}_t = 20.207$ (တန်တောင်ပေါင်း) ဖြစ်သည်ကိုတွက်ချက်ရ ရှိပါသည်၊ စဖြူလေး သီးနှံဝယ်ယူရရှိမည့်အလားအလာမှာ $\hat{y}_t = 17.55 - 16.28\ t + 6.16\ t^2 - 1.52\ t^3 + .21\ t^4 - .02\ t^5 + .0007\ t^6$ (တန်တောင်ပေါင်း) မျဉ်းကွေးသဏ္ဍာန်လျော့နည်းလာသည်ကို တွေ့ရှိရပါသည်။

ကုလားပဲသီးနှံဝယ်ယူရရှိမှုမှာမူ ($\hat{y}_t = 37.81 - 3.04t$) (ဘန်ဆောင်ပေါင်း)ဖြစ်၍တနှစ်ထက်တနှစ် လျော့နည်းလာဘွယ်ရာရှိသည်ကို တွေ့ရှိရပေရာ၊ ယင်းအခြေအနေကိုပြန်လည်ထိန်းသိမ်းရန်နှင့်၊ ပိုမိုထိရောက်သောဝယ်ယူရေး ဝန်ထမ်းနှင့်အဖွဲ့အဝင်များကို၊ လယ်ယာကိုင်းကျွန်းနှင့်ဥယျာဉ်ခြံမြေထွက်ကုန်ပစ္စည်း ကုန်သွယ်ရေးကော်ပိုရေးရှင်းမှဝန်တကျ ဆောင်ရွက်ရန်လိုအပ်လာပါသည်။

ပဲမျိုးဝယ်ယူရာတွင်ကြုံတွေ့ရသောပြဿနာရပ်များကိုအခန်း (၆) တွင်ဖော်ပြထားပါသည်၊ ယင်းတို့ကိုအချုပ်အားဖြင့်ဆိုရသော် အောက်ပါအချက်များကြောင့်ဝယ်ယူရရှိမှုကျဆင်းလာရခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်၊ ယင်းတို့မှာ

(က) မိုးလေဝသမမှန်ကန်သဖြင့်သီးနှံများပျက်စီးမှုရှိခြင်း။

(ခ) ကန့်သတ်သီးနှံများအားပြင်ပပုဂ္ဂလိကများ၏ မှောင်ခိုရောင်းဝယ်မှုကိုအမိန့်ကြော်ငြာစာအမှတ် (၁၀) နှင့် (၁၁) အရထိရောက်စွာ အရေးယူနိုင်မှုလျော့နည်းခြင်း။

(ဂ) အစိုးရကုန်ဝယ်ဒိုင်အနေဖြင့်ပဲအမျိုးအစားနှင့်အရည်အသွေးကိုဒ ခပ်လွန်းအားကြီးသဖြင့် တောင်သူများအနေဖြင့်အပြင်၌သာ၍အလွယ်တကူရောင်းချလိုခြင်း၊

(ဃ) အစိုးရမှပေးသည့်ဈေးနှင့်အပြင်ပေါက်ဈေးကွာခြားခြင်း။

(င) ပဲအဓိကထွက်ရှိသည့်အညာဒေသများတွင်ဆန်ရှားပါးသဖြင့်ဆန်အစား ပဲကိုပိုမိုစားသုံးလာခြင်း၊

စသည်တို့ဖြစ်ပါသည်။

<u>မှောင်ခိုဈေးကွက်တားဆီးရေး</u>။

မှောင်ခိုဈေးကွက်မှရောင်းဝယ်မှုဦးတည်ချက်မှာနှစ်မျိုး နှစ်စားရှိပါသည်၊ ယင်းတို့မှာပြည်တွင်းတွင်စားသုံးမှုလိုအပ်ချက်အတွက် မှောင်ခိုရောင်းဝယ်ခြင်းနှင့်ပြည်ပသို့ခိုးထုတ်ရန်အတွက်ရောင်းဝယ်ခြင်းဟူ၍ခွဲခြား

နိုင်ပါသည်။ နှစ်မျိုးသုံး မှာနိုင်ငံတော်မှ ကောက်ပဲသီး နှံဝယ်ယူရရှိနိုင်မှုကိုအဟန့်
အတား ဖြစ်စေသော်လည်း ပြည်ပသို့ထုတ်ရောင်း ချခြင်း မှာတိုင်း ပြည်အတွက်
ပိုမိုနစ်နာလှပါသည်။ အဘယ်ကြောင့်ဆိုသော်မိမိတို့တိုင်း သူပြည်သား များ စား သုံး
ရခြင်း မဟုတ်သည့်တကြောင်း ၊ ပြည်တွင်း အတွက် မှောင်ခိုရောင်းရန်ဝယ်ယူဈေး
မှာပြည်ပသို့ ရောင်းချရန်ဝယ်ယူသည့် ဈေး နှုန်း လောက်မမြင့်မား တတ်ပါ။ ယင်း
ဝယ် ဈေး မြင့်မား လေ လေ ပိုး ရဝယ်ယူရရှိမှုနည်း ပါး လေဖြစ်တတ်၍ပြည်ပမှောင်
ခို ဈေး ကွက်တားဆီး ရေး မှာအထူး တလည်လိုအပ်လာပါသည်။

ငါ မျိုး စိုးတိုး တက်ဝယ်ယူရရှိ ရေး အတွက်လည်း မှောင်ခိုဝယ်မှု
နည်း ပါး လာအောင် ဆောင်ရွက်ခြင်း ဖြင့်လုပ်ဆောင်နိုင်ပါသည်။ ကန့်သတ်သီး နှံ
များ အား မှောင်ခိုရောင်း ဝယ်ခြင်း ၊ သိုလှောင်ခြင်း ၊ သယ်ယူခြင်း ပြည်ပသို့
မှောင်ခိုခိုး ထုတ်ခြင်း ပြုသူများ အား ကုန်သွယ်ရေး ဝန်ကြီး ဌာနအမိန့် ကြော်
ငြာချက်အမှတ်(၁၀)နှင့်(၁၁)အရအရေး ယူသည့်အပိုင်း ကိုပြည်သူ့ကောင်စီများ
